# လာခြင်းကောင်းသောလူကလေး

## ခင်နှင်းယု

## *လာခြင်းကောင်းသော လူကလေး*

စာရေးသူ၏အမှာ

မနှစ်က အေးမြသော ဆောင်းရာသီ၏ ညတစ်ညတွင် ထင်ပါသည်။ အရှေ့ဂျာမနီသံရုံး ညစာစားပွဲတစ်ခု၌ စာရေး ဆရာမကြီး ဂျာနယ်ကျော် မမလေး၊ စာရေးဆရာကြီး သော်တာ ဆွေနှင့် ကျွန်မ တွေ့ပါသည်။

ကုလားထိုင်များ ဝိုင်း၍ ထိုင်နေကြပါသည်။ သူတို့ နှစ် ယောက်ကြားတွင် ကျွန်မ ထိုင်လျက်ရှိပါသည်။ ဦးသော်တာဆွေ က ကျွန်မ လက်ချောင်းလေးများကို ဆုပ်ကိုင်၍ ဒေါ်မမလေး ကို ပြပါသည်။

''ဘယ့်နှယ်လဲ၊ ခင်နှင်းယု လက်တွေက မဟန်ဘူး၊ ဆေးကု ပေးဦးလေ'' ဟု ဆိုပါသည်။ အစ်မကြီး မမလေးက သွေးရောင် လွှမ်းသော သူ့လက်ချောင်းများနှင့် ကျွန်မ၏လက် အေးစက် စက် ဖြူဖွေးဖွေးကို ကိုင်ကြည့်ပါသည်။ အစ်မကြီးလက်မှာ ပူနွေး နေပါသည်။

''ဟုတ်ကဲ့'' ဟူ၍ တိုတိုတုတ်တုတ် ကျွန်မ ဖြေပါသည်။

''အသက်ငယ်ငယ်လေးရှိသေးတာ၊ ကျန်းမာရေး ဂရုစိုက် မှပေါ့'' ဟု ဦးသော်တာဆွေက ဆိုပြန်၏။

မငယ်တော့ပါဘူးလေ၊ မြေးဦးပဲ ရနေပြီ'' ဟူ၍ ကျွန်မက ဖြေပါသည်။

''ဟုတ်တယ်ဗျို့. . အစ်မကြီးမမလေးရေ၊ ခုမှ တွေးမိတယ်။ အစ်မကြီးမှာရော၊ ကျွန်တော့်မှာရော၊ မခင်ယုမှာရော မြေးတွေ ကိုယ်စီ ရနေပါပကော။ အဲ. . . . အဲ. . . . မြေးကိုချစ်တာဟာ ရည်းစား ဦးကို ချစ်တာနဲ့တောင် မတူဘူးဗျနော်. . . . ''

''ဒီလိုဆို မြေးကိုချစ်တာ စာဖွဲ့ပါဦးလား'' ဟူ၍ အစ်မကြီး မမလေးက အကြံဉာဏ်ဆေးပါသည်။

''ရေးလေ၊ ကျွန်မတို့သုံးယောက်ရေးပြီး 'မြေး' ဆိုတဲ့ အမည် နဲ့ စာအုပ် စုထုတ်တာပေါ့'' ဟု ကျွန်မက ပြောခဲ့၏။ ယခု သူတို့နှင့် အဆက်ပြတ်ခွဲခွာ၍နေရင်းမှ ကျွန်မသည် ''လာခြင်း ကောင်းသော လူကလေး'' စာအုပ်ကို ရေးလိုက်ပါသည်။ မြေးဦး လေးကို မှီ၍ ရေးချင်တာတွေကို ရေးချပါသည်။ ''မြေးဦး'' အကြောင်းသက်သက် ဟုတ်ချင်မှ ဟုတ်ပေမည်။

အစ်မကြီး မမလေး၊ ဦးသော်တာဆွေတို့မှာ ကျွန်မထက် တစ်ခေတ် နှစ်ခေတ်စော၍ စာပေနယ်သို့ ရောက်လာသူများ ဖြစ်၏။ ကျော်ကြားသူများ ဖြစ်၏။ သို့သော် ယခုတိုင် ကျွန်မ တွေ့ရသည်မှာ သူတို့သည် နုပျိုတုန်း၊ ရွှင်ပျကြတုန်း၊ သွက်လက် ကြတုန်း ဖြစ်၏။

ကျွန်မသာ ခဏခဏ မရဏမင်း၏ တံခါးခေါက်သံကို ကြားနေရ၏။ သူ ဝင်မလာနိုင်သေးဘူး ဆိုသည်ကိုတော့ ကျွန်မ သိပါ၏။ သို့သော အနာဂတ်ကိုသော်လည်းကောင်း၊ သင်္ချိုင်းကိုသော်လည်းကောင်း ကြိုတင်မတွက်ဆနိုင်သော ကျွန်မသည် ''လာခြင်းကောင်းသော လူကလေး'' ကို ရေး၍ ကျွန်မ တစ်ဦးတည်း ထုတ်ဝေလိုက်ပါသည်။ ဦးသော်တာဆွေနှင့် အစ်မကြီး မမလေးတို့သည် ကျွန်မအား ခွင့်လွှတ်ကြမည် ထင်ပါသည်။

ကျမ်းပြုဆရာ အသီးသီးနှင့်တကွ လက်ဦးဆရာများဖြစ် သော ဆရာကြီး ဦးဘိုးထင်၊ ဆရာလေး ဦးဘစိန်၊ ဦးထွန်းတင်၊ ဆရာမ ဒေါ်လှတင်၊ ဆရာ ဦးဘသွယ်တို့ပင် ကွယ်လွန်ခဲ့ကြပြီ။ သူတို့သည် ကျွန်မ၏နှလုံးသားဝယ် မြန်မာစာကို အခြေခံချပေး သူများဖြစ်ပါ၏။ ထိုဆရာကြီးများနှင့်တကွ တက္ကသိုလ် မြန်မာစာ ဌာနမှ ဆရာ ဆရာမများအားလုံးအား လည်းကောင်း၊ မွေးနေ့ တွင် ဓမ္မပဒ ဝတ္ထုတော်ကြီးကို မွေးနေ့လက်ဆောင်အဖြစ် ပေး သော ခင်ပွန်းသည်အား လည်းကောင်း ဤစာအုပ်ဖြင့် ဦးညွှတ် ပါ၏။

ဤစာအုပ် ရေးသားအပ်သော စေတနာကုသိုလ်အဖို့ကို ကွယ်လွန်သူ ဆရာကြီးများအားလုံးအား အမျှ. . . . ပေးဝေပါ၏။

သတ္တဝါများအားလုံး ချမ်းမြေ့ရွှင်လန်းပါစေ. . . . ။

ခင်နှင်းယု
၂၂–၈–၆၉

မြေးဦး ကျော်ကျော်ဝင်းနှင့်
ချစ်လှစွာသော လူကလေးများသို့

ခင်နှင်းယု

လာခြင်းကောင်းသော လူကလေး

ရေယမုန်၊ အမွှန် သီတာတိုင်းသို့လေ. . . . ။
ငှက်လိမ္မာ၊ မကြာခေါင်စေခိုင်းမယ်လေး။
တောင်ပိုင်းစုံလွင့်၊ မြင့်တိမ်ယံဗွေ၊ ရေယဉ်စီးတဲ့
မြစ်ကြီးငယ်သောင်ခြေ။
ရွှေရွှေရောင်သား၊ ငွေငွေရောင်သား။ ။
မြရေယဉ်မှော်ပင်ကြား၊ မြူးတဲ့စံငါး၊ လေးမယ်
ခင်နတ်သွင်ထား၊ ဘုန်းမယ်ဘို့သား၊ နူတ်ဖျား
ဝါဝါ၊ ပန်းလွှာရွှေသွေး၊ ချီကာယူလို့ပေး။ ။
ကိုယ်မွေးသိဂိ၊ ဖြူစွာငွေသွေး ကျောင်းဝင်ကလေး။
ရွှေဘုံသူ ကလေးငယ်တို့၊ ချိုအေးသံသာ။
စုံရှယ်လီ ရှိရင် ညောင်းတယ်၊ တောင်းယူခဲ့ပါ။
နွဲ့နွဲ့မာန်ကိုးငယ်နဲ့၊ အို ဆိုးလိုက်တာ။
မြမျက်ရေ ဂေါ်ဇင်ညှာက ငိုရှာလုနီး။
မောင်မောင့်ကြီးငယ်၊ စိန်ကြိုးသွယ်။
ဟာ တိတ်ပကွယ်။ ကြောင်ညိုပါးငယ်
စားတတ်လှတယ်။ ။
ရေပေါ်မှာ လှမ်းပါတဲ့၊ ကဇွန်းနွယ်။
ဒေါင်းဖလ်ဝါ ရောင်စုံကွယ်လို့၊ မိုင်ရွှေနွယ်သီး။
ဇမ္ဗူရည်ထီးမှာတဲ့၊ အညီးတော်ပြေ။
ယိုလေသဲညှာ လွှဲမယ်လေး. . . . နွဲ့ဟန်လို့သာ။ ။
ညြော်. . . . သားကြီး အိပ်ပျော်လို့သွားပြီလား။
တိတ်ပါတော့ သက်လျာငယ်ဉာဏ်ရှာလို့ဆို။
မေ့မောင်ကြီး မပူပါနှင့်၊ ပင်တိုင်သူ စိတ်မကောင်း ပါဘူး. . . . . . . .

ကွယ်၊ လောင်းနေညှန့်မျိုး. . . . ဆိုတဲ့ ရေယမုန် ပတ်ပျိုးရဲ့ အချစ်ပိုဒ် သဖြန်လေးကိုတောင် ဘွားဘွား ဆက်ဆိုမလို့။ သား ကြီးဟာ ဘွားဘွားသမီးက မွေးတဲ့ ဘွားဘွားရဲ့ မြေးကြီးပါ။ ဒါပေမဲ့ သားကြီးလို့ လွယ်လွယ်ပဲ ခေါ်လိုက်တော့မယ်။

စောစောက နာနီ သိပ်တာလဲ သားကြီးက မအိပ်။ ခုမှပဲ အိပ်တော့တယ်။ သားကြီးက အေးအေးနွဲ့နွဲ့နဲ့ မြန်မာ သီချင်း ကြီးကိုမှ ကြိုက်လို့လား။ ဒါကတော့ ဘွားဘွား အထင်ပါလေ။ သားကတော့ ခုနေခါမှာ သီချင်းကြီးတာတွေ၊ သေးတာတွေ ဘာကိုမှ နားလည်ရှာမှာ ဟုတ်ပါဘူး။ ဒါပေမင့် မင်းရဲ့ မျက်တောင်ကော့ကြီးတွေ စင်းပြီး ဘွားဘွားရင်ခွင်ထဲမှာ အိပ်ပျော် သွားပြီ။ ဖြူနုနေတဲ့ သားကြီးရဲ့ ပါးစုံ့ပေါ်မှာ မအိပ်ခင်က သား ကြီးလက်နဲ့ ကုတ်ထားတဲ့ အနီစင်းကြီးတွေက ရဲလို့ပါလား။

ဘွားဘွား အိပ်ရာပေါ် ချသိပ်လိုက်တော့လဲ နှစ်နှစ်ခြိုက် ခြိုက် ဆက်ပြီး အိပ်ပျော်သွားပြီ။ မင်းရဲ့ ချစ်စရာကောင်းတဲ့နာနီဟာ မင်း အိပ်ပျော်မှ တခြား ဝေယျာဝစ္စတွေကို လုပ်ရ တော့တယ်။

သားကြီးရဲ့ မေမေ 'မိ' ကတော့ ကျောင်းမသွားခင်က သူ့ ဖေဖေ ဦးပုံစံကြီး ဟန်ပန်အတိုင်း စာတစ်ရွက်ပေါ်မှာ နာနီ လုပ်ရမယ့် တစ်နေ့လုပ်ငန်းစဉ်တွေကို တစ်၊ နှစ်၊ သုံး၊ လေး နံပါတ်ထိုးပြီး အစီအစဉ် ရေးပေးခဲ့ပါတယ်။

ဘွားဘွားကိုတော့ ပြောခဲ့တယ်ကွယ့်၊ ''မေမေရယ် သား ကြီးလက်မှာစွပ်ဖို့ ပိတ်စ နူးနူးညံ့ညံ့နဲ့ လက်အိတ်တစ်စုံ ချုပ်ပေး ပါတဲ့။ သားရဲ့လက်သည်းတွေကို ညှပ်လို့ မဖြစ်သေးဘူးတဲ့'' သားကြီးဟာ နှစ်လမှ မပြည့်သေးဘဲကိုး။

ဩော်. . . . ခွေးမိ ခုတော့ သူ့သားကြီးကို ချစ်တတ်လာပြီ။ မိခင်မေတ္တာဆိုတာ ဘယ်လိုလဲဆိုတာ သိလာပြီပေါ့ သားရယ်။ သားအတွက် လက်အိတ်ချုပ်ဖို့ ပိတ်စ နူးနူးညံ့ညံ့က ဝယ်ဖို့ မလွယ်သေးတော့ ဘွားဘွားကလေ မင်းရဲ့ဘဘ ဦးပုံစံကြီး ကိုင်တဲ့ ပဝါချောချောတစ်ထည်ကို သား အိပ်နေတုန်း လက်အိတ်ချုပ်ပြီး ပေးရတယ်။ အိပ်ပျော်နေတဲ့ သားမျက်နှာကိုကြည့် ရင်း လက်ကလဲ လက်အိတ်ကိုချုပ်ရင်း ဘွားဘွားစိတ်ကူးယဉ် ယဉ်နဲ့စိတ်ကူးပြီး စာတွေရေးလိုက်တာ စာတစ်အုပ်ပြီးသွားရော။

ဘွားဘွား စိတ်ကူးသမျှ အသည်းနှလုံးမှာ ခံစားရချက်တွေ ဟာ (ယသာစကအနမ ကွန်ပျူတာစက်) နဲ့ ဦးနှောက်ကိုဆက်ထားပြီး ဒက်ဒက်–ဒက်ဒက်နဲ့ စိတ်ကူးသမျှ လက်နှိပ်စက်နဲ့ရိုက်ပြီး စာရွက်ပေါ်မှာ သွားထင်ရင် ဘယ်လောက်များကောင်းလိုက်မလဲ။ ခုတော့ ဘွားဘွား လက်တွေဟာ အကြောအားမသန်လို့ စိတ်ကူးနောက်ကို ကလောင်က သွက်သွက်မလိုက်နိုင်ဘူး။

ဘွားဘွားလေ. . . . အဲဒီ ''ရေယမုန်'' ပတ်ပျိုးသီချင်းကို မြန်မာ သီချင်းကြီးတွေထဲမှာ သိပ်ကြိုက်တာပဲ။ ရေးတဲ့သူက ကနောင် မင်း အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင်။

ဘွားဘွားစိတ်ကလေ တစ်မျိုးပဲ။ သူတို့ကို အချစ်ရူးလို့ပဲ ရေးရေး၊ ဘဝလှိုင်းပုတ်ခံရလို့ပဲ ရေးရေး၊ ဒီ လှိုင်ထိပ်ခေါင်တင် နဲ့ သူ့မိခင် အနောက်နန်းမတော် မမြလေးတို့ကို ဘွားဘွား မမြင်ရဘဲ သိပ်ချစ်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ရွှေနန်းစည်းစိမ် ခံစားရင်း တစ်ဖက်က စာပေကို ပြုစုသွားကြလို့ပဲကွယ့်။

အဲဒီ ရေယမုန်ပတ်ပျိုးကလေးထဲက စာပိုဒ်ကလေးတွေကို သီဆိုပြီး ဘွားဘွား ကလေးသိပ်ချင်လိုက်တာလဲ မပြောနဲ့တော့။ သူ့ပတ်ပျိုးထဲက အိမ်ရှေ့မိဖုရားရယ်လို့ ထီးဟန်၊ နန်းဟန် ထီးသံ နန်းသံတွေလဲ ပါတာပေါ့လေ။

ဒါပေမဲ့ ဘွားဘွားက မြစ်ဝကျွန်းပေါ်သူဆိုတော့ မြစ်တွေ ချောင်းတွေ ငါးလေးတွေနဲ့ ကြီးပြင်းလာတဲ့သူမို့လား။ ဒီပတ်ပျိုး ကို စပ်စဉ်က လှိုင်ထိပ်ခေါင်တင်ဟာ သူချစ်တဲ့ ထန်းတပင် မင်းသားကို ကြည့်ပြီး ဒီဂီတတွေ သီချင်းတွေ ရင်ထဲက လှိုင်းထ ပြီး ကြွလာတယ် ထင်ပါရဲ့နော်။ သူ့စကားလုံးတွေကို ဘွားဘွား သိပ်ချစ်တာပဲ။

''တောင်ပိုင်းစုံလွင့်၊ မြင့်တိမ်ယံဗွေ၊

ရေယဉ်စီးတဲ့ မြစ်ကြီးငယ်သောင်ခြေ''

အမှန်တော့လေ ဘွားဘွား စကားပြေရေးလိုက်ရင် သူ့ မူလအရသာ ပျက်သွားမှာစိုးတယ် သားကြီးရယ်။ နည်းနည်း ရေးပြရမယ်ဆိုရင် သူ့စိတ်ထဲမှာ သူ့သား ထန်းတပင် မင်းသား ကလေး ကစားဖို့ မြစ်ကမ်းသောင်ခြေမှာ မြရောင်လို စိမ်းလဲ့ နေတဲ့ မြစ်ရေယဉ်ထဲက မှော်ပင်တွေကြားမှာ မြူးပျော်နေတဲ့ ငါးလေးတွေကို သွားပြီးကောက်ပါလို့ ဖျင်းငှက်ကလေးကို ခိုင်း နေတာ သားရဲ့။ သူ့သားကိုချော့တဲ့ အချော့တော် ရွှေဘုံသူ ရွှေဘုံသူ အပျိုတော်လေးတွေရယ်တဲ့၊ ဖျင်းဖြူလေး ချီယူလာတဲ့ ငါးလေးတွေကို ဖျင်းကလေးဆီက တောင်းယူခဲ့ပြီး ပေးပါတဲ့။

ပြီးတော့လေ နွဲ့ဆိုးဆိုးနေတဲ့ သားကြီးကို မငိုပါနဲ့တဲ့။ ကြောင်ဖားကြီး ကိုက်လိမ့်မယ်တဲ့။ ဒီအပိုဒ်ကလဲ အရက်သူ ရိုးရိုး တို့ ပြောနေကြ အရပ်သူသံပါပဲ။ ထီးသံ နန်းသံ မပါဘူး။ အရပ် ထဲမှာ မိခင်တွေဟာ သားကိုချော့ရင် ''သားကြီး အိပ်တော့၊ သားကြီးမအိပ်ရင် ကြောင်ညိုဖားကြီး ကိုက်လိမ့်မယ်'' လို့ ချော့ ပြီး သိပ်ကြတာပါပဲ။

''ရေပေါ်မှာ လွှမ်းပါတဲ့ ကဇွန်းနွယ်၊ ဒေါင်းဖန်ဝါ ရောင်စုံကွယ်လို့၊ ခိုင်ရွှေနွယ်သီး. . . . ''

ငါးလေးတွေတင် မဟုတ်ဘူးတဲ့၊ သူ့သားကြီး ကစားဖို့ ရေ ပေါ်မှာ တွားပြီးပေါက်နေကြတဲ့ ကန်စွန်းနွယ်တွေလဲ ယူခဲ့ပါဦး တဲ့။ ညနေစောင်း နေမင်းကြီးက အနောက်ဘက်မှာ ဝင်လုဆဲဆဲ ရေပြင်ပေါ်မှာလဲ နေရောင်တွေဟာ ရောင်စုံဖြာကျနေဆဲအချိန် ကန်စွန်းနွယ်ပွင့်လေးတွေရဲ့ အလှအပကို သူ နန်းတော်ပေါ်ကမြင်ယောင်နေတယ် ထင်ပါရဲ့ သားရယ်။ ကန်စွန်းနွယ်အပင် တွေကိုလဲ ခူးလာခဲ့ပါဦးတဲ့။

ဩော်. . . . ဘွားဘွားလဲ ကဗျာစပ်တတ်ရင်ဖြင့် ဘွားဘွားတို့ မြစ်ဝမြေနုကျွန်းရဲ့ အလှအပတွေကို ကဗျာစပ်ပြီး သားကြီးကို သိပ်ပါရဲ့။ ခုတော့ သူရေးထားတဲ့ ပတ်ပျိုးကိုပဲ ဆိုပြီး သိပ်ရ တော့တယ်။

သူ့ပတ်ပျိုးအဆုံးမှာတော့ ''တိပ်ပါတော့ သားကြီးရယ်၊ သားတော်မောင်ငိုရင် ပင်တိုင်စံဖြစ်တဲ့ မယ်မယ်ဖုရား စိတ် မကောင်းပါဘူးတဲ့'' ရှင်းရှင်းရေးရင်တော့ သားကြီးငိုရင် စိတ် ညစ်တယ်ပေါ့။ အဆုံးသတ်မှာတော့ ''လောင်းနေညွှန့်မျိုး'' လို့ အဆုံးသတ်ထားတယ်၊ နေမျိုးနွယ် လာဖြစ်တဲ့ မင်းလောင်းမင်း လျာလေးပေါ့လေ။ အမှန်တော့လဲ ကနောင်မင်းသားဟာ မင်း အဖြစ်ဆက်ခံရင် သူ့သား ထန်းတပင် မင်းသားလေးဟာလဲ တစ်နေ့ အိမ်ရှေ့စံမင်းသား ဖြစ်လာမှာပေါ့။

ဘွားဘွားရဲ့ သားကြီး ကြီးလာရင်လေ မြန်မာရာဇဝင်တွေ ကို ဖတ်ကြည့်ပေါ့သားရယ်။ ဘွားဘွားလေ စာအုပ်တွေ အများ ကြီးရှာဖွေပြီး ထားခဲ့တယ်။ သားကြီးဖို့ အမွေပဲပေါ့။

သားကြီးက ထင်လေမလားမသိဘူး။ ''ဘွားဘွားကလဲ စိန် တွေ ရွှေတွေတော့ မထားခဲ့ဘူး၊ သားကြီးဖို့ စာအုပ်တွေပဲ ထားခဲ့ တယ်လို့'' အပြစ်တင်ကောင်း တင်လိမ့်မလား မသိ။ အမှန်တော့ သားကြီးသာ စာပေတန်ဖိုးသိခဲ့ရင် ''ဩော်. . . . ဘွားဘွားရဲ့အမွေ တွေဟာ သားစဉ်မြေးဆက် စားလို့မကုန်ပါလားလို့'' သားကြီး ဟာ တစ်နေ့ ကျေးဇူးတင်လိမ့်မယ်။ ဒီ 'ရေယမုန်' ပတ်ပျိုးရဲ့ တကယ်အဓိပ္ပာယ် အပြည့်အစုံကို ပညာရှင်တွေ အများကြီး ရေးခဲ့ပါတယ်။ သူတို့အယူအဆထဲက ကောက်နုတ်ပြီး ဘွားဘွား အထင်နဲ့ အယူအဆကို ပူးပေါင်းပြီး သားကြီး ပြောပြရတာ။

ဂီတဝိသောဓနီ ကျမ်းမှာတော့ ''ဝိဇယကာရီ ပတ်ပျိုး ကလေး'' လို့ ရေယမုန်ပတ်ပျိုးကို ခေါင်းစဉ်တပ်ထားတယ်။ ဝိဇယကာရီ နန်းတွင်းပြဇာတ်မှာ ဒီပတ်ပျိုးကလေးက တစ်ခန်း အပါအဝင် ဖြစ်ပါလိမ့်မယ်။ ဆရာကြီး ဒီးဒုတ်ဦးဘချိုကတော့ သာမန်အရပ်သုံး ကလေးချော့သီချင်းတွေကို ထီးဟန် နန်းဟန် နဲ့ နန်းတော်ပေါ်မှာ လွှမ်းမိုးသွားအောင် မြှင့်တင်ပေးနိုင်တဲ့ စာဆိုရှင်တစ်ယောက်အနေနဲ့ လှိုင်ထိပ်ခေါင်တင်ကို ချီးကျူး ထားတယ်၊ လှိုင်ထိပ်ခေါင်တင်ကတော့ သူ့ပတ်ပျိုးအဆုံးမှာ သူ့သားတော်ကို ''လောင်းနေညွှန့်မျိုး'' လို့ အမျိုးဆက်ကို ဖော်ပြ သီကျူးရင်း အဆုံးသတ်ထားတယ်။

ဘွားဘွားရဲ့ သားကြီးကတော့ မင်းသွေးမင်းမျိုး မဟုတ်ပါ ဘူး သားကြီး၊ သာမန်မျိုးရိုးပါပဲ။ သားကြီးရဲ့ ဖေဖေဟာ အခု သားကြီး အိပ်ရာပေါ်မှာ အိပ်စက်နားနေချိန်မှာ မိတ္ထီလာမြို့ လေတပ်စခန်းမှာ အမှုထမ်းနေတဲ့ အရာရှိတစ်ယောက်ပဲ။ သူ ခုအချိန်မှာ ကောင်းကင်လဟာပြင်ထဲမှာ သူ လေယာဉ်နဲ့ ဝဲပျံ နေလေမလား မသိ။

ဒါကြောင့် မနေ့က သားကြီး မအိပ်နိုင်လွန်းလို့ ဘွားဘွား သီချင်းဆိုသိပ်သေးတယ်လေ။

'လူကလေးရဲ့ချော့စရာ၊ မိတ္ထီလာကန်တော် အောက်က ဖေဖေရယ်၊ ဖားကောက်ခဲ့ပါ၊

ဖားပါလျှင် တစ်ကောင်ပေးပါ၊ မျက်လုံးရယ် ကြောင်တောင်တောင်နဲ့၊ ဖားကောင်က သေး၊ သား မောင်လှလေး. . . .''

သားကြီးက အဲဒီသီချင်းနဲ့ အိပ်ပျော်သွားတာပါပဲ။ သြော် သားကြီး ငြိမ်းချမ်းတဲ့ရင်ခွင်မှာ အေးမြသာယာတဲ့ သီချင်းသံ လေးတွေကို နားထောင်ရင်း အိပ်ပျော်သွားရတဲ့ကုသိုလ်ဆိုတာ မနည်းဘူး သားကြီးရေ။ ဘဝကံအကျိုးပေးကောင်းခြင်း တစ်မျိုးပဲ။

တချို့တော့ မိခင်ကလဲ စိတ်မရှည်နိုင်။ သူ့နို့သီးခေါင်းကို တောင် ကိုယ့်သားပါးစပ် အပေါက်တဲ့အောင် မတပ်နိုင်ရှာဘဲ အလုပ်တစ်ဖက်လုပ်ရင်းက ''သေချင်းဆိုးလေး၊ အမျိုးယုတ် ကလေးရဲ့ အိပ်ပဲမအိပ်နိုင်ဘူး'' ဆိုပြီး ကရုဏာဒေါသောနဲ့ ကလေးဖင်ကို လက်ဝါးနဲ့ ဖျိုးဖျမ်းနဲ့ချပြီး သိပ်တဲ့ မိခင်တွေရဲ့ အချခံရင်း ရှိုက်ငိုပြီးအိပ်ရတဲ့ ကလေးတွေလဲ ရှိတာပဲ သား။ ဒါတွေကို နောက်တော့ ဘွားဘွား ရေးပြမယ်။

ခုတော့ဖြင့် ဘုရားမှာပဲ ဘွားဘွား ဆုတောင်းရတော့တယ်။

တခြားလူကလေးတွေကိုလဲ သားကြီးလိုပဲ သာယာတဲ့ သီချင်း သံလေးတွေ နားထောင်ရင်း အေးချမ်းတဲ့ မိခင်များရဲ့ ရင်ခွင် ထဲမှာ အိပ်စက်စေချင်တဲ့ စေတနာဟာ ဘွားဘွား ရင်ထဲမှာ တဖွားဖွားပေါ်လာတယ်။

သားမွေးဖွားတဲ့ ဒီမြန်မာပြည်ကြီးရဲ့ အရှေ့တောင်ဘက်ဆီမှာ ဗီယက်နမ်ဆိုတဲ့ တိုင်းပြည်တစ်ပြည်ရှိတယ်။ တစ်လုပ် စားဘူး သူ့ကျေးဇူး ဆိုသလိုပဲ၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော် ဆောင်း ဦးပေါက်တစ်ချိန်က ဘွားဘွား သူတို့တိုင်းပြည်ကို ရောက်ခဲ့လို့ သူတို့ထမင်းကို တစ်နပ်စားဘူးလေတော့ သူတို့ကိုလဲ မမေ့နိုင်။ အရှေ့တောင်အာရှတိုက်သားချင်းတူလေတော့ တစ်မြေထဲ အတူ နေသလို ဖြစ်နေတယ်။ အဲဒီတော့ သူတို့ ခံစားရတဲ့ ဝေဒနာဟာ ဘွားဘွား ခံစားနေရသလိုပဲ။

အေးမြချမ်းငြိမ်းတဲ့ အိပ်ရာပေါ်မှာ အိပ်စက်နေတဲ့ သားကြီး ကိုကြည့်ရင်း ဗီယက်နမ်မှာရှိတဲ့ ကလေးတွေဟာ သားကြီးလိုမှ အိပ်စက်ခွင့်ရပါ့မလား။ လက်နက် ကျည်ဆန် ဗုံးဆန်တွေ အောက်မှာ ပြေးလွှားနေတဲ့ မိခင်တွေ လွယ်ထားတဲ့ ကျောပေါ် က အဝတ်ပုခက်ပေါ်မှာ ခေါင်းလေးတွေ ငိုက်စိုက် ငိုက်စိုက်နဲ့ မသက်မသာ အိပ်နေကြရရှာမှာပဲလို့ တွေးမိတော့ ရင်ထဲမှာ ဆို့သွားတယ်။

ဗီယက်နမ်ဆိုတဲ့ တစ်ရပ်တကျေးကို လာတိုက်နေကြရတဲ့ အမေရိကန် စစ်သားများရဲ့ ဇနီးတွေဟာလဲ သူတို့ရင်ထဲမှာတော့ ပူလောင်နေကြမှာပဲ။ သူတို့ရဲ့ လူကလေးတွေလဲ ပူလောင်တဲ့ မိခင်ရင်ခွင်မှာ ကြီးပြင်းကြရမှာပဲ။ သူတို့က ချမ်းသာတဲ့ တိုင်း ပြည်ကဆိုတော့ တော်သေးတာပေ့ါ။ သားကြီး ငြိမ်းချမ်းတယ် ဆိုတဲ့ ဘဝတန်ဖိုးကို မငြိမ်းချမ်းတဲ့အခါမှ လူတွေ သိကြတယ်။ ဘွားဘွား တွေးနေတာကို သားကြီးကတော့ ဘာမှ သိရှာမှာ မဟုတ်ဘူး။ သား ကြီးပြင်းလာရင်တော့ ဘွားဘွားရဲ့ စာအတိုအစတွေကနေစုလို့ ရသမျှ အဆင့်ဆင့်ပွားပြီး စာတွေကို ဖတ် ပေတော့ သား။

''စစ်နဲ့ငြိမ်းချမ်းရေး'' တို့ ''အချစ်နဲ့စစ်'' အစရှိတဲ့ ဝတ္ထုတွေ ကိုတော့ဖြင့် တော်စတွိုင် အစရှိတဲ့ ကမ္ဘာကျော် စာရေးဆရာ ကြီးတွေ ရေးသားခဲ့ကြဖူးပြီ။

ဖြစ်များ ဖြစ်နိုင်ရင်တော့ သား အရွယ်ရောက်လာရင် ''လူသားနှင့် ငြိမ်းချမ်းရေး'' ဆိုတဲ့ စာတစ်အုပ်များ ရေးနိုင်ရင် သိပ်ကောင်းမှာပဲ။ သြော်. . . .ဘွားဘွားက ဒီလိုသာ တွေးနေရ တယ်၊ ဘွားဘွားရဲ့သားက ဘယ်လိုပုံစံနဲ့များ ကြီးပြင်းလာမယ် ဆိုတာ ဘွားဘွား ကြိုတင်မသိနိုင်ပါလား သားရယ်။ ဘယ်ခေတ် နဲ့ ဆုံတွေ့လို့ သားကြီး ခံယူချက်က ဘယ်သဘောတရားတွေ များ ဖြစ်နေမလဲ မသိ။

ဘွားဘွားကတော့ အသိတရားတွေ ပြည့်နေတဲ့ လူတွေ၊ ဉာဏ်ကြီးရှင်တွေကို ရယ်မောမိတယ်။ သူတို့ဟာ ဘွားဘွား ထက် ပညာ၊ ဉာဏ်၊ အသိတရားတွေ သာချင် သာမယ်၊ မလျော့ ပါဘူး။

ဒါပေမဲ့ လူပညာရှိကြီးတွေဟာ ''အကျိုးမဲ့တဲ့ စစ်ပွဲကြီးတွေ ကို မတိုက်ချင်ပါနဲ့၊ လူသားတွေကို အကျိုးမဲ့ မသေစေပါနဲ့၊ မိခင်နဲ့ ကလေးတွေ ငြိမ်းချမ်းပါစေ'' လို့ ကြားလူတွေက တောင်း ပန်ရင် အဲဒီ လူပညာရှိကြီးတွေဟာ ဘာမှန်းလဲမသိဘူး။ စစ်ပွဲ ကြီးတွေ ထတိုက်ကြတာပဲ။ စစ်ပွဲဆိုသာ အဆုံးသတ်အနိုင်ရလို့ ပြီးပြတ်သွားတယ်လို့ ဘွားဘွား ဖတ်ခဲ့ဖူးသမျှ သမိုင်းစာအုပ်တွေမှာ မရှိခဲ့ဖူးပါဘူး။ သူတို့ စစ်မြေပြင်မှာ မောလာကြတော့မှ ''လာဗျာ၊ ကုလားထိုင်ပေါ် ဆွေးနွေးရအောင်'' ဆိုပြီး အိုးပျက်၊ အိမ်ပျက်၊ အသက်တွေ၊ သွေးတွေ၊ အရိုးတွေပေါ်မှာ ကုလား ထိုင်တွေ၊ စားပွဲတွေချပြီး ဆွေးနွေးရင်း စစ်ပွဲကို ခဏနားကြပြန် ရော။ ဟော. . . . ပြီးတော့ အပန်းပြေလောက်ရင် ''တစ်ဖက်က ငြိမ်းချမ်းရေး'' လို့ အော်ပြီး ''စားပွဲကနေ စစ်မြေပြင်ပေါ်'' ခြေ သွားဆန့်ကြပြန်ရော။ သား လူလားမြောက်လို့ အသိတရား ကလေး ဝင်လာတယ်ဆိုရင်ပဲ သိပါလိမ့်မယ်။ ခုအတွေးက သား ကြီးမျက်နှာကိုကြည့်ရင်း ဘွားဘွားရင်ထဲ ခံစားရသမျှ တွေးနေ တာပါ။ နုနယ်တဲ့ သားရဲ့နှလုံးသားတွေ၊ ဦးနှောက်တွေနဲ့ လက်ရှိ အခြေအနေတွေဟာ ကွားလှမ်းလွန်းလှပါတယ်။

ဒါပေမဲ့ ဘာပဲပြောပြော သား အရွယ်ရောက်တဲ့တစ်ခေတ် မှာ တခြားလူကလေးများနဲ့အတူ ငြိမ်းချမ်းတဲ့ကမ္ဘာမှာ ကြီးပြင်း စေချင်တာပေါ့ သားရယ်။

ဘွားဘွား လက်အိတ်တောင် ချုပ်ပြီးသွားပြီ၊ သားကြီး ကတော့ အိပ်နေဆဲပဲ။ မင့်နာနီကလေ အခန်းဝကနေ လာကြည့် နေတယ်။ ခုလို နှစ်လ သုံးလအရွယ်ဟာ ကြာကြာအိပ်တတ် တယ်ဆိုတာ သူတို့ သိပါတယ်။

မင်းမေမေ 'မိ' မှာခဲ့တဲ့အတိုင်း ဆယ်နာရီထိုးရင်တော့ သား ကြီးကို ရေချိုးပေးလိမ့်မယ်။ ပြီးရင် သူ နို့ဘူးတိုက်တော့မယ်။ ဟုတ်တယ်လေ၊ သူ့မှာတော့ ဝတ္တရား၊ ညနေစောင်းလို့ သားကြီး ရဲ့မေမေ ပြန်လာရင် သူဘာတွေလုပ်ပါတယ်ဆိုတာ သူ့မှာ တင်ပြအစီရင်ခံရမှာကိုး။

သြော်. . . . ခွေးမိ သူ့အဖေ ဦးပုံစံကြီးအတိုင်းပါပဲလား။ သူ့ သားကို ပုံစံနဲ့ နာရီနဲ့ကို အချိန်ကိုက်၊ အချိုးကိုက်၊ အတိအကျ မွေးတာပဲ။ ဒါကြောင့် သားကြီးရဲ့မေမေ 'မိ' ကို 'မ,တိကျ' လို့ ဘွားဘွားက နာမည်ပေးထားတာ။

ကြည့်လေ၊ မမွေးခင်ကတည်းက စာတစ်အုပ်ကိုဖတ်ပြီး အစီအစဉ်နဲ့ ဘယ်နှစ်လသားမှာ ဘာကျွေးလို့ ဘယ်လို မွေးရ မယ်၊ ဘယ်အချိန်မှာ ကလေးတစ်ယောက်အတွက် ဘာအဟာရ ဓါတ်လိုတယ်ဆိုတာ သူ တွက်ချက်ရေးမှတ်နှင့်ပြီလေ။

ဘွားဘွား ရယ်ချင်တာတစ်ခု ရှိသေးတယ်။ မင်းအမေ 'မိ' က သူ့သားကို ပုခက်နဲ့ မသိပ်ရဘူးတဲ့။ ကလေးရဲ့ ဦးနှောက်ကို ထိခိုက်စေတယ်ဆိုလို့ သားကြီး အိပ်ချိန်ရောက်ရင် ဘွားဘွားနဲ့ နာနီ တစ်လှည့်စီ ရင်ခွင်ထဲမှာချော့ပြီး သိပ်ကြရတယ်။

ဒါကြောင့် တစ်နေ့က ခေတ္တလာလည်တဲ့ မမစန်းခင်ပွန်း၊ သားကြီးနဲ့ဆို ဘကြီးတော်မှာပေါ့။ ဗိုလ်မှူးသက်တင်က ရယ်ပြီး ပြောတယ်ကွယ့်။

''ဟဲ့. . . . မိရဲ့ ဒို့များရော မင်းအဖေ ဦးပုံစံရော မြန်မာတစ် ပြည်လုံး တို့အဘိုးအဘွားတွေကို သူတို့မိခင်တွေဟာ ပုခက်လွှဲ သိပ်ခဲ့တာပါ။ မင်းအယူအဆလိုသာဆိုရင် ဒို့များအားလုံး အရူး တွေ ဖြစ်နေမှာပေါ့တဲ့. . . .''

မင်းအမေ 'မိ' ကတော့ ရယ်ပြီး ကျောင်းတက်ဖို့ ထွက်သွား တာပဲ။ ဟော. . . . မင်းကလဲ ခုတော့ ကျင့်သားရနေပြီ။ ပုခက်ထဲ ထည့်ဖို့မလိုဘဲ ရင်ခွင်ထဲမှာပဲ အိပ်တတ်သွားပြီ။ အိပ်ချိန်ကလွဲလို့ ကလေး

ချိမထားရဘူး။ ကလေး လက်ကြိုက်မယလို့ ပြောပြန်တော့ နာနီက သူပြောသလိုပဲ လိုက်လုပ်တယ်။ အိပ်ရာပေါ် အမြဲအိပ်နေတဲ့အရွယ်ဆိုတော့ သားရဲ့ခေါင်းကြီးက ပြားလို့။

ဘွားဘွားက ပြောတယ်။ ''မိရယ်၊ သားဟာ အိပ်ပဲနေရ လွန်းတော့ ခေါင်းကြီးက ပြားနေပြီဆိုတော့. . . .''

''အို လွယ်ပါတယ်၊ ဖျာတစ်ချပ်ခင်းပြီး ခေါင်းအုံးမခံဘဲ ဒီအတိုင်းသိပ်တဲ့. . . .''

သူ့နာနီကလဲ သူပြောတဲ့အတိုင်း လုပ်တယ်။

ခြောက်လသား လူးတတ်၊ လှိမ့်တတ်၊ ဝမ်းလျားထိုးတတ် လာတော့ သားကြီးခေါင်းဟာ ပြန်ပြီးလုံးသွားတယ်။ သူ့ဟာနဲ့ သူလဲ ဟန်သားပဲနော်။

သားကြီး နိုးလာပြီ။ နာနီဟာ သူ့တာဝန်အတိုင်း ဆက်လုပ် ဖို့ သားကြီးကို ခေါ်သွားမှ ဘွားဘွားအတွေးလဲ ပြတ်သွားတယ်။

## ဒီမေတ္တာ

နောက်နေ့တွေကြပြန်တော့ ဘွားဘွားရဲ့ အတွေးတွေဟာ ဆက်ပြီး ပေါ်လာကြပြန်ရော။ သားကြီး ကြီးပြင်းလာတဲ့ နေ့ရက် တွေမှာ သားကို တစ်ရက်ပြီးတစ်ရက် ကြည့်ရင်း ဘွားဘွားဟာ စာတွေ တစ်ရွက်ပြီး တစ်ရွက် ရေးခဲ့တယ်။

မင်းမေမေ 'မိ' ကလဲ သူ့စာအုပ်ကိုလှန်ပြီး ကလေးတစ် ယောက် ကြီးထွားမှုအတွက် ဘယ်လပိုင်းမှာ ဘာကျွေးရမယ် ဆိုတာ ကိန်းဂဏန်းဇယားနဲ့ကို ချထားတာပဲ။ သူ့ရဲ့ ဆရာမကြီး (ကလေးအထူးကု ဆရာဝန်မကြီး ဒေါ်ခင်သန်းနု) နဲ့ အမြဲ တိုင် ပင်တယ်ကွယ့်။

ဒီတော့ သားကြီးရဲ့ ကြီးထွားသန်မာမှုဟာ ဘာမှ စိုးရိမ် စရာမရှိဘူး။

သားကြီးမွေးနေ့ ဇန်နဝါရီလ ၁ ရက်နေ့ကို ရောက်လာ တော့မယ်။ အင်္ဂလိပ်နှစ်ဆန်း တစ်ရက်နေ့ဆိုတော့ မှတ်ရလွယ် တာပေါ့။ အဲဒီအချိန်ဟာ ဆောင်းလယ်ဖြစ်ပြီး အေးမြတဲ့ နှင်းစက်ကလေးများကို ဆောင်းလေက သယ်ယူလာတဲ့ အချိန်ပဲ။

မင်းမေမေ 'မိ' ဟာ ဆေးတက္ကသိုလ် (၂) မှာ စာသင်လာတာ လေးနှစ်မြောက်နှစ်ဆိုတော့ သူတို့အလိုက်တော့ အရေး ကြီးတဲ့နှစ်ပေါ့။ ခါတိုင်း မင်္ဂလာဒုံသွားတဲ့ ဘတ်စကားမှတ်တိုင် နံပါတ် (၉) အထိ အိမ်ကကားနဲ့ လိုက်ပို့ပြီး အပြန် သူ့ဘာသာ ဘတ်စကားနဲ့ပဲ ပြန်လေ့ပြန်ထရှိတယ်။

ခုတလောတော့ စာမေးပွဲက မတ်လမှာ စစ်မှာမို့ စာမေးပွဲ လဲနီး၊ ကျောင်းစာသင်ချိန် အတန်းဆင်းချိန်ဟာ ၄–နာရီခွဲ ၅–နာရီဆိုတော့ 'မိ' အိမ်ပြန်ချိန် သိပ်နောက်ကျတယ်။ ဆောင်း တွင်းမှာ နေစောစောဝင်တော့ မှောင်မှပဲ အိမ်ကိုရောက်တော့ တယ်။ ဒါကြောင့် 'မိ' ကျောင်းဆင်းချိန်ကို စာမေးပွဲနီးရင် အိမ်က ကားနဲ့သွားကြိုတယ်။

တစ်နေ့တော့ ခပ်စောစောပဲ နာနီနဲ့ သားလဲ အပျော် သဘော ဖြစ်ပါစေ၊ 'မိ' လဲ သင်တန်းက မောမောနဲ့ ဆင်းအလာ သူ့သားမျက်နှာကို မြင်လိုက်ရရင် အမောပြေပါစေသဘောနဲ့ ဘွားဘွားက သားကြီးနဲ့ နာနီကို ကားပေါ်တင်ပြီး စောစော ဆေးတက္ကသိုလ် (၂) ရှိရာ မင်္ဂလာဒုံကို ထွက်လာကြတယ်။

မိန်းကလေးကျောင်း အဆောင်ရှေ့က ကုက္ကိုပင်ကြီး အောက်မှာ ကားရပ်ထားတုန်း ဘွားဘွားက နွားနို့သောက်ချင် တာနဲ့ ကားပေါ်ကဆင်းပြီး နွားနို့တစ်ခွက် ဝယ်သောက်တယ်၊ နွားနို့က ပူလွန်းလို့ ဒီလိုပဲ ကိုင်ထားရသေးတယ်၊ ချက်ချင်း မသောက်နိုင်သေးဘူး။ နွားနို့သည်ရဲ့ ညာဘက်မှာ ရေခဲချောင်း

ရောင်းတဲ့သူရယ်၊ လက်သုတ်သည်ရယ်၊ ဆိုက်ကားသမားကြီး တစ်ယောက်ရယ် ရှိတယ်။ သူတို့နောက်ကမှ ငှက်ပျောကြော်ကြော်နေတဲ့ မိန်းမတစ်ယောက်။ သူက သန့်သန့်မာမာ ဝဝ တုတ်တုတ်ပဲ။ ဘွားဘွားလို ပိန်ချိချိ မဟုတ်ဘူး။

တော်ကြာတော့ ကလေး နို့စို့ရွယ်လေးတစ်ယောက်ကို ကလေးကြီးကြီးတစ်ယောက်က ခေါ်လာပြီး ရေခဲချောင်းသည်နဲ့ လက်သုတ်သည်ကြားက ဖျာစုတ်ကလေးပေါ်မှာ လာတင်သွား တယ်။ ကလေးဟာ ထိုင်တတ်ခါစ သားကြီးနဲ့ မတိမ်းမယိမ်းပဲ ရှိပါလိမ့်မယ်။ ကိုယ်လုံးကတော့ သားကြီးရဲ့ တစ်ခြမ်းလောက် လောက်ရှိတယ်။ ဟောင်းနေတဲ့ ကျားသစ်ကွက် ဖလန်နယ် အင်္ကျီကိုဝတ်ပြီး မျက်နှာကလဲ ပိန်ရှုံ့လို့၊ နှာရည်နဲ့ မျက်ရည်တွေ ရောနေတဲ့ မျက်နှာကလဲ ချေးတွေပေလို့။ သူ့ခမျာ တအယ်အယ် ငိုနေပေမယ့် အသံက မထွက်သလိုပဲ။ ကလေးလေးရဲ့ မတိုး မကျယ် တကျီကျီငိုသံလဲကြားရော ငှက်ပျောကြော်သည် မိန်းမ ဟာ ထလာပြီး ဖြန်း–ဖြန်းနဲ့ ကလေးကို နှစ်ချက်လောက်ချတယ်။

''သေချင်းဆိုးလေး မလိုက်လာပါနဲ့ဆိုတာ လိုက်လာတယ်၊ ဟိုသေနာကောင်ကလဲ ဒီကလေးကို အိမ်မှာ တစ်နာရီလောက် ထိန်းထားရရင် ဘာဖြစ်ရမှာမို့လဲ။ ခုတော့ ညှော်မိတော့မယ်''

ဘွားဘွားလဲ အဲဒီမြင်ကွင်းကိုကြည့်ပြီး ဘယ်လိုဖြစ်သွား မှန်း မသိဘူး။ နို့ခွက်ကြီးကိုင်ပြီး ကလေးအနား ပြေးထိုင်မိတယ်။

''နေပါဦး နေပါဦး မရိုက်ပါနဲ့၊ ကလေးက ကျန်းမာပုံမရ ဘူး။ သူ စိတ်ညစ်လို့ငိုတာ ဖြစ်ပါလိမ့်မယ်'' လို့ ဘွားဘွားပါးစပ် က တောင်းပန်ရင်း ဘယ်လက်က ကလေးကို ကိုင်ထားလိုက်ရ တယ်။ ငှက်ပျောကြော်သည်ကြီးက ဟီးချပြီး ငိုတော့တာပါပဲ။အမှန်တော့ ကရုဏာဒေါသောနဲ့ သူ့သားလေးကို ချလိုက်မိတာ စိတ်မကောင်းဖြစ်ဟန်တူပါတယ်။

''ကလေးကို ခဏစျေးထွက်နေတုန်း ကြည့်ထားလိုက်ပါ ဆိုတာကို လူကြုံနဲ့ ဒီကိုအပို့လွှတ်တယ်။ သေချင်းဆိုးအကြောင်း အစ်မကြီးက ဘာမှမသိပါဘူး'' ဘွားဘွားကိုပြောပြီး ကလေးကို ဆက်မချော့နိုင်သေးဘူး။ ငှက်ပျောကြော်ထွေ တူးမှာစိုးလို့ အကြော်ဖိုရှိရာ ပြေးသွားပြန်ရော။

''နင်ကလဲဟာ နင့်လင်ကို စိတ်ဆိုးတာနဲ့ ကလေးကို မဲချ တာပဲ။ ကလေးမှာ ဘာအပြစ်ရှိတာလိုက်လို့'' ဆိုက်ကားသမား ကြီးက ပြောရင်း ဘွားဘွားကိုလဲ မျက်စိမှိတ်ပြတယ်။ ငှက်ပျော ကြော်သည်ကြီးကိုလဲ မေးငေါ့ပြတယ်။ ဘွားဘွားကတော့ ဆိုက် ကားသမားကြီးရဲ့ မျက်နှာရိပ် မျက်နှာကဲဟန်ကို ဘာမှ နား မလည်ဘူး။ လက်သုတ်သည်ကြီးက ဘွားဘွားကို တိုးတိုးလေး ပြောပြတယ်။

''သူ့လင်က ဒီကလေးလေးကို မွေးစားတာ သဘောမကျ ဘူး။ သူက ကလေးသိပ်ချစ်တတ်တာ။ အခု ကလေးက ထက် သက်ပေါက်ရင်း ဝက်သက်ဝမ်းလိုက်ပြီး တအီအီဖြစ်နေလို့''

ဘွားဘွားလဲ ဇာတ်ထုပ်ရဲ့ တစ်ဝက်တစ်ပျက်ကို နားလည် လာတယ်။ ငှက်ပျောကြော်သည်ကြီးက ကျက်ပြီးတဲ့ ငှက်ပျော ကြော်တွေကို ဇန်းထဲဆယ်ထည့်၊ မုန့်ရည်နဲ့ လူးထားတဲ့ ငှက်ပျော သီးအစိမ်းကိုထပ်ပြီး ဒယ်အိုးထဲထည့်ပြီး ဘွားဘွားအနား ပြန် လာထိုင်တယ်။ ပြီးတော့ သူ့သားလေးမျက်နှာကို မုန့်ရည်တွေ ပေနေတဲ့လက်နဲ့ နှပ်တွေ သုတ်ပေးလိုက်တယ်။

ဘွားဘွားကတော့ တတ်သလောက် မှတ်သလောက် ပြော ရတာပေါ့လေ။

''ဝက်သက်ဝမ်းလိုက်တာ မစိုးရိမ်ပါနဲ့။ ကျွန်မတို့ မောင်နှမ ခြောက်ယောက် တစ်ပြိုင်နက် ဝက်သက်ပေါက်ကြတယ်။ ကျွန်မ ရဲ့မေမေတို့ခေတ်က အင်္ဂလိပ်ဆေး သိပ်မသုံးဘူး။ ဝက်ချေးကို ကျွမ်းနေအောင် ပြာချပြီး ပိတ်စိမ်းပါးလေးနဲ့ထုပ်၊ ရေကျက်အေး လုပ်ထားတဲ့ အိုးသစ်ကလေးထဲမှာ ထည့်ပြီး အဲဒီရေပဲ တိုက် တယ်။ ရေစိမ်း မတိုက်ဘူး။ လေစိမ်းတိုက်လဲ မခံရဘူး။ တကယ် လို့လေ ဝက်ချေးကို မသတီရင်တော့ ဘယဆေးဆိုင်မှာ ဝက် ချေးပုလဲမြစ်ဆိုတာ ရှိတယ်။ အဲဒီအမြစ်ကို သွေးတိုက်ရင်လဲ ဝမ်းလုံတယ်''

''ဟုတ်ကဲ့ အစ်မကြီးရဲ့ ကျွန်မလုပ်ပါ့မယ်။ သူက ကလေး ကို ဒီပို့ပို့ပြီးထားတော့ လေစိမ်းတိုက် ဝက်သက်ဝင်ပြီး ဝမ်းဘက် လှည့်သွားတာပေါ့''

ဘွားဘွားလဲ လက်ထဲက နို့ဖန်ခွက်ကို သတိရလာပြီး သောက်ချမိတယ်။ ငှက်ပျောကြော်သည်ကိုကြည့်ပြီး (ဆိုင်း လက်စ်မာနာ) (ငူညေ ညြေ) အင်္ဂလိပ်ဝတ္ထုကို သွားသတိရမိတယ်။ ပြီးတော့လဲ ဘွားဘွား ထုံးစံအတိုင်း ကိုယ့်ကိုယ်ကို ပြန် မေးမိတယ်။

''ကိုယ့်ဝမ်းကိုယ်ဝ,အောင် ငှက်ပျောသီးကြော် ရောင်းစား နေရတဲ့ မိန်းမတစ်ယောက်ဟာ သွေးသားမစပ်တဲ့ ဒီကလေး ငယ်ကို ကောက်ယူမွေးစားထားတယ်၊ အံ့သြစရာကောင်းတဲ့မေတ္တာပဲ။ ဒီမေတ္တာမျိုး ငါ့မှာရှိရဲ့လား'' ဘွားဘွားဟာ ဒီမေးခွန်း ကိုမေးရင်း ဒီအကြော်သည်ရဲ့ မေတ္တာစိတ်ကို လေးစားမိတဲ့ ပီတိ ကြောင့် ကြက်သီးထသွားမိတယ်။

''သားကြီး မငိုနဲ့တော့နော်'' လို့ ကလေးလေးကို ဘွားဘွား က ချော့ပြီး အကြော်သည်ကြီး ပြောမိတယ်။ ''ဒီလိုပါပဲရှင် သားသည်မိခင်တွေဟာ ကလေးများ ရောဂါတစ်ခုခုဖြစ်ရင် စိတ် ညစ်မိတာပဲ။ ကလေးကိုတော့ မချုပါနဲ့တော့''

အကြော်သည်ကြီးက သူ့သားလေးကို ပေါင်ပေါ်ဆွဲတင် ရင်း မျက်ရည်တွေ တတွေတွေကျနေရှာတယ်။ ဘွားဘွားလဲ ထိုင်ရာကထပြီး နို့ဖန်ခွက်ကို နွားနို့ရောင်းတဲ့အသည်ပေးမလို့ နောက်ဘက်လှည့်လိုက်တော့ ဘွားဘွား ဝေဒနာတစ်ခု ခံစား လိုက်ရတယ်။ ရေခဲ ထည့်ထားလို့ အေးစက်နေတဲ့ ဖန်ခွက်ပါးပါး လေးထဲကို ရုတ်တရက် ရေနွေးထည့်လိုက်ရင် ဖန်ခွက်ဟာ ဖျတ်ခနဲ ကွဲသွားတတ်တယ်။ အဲဒီလိုပဲ ဘွားဘွားရဲ့ အသည်း နှလုံးဟာ ဖျတ်ခနဲများ မြည်ပြီး ကွဲသွားသလား အောက်မေ့ ရတယ်။

အင်မတန်ကွာခြားတဲ့ မြင်ကွင်းနှစ်ခုကြောင့်ပဲ။ ဘွားဘွားရဲ့ ကားထဲမှာတော့ တစ်နှစ်တောင်မပြည့်သေးတဲ့ သားကြီးဟာ တောင့်တင်းကျစ်လစ်တဲ့ သူ့ကိုယ့်ကို ကားပေါ်မှာ ခုန်ပေါက်ပြီး ကျောင်းစာသင်ခန်းကဆင်းလာတဲ့ သူ့အမေကို အော်ဟစ်ပြီး ကြိုနေတယ်။ နာနီက သားကြီးကို မနည်းကိုင်ထားရတယ်။ 'မိ' နဲ့ အတန်းတူ ဆေးကျောင်းသူလေးတွေက ကတ္တရာစေးလမ်း ပေါ်က ပြေးလာပြီး ''ဒီမှာဟေ့ 'မိ' ရဲ့သား၊ လာကြည့်ပါဦးဟေ့'' တဲ့။ သားကြီးကလဲ ကားထဲမှာ မြူးကြွခုန်ပျံနေတာပဲ။

''ဟဲ့ 'မိ' ရဲ့ နင့်သား ဘာတွေကျွေးသလဲ။ မာတောင့် ကျစ်လစ်နေတာပဲ။ ပွစိ,ဝပြဲကြီးမဟုတ်ဘူး ဆရာ''

ကလေးချစ်တတ်တဲ့ ဆရာဝန်မလောင်းလေးတွေက သား ကြီးကို ဝိုင်းနူတ်ဆက်တော့ သားကြီးကလဲ ပြုံးပြုံးပြီး အော်နေ တယ်။ စကားမှ မပြောတတ်သေးပဲကိုး။ နာနီက သူတို့မေးခွန်း ကို ဖြေနေတယ်။ ''မုန်လာဥနီ၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီ ပန်း၊ ကြက်သား၊ နိုင်ငံခြားကလာတဲ့ ကလေးတွေကျွေးတဲ့ အမဲ သားဘူး (နညေဖ)၊ အာလူး အဲဒါတွေ အလှည့်ကျ ထမင်းပျော့ ပျော့ချက်ပြီး ရောခြေပြီးကျွေးတာပဲ။ (မေထေ) လဲ ကျွေးတယ်။ ငှက်ပျောသီးဖီးကြမ်းလဲကျွေးတယ်'' တဲ့။

'မိ' ရောက်လာပြီး သူ့သူငယ်ချင်းတွေကို နူတ်ဆက်ပြီး ကားပေါ် တက်လိုက်တယ်။ ဘွားဘွားလဲ ကားပေါ်ပါလာရင်း စကားမပြောနိုင်ဘူး။ ရင်ထဲမှာ ဆို့နေတယ်။

ကတ္တရာစေးလမ်းပေါ် ရပ်ထားတဲ့ကားပေါ်က သားကြီးနဲ့ လက်သုတ်သည်ဘေးက ဖျာပေါ်မှာထိုင်နေတဲ့ ငှက်ပျောကြော် သည်ကြီးသားနဲ့ အလွန်ဆုံးဝေးရင် နှစ်လံပဲ ဝေးမယ်။

ဒါပေမဲ့. . . . ဒါပေမဲ့. . . . ကွာခြားချက်ကြီးက ကြီးမားလွန်းလှပါ ကလား။ ဘုရားသခင် ငှက်ပျောကြော်သည်ကြီးသားကိုလဲ သူ့ မိခင်ဟာ သက်ဆိုင်ရာဆရာဝန်ရဲ့ အကြံဉာဏ်ယူလို့ အဟာရ ဓါတ်တွေပါတဲ့ အစားအစာတွေကို သားကြီးကျွေးသလိုသာကျွေးနိုင်ခဲ့ရင် သူ့သားလေးလဲ သားကြီးလို သန်မာထွားကျိုင်း မှာပေါ့။ ခုတော့. . . . အိုး. . . . ဘွားဘွား ငိုချင်လိုက်တာ။

ဂဏာန်းသင်္ချာမှာ (ခြားနားခြင်း) ကို ရှာပါဆိုတဲ့ အမှတ် အသားလက္ခဏာသင်္ကေတ အနုတ်လက္ခဏာ (–) ဟာ အလျား လိုက် တုတ်တံတိုတစ်ချောင်းနဲ့ပြတယ်။ ညီမျှခြင်းကိုရှာပါဆိုရင် ဟောဒီ (=) ညီမျှခြင်းလက္ခဏာနဲ့ အလျားလိုက် တုတ်တံတို နှစ်ချောင်းလေးကို ထပ်ပြတယ်။ တကယ်ဆိုတော့ (ခြားနားခြင်း) နဲ့ (ညီမျှခြင်း) ဟာ စာရွက်ပေါ်က အမှတ်အသားမှာ တုတ်တံ တစ်ချောင်းနဲ့ နှစ်ချောင်းပဲ။ (ဘ၀) ဆိုတဲ့ အဖြစ်မှာတော့ (ခြား နားခြင်း) ကို (ညီမျှခြင်း) ဖြစ်အောင် လုပ်ရတဲ့နေရာမှာ အခက် အခဲတွေ များလှပါလား။

ဘွားဘွားဟာ အတွေးကို ကျယ်ပါတယ်။ လက္ခဏာ (–) (ခြားနားခြင်း) ကို လက္ခဏာ (=) (ညီမျှခြင်း) ဖြစ်အောင် စေတနာမှန်ကန်စွာနဲ့ လုပ်ကိုင်ဆောင်ရွက်ချင်သူတွေ များပါ ရက်နဲ့ ရည်ရွယ်ချက်မရောက်ဘဲ ကြေကွဲစရာ အဖြစ်တွေနဲ့ ကြုံကြရတာတွေ ဘွားဘွား လျှောက်တွေးမိလာတယ်။

''မေမေ ဘာဖြစ်တာလဲ မျက်နှာလဲမကောင်းဘူး'' သားကြီး ရဲ့မေမေ 'မိ' က လှမ်းမေးမှ ဘွားဘွားအတွေးကိုရပ်ပြီး အကြော် သည်သားအမိအကြောင်းကို ပြောပြရတယ်။ ဒီတော့ သားကြီး ရဲ့ မေမေက ဘွားဘွားကို ပြောပြပြန်တယ်။

''မေမေက ဒါပဲ မြင်တာကိုး'' တဲ့။

''သမီး မနက်တိုင်း ဘတ်စ်နဲ့တက်ရတော့ သိပ်စိတ်ညစ်တာပဲ။ တခြားကြောင့် မဟုတ်ဘူး။ ဘတ်စ်ကားထဲမှာ လူမျိုးစုံ ပါတယ်မို့လား။ ထောက်ကြံ့အထိသွားတာ တစ်ခါတလေ သွား လေးနှစ်ချောင်းလောက်ပေါက်သေးတဲ့ ကလေးလေးကို ဘေးချ ပြီး အမေက ပြောင်းဖူးပြုတ်ကြီး ကလေးကို ပေးထားတယ်၊ ဟိုကောင်ကြီးက အဲဒါကြီး ကိုက်ဝါးနေတာပဲ။ 'မိ' စိတ်ထဲမှာလေ ကလေးရဲ့ သွားဖုံးတွေ ပဲ့သွားမှာ နာသွားမှာ စိုးရိမ်လိုက်တာ။ ငါ့သားကြီးမှာတော့ သွားပေါက်ချိန်လဲ သွားဖုံးတွေ မပဲ့အောင် မာအောင် ဘယ်လိုအစားအစာကျွေးရမယ်နဲ့ ဂရုစိုက်ရတာ အမေ။ သူတို့မှာတော့. . . . ဆိုပြီး 'မိ' ဆက်မတွေးဘူး။ စိတ်မချမ်း သာဘူး။ မြင်ရတာ ငိုချင်တယ်။ အမေလုပ်တဲ့လူကလဲ ကိုယ်ဝန် ကြီးနဲ့။ ကလေးသိပ်နီးတယ် ဆိုရမယ်။ ခံတောင်းကြီးတွေ ဘေးချလို့။ အို. . . . ဘတ်စ်ကားပေါ်မှာမှ ဘ၀မျိုးစုံပါပဲလေ. . . . ''

သားကြီးရဲ့အမေ မရွှေမိက ဘတ်စ်ကားပေါ်က ဘ၀မျိုးစုံ ကို တရားဟောပြသေးတယ်၊ ဘွားဘွားကို သူက မြေကိုမထိ ဘူးတဲ့ တော်ဝင်မာလာ သဇင်ပန်းကြီးလို့ အောက်မေ့ထင်ပါရဲ့။ ဘွားဘွားက ပလက်ဖောင်းပေါ်မှာ ကျွမ်းပစ်လာရတဲ့ မိန်းမဆို တော့ သူ့ထက် အတွေ့စုံခဲ့တယ်ကွယ့်။

ဘွားဘွားမှာတော့ ညဘက်မှာ ဆေးသောက်ပြီးတော့ကို အိပ်ယူရတယ်။ နို့မို့ရင် အဲဒီ လက္ခဏာ (=) ညီမျှခြင်းတွေကို ရာကြရာမှာ ဝင်္က ပါလုပ်ထားတဲ့လမ်းကိုများ သွားနေကြသလို ထွက်ပေါက်မရောက်ခင် အဖြစ်မျိုးစုံတွေနဲ့ ရှုပ်ထွေးနေတဲ့ သံသရာကိုတွေးပြီး အိပ်မပျော်ဖြစ်ရော။

မအိပ်ခင် ငှက်ပျောကြော်သည်ရဲ့ 'မေတ္တာ' ကို သာဓုခေါ် ပြီး သူ့သားလေး ကျန်းမာစေကြောင်း မေတ္တာပို့ရသေးတယ်။

''ဒီမေတ္တာမျိုး ဘွားဘွားမှာ ရှိသလားမေးရင် မရှိနိုင်ပါဘူး'' လို့ ရိုးရိုးသားသား ဝန်ခံရမှာပဲ။

သားကြီးရဲ့ ဘွားလေးငယ် (ဘွားဘွားရဲ့ ညီမအငယ်ဆုံး နုနု) သူဟာ သူ့ရဲ့သားဦးကို ဒပ်ဖရင် (ဗဟိုသားဖွားဆေးရုံ) မှာ လာမွေးတယ်။ အဲဒီတုန်းကလဲ ဘွားဘွားမှာ သမီးဖြစ်တဲ့ 'မိ' တစ်ယောက်သာ မွေးဘူးတာကိုး။ ဘွားဘွားဟာ သားမွေး နိုင်တဲ့ မိန်းမတစ်ယောက် မဟုတ်ဘူး။ ရှေးဘုရင်တွေ ခေတ်မှာ ဆိုရင် သားယောက်ျားလေး မမွေးနိုင်တဲ့ မိန်းမဆိုရင် မိဖုရား ခေါင်ကြီးအဖြစ် ဘုရင်များက ချီးမြှောက်ခြင်းမပြုကြဘူး။

မင်းရဲ့ ဘွားငယ်လေးမွေးတဲ့ သားဦး တိုးကြည်ဆွေ ဝမ်းထဲ က ကျွတ်တဲ့အချိန်မှာ ဘွားဘွား မြင်ရတော့ ဘွားဘွားခံစား ရတဲ့ အဲဒီပီတိကိုဖွဲ့နွဲ့ပြီး 'လမင်းကြီးနဲ့ ငွေငါးဆယ်' ဆိုတဲ့ ဝတ္ထု တိုလေးတစ်ပုဒ် ရေးခဲ့ဖူးတယ်။

'ဒီမေတ္တာ' နဲ့ ခပ်ဆင်ဆင်ပေါ့။ သိပ်တော့ မတူလှဘူး။ ဒီမှာဘက်မှာတော့ သားဦးကို မွေးရတဲ့ပီတိကို ကျမ်းပဲဖွဲ့ရတော့ မလို။ လေးဆယ့်ကိုးယူဇနာရှိတဲ့ လမင်းကြီးနဲ့ လဲပါဆိုတောင် မလဲနိုင်အောင် အဖြစ်သည်းနေလိုက်တာ။ ဟိုမှာဘက်က မိခင် တစ်ယောက်မှာတော့ ကျွမ်းပစ်ပြီး ရင်သွေးကို ငွေငါးဆယ်နဲ့ ရောင်းချပြီး စားရတဲ့ဘဝ။ (ခြားနားခြင်း) ကို တင်ပြခဲ့ဖူးတယ်။ သားကြီး စာတတ်လာရင် ဒီစာအုပ်ကို ရှာမတွေ့မှာစိုးလို့ 'လမင်းကြီးနဲ့ ငွေငါးဆယ်' ဝတ္ထုကို အလျဉ်းသင့်တုန်း ထည့်သွင်းပြ လိုက်တယ် သားကြီး။

## *လမင်းကြီးနဲ့ ငွေငါးဆယ်*

မေမေဟာ အိမ်ရှင်မတစ်ယောက်အနေနဲ့ အဝေးကရောက် လာမယ့် ဧည့်သည်အမြောက်အမြားကို ကြိုဆိုခဲ့ဖူးပါတယ်။

သူတို့မရောက်လာခင်ကပဲ ကြိုတင်သိရှိခဲ့ရင် သူတို့အတွက် အိပ်ဖို့နေရာ၊ စားဖို့သောက်ဖို့၊ နေရာထိုင်ခင်း၊ အပန်းဖြေ နားနေ စရာတွေကိုပါပြင်ဆင်ပြီး ဝမ်းပန်းတသာ စောင့်နေရတာပါပဲ။ ဒါပေမဲ့ အဲဒီကြိုတင်ပြင်ဆင်မှုတွေဟာ သား လာတော့မယ်ဆို တာသိလို့ ကြိုတင်ပြင်ဆင်ရတာတွေနဲ့ ဘာမှမတူပါလား သား။

သားကိုလဲ မေမေ တစ်ခါမှ မမြင်ခဲ့ဖူးဘူး။ သူလေးဟာ အကျည်းတန်သော သူငယ်လေးများလား၊ သူလေးဟာ လှပ တင့်တယ်သူပေပဲလား၊ အလွန်ဆိုးသွမ်းတဲ့ သူငယ်ဆိုးလေး တစ် ယောက်ပေပဲလား၊ ကျစ်လစ်သိပ်သည်းတဲ့ သားလိမ္မာလေးပဲ ဖြစ်လေလိမ့်မလား၊ မေမေဟာ အိပ်မပျော်ခင်မှာရော အိပ်ပျော် သွားတဲ့အချိန် အိပ်မက်ထဲမှာရော၊ မေမေ မမြင်ဘူးတဲ့ သားရဲ့ ရုပ်ရည်ကို မျှော်မှန်းတွေးခေါ်ခဲ့ရတာ အမောပါပဲ။

သြော်. . . . သားလေး အပန်းဖြေ နားနေအိပ်စက်ဖို့ မေမေ့မှာ မွေ့ရာလေးကို ပထမ ချုပ်မိတယ်။ ဂွမ်းကပ်နုနုလေးပေါ်မှာ မေမေကြိုက်တဲ့ ရေရောင်ပြာလွှလွှ ဖဲစလေးလေးကို အပေါ်က အုပ်ပြီး မွေ့ရာလေးကို ချုပ်ရိုးကြမ်းကြမ်းကြီးတွေ မထင်အောင် ချုပ်ရတယ်။

သားခြုံဖို့ အပြာနုရောင် သိုးမွေးစောင်လေးကိုလဲ အဆင် သင့် ဝယ်ထားရသေးတယ်။ စောင်လေးပေါ်မှာ ယုန်ရုပ်လေး နှစ်ကောင် ဖြူဖြူဖွေးဖွေးက ရထားမောင်းလို့ လိပ်ကလေးက ရထားကိုဆွဲလို့။ သားလေးသာ ဒီအရုပ်ကလေးတွေကိုတွေ့ရင် ချစ်တန်ကောင်းပါရဲ့လို့ အောက်မေ့မိတယ်။ စိတ်ထဲမှာလဲ တစ်ခါထဲဆက်တွေးသွားတာက ဒီစောင်လေးကိုခြုံရင်း သားလေး ဟာ တဖြည်းဖြည်း ကြီးထွားလာတော့မယ်။ သားလေး သိတတ် လာရင် ဒီယုန်ရုပ်လေးနဲ့ လိပ်ကလေးအကြောင်းကို မေးတော့ မယ်။

ဒီအခါကျတော့ မေမေဟာ အပျင်းလွန်တဲ့ ကိုရွှေယုန် အကြောင်း၊ ဝီရိယကောင်းတဲ့ ကိုရွှေလိပ်အကြောင်းကို ဖွဲ့ဖွဲ့ နွဲ့နွဲ့ပြောရဦးမယ့် ပုံပြောဆရာမကြီး ဖြစ်ရဦးတော့မှာလားလို့ တွေးမိတယ်။ မေမေ့ရင်ထဲမှာ သောကဝင်လာပြန်ရော။ သား လေးဟာ ယုန်လေးလိုများ အပျင်းကြီးနေမလား၊ လိပ်သူငယ် လေးလို ဝီရိယကောင်းတဲ့ သူငယ်ကလေး ဖြစ်အောင် မေမေ ဘယ်လိုလုပ်ရပါ့မလဲလို့ တွေးမိပြန်တာပဲ သား။

သားကို မေမေဟာ ပုံတွေအများကြီး ပြောပြရဦးမှာပါ လား။ အားလပ်ချိန်ရောက်ရင် မေမေ ငယ်ငယ်က ဖတ်ပြီးသား ပုံပြင်တွေကို ပြန်ပြီးဖတ်ရပြန်ရော။

နံနက်မိုးသောက်လို့ ပြတင်းဖွင့်လိုက်ရင်ပဲ နှင်းမှုန်ပါတဲ့ ဆောင်းလေတွေဟာ မေမေ့ကို နှုတ်ဆက်ကြတယ်။ မေမေ အပျိုတုန်းကဆိုရင်ဖြင့် နှင်းရည်သောက်ထားတဲ့ ပန်းခင်းတောထဲမှာ အပြေးအလွှား ဆော့ကစားပြီး ဆောင်းနံနက်လေကို အားပါးတရ ရှူရတယ်။

ခုတော့ သာယာညင်းညင်းတိုက်လာတဲ့ ဆောင်းလေကို တိုးတိုးသာသာပဲ ပြောပြရတယ်။ ''ရှေ့လအတောအတွင်းမှာ ကျွန်မမှာ သားဦးလေးနဲ့ တွေ့ရတော့မယ်'' လို့ သူတို့ကလဲ ဝမ်း ပန်းတသာ မေမေ့သားကို ကြိုဆိုကောင်းချီးပေးတဲ့သဘောနဲ့ သားကိုယ်စား မေမေ့ပါးပေါ်ကို အသာတကြည် ထိတွေ့နမ်းရှုပ် သွားကြတယ်။ မေမေဟာ အရင်လိုမပြေးဘဲ ပန်းခင်းတွေထဲမှာ ဖြည်းဖြည်းသာသာပဲ လျှောက်ရတယ်။

ပန်းပွင့်လေးတွေကိုလဲ သား လာတော့မယ့်အကြောင်း ပြောပြရင်ပဲ သူတို့ဟာ ပွင့်ဖတ်တွေကို စွင့်စွင့်ကားကား လေမှာ လွင့်ပြီး တစ်ပွင့်အပါး တစ်ပွင့်ကပ်ပြီး သားနဲ့တွေ့ကြရတော့ မယ့်အကြောင်း တစ်ဆင့်စကားတစ်ဆင့် သတင်းပါးကြပြန် တော့တယ်။

မကြာခင်ဘဲ ရွှေရောင်ပေါ်မှာ မဟူရာစင်းလေးတွေ ခင်း ထားတဲ့ ဝတ်ရုံလွှာကို ခြုံထားတဲ့ ပျားကောင်လေးတွေဟာ နံနက်နေခြည်မှာ ပျံဝဲလာကြတယ်။ မေမေဟာ ပျားကောင် လေးတွေကိုမြင်ရပြန်တော့ သားရဲ့အနာဂတ်ကို တွေးမိပြန်ရော။

မေမေဟာ ဆောင်းလေပြေနဲ့ ပန်းဝတ်လွှာလေးတွေ အကြောင်း နွေဦးရွက်နုများနဲ့ ဥဩသံတွေအကြောင်းကို ပုံထဲ မှာသာ ထည့်သွင်းပြောနိုင်တာကလား။ တကယ်ဆိုတော့ မေမေ့ သားကို မေမေဟာ အရွယ်ရောက်လာရင်ဖြင့် အခြားလူသား တွေနဲ့အတူ ခေတ်ဆိုတဲ့ ခရီးလမ်းမှာ သွားခိုင်းရမှာပါလားလို့ တွေးမိရင်ပဲ ရင်ထဲမှာ တင်းကျပ်သွားတယ်။

မေမေဟာ တန်ခိုးတော်ရှင်ကြီးဆိုရင်ဖြင့်သားလေးအတွက် သီးသန့်ကမ္ဘာတစ်ခုကို ဖန်ဆင်းပေးပါရဲ့ သားရယ်။ မေမေ့ မျက်မှောက်ပြုနေရတဲ့ ကမ္ဘာကတော့ လေထဲမှာ ယမ်းငွေ့တွေ ဟာ အပြည့်အသိပ်ပါလာတော့ အသက်ရှူရတာတောင် မဝတဲ့ ကမ္ဘာ။

ဘယ်သူတွေက ဘယ်ဦးနှောက်နဲ့ ဘာတွေကို ကြံစည်တွေး တော တီထွင်လိုက်လဲ မသိဘူး။ လူသားစစ်စစ်ကို ခုန မေမေ မြင်ရတဲ့ ပျားကောင်လေးတွေဖြစ်အောင် လုပ်နေတဲ့ ကမ္ဘာကြီး ကလား။ မေမေ့စိတ်ထဲမှာ သားလေး အရွယ်ရောက်လာရင် စည်းကမ်းစနစ်ကျနပြီး လိပ်သူငယ်လေးလို ဝီရိယရှိရုံမက သားရဲ့ အတွေးအခေါ် ဆင်ခြင်ဉာဏ်လေးတွေကိုလဲ သားဟာ လွတ်လပ်စွာ တင်ပြဆွေးနွေးနိုင်ခွင့်ရှိတဲ့ခေတ်ကို ကြုံစေချင်ပါ တယ်။ စည်းကမ်းတော့ ကျနပါရဲ့ သူများခိုင်းသမျှ တုံးတိုက် တိုက် ကမ်းတိုက်တိုက် လုပ်တတ်တဲ့ နှလုံးသားမရှိတဲ့လူသားမျိုး ထွန်းကားတဲ့ခေတ်မျိုး သားကို မကြုံစေချင်ဘူး။

မေမေတို့ရဲ့ ကမ္ဘာကြီးဟာ ခုတော့ လမ်းဆုံလမ်းခွကို ရောက်နေတယ် သား။ သူတို့ဟာ ''လူ'' ဆိုတဲ့ စကားတစ်လုံးကို ကိုယ်ကြိုက်ရာ ကိုယ်ဆွဲပြီး အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ပြနေကြ တယ်။ ဩော်. . . . ဒီအကြောင်းကို တင်ပြဆွေးနွေးဖို့က အချိန် စောလွန်းပါသေးလား။ မေမေဖြင့် သားကို ပြောချင်ဇော၊ တွေ့ချင်ဇောနဲ့ အတွေးတွေ အလှမ်းကျယ်သွားရပြန်ပြီ။ သားဟာ တကယ်ဆိုတော့ မေမေ့ကို အတွေးကျယ်အောင် လုပ်နိုင်စွမ်း ရှိပါလား။ ပျားကလေးတစ်ကောင်ကို မြင်တာနဲ့ သားရဲ့ အနာ ဂတ်ကိုတွေးပြီး မေမေ ပူပန်လိုက်တာ။

သားအတွက် မေမေ စာဖွဲ့ချင်တယ်။ သားအတွက် မေမေ စာတွေရေးချင်လိုက်တာ။

သားကို မေမေ မြင်ရတော့မယ့်နေ့ကို ရောက်လာပြီ။ မျက် ခုံးမွှေးထူထူနဲ့ ဆရာမလေးက အဝတ်ဖြူလေးကို ပါးစပ်နဲ့ နှာ ခေါင်းမှာစည်းလို့ မေမေ့ဗိုက်ပေါ်မှာ နားခွက်ကလေး တပ်,တပ် ပြီး သားရဲ့ရင်ခုန်သံကို မိနစ်ပိုင်းနဲ့အမျှ နားထောင်နေရှာတယ်။

မေမေ့ရင်ခုန်သံဟာလဲ ကျယ်လောင်လာလွန်းလို့ မေမေ့ စိတ်ထဲဖြင့် တခြားခုတင်က မိခင်တွေတောင် ကြားရတယ်လို့ အောက်မေ့မိတယ်။

မိန်းမတွေဟာ ချစ်ဦးသူနဲ့ တွေ့ခါနီးတော့လဲ ရင်ခုန်ခဲ့ကြ တာပဲ။ ဒါပေမဲ့ အဲဒီရင်ခုန်ပုံတွေဟာ သားကို မေမေ ပထမဆုံး တွေ့ရမယ့်အချိန်မှာ ရင်ခုန်ပုံနဲ့ လုံးဝမတူဘူး သား။ ဒီတစ်ခါ တော့ မေမေ အကျယ်ချဲ့ပြလို့မရဘူး။

မေမေလေ လူကသာ ခုတင်ပေါ်မှာ အိပ်နေတယ်။ စိတ် ကတော့ ခရီးအဝေးကြီးကို ပင်ပန်းကြီးစွာ သွားနေသလိုပါပဲ။ ဝမ်းထဲက နာကျင်တဲ့ဝေဒနာကြောင့် နဖူးမှာလဲ ချွေးတွေပြိုက် ပြိုက်ကျလို့။ ဆရာမလေးရဲ့ လက်တွေကိုလဲ မေမေ တအား ဆုပ်ထားလွန်းလို့ သူ့လက်ချောင်းလေးတွေများ ကြေသွားမလား အောက်မေ့ရတယ်။ မေမေ့ဒူးတွေဟာ ဆတ်ဆတ်တုန်နေတယ်။ သားရဲ့ ဘွားဘွားကြီးပြောတဲ့ စကားတွေ သွားသတိရတယ်။ ''ချွေးတစ်ခါနှစ်ခါမပြန်ဘဲနဲ့များတော့ ဘယ်တော့မှ မမွေးသေး ဘူး'' ဆိုတာ။ ခါးကိုလိမ်ပြီး ပစ်ချင်လောက်အောင် ဝေဒနာ ပြင်းလာပေမယ့် မေမေ့ဗိုက်ထဲမှာ သားရှိတယ် ဆိုတဲ့အသိ ကြောင့် မေမေဟာ ဒီဝေဒနာကို ကျိတ်ခံတယ်။ အံကိုလဲ ကြိတ် ထားလွန်းလို့ သွားတွေများ ကျိုးမတတ်ပါပဲ။

''သားလေး အပြင်ရောက်ဖို့ သူ့လမ်းကြောင်းဟာ တစ် လက်မပဲ လိုတော့တယ်၊ ပထမကလေးမို့ ခံရတာပါလို့'' ဆရာမ လေးဟာ အေးဆေးတဲ့အသံနဲ့ မေမေ့အပါးက မင်းဒေါ်ဒေါ် ကြီးကို ပြောနေသံ မေမေ ကြားရတယ်၊ ဒါပေမဲ့ သုံးနာရီလုံးလုံး ကြာတဲ့အထိ သားကို မေမေ မမြင်ရသေးဘူး။

သားလေးဟာ ပက်ကျိလေးလိုများ ခရီးသွားနေရသလား ကွယ်။ တစ်လက်မဆိုတဲ့ခရီးကို သုံးနာရီ ကြာရတယ်ဆိုတာ မေမေ မယုံချင်ဘူး။ မေမေဖြင့် ဝေဒနာကို သည်းမခံနိုင်တော့ ဘူး။ ဆရာမကြီးတွေနဲ့ ဒေါက်တာတွေလဲ မေမေ့အပါးကို ဝိုင်း လာကြတယ်။

''ကျွန်မကို လုပ်ချင်သလိုသာ လုပ်ပါ၊ သား ကျန်းကျန်း မာမာနဲ့ အပြင်ရောက်ရင် ပြီးတာပါပဲ'' မေမေလေ အဲဒီအချိန် မှာ မေမေ့အသက်ကိုပဲ စွန့်ရပါစေ၊ သားကိုသာ အပြင်ဘက် ချောချောမောမော ရောက်စေချင်တာပါပဲ။

သြော်. . . . ဒို့များ မိန်းမတွေဟာ အားနွဲ့တယ် အားငယ်တယ်နဲ့၊ အခြေအနေက တကယ်လိုလာလို့ တောင်းဆိုလာပြီဆိုတော့ အသက်ကိုတောင် ပေးအပ်ပြီး ချစ်သူအတွက် စွန့်စားရဲသူပါ လား သား။

မကြာခင်ပဲ မေမေဟာ မွေးခန်းထဲကို ရောက်သွားတယ်။ ခဏအကြာမှာ လုံးဝ သတိလစ်သွားတာပဲ၊ မေမေ သတိရလို့ မျက်စိဖွင့်လိုက်တော့ ဖြူနွဲ့နွဲ့ ဒေါက်တာနှစ်ဦးရယ်၊ ဆရာမကြီး ဝဝတုတ်တုတ်ရယ် သားလေးကို မွေးဖွားပြီးကြောင်း သတင်း ကောင်းပါးကြတယ်။

မေမေဖြင့် မျက်ရည်တွေ ပေါက်ပေါက်ကြလာတာပါပဲ သားရယ်။

နီနီထွေးထွေး ပိုးတောင့်တဲလေးနဲ့တူတဲ့ သားကို အနှီး ဖြူဖြူလေးနဲ့ရစ်ပတ်ပြီး ဆရာမလေးက ခေါ်လာတော့. . . .

''သြော်. . . . တစ်လက်မခရီးကို သုံးနာရီကြာအောင် လာခဲ့ ရတဲ့ သူငယ်လေးပါလား'' လို့ မေမေ တွေးမိပြီး သားကို သနား လိုက်တာ။ သားကို ချိုချိုစတိုက်ရတဲ့နေ့ရောက်တော့ မေမေ စိတ်မကောင်းဖြစ်ရပြန်တယ်။ ဘာဖြစ်လို့လဲဆိုတော့ နောက် လေးဆယ့်ငါးရက်ရောက်ရင် မေမေ အလွန်မုန်းတဲ့ အလုပ်ကြီး တစ်ခု လုပ်ရဦးမယ်။ မေမေ့မှာ မေမေ့မေတ္တာတန်ခိုးနဲ့ သွန်ကျ လာတဲ့ မေမေ့သွေးကဖြစ်တဲ့ နို့ရည်တွေ မေမေ့ရင်သားထဲမှာ အပြည့်ရှိပါရက်နဲ့ သားကို နို့မှုန့်ဘူးတွေနဲ့ထားခဲ့ပြီး မေမေ အလုပ်သွားရဦးမယ်။ ပြီးတော့ ချိုချိုတွေ တောင့်လာရင် အဲဒီ နို့ရည်အစစ်တွေကို မေမေ ညှစ်ပစ်ရဦးမယ်။ မေမေ ဒီအလုပ် မျိုး လုပ်ရမှာကို သိပ်စက်ဆုပ်တာဘဲ၊ ဒါပေမဲ့ လုပ်ရဦးမယ်. . . .။

ဆေးရုံကဆင်းပြီး အိမ်ပြန်ရောက်တော့ သားကို ညဦးမှာ မေမေ နို့ဝအောင် တိုက်သိပ်ခဲ့တယ်။ အပြင်မှာ လဝန်းဟာ ထိန်ထိန်သာနေလို့ မေမေတို့ အိပ်ခန်းမကြီးလဲ လင်းနေတာပဲ။ မေမေဟာ ပြတင်းကနေ လမင်းကို မော့ကြည့်မိတယ်။ ယောကျ်ား တွေက သူတို့ချစ်သူရည်းစားကို စာဖွဲ့တဲ့နေရာမှာ ချစ်သူမျက်နှာ ဟာ

''လမင်းနဲ့ နှစ်လေးသာ အေးမြလိုက်တာ'' လို့ ဆိုကြတယ်။ မေမေကတော့ လမင်းကြီးနဲ့ သားမျက်နှာကို မနှိုင်းရက်ပါဘူး။

ခုနေများ လနတ်သားက ''မေမေ့သားကြီးနဲ့ လဲမလားဆို ရင် မေမေကတော့ ပြန်ပြောမှာပဲ. . . .''

''မေမေ့သား လမင်းကြီးနဲ့ မလဲနိုင်ပါဘူး'' လို့ ပြောမှာပဲ။

လမင်းကြီးက လောကဓါတ်တခွင်ကိုသာ သူ့ရဲ့ အေးမြတဲ့ ရောင်ခြည်နဲ့ ရွှန်းရွှန်းပပ သာစေနိုင်ပေမယ်လို့ မေမေ့ရဲ့ နှလုံး သားတစ်နေရာကို သူ့ရောင်ခြည်ထိုးဖောက်ပြီး မလင်းနိုင်ပါဘူး သားရယ်။

သားမျက်နှာ ဝင်းပပက လမင်းကြီးလို မကြီးပေမယ့် သား ကိုမြင်ရရင် မေမေ့အသည်းနှလုံးကို နေရာမလပ် ဝင်းထိန်သွား အောင် အလင်းရောင်ပေးတာကိုး။ ရွှန်းမြသာကြည်တဲ့ သားရဲ့ မျက်နှာက မေမေ့ရဲ့နှလုံးသားကို အေးစိမ့်သွားစေတာပဲ။

ပြီးတော့လဲ ဖိုးလမင်းကြီးဟာ သီတင်းလေးပတ်မှာ နှစ်ပတ် လောက်သာ လောကကြီးမှာ လင်းနိုင်သူပါကွယ်။ မေမေ့သား ကတော့ ထာဝစဉ် မေမေ့ရင်ကို အလင်းပေးနိုင်တာကိုး။

ဒါကြောင့်မို့ ''မေမေ့သားကို လမင်းကြီးနဲ့ မလဲနိုင်ပါ'' လို့ မေမေ စကားဆိုရင် မေမေဟာ မလွန်ပါဘူး သားရယ်။

နောက်နေ့နံနက်မှာ သားကို မေမေဟာ အိပ်ခန်းထဲမှာ သိပ်ထားခဲ့တယ်။ သားကို မွေးနေရဆဲ မတွေ့ခဲ့ရတဲ့ မေမေ့ ပန်းခင်းတွေဆီ မေမေ လျှောက်သွားမိတယ်။ လေးငါးခြောက် လကြာရင် ပူနွေးတဲ့နေရောင်ခြည်ထဲမှာ သားလေးကိုထိန်းရင်း ပန်းတွေကို ပြရဦးမယ်။ မေမေဟာ ဆောင်းနီးတုန်းက ပန်းပွင့် လေးကို မြေမှာ ပျိုးခဲ့တယ်။ ဆောင်းလယ်ရောက်တော့ သူတို့လဲ ပွင့်ရော သားကိုလဲ မေမေ မွေးရော။

သူတို့ကိုပွင့်စေတဲ့သူရဲ့သားမို့ ပန်းလေးတွေဟာ သားကိုလဲ ချစ်ကြရှာမှာပါပဲ။ မေမေ အဲဒီလို စိတ်ကူးနေတုန်း မာလီကြီးက ဧည့်သည်တစ်ယောက် မေမေ့ကို တွေ့လိုတယ်ဆိုလို့ အိမ်ဘက် ကို မေမေ ပြန်လျှောက်လာတယ်။

ဧည့်သည်ဟာ သံဆွဲတံခါးရဲ့အဝ လှေကားထစ်မှာ ငုတ် တုတ်ထိုင်လို့။ အဝတ်အစားတွေကလဲ နွမ်းလို့။ သူ့အသား အရည်ဟာ နေလောင်ထားလို့ မွဲခြောက်ခြောက် ဖြစ်နေတယ်။ သူ့ထဘီကလဲ ဒူးအထက်မှာ အဖာတစ်ခုနဲ့ အောက်နားကလဲ စုတ်နေတယ်။ လူကသာ ခြောက်နေတယ်၊ သူ့ဖျင်ကြမ်းအင်္ကျီ ဟာ သူ့ချိုင်းချိုကို လုံအောင် မဖုံးနိုင်လောက်အောက်ပဲ။ သူ့ ရင်သား ညိုမှောင်မှောင်ဟာ လုံးကျစ်နေတာပဲ။ သူ့လက်ထဲက ကလေးကြီးက မေမေ့သား သုံးဆလောက်ရှိတယ်။ မေမေဖြင့် မြင်မြင်ချင်းချစ်သွားတာပဲ။ သူ့အမေလက်ထဲက ကလန် ကလန် နဲ့ မေမေ့ကိုလှမ်းကြည့်တဲ့ သူ့မျက်လုံးဝန်းဝန်းနက်နက်ကြီးက တောက်ပလိုက်တာ။

ဆီမရှိတဲ့ သူ့အမေရဲ့ နားထင်စပ်က ဆံပင်တွေကို လှမ်း လှမ်းဆွဲလွှန်းလို့ သူ့အမေရဲ့ ဆံပင်တွေလဲ ဖွာလန်ကြဲနေတာပဲ။

''ကျွန်မကိုတွေ့ချင်တယ်ဆိုတာ ဘာလုပ်မလို့လဲ''

မေမေဟာ သူနဲ့ လှေကားထစ်မှာပဲ အတူထိုင်ပြီး မေးလိုက် တယ်။ သူဟာ မေမေ့ကို ရုတ်တရက် စကားမပြောနိုင်ဘူး။ အကြာကြီးပဲ စိုက်ကြည့်နေတယ်။ မေမေလဲ သူကြည့်တဲ့ဒဏ်ကို အတော်တင်းခံရတယ်။ သူ စကားစပြောတော့လဲ မေမေ့ကို မကြည့်ရဲတော့ဘူး။ တစ်ဖက်မျက်နှာလွှဲပြီးမှ ပြောတယ်။

''ကျွန်မကလေးကို ငွေငါးဆယ်နဲ့ ရောင်းချင်လို့. . . .''

သူ့အသံဟာ တုန်ပြီးထွက်လာတာနဲ့အမျှ မေမေ့တစ်ကိုယ် လုံးလဲ အေးစက်သွားတယ်လို့ မေမေ ထင်တယ်။ မေမေဟာ ဘာပြန်ပြောရမှန်းလဲ မသိဘူး၊ ဘာစကားလုံးမှလဲ မေမေ့ပါးစပ် က ထွက်မလာဘူး။

အမလေး မေမေ့မှာဖြင့် ကြီးကျယ်လိုက်ရတာ၊ သားအတွက် တွေးခေါ်လိုက်ရတဲ့ စိတ်ကူးစိတ်သန်းတွေ။

သားအတွက်ပဲ ကျမ်းတစ်စောင်ပြုစုရတော့မလိုလို။

သားအတွက်ပဲ ကမ္ဘာတစ်ခုပဲ သီးသန့်ဖန်ဆင်းထားရတော့ မတတ်။

လေးဆယ့်ကိုးယူဇနာရှိတဲ့ လဝန်းကြီးနဲ့တောင် မေမေမှာ ဖြင့် သားပေါက်စ ကိုနီထွေးကို မလဲနိုင်ဘူး။ ဖြစ်လိုက်ရတဲ့ အဖြစ် ခပ်သဲသဲ။

ဒီမှာ 'လဝန်းကြီး' နဲ့ သားကို မလဲနိုင်ပါလို့ အဖြစ်သဲနေတုန်း ဟိုမှာဘက်မှာတော့ သူ့ရင်သွေးကို ငွေသား 'ငါးဆယ်' နဲ့ လာရောင်းနေပါပကော။

အမလေး ဘယ်လိုအဖြစ်မျိုးပါလိမ့်။ မေမေလေ မျှော်ခေါ် မှန်းဆထားတဲ့ အတွေးအစိုင်အခဲကြီးကို လုံးခြေပစ်ချင်တယ်။ မေမေ ရေးချင်တယ်ဆိုတဲ့ စာတွေ၊ ရေးမယ့်စာရွက်တွေကို ဆုတ်ဖြဲပစ်လိုက်ချင်တယ်။ မေမေ့လက်တွေ ခြေတွေလဲ အေး စက်နေတာပဲ။ မေမေ့ရင်တွေလဲ ခုန်လို့။

မေမေ့သားကို မေမေ ချစ်သလို သူ့သားကိုလဲ သူ ချစ်ရှာ မှာပါပဲ။ ဒီမိန်းမငယ်သာ စာတတ်လို့ စာတွေရေးခြယ်တတ်ရင် သူ့သားအတွက် သူလဲ ကျမ်းပြုမတတ် ချစ်ရှာမှာပဲ။ သူလဲ ပထမဆုံး သူ့သားငယ်ကိုမြင်စက 'လမင်းကြီးနဲ့ မလဲနိုင်ပါ' ဆိုတဲ့အတွေးအခေါ် သူ့ခေါင်းထဲ ဝင်လာမှာပါပဲ။ ခုတော့လဲ ငွေငါးဆယ်နဲ့ သားငယ်ကို လဲနေပါပကော။

မေမေကလေ တကယ့်ကို အဓိပ္ပာယ်နားမလည်သလိုပဲ သူ့ကို ပြန်မေးမိတယ်။

''ရှင်. . . . ရှင်. . . . ဘာပြောတာလဲဟင်''

မိန်းမငယ်ဟာ နှုတ်ခမ်းတွေ ဆတ်ဆတ်တုန်ရာက. . . .

''ကျွန်မသားကို ငွေငါးဆက်နဲ့ ရောင်းချင်လို့'' လို့ ထပ်ပြီး ပြောရှာတယ်။ မေမေ့ဘက် လှည့်မလာတဲ့ သူ့မျက်နှာကို မေမေ လိုက်ကြည့်မိတယ်။ ညှိုမှောင်နေတဲ့ မျက်ခမ်းစပ်မှာ မျက်ရည် လုံးကြီးတွေက ရီးလေးခိုနေကြတယ်။ မေမေဟာ လက်ထဲက လက်ကိုင်ပဝါနဲ့ အသာပဲ သူ့မျက်ရည်ကို တို့ပေးလိုက်တယ်။

မိခင်အချင်းချင်းဆိုတဲ့စိတ်က ဒီနေရာမှာ မေမေ့ကို အလို အလျောက် မျက်ရည်သုတ်ပေးအောင် တိုက်တွန်းနေတာပဲ။ သူ့ မိခင်မျက်နှာကို မေမေ ထိရင်ပဲ လက်ထဲကသားကြီးက ဝူးဝါးနဲ့ အော်ရှာရော။

မေမေဖြင့် ကလေးကို လှမ်းချီရင်း မိန်းမငယ်နဲ့အတူ ရော ငိုမိတယ်။

''မာတာယထာ နိယံပုတ္တံ၊ မာယုသာကေပုတ္တမနုရက္ခေ''

တစ်ယောက်တည်းသော သားငယ်အပေါ်မှာ မွေးမိခင် ဟာ လွန်ကဲကြင်နာသော မေတ္တာဖြင့် စောင့်ရှောက်သကဲ့သို့ သတ္တဝါများအပေါ်မှာ မေတ္တာထားရမယ်လို့ မြတ်စွာဘုရား သခင်ဟာ မေတ္တာသုတ်မှာ မိခင်မေတ္တာကို စံထားပြီး ဟောကြား ခဲ့တယ်။ အဲဒီလို ဘုရားသခင် ကိုယ်တော်တိုင် စံထားရတဲ့ မိခင် ရဲ့မေတ္တာဟာ ကုန်ခန်းလို့လား၊ ဒီသူငယ်မဟာ သူ့သားကို လာ ရောင်းရတာ။

မေမေဟာ သိပါတယ်။ ဘာကြောင့်ရောင်းရသလဲဆိုတာ မေမေ သိပါတယ်။ သူ့ကို မမေးရက် မပြောရက်နိုင်ဘူး။ နှစ် ယောက်လုံးရဲ့ ရင်ထဲမှာ ဝေဒနာကိုယ်စီနဲ့ ခံစားနေလိုက်ကြတာ မချိမဆန့်ပါပဲ။

''သားကို ရောင်းရပေမယ့် ချမ်းချမ်းသာသာ ရှိစေချင်တယ်၊ ရှင်တို့မှာ ကလေးမရှိဘူးလို့ တစ်ခါတုန်းက ရှင်တို့အိမ်က မာလီ ကြီးက ရွာပြန်အလာမှာ ပြောခဲ့ဖူးတယ်. . . .''

သူက မျက်ရည်သုတ်ရင်း စကားဆက်ပြောရှာတယ်။

''ရှင်တို့အိမ်က မာလီကြီးနဲ့ ကျွန်မက တစ်ရွာတည်းပဲ၊ ကျွန်မ သရဲသမိန်က. . . .''

မေမေ သူ့စကားကိုပဲ နားထောင်နေတယ်။ မေမေမှာ သားဦးယောကျ်ားလေးရနေပြီဆိုတာလဲ သူ့ကို ပြောမပြပါဘူး။

''ရှင့်ယောကျ်ားက ဘာလုပ်လဲ''

''လယ်သမားပါ၊ ကျွန်မတို့မှာ ကလေးက များလွန်းတယ်၊ စပါးတွေ ပိုထွက်ပေမယ့် ကိုမောင်စိန့် အတိုးကလဲ ပို ပိုလာ တယ်၊ ကလေးကလဲ ပိုပိုလာတယ်''

''ကိုမောင်စိန်က ဘယ်သူလဲ၊ ငွေတိုးချေးစားသလား၊ သူ အတိုးကြီးယူရင် သူကြီးကို တိုင်ပါလား၊ ပြီးတော့ ရှင်တို့ တစ်ဧက ကို အမတော်ကြေး နှစ်ကျပ် ပိုရလာပြီဆို''

''ရတာတော့ ဟုတ်တာပေါ့၊ ဘယ်အစိုးရ တက်တက် ကို မောင်စိန့်ကို မနိုင်ပါဘူး၊ သူက စာနဲ့ ပေနဲ့ ငွေချေးစားတဲ့သူ မဟုတ်ဘူး၊ ကုန်စုံဆိုင်ရှင် စပါးမပေါ်မခြင်း ကျွန်မတို့ လိုသမျှ အိမ်အတွက်ပစ္စည်းရော၊ လယ်အတွက်ပစ္စည်းရော သူ့ဆီက အကြွေးယူတယ်၊ စပါးပေါ်တော့ စပါးနဲ့ ပြန်ဆပ်ရတယ်၊ အတိုး က ငွေတစ်ရာကို လေးဆယ်နှုန်း''

''အမလေး. . . .''

မေမေလဲ ကလေးကြီးပွေ့ပြီး လေးဆယ်နှုန်းဆိုတဲ့ အတိုး အတွက် ရင်လေးသွားတယ်။

''ခုနှစ် လယ်ကရမယ့် စပါးနဲ့ ကိုမောင်စိန်ကို ပေးရမှာနဲ့ အံကိုက် မပိုပါဘူး၊ ဝမ်းစာကျန်ရင် ကံကောင်းပဲ၊ ဒီကြားထဲသူ့အဖေ အတော်မောလို့ ခု ဆေးရုံမှာ၊ ကျွန်မလဲ မကြံသာလို့ သားကို လာရောင်းတာ၊ ရှင် ယူမလားဟင်. . . .''

မေမေလဲ ဘာဖြေရမှန်းမသိဘူး။ သူ့ကလေးကြီးကလဲ တစ်ပွေ့တစ်ပိုက်ကြီး၊ မေမေ့မျက်နှာကိုကြည့်ပြီး ရယ်ပြုံးနေ တယ်။ ဆယ်လသားလောက်တော့ ရှိပြီထင်ပါရဲ့။ ငွေငါးဆယ် ဆိုတာ ဒို့ရန်ကုန်မှာ ငွေပေါသူတွေအတွက် ထဘီတစ်ထည်ဘိုး၊ ရုပ်ရှင်နှစ်ခါကြည့်ရုံပဲ ရှိပါကလား။

မေမေက သူ့သားနဖူးကို မေမေ့ပါးနဲ့ ခဏအပ်ထားမိတယ်။

''ရှင် ငွေငါးဆယ်ရရင် ဒီကလေးကို မရောင်းတော့ဘူးပေါ့''

''ဟုတ်ကဲ့. . . . မရောင်းဘူး''

''တခြားအိမ်မှာ သွားရောင်းရင်ကော''

သူက မျက်ရည်တွေ တွေတွေကျလာပြန်သည်။

''မလွှဲသာလွန်းလို့သာ ကျွန်မ ရောင်းရတာပါ''

သူ ဒါပဲ ပြန်ဖြေတယ်။ မေမေလဲ စကားဆက်ရမှာ တစ်မျိုး ကြီးပါပဲ။ မေမေက ကြိုးစားပြီး သူ့ကို မေးမိတယ်။

''ခု ငွေငါးဆယ် ကျွန်မ ရှင့်ကိုပေးလိုက်မယ်၊ ဒီကလေးကို တခြားမှာ ရောင်း မရောင်း ကျွန်မ ဘယ်လိုလုပ်ပြီး သိရမလဲ'' လို့ မေမေက မသင်္ကာဟန်နဲ့ သူ့ကို မေးကြည့်ပြန်တယ်။

''ရှင်တို့ မာလီကြီးကို ကြည့်ခိုင်းထားပါ၊ ကျွန်မ မညာပါ ဘူး၊ သူ့ရဲ့သမိန်ကို ခဏခဏ ပြန်လာနေတာပဲ''

သူ့အပေါ်မှာ သံသယဖြစ်ရတာကိုလဲ မေမေ စိတ် မကောင်းပါဘူး။ မေမေဟာ သူ့သားလေးကို သူ့လက်ထဲ ပြန်ထည့်ပြီး အိမ်ထဲ ဝင်ခဲ့ရတယ်၊ သေတ္တာထဲက ငွေငါးဆယ်ယူပြီး သူ့လက်ထဲ ထည့်လိုက်တယ်။

''နောက်လဲ ရှင့်ယောကျ်ား နေမကောင်းတဲ့ကိစ္စကို ကျွန်မ တို့နဲ့ လာပြပြီးတိုင်ပင်ပါ၊ ကလေးရောင်းတာတွေ ဘာတွေတော့ မလုပ်ပါနဲ့''

သူဟာ ငွေငါးဆယ်ကိုင်ရင်း လက်တွေ ဆတ်ဆတ်တုန်ပြီး တရှုံ့ရှုံ့ငိုပါချေရော။ မေမေ့မှာတော့ လှူခဲ့တန်းခဲ့သမျှ ဒီအလှူ လောက် ပီတိတစ်ခါမှ မဖြစ်ခဲ့ဖူးဘူး။

ဒီမိန်းမငယ် ပြန်သွားပြီး သားရဲ့အပါးကို မေမေ ပြန်လာခဲ့မိ တယ်။ သားမျက်နှာကို မေမေ စေ့စေ့ကြည့်မိတယ်။

မေမေတို့မှာလဲ လယ်သူမနဲ့ မထူးလှပါဘူး။ နို့အတု နို့မှုန့် တွေနဲ့ သားတို့ကိုထားရစ်ပြီး အချိန်တန်တော့ အလုပ်ခွင်သွားရ တာပါဘဲ။ အဲဒီလယ်သူမလို အရေးကြုံလာရင် သားကိုများ မေမေ ရောင်းမိမှာလား၊ အဲဒီမေးခွန်း ကိုယ့်ကိုယ်မေးပြီး အဖြေ ကထွက်မလာဘူး။ မေမေသာ ခုတင်ဘေးမှာ ချုန်းမဲ့ချငိုမိ တယ်။

သားကြီးဖေဖေက အခန်းထဲဝင်လာပြီး ''အရူးမကြီး၊ အတွေး မကြီး၊ ဘာတွေ မတန်တဆတွေးပြီး ငိုရပြန်သလဲ'' လို့ မေး တယ်။ မေမေ သူ့ကို ဘာမှပြန်မဖြေပါဘူး။

ခုန ကလေးရောင်းတဲ့ မိန်းမအကြောင်း သူသာသိရင် သူလဲ မေမေ့လို ငိုမိမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေဟာလဲ သားကို မေမေ့လိုပဲ ချစ်လေတော့ မိဘရဲ့ချစ်ခြင်းကို ကိုယ်ချင်း စာတတ်မှာပဲ။

သြော်. . . . ဒီမှာဘက်မှာ သားတစ်မျက်နှာကို လေးဆယ့်ကိုး ယူဇနာရှိတဲ့ လမင်းကြီးနဲ့ မလဲနိုင်ပေမယ့်လို့. . . .

ဟိုမှာဘက်မှာတော့ သူ့သားငယ်ကို ငွေငါးဆယ်နဲ့ ရောင်း နေပါပကော။ ။

လမင်းစန္ဒာ

၁၉၆၉ ဇန်နဝါရီလတစ်ရက်နေ့ဆိုရင် သားကြီးမွေးတာ တစ်နှစ်ပြည့်မြောက်ပြီ။ သားကြီးဟာ နှစ်ဆန်းတစ်ရက်နေ့မွေး တဲ့ သူငယ်လေးပေါ့။

သားကြီးရဲ့မွေးနေ့မှာတော့ ဘဘဦးပုံစံဟာ ဗုဒ္ဓဘာသာ ထုံးစံအတိုင်း သံဃာငါးပါးပင့်ဖိတ်ပြီး အိမ်မှာ ဆွမ်းလုပ်ကျွေး တယ်။ သားကြီးမေမေကတော့ ဇန်နဝါရီ ၄ ရက်နေ့ မြန်မာ့ လွတ်လပ်ရေးနေ့ကျမှ သူ့သူငယ်ချင်းများ ကျောင်းက အားလပ် ရက်ရတယ်ဆိုပြီး အဲဒီနေ့ကျမှ ဆွေမျိုးသားချင်းနဲ့ သူ့မိတ်ဆွေ တွေဖိတ်ပြီး မုန့်ဟင်းခါးကျွေးတယ်။

ဖေဒင်ဆရာ တွက်ချက်ပေးတဲ့အတိုင်း သားကြီးနာမည်ကို ''ကျော်ကျော်ဝင်း'' လို့ အမည်ပေးကင်ပွန်းတပ်တယ်။

ဘွားဘွားကတော့ ''သားကြီး'' ဆိုတာကလွဲလို့ ဘယ် အမည်ကိုမှ မခေါ်ရက်ပါဘူး။ မင်းဘဘ ဦးပုံစံက ဘာပြောလဲ ဆိုရင် ''ခင်နှင်းယုဆိုတဲ့ စာရေးဆရာမတစ်ယောက် ဝင်္ဂလည် တော့မယ်တဲ့။ သူများတွေ သားတစ်ယောက်ထဲအပေါ်မှာ ချစ် တဲ့အချစ်ကို 'သဲနိုင်ကြပါပေတယ်' ဆိုတဲ့ ဝတ္ထုရေးပြီး သရော် ခဲ့တယ်တဲ့။ အေး. . . . မင်းတို့ မြေးအဘွားအလှည့်ကျမှ ငါ စာရေး ဆရာလုပ်ပြီး 'သဲနိုင်ကြပါပေတယ်ရဲ့ သဲနိုင်ကြပါပေတယ်' ဆိုတဲ့ဝတ္ထုရေးပြီး သရော်ဦးမယ်ဟေ့'' တဲ့။

ဒါကတော့ ဓမ္မတာပေါ့ သားရယ်။ အလှည့်ကျမှ မနွဲ့ရဘူး ပေါ့။ သူများကို ကိုယ်က သရော်ခဲ့ရင် ကိုယ်လဲ သရော်ခံရတာ ပေါ့။ ခံရဲတဲ့သတ္တိ ရှိရမယ်။ 'ဇနိတံ–ပါကံဇနေတိ' တဲ့။ ဒို့များ ဗုဒ္ဓရှင်တော်ဘုရားကိုယ်တိုင်က 'တူသောအကျိုးပေးတတ်တယ်' လို့ ဟောခဲ့ပေသားပဲ။

ဘွားဘွားကတော့ မင်းဘဘစကားကြားရတော့ စိတ်ထဲက ကြိတ်ပြုံးမိတယ်။ ဘာဖြစ်လို့လဲ သိလား။ ဘွားဘွားရှေ့ စာမျက် နှာတွေမှာ ရေးခဲ့သလိုပဲ။ မင့်ဘဘ ဦးပုံစံကြီးကလေ ရှေးဘုရင် တွေလိုပဲ။ သားမွေးပြီး မပေးနိုင်လို့ ထင်ပါရဲ့။ ဘွားဘွားကို အရေးမပေးဘူး။ တစ်ခါတလေ သူ့စိတ်ထဲ ခံစားရချက်တွေဟာ ပွင့်ပွင့်ပြီးထွက်လာတယ်။

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်းမှာ မင်းရဲ့ ဘဘဦးပုံစံဟာ အုပ်ချုပ်မှု တပ်ခွဲမှူးအဖြစ် ဆောင်ရွက်ခဲ့တဲ့ အချိန်ကပေါ့။

တစ်နေ့မှာ ရုပ်ရှင်ကြည့်ရင်း ဘာပြောသလဲဆိုတော့ ''ရှေ့ အတန်းက ကတုံးဆံတောက်နဲ့

အရပ်ဝတ်အရပ်စား ဝတ်ထား တဲ့ သူငယ်လေးကို ကြည့်စမ်း၊ အဲဒါ ကိုယ်တို့ကျောင်းက ဗိုလ်လောင်းသင်တန်းသားကလေးတွေ။ ဘယ်လောက်တက်ကြွပြီး ဖျတ်လတ်သလဲ၊ (အဲဒီတစ်သုတ်ကလဲ လူငယ်တွေ ကျောင်း ထွက်စတွေ များတယ်) ကိုယ့်မှာလဲ အဲဒီလိုအရွယ် သားမျိုး တစ်ယောက်လောက် လိုချင်တယ်'' တဲ့။

သြော်. . . . သူကတော့ အမှတ်တမဲ့ပြောတာ ဖြစ်ချင်ဖြစ်မယ်။ ဘွားဘွားရင်ထဲမတော့ ဆို့သွားပြီး မျက်ရည်လည်မိတယ်။ ''ငါဟာ သားတစ်ယောက် အဖြစ်ရှိအောင် မွေးပြီးမပေးနိုင်တဲ့ မိန်းမပါလား။ ဒါကြောင့်ထင်ပါရဲ့ အစစ ငါဟာ ဘယ်လိုပဲ သူခိုင်းသမျှ ကြိုးစားဆောင်ရွက်ပေးပေမဲ့ ငါ့အပေါ် သူ မကျေနပ်ပေဘူး'' လို့ ကိုယ့်အတွေးနဲ့ကိုယ် တွေးပြီး ဝမ်းနည်းမိသေး တယ်။

အို. . . . သားကြီးမွေးတဲ့နေ့ကဖြင့် သူ ရုံးဆင်းပြန်လာပုံ တက် ကြွရွှင်လန်းနေတဲ့ မျက်နှာဟန်ပန်ပုံစံကို ရုပ်ရှင်ရိုက်ကူးလို့ ထား ရရင်ထားပြီး သားကြီးသိတတ်တဲ့ အရွယ်ရောက်လာရင်ပြချင်တယ်။

သြော်. . . . သူတို့ ယောကျ်ားများဟာ ''သားဦးရတနာ'' ဆိုရင် သိပ်အားတက်ကျေနပ်ကြတာပဲ။ နောက်ဆုံးတစ်နေ့မှာသာ သူတို့ရဲ့ ''သားဦး'' ဆိုတာတွေက ချစ်သူနဲ့တွေ့ရင် 'မ' ဘက် လိုက်သွားလို့ သမီးတွေရင်ခွင်မှာ ဖခင်တွေဟာ ခေါင်းချသွားရ ပေမယ့် သူတို့ဟာ ''သားဦး'' ကိုပဲ လိုချင်ကြတယ်။

သားကြီး ကြီးပြင်းလာရင်တော့ 'မ' ဘက်လိုက်ပြီး မိဘကို ပစ်ပယ်တဲ့သားကြီး မဖြစ်ပါစေနဲ့ကွယ်။

သားကြီး မွေးဖွားလာပြီဆိုတဲ့သတင်းကို မင်းဖေဖေ ဗိုလ်ကြီးထွန်းအောင်ကျော်ဟာ ကောင်းကင်မှာ လေယာဉ်ပျံနဲ့ ပျံဝဲနေတုန်း သတင်းကောင်း ကြားရတယ်။ မင်းဘဘ ဦးပုံစံ ကြီးကတော့ အိပ်ရာပေါ်လဲနေတဲ့ ဘွားဘွားကို သတင်းကောင်း လာပေးတယ်ကွယ့်။

''ခွေးမိ ဒီနေ့မနက် ကိုးနာရီက သားဦးမွေးတယ်တဲ့''

ဘွားဘွား မဖြည့်စွမ်းနိုင်တဲ့ မင်းဘဘရဲ့ ဆန္ဒတစ်ခုကို သမီးဖြစ်တဲ့ 'မိ' က ဖြည့်တဲ့အတွက် ဘွားဘွားဖြင့် မင်းမေမေ 'မိ' နဲ့ သားကြီးကို အထူးကျေးဇူးတင်ပါတယ်။

ဒါကြောင့် ဘွားဘွားတို့ မိသားစုရဲ့ စိတ်ဆန္ဒကို အေးမြ ပြည့်ဝစေသော သားကြီးဖြစ်တဲ့အတွက် ''မောင်စန္ဒာ'' လို့ ဘွားဘွားက အမည်ပေးချင်တယ်။ ဒါပေမင့်လဲ ခုတစ်ခေတ်မှာ ''စန္ဒာ'' ဟာ မိန်းကလေးတွေရဲ့နာမည်မှာ မှည့်ခေါ်တာများလို့ ''မောင်ဆန္ဒ'' လို့ မှည့်ရရင်များ ကောင်းလေမလားလို့ ဘွားဘွား တွေးသေးတယ်။ ဆန္ဒ ဆိုပြန်တော့လဲ သားကြီးက တနင်္လာသား ဆိုတော့ နေ့သင့်နံသင့် မဟုတ်ပြန်ဘူးကွယ့်။

ပညတ်သွားရာ ဓါတ်သက်ပါတတ်တယ်လို့ မြန်မာ့ဆိုရိုး တစ်ခုရှိတယ်။ ဘယ်လိုပဲရှိရှိပေါ့လေ။ ဘွားဘွား အယူအဆက တော့ တနင်္လာဆိုသည်မှာ ဗေဒင်ဂဏာန်းမှာ (၂) လို့ ပြတယ်။ ''စန်း'' လို့လဲ ခေါ်တယ်။ လမင်းကို ကိုယ်စားပြုတယ်၊ လမင်း ဟာ ကမ္ဘာဦးသူတို့ရဲ့ ဆန္ဒကို ပြည့်ဝစေပြီး အေးမြချမ်းငြိမ်းစေ တယ်။ မှောင်မိုက်တဲ့ ညဥ့်အမှောင်ကိုလဲ အလင်းရောင်ပေး တယ်။ ကမ္ဘာရဲ့ ဒီဘက်တစ်ခြမ်းမှာ မှောင်နေတဲ့အခါမှာတောင် ဟိုမှာဘက်တစ်ခြမ်းကို လင်းစေလို့ မျှတတဲ့သဘောရှိတယ်လို့ ယူဆတယ်။

ခုခေတ်လူသားတွေ လကမ္ဘာပေါ်ရောက်သွားလို့ လဝန်းကို ခြေချမိတဲ့အခါ လမျက်နှာပြင်ဟာ ချိုင့်ဝှမ်းတွေ၊ ဖုန်မှုန့်တွေ၊ ကျောက်တုံး ကျောက်ခဲ၊ ကျောက်မှုန့်တွေနဲ့ ပြည့်နေတယ်ဆိုတာ ကို သိရတယ်။ တစ်ဖက်က ရုပ်ဝတ္ထုအနေနဲ့ မြင်ရ သိရတာလဲ မှန်တယ်။

တစ်ဖက်ကနေ ရင်တွင်းခံစားရမှုမှာဆိုရင် ဘွားဘွားတို့ မြေပြင်က တိမ်သားကင်းစင်တဲ့ ညများမှာ ကောင်းကင်ကို လမင်းကြီးသာချိန်မှာ ကြည့်လိုက်စမ်းပါ။ တရုတ်နီမြေပေါ်ကပဲ ကြည့်ကြည့်၊

ရုရှားမြေပေါ်ကပဲ ကြည့်ကြည့်၊ အမေရိကန်မြေ ပေါ်ကပဲ ကြည့်ကြည့်၊ သားကြီးတို့ အမိမြန်မာပြည်မြေပေါ်ကပဲ ကြည့်ကြည့် လဝန်းကို မြင်ရရင် လမင်းရဲ့ အေးမြကြည်လင်ပုံ၊ လှပပုံဟာ မြင်ရသူစိတ်နှလုံး ဘယ်လောက်များ အေးမြချမ်းငြိမ်း စေသလဲ သားကြီး၊ ရှေးဆန်ဆန် စာဖွဲ့ရင်. . . .

''လူတန်းစားမရွေး၊ လူမျိုးမရွေး၊ နှလုံးကို ပွားစေတတ်သော လမင်းစန္ဒာ'' လို့ ဆိုရမယ်။

ဘွားဘွားဖြင့်လေ ဘွားဘွားတို့အိမ်လေးဟာ ကုန်းမြင့် ကလေးပေါ်မှာ ရှိတယ်။ ဘွားဘွားတို့ သားချင်းများနေထိုင်ရာ ရှမ်းကုန်းမြေမြင့်က ထင်းရှူးပင်တွေယူပြီး စိုက်ထားတယ်။ လ သာတဲ့ညများဆို ထင်းရှူးပင်ရွက် 'မွှားမွှား' လေးတွေ၊ ကောင်း ကင်ပြာနောက်ခံမှာ ယိမ်းနွဲ့လှုပ်ရှားနေပုံကို လမင်းကြီးသာခိုက် မြင်ရချိန်မှာ စိတ်ကိုသိပ်ပြီး သာယာချမ်းမြေ့စေတာပဲ။

ဒါကြောင့် ဘွားဘွားရဲ့သားကြီးဟာလဲ ပညတ်သဘော အားဖြင့် အမည် ဘယ်လိုပဲခေါ်ခေါ် တနင်္လာသားပီပီ လမင်း စန္ဒာလို သတ္တဝါတွေရဲ့ စိတ်နှလုံး သာယာချမ်းမြေ့ခြင်းကို ပေး စွမ်းနိုင်တဲ့ ''လာခြင်းကောင်းသော လူကလေး'' ဖြစ်ပါစေကွယ်။

မေတ္တာကုန်းမြေ

သားကြီးနဲ့တကွ တခြားသော လူကလေးများအတွက် ရည်စူးပြီး ဒီစာအုပ်ကို ရေးသာရေးရတယ်၊ ဘွားဘွားဟာ ချော ချောမောမော လွယ်လွယ်ကူကူ အဆင်ပြေပြေနဲ့ ရေးရတယ် မထင်နဲ့။

ဒီစာအုပ်ကိုရေးနေဆဲ သားကြီးရဲ့အမေ 'မိ' ကလဲ မိုးတွေ မိပြီး ဖျားတယ်။ ဆရာဝန် သွားပြလိုက်တော့ 'မိ' ရဲ့ အဖျား ကတော့ သာမန် အအေးမိတဲ့အဖျားလောက်ပဲ ဖြစ်တယ်တဲ့။ နာနီကတော့ (ဒစ်သီးရီးယား ခေါ်တဲ့ ဆုံဆို့နာဖြစ်ဖို့ လည် ချောင်းထဲမှာ ရောဂါလက္ခဏာကို တွေ့ရတယ်ဆိုတော့ ဘွား ဘွားဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတာပဲ။ ဆရာဝန်က အမြန်ဆုံး ကူးစက်တတ်တဲ့ဆေးရုံ အောင်ဆန်းကစားကွင်းနား က ဆေးရုံကို တင်ပါတဲ့။ အဲဒီရောဂါဟာ မသိခဲ့လို့ ဆေးမဦးရင် လည်ပင်းအကျိတ်ရောင် အပြင်းဖျားပြီး အသက်မရှူနိုင်ဘဲ သေ တတ်တယ်ကွယ့်။ သားရဲ့ဖေဖေက သိသိခြင်း မနက် ၇–နာရီ ဆေးရုံကိုပြေး နာနီကို ဆေးရုံတင်ရတယ်။

ဆရာဝန်များကလဲ အရေးတယူ ဂရုစိုက်ကြပြီး ထိုးသင့်တဲ့ ဆေးတွေ ကြိုတင်ထိုးကြတာပေါ့။ ဒီနေရာမှာဖြင့် လူနာတစ် ယောက်ရဲ့ အသက်ရှင်ရေးကို သူတို့ ကြိုးပမ်းပုံမြင်ရတော့ သူတို့ ရဲ့ မေတ္တာစေတနာကို ဘွားဘွား တိုင်းတာမပြနိုင်အောင် ကျေးဇူးတင်မိတယ်။

အိမ်ပြန်ရောက်တော့ မင့်ဘဘကြီး ဦးပုံစံက ထုံးစံအတိုင်း ပေါ့လေ။

''ကဲ. . . .မိချို၊ နံပါတ် (၁) တို့များ နာနီရဲ့အသက်ကို ကယ် လိုက်ရပြီ၊ ဘယ်နည်းနဲ့မှ မသေနိုင်တော့ဘူးတဲ့. . . .''

''နံပါတ် (၂) တယ်ရီ (သားကြီးကိုထိန်းတဲ့ နာနီရဲ့အမည်) ရဲ့အိမ်ကိုသွားပြီးတော့ တယ်ရီရဲ့ ရောဂါအခြေအနေ၊ တို့များ ဘယ်လိုကုသပေးတယ်ဆိုတာ သွားပြီး အကြောင်းကြားသင့် တယ်။ သူ့အိမ်က ဒါမှစိတ်အေးမယ်တဲ့. . . .''

''နံပါတ် (၃) သားကြီးကို ဘယ်သူကြည့်မလဲ၊ အဲဒီအတွက် လဲ နောက်နာနီ ရှာခဲ့ပါတဲ့. . . .''

ဟုတ်တယ်ကွယ့်၊ 'မိ' ကလဲ ဖျားနေ၊ သားကြီးဖေဖေက အဲဒီအချိန်မှာ မိတ္ထီလာက မော်ဘီပြောင်းလာရပေမင့် ရန်ကုန် ကိုလာဖို့ ခွင့်သုံးရက်ပဲ ရတယ်။ ဘွားဘွားကတော့ မင်းကို

ခြောက်လကကျော်ကထဲက မပွေ့နိုင် မချီနိုင်တော့ဘူး။ ဘွား ဘွားညာလက်က ဖောင်တိန်ကိုတောင် မနည်းကိုင်နေရတာကိုး။

မင်းဘာဘ ဦးပုံစံက သူ့ပုံစံအတိုင်း နံပါတ် သုံးလေးထိုးပြီး အမိန့်ပေးလိုက်တာ လွယ်လွယ်ပဲ၊ သူ့အမိန့်အတိုင်း ဆောင်ရွက် ရမယ့် ဘွားဘွားကတော့ ဖြစ်ညှစ်ပြီး အားသစ်အင်သစ်မွေးပြီး မင့်နာနီကလေး 'တယ်ရီ' နေတဲ့ ငါးမျှားတံကုန်းကို ပြေးရတယ်။

ဟိုရောက်တော့ သားကြီးကို နှစ်လသားအထိ ထိန်းပေး ခဲ့တဲ့ 'နော်မေ' ဆိုတဲ့ နာနီလေးကို သွားပြီးအကူအညီတောင်း ရတယ်။ သူက 'တယ်ရီ' တို့အိမ်ကို ဘွားဘွား လိုက်ပို့တယ်။ 'နော်မေ' ဟာ ဘွားဘွားရဲ့ ကျန်းမာရေးအခြေအနေကိုသိတော့ သူဟာ ဘွားဘွာကို တွဲခေါ်ရှာတယ်။ တယ်ရီတို့အိမ်က သန့်ရှင်းတဲ့ ခရစ်ယာန်ဘုရားရှိခိုးကျောင်းလေးဘေးမှာ ရှိတယ်။ ဘုရားရှိခိုးကျောင်းလေးက ကုန်းမြင့်ပေါ်မှာရှိတော့ ဘွားဘွား ဟာ မနည်းဘဲ နော်မေကို အားပြုပြီးတက်ရတယ် သား။ တယ်ရီ တို့အိမ်ရောက်မှ တယ်ရီအခြေအနေကို အားလုံးရှင်းပြရတယ်။ သူတို့လဲ စိတ်ချမ်းသာသွားတယ်။

တစ်ခါ နော်မေအိမ်ပြန်သွားပြီး သားကြီးကို တယ်ရီကိုယ် စားကြည့်ဖို့ နာနီလိုကြောင်း အကူအညီတောင်းရတယ်။ နော်မေ က သူ တစ်ရက်လိုက်ပြီး ကူညီပါ့မယ်တဲ့၊ ရက်ရှည်ကူညီချင် ပေမယ့် သူ့အမေက နေ့စေ့လစေ့မို့လို့တဲ့။ ကလေးမွေးချိန်မှာ တောင် ဆရာမကိုခေါ်ပေးဖို့ လူပိုမရှိလို့ပါတဲ့။

သူကတစ်ဆင့် သူတို့အမျိုးထဲက 'ပုလဲဝါ' ဆိုတဲ့ အမျိုးသမီး ကို စီစဉ်ပေးတယ်။ ဒီမိန်းကလေးကလဲ တစ်ပတ်မှာ တနင်္ဂနွေ တစ်နေ့ နိုင်ငံခြားသား အိမ်တစ်အိမ်မှာ  အလုပ်ဆင်းရတဲ့ အတွက် သူ ငါးရက် အကူအညီပေးပါ့မယ်တဲ့။

တစ်ခါ 'အက်စတာ' ဆိုတဲ့ အမျိုးသမီးကြီးကလဲ 'တယ်ရီ' ဟာ မျှော်မှန်းထားတာထက် ပိုကြာပြီး ဆေးရုံမှာ နေရမယ်ဆိုရင် သူ ကြံဖန်ပြီး နောက်ကလေးထိန်းဖို့အတွက် ကြိုးစားပေးပါဦး မယ်တဲ့။

အဲဒီညက ဘွားဘွား အိပ်ရာပေါ်လှဲရင်း ငါးမျှားတံကုန်း မှာရှိတဲ့ ကရင်အမျိုးသမီးများရဲ့ မေတ္တာစိတ်ကို လေးစားကြည် ညိုပြီး မေတ္တာပို့မိတယ်။ ဖြစ်များဖြစ်နိုင်လို့ သူတို့ ကရင် အမျိုး သား အမျိုးသမီးတွေက သဘောတူညီခဲ့ရင် အဲဒီ ''ငါးမျှားတံ ကုန်း'' ဆိုတဲ့အမည်ကို  ''မေတ္တာကုန်းမြေ'' လို့ အမည်ပြောင်း ချင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီလို ရုတ်တရက် နာနီတစ်ယောက် ရဖို့ဆိုတာ မလွယ်ကူဘူး။

တစ်ခါတုန်းက အိမ်တစ်အိမ်မှာ ဒုက္ခရုတ်တရက်ဖြစ်တာနဲ့ ဘွားဘွား နေရာတစ်ခုကို သွားအကူအညီတောင်းမိတယ်။

အကျိုးအကြောင်းကို စကားစရုံရှိသေးတယ်။ ''ဒီကလေး ဘယ်အရွယ်ရှိပလဲ လူပ်တတ်ရင် မထိန်းနိုင်ဘူး။ အဘိုးအဘွား ရှိသလား။ လခက တစ်ရာ့နှစ်ဆယ်ပေးရမယ်။ ဘယ်နိုင်ငံခြား သံရုံးက လခဘယ်လောက်ပေးတယ်'' ဆိုပြီး မျက်နှာရှစ်ခေါက် ချိုးနဲ့ ပြောလိုက်ကြတာ ဘွားဘွားဖြင့် အံ့အားသင့်သွားတာပဲ။ အဲဒီမှာ အုပ်ထိန်းသူလုပ်တဲ့ အဘွားကြီးက ''မင်းတို့ဟာ အလုပ် မလုပ်ခင် ပိုက်ဆံစကားမပြောပါနဲ့'' ဆိုတော့မှ ငြိမ်သွားကြတယ်။

ရင်ထဲကတော့ ဖြေမိတယ်။ ''ရှင်တို့ ကလေးဘဝတုန်းက မလှုပ်မရှားဘဲ ကြီးပြင်းလာကြသလား။ ရှင်တို့မှာကော ဘိုးဘွား မရှိဘူးလား။ အလုပ်အကိုင် လုပ်မကြည့်သေးဘူး ပိုက်ဆံစကား စပြောတာကတော့ နာနီ (သို့မဟုတ်) ကလေးထိန်းတစ်ယောက် မှာရှိသင့်တဲ့ မိခင်မေတ္တာစိတ် ခေါင်းပါးလွန်းရာကြပါတယ်'' လို့ စိတ်ထဲက ပြောခဲ့မိတယ် သားကြီး။ နောက်တော့မှ တဖြည်း ဖြည်းတွေးပြီး ဆိုးတဲ့အိမ်တွေလဲ ရှိတတ်ကြတာကိုးလို့ စိတ်ဖြေ ပြီး သူတို့ကို ဘွားဘွား ခွင့်လွှတ်ပါတယ်။

ငါးမျှားတံကုန်းက ကရင်အမျိုးသမီးများကိုတော့ ''ငါ့မိခင် ကိုယ်စား ငါတို့မှာ အခက်အခဲရှိတုန်း ငါ့ကို ပြုစုစောင့်ရှောက် ခဲ့ကြပါကလား'' လို့ သားကြီး ကြီးပြင်းလာလို့ ဒီစာဖတ်တတ် လာရင် သူတို့ကို ကျေးဇူးပြန်ပြုပါကွယ်။

ဘယ်ဘာသာမှာဖြစ်ဖြစ် ဘယ်လူမျိုးမှာဖြစ်ဖြစ် မေတ္တာ တရားသည်သာ အေးမြငြိမ်းချမ်းခြင်းကို ပေးစွမ်းနိုင်ပါကလား။

တယ်ရီ နေကောင်းလာတော့ ဝိုင်းဝန်းကူညီကြတဲ့ ကရင် အမျိုးသမီးလေးတွေကို ဘွားဘွားက ကျသင့်အခကြေးငွေကို ရှင်းလင်းပေးရင်း ''မေတ္တာကို ငွေနဲ့ တန်ဖိုးဖြတ်တယ်လို့ အထင် မလွဲပါနဲ့လို့ ပြောပြတော့'' သူတို့က ပြန်ပြောတယ်ကွယ့်။ ''သူတို့ ဟာ ငွေကိုလိုချင်လို့ ကူတာမဟုတ်ပါဘူးတဲ့၊ သားကြီးကိုချစ်လို့ ပါ'' ဆိုပြီး ငွေလက်မခံကြဘူး။ ငွေစကား ကြေးစကားလဲ မပြော ကြဘူး။

ဘွားဘွားဖြင့် ရင်ထဲ ဘယ်လိုဖြစ်သွားလဲမသိဘူး။ လူ အမျိုးမျိုး နတ်အထွေထွေ ဆိုတဲ့စကားဟာ ဒီလိုအဖြစ်တွေကို ရည်ညွှန်းပြောတာထင်ပါရဲ့ သားကြီးရယ်။ ဒါကြောင့် သူတို့ မေတ္တာကို လေးစားတဲ့အနေနဲ့ တခြားပစ္စည်းတွေနဲ့ပဲ သူတို့ မေတ္တာကို ဂုဏ်ပြုရတယ်။ ငါးမျှားတံကုန်းက ဘွားဘွား ဆက်ဆံ ခဲ့ရတဲ့ အက်စတာတို့၊ နော်မေတို့၊ ပုလဲဝါတို့ဟာလဲ နိုင်ငံခြား သားအိမ်တွေမှာ အလုပ်လုပ်လာခဲ့သူတွေပါ။ သူတို့ စိတ်ဓါတ် ကြတော့လဲ တို့အမျိုးသားချင်းဆိုတဲ့စိတ်ဓါတ် ရှိပုံရတယ်။ နောက်နေ့လဲကြရော တယ်ရီကို ပြုစုရတဲ့အတွက် ပင်ပန်းလို့ ဆိုပြီး ထမင်းချက်က အိပ်ရာထဲလဲပြန်ရော။ ဘွားဘွားက သူ့ကို ဆရာဝန်ဆီသွားပြပြီး ဆေးထိုးပေးရသေးတယ်။ ဆရာဝန်က အပိုင်းအခြားမရှိ အိမ်ပြန်နားခွင့်ပေးပါဆိုလို့ ခွင့်ပေးရပြန်ကော။ ကဲ. . . . သားကြီး ဒါကြောင့် ဒီစာတန်းကိုဖြင့် ဘွားဘွားဟာ ထမင်း ချက်ရင်း၊ ကလေးထိန်းရင်း၊ ဈေးပြေးရင်း ရေးခဲ့ရတာပဲ။ မင်း ဘဘ ဦးပုံစံကြီးကတော့ တပ်မတော်ကြီးရဲ့ ကြွေးကြော်သံ အတိုင်းပဲ။

''တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက်တဲ့။ ခုလဲ မိချိုတဲ့ ကလေးကူထိန်းရင်း ထမင်းချက်၊ ထမင်းချက်ရင်း တစ်ဖက်ကလဲ ကလောင်တံကို ကိုင်ရမတဲ့လေ. . . .''

သြော်. . . . ဘွားဘွားရဲ့ အတိတ်ကပြုခဲ့တဲ့ ကုသိုလ်ပါပဲ။ ဘယ်သောအခါမှ စာတစ်အုပ်ကိုဖြင့် တခြားစာရေးဆရာများ နည်းတူ တစ်နေရာရာသွားပြီး အနားယူရေးနိုင်မလဲမသိဘူး နော်။ ခုတော့ဖြင့် အိပ်ရာက မနက်လေးနာရီထ၊ မေတ္တာပို့ပြီး ဝိပဿနာ တရားမှတ်တဲ့အချိန်ကလွဲလို့ ဘွားဘွား အနားမရခဲ့ဘူး။

အမွေ

၁၅-၅-၆၉။ အဲဒီနေ့ဟာဖြင့် ဘွားဘွားရဲ့ ဘဘကြီး ဦးထွန်း ဖေရဲ့ (၉၄) နှစ်ပြည့်တဲ့ မွေးနေ့။ ဒီဘဘကြီးနဲ့ သားကြီးကို မိတ်ဖွဲ့ပေးရမယ်။ ဘဘဦးထွန်းဖေကို တက္ကသိုလ်နယ်မြေမှာ စစ်မဖြစ်ခင်ကတော့ ဂျပ်ဆင်ဦးထွန်းဖေလို့ ခေါ်တယ်။ (ဂျပ်ဆင် ကောလိပ်မှာ မြန်မာစာကထိက ဖြစ်လို့ပဲ) ဒီဘဘကြီးရဲ့ဇနီး ကတော့ ဒေါ်ဖွန်းတဲ့။ သူတို့နှစ်ယောက်ဟာ ဘဝက သီလ ကောင်းလေတော့ ဘွားဘွား ဒေါ်ဖွန်းက အသက် (၈😎 နှစ် အထိ နေရတယ်။ ခုတော့ ကွယ်လွန်သွားရှာပြီ။ ဘဘကြီး ဦး ထွန်းဖေကတော့ ခု စာရေးနေချိန်ထိ အသက်ရှင်နေတုန်းပဲ။ သူဟာ ခရစ်ယာန်ဘာသာဝင် ဖြစ်သော်လဲ မျိုးချစ်စိတ်ရှိပြီး ဘွားဘွားရဲ့ဘွားအေ ဒေါ်ကြီးနဲ့ မောင်နှမသားချင်းလို အထူး ခင်မင်ရင်းနှီးခဲ့တယ်။ သွေးသားတော့ မတော်စပ်ပါဘူး။ အင်္ဂလိပ် အစိုးရလက်ထက်မှာ တက္ကသိုလ်က အောက်လွှတ်တော်အမတ် တစ်နေရာ ရွေးချယ်ပေးပိုင်ခွင့်ရှိတယ်။ သူဟာ တက္ကသိုလ်က ရွေးချယ်စေလွှတ်တဲ့ အောက်လွှတ်တော်အမတ်ပေါ့။

ဘွားဘွား ကလောသွားနေစဥ်က ''မင်းဘွားဘွားရဲ့ကျေးဇူး တွေ ဘဘမှာရှိခဲ့တယ်ဆိုပြီး'' သားကြီးရဲ့ ဘွားဘွားကို သူ အထူး ဂရုစိုက်ခဲ့တယ်ကွယ့်။

၁၅–၅–၆၉ နေ့ကတော့ မနက်ဘက်ကပဲ တယ်လီဖုန်း ဆက်တယ်။

''ဒီနေ့ဟာ သူ့မွေးနေ့။ ည ခြောက်နာရီမှာ ခရစ်ယာန် ဘာသာ ထုံးစံအတိုင်း ဆုတောင်းပွဲလုပ်မယ်။ မခင်ယုကတော့ လေးနာရီတိတိ လာခဲ့ပါ'' လို့ တယ်လီဖုန်းရတာနဲ့ ဘွားဘွားက ဗုဒ္ဓဘာသာထုံးစံအတိုင်း သစ်သီးတွေယူသွားပြီး ဘဘကြီး ဦး ထွန်းဖေကို ကန်တော့တယ်။ သူ့မျက်စိတစ်ဖက်က မှုန်ပြီး တစ်ဖက်ကတော့ ခွဲစိတ်ထားပေမယ့် မမြင်ရတော့ဘူး။ သူ့သမီး ဒေါ်လှသိန်းဟာ မနက်ည သူနာပြုဆရာမလေးတွေ အလှည့်ကျ ထားပြီး သူ့ဖခင်ကို ပြုစုတယ်။

သူဟာ ဘွားဘွားကို အိပ်ရာနားခေါ်ပြီး စကားပြောတယ်။ နာလဲ လေးနေလို့ သူ့ပါးနားကပ်ပြီး ဘွားဘွားက စကားပြော ရတယ်။

သားကြီးရဲ့ဘိုးဘိုးကြီး ဦးဘဟာ နားလေးသူမို့ ဘွားဘွား အတွက် နားလေးတဲ့သူတွေနဲ့ စကားပြောရတာ ပင်ပန်းခြင်း မဖြစ်တော့ဘူး။

သူက ဘွားဘွားကို ပြောတယ်။

''မခင်ယုကို ဘဘ အမြဲသတိရနေတယ်။ ဒါကြောင့် ဒီနေ့ မနက်ကထဲက တယ်လီဖုန်းဆက်ခိုင်းရတယ်။ မင်းသတင်းကို ဘဘ အမြဲနားထောင်နေတယ်၊ မေးနေတယ်။ မင်းဟာ ခုထက် စာဆက်ရေးနေတုန်းပဲဆို။ အခု မင်းရေးတဲ့ဝတ္ထု (ယဥ်မင်းပိုက်) ကို ရုပ်ရှင်ရိုက်ပြီး ရန်ကုန်မှာ အခုပြနေဆဲဆို. . . .''

ဘွားဘွားက ''ဟုတ်ကဲ့'' လို့ ပြောလိုက်တယ်။ သူက စကား ဆက်ပြောပြန်တယ်။

''အေး. . . . စာရေးခြင်းအလုပ်ဟာ သိပ်မွန်မြတ်တာပဲ။ သူ တစ်ပါးကို ရေးပြချင်တော့ ကိုယ်ကိုယ်တိုင်ဟာလဲ ရှာရ ဖွေရ မှတ်ရ သားရ၊ လေ့လာရတော့ ကိုယ့်ဖို့လဲ အကျိုးရှိ၊ သူတစ်ပါး ကိုလဲ ပညာတစ်ဆင့် ဖြန့်ဖြူးရတာ အင်မတန် ကြီးမားတဲ့ ကုသိုလ်ပဲ။ စာကိုဆက်ပြီး ရေးပါနော်၊ မင်းရဲ့ ကျန်းမာခြင်း အခြေအနေကော ကောင်းရဲ့လား'' တဲ့။

''သွေးနှစ်ပုလင်း သွင်းထားလို့ ကောင်းပါတယ် ဘဘကြီး'' လို့ ဖြေလိုက်တယ်။

''တို့များအားလုံး ဝါးခယ်မက ထွက်လာခဲ့ကြတာ ဝါးခယ်မ မြို့လေးကို မမေ့ပါနဲ့၊ မင်းရတဲ့ငွေနဲ့ ဝါးခယ်မကို ဘာပြန်ပြီး လှူသလဲ. . . .''

''အများနဲ့ဟတ်သက်တဲ့ စာသင်ကျောင်း အဆောက်အဦ တွေမှာ တတ်နိုင်သလောက်တော့ လှူခဲ့ပါတယ်'' လို့ ဘွားဘွား က ဖြေတယ်။

သူက ဘာပြန်ပြောသလဲဆိုတော့ ''အေး . . . . မင်းတို့ရဲ့ ဘိုးအေဟာ ဦးရွှေဂုန်၊ ဘွားအေက ဒေါ်ကြီး. . . . မကြီးဟာ အင် မတန်စနစ်ကောင်းပြီး တော်တဲ့ မိန်းမတဲ့။ ဘဘကတော့ သူ့ကို အစ်မအရင်းလိုခင်လို့ အစ်မကြီးလို့ ခေါ်တယ်။ မင်းတို့မှာ ဦးကံ ဆိုတဲ့ ဘိုးအေတစ်ယောက်ရှိတယ်။ သူက မကြီးနဲ့ဆိုရင် မောင် နှမတော်တယ်။ သူက ကဗျာဆရာကြီး ဆိုပါတော့ကွယ်။ ဒါပေမင့်လဲ သူ့သားသမီးအရင်း သုံးယောက်ဟာ တခြားနေရာ မှာ တော်ပါတယ်။ မြန်မာစာပေမှာ သူလို ထွန်းထွန်းပေါက် ပေါက် မဖြစ်ခဲ့ဘူး။ အေး. . . . မောင်နုနဲ့ မင်းနဲ့ကတော့ သူ့အမွေ အဆက် သွေးပါလာတယ် ထင်တယ်ကွယ့်။ မြန်မာစာပေကို ဆက်လက်ပြုစုဖို့ ဝါသနာပါလာခဲ့ရုံမက အောင်မြင်ကြလို့ ဘဘ သိပ်ဝမ်းသာတာပဲ။ မောင်နုအမွေကို မင်းက ဆက်ခံလာခဲ့တာ ပဲ။ သေသည့်အထိ တို့မြန်မာစာပေကို ဆက်လက်ပြုစုဖို့ မင်း ကြိုးစားစမ်းပါတဲ့''

'ဒါနဲ့. . . . မင်းရဲ့ စာပေအမွေကိုရော ဘယ်သူ့ ပေးခဲ့မှာလဲ. . . .'' တဲ့။

အိုး. . . . ဘွားဘွားဖြင့် သူ့မေးခွန်းကို ဘယ်လိုဖြေရမှန်း မသိ ဘူး။ (ဒီမေးခွန်း) ကောက်ကာငင်ကာ မေးလိုက်တဲ့ (ဒီမေးခွန်း) ဘွားဘွား ဘယ်လိုဖြေရပါ့။

စဉ်းစားကြည့်စမ်းပါဦး။ သားကြီး ဘယ်သူဟာဖြင့် သားဦး ကိုချစ်လွန်းလို့၊ ဘယ်သူဟာဖြင့် မြေးဦးကိုချစ်လွန်းလို့ အမွေ ငွေဆယ်သိန်း၊ ရွှေက ခွက်ငါးဆယ်၊ စိန်က သုံးပြည် အမွေပေး ခဲ့တယ်ဆိုတာ လက်ဆုပ်လက်ကိုင် ပေးလို့လဲရတယ်။ တကယ် သာရှိခဲ့ရင် ခံယူရတဲ့ သားစဉ်မြေးဆက်ကလဲ လက်ခံလို့ရတယ်။ ဒီ 'စာပေ' ဆိုတဲ့ 'အမွေ' ကို ပေးချင်တဲ့လူက ပေးခဲ့အုံး ဆက်ခံ ဖို့ဆိုတာက အခက်သား၊ ''ဘယ်သူက ဆက်ခံလို့ ဘယ်သူ့ကို ပေးခဲ့ရမလဲ'' လို့ ဘွားဘွား တစ်ထိုင်ထဲ စဉ်းစားနေမိတယ်။

သူစိတ်ကျေနပ်အောင်လို့တော့ ဘွားဘွား ဖြေခဲ့ပါတယ်။

''ဘဘ စာပေအမွေဆိုတာ ပေးချင်တဲ့သူက ပေးခဲ့အုံး တော့ ခံယူတဲ့သူမှာ ပါရမီဆိုတာ ရှိသေးတယ်'' လို့ပဲ ဘွားဘွား အကျဉ်းရုံးဖြေခဲ့တယ်။

အဲဒီနေ့က ဘွားဘွား ဘဘကြီးဦးထွန်းဖေကို ကန်တော့ ပြီး ပြန်သာလာခဲ့ရော၊ 'ဒီအမွေ' ဆိုတဲ့ စကားလုံးကို အိပ်ရာဝင် အထိ တွေးလို့မဆုံးခဲ့ဘူး။ သားကြီးကို မြေးဦးအဖြစ် ချစ်လွန်း လို့ အမွေပေးခဲ့ချင်တယ်ဆိုတာတောင် သားကြီးဟာ ကြီးပြင်း လာရင် မြန်မာစာပေနဲ့ ကိုယ့်ရိုးရာ အနုပညာတွေကို မြတ်နိုး တဲ့သူ၊ ပြုစုချင်တဲ့သူ ဖြစ်ချင်မှ ဖြစ်ဦးမှာကိုးကွယ့်။

ဘွားဘွားတို့ မြန်မာပြည်မှာ ဖြစ်လေ့ဖြစ်ထ ရှိတယ်။ အမေ အဖေ ဆိုသူတွေက မျိုးချစ်စိတ်ထက်သန်ပြီး ကိုယ့်မျိုးရိုး ဓလေ့ ထုံးစံ ဘာသာတရားတွေကို ကာကွယ်စောင့်ရှောက် ထိန်းသိမ်း ကြသူတွေ ဖြစ်ပေမင့်လဲ သားသမီးကျတော့ (What is the Phone Gyi, Mammy) (ဘုန်းကြီးဆိုတာ ဘာလဲမေမေ) လို့ မေးတတ်တဲ့ သားသမီးတွေ၊ (I do not want to Stay in Burma. Burma is very poor and the weather is very hot.) (ဗမာပြည်မှာ မနေချင်ဘူး။ သိပ်ဆင်းရဲပြီး ရာသီဥတုကလဲ ပူလိုက်တာ) လို့ပြောတဲ့ သားသမီးတွေကို မွေးမိတတ်တယ်။

ရယ်စရာတစ်ခု သားကြီးကို ဘွားဘွား ပြောရဦးမယ်။

မင်းရဲ့မေမေ 'မိ' ငါးတန်းအောင်တော့ အင်္ဂလိပ် မက် သဒစ်ကျောင်းမှာ ဘွားဘွား ပြောင်းထားရတယ်။ ရန်ကုန်မှာ ကျောင်းထားရတာ မလွယ်ကူဘူး။ သွားရေးလာရေးနဲ့ အဆင် ပြေတာကို ကြည့်ထားရတယ်။ မင်းရဲ့ ဘကြီးနုရဲ့ဇနီး ဒေါ်မြရီက 'မိ' ဆယ်တန်းသာအောင်ရော သူ့ကားနဲ့ ကျောင်းပို့ပေးတော့ လွယ်ကူရာမှာ ထားရတယ်။

ရှစ်တန်း ကိုးတန်းလောက်ရောက်တော့ သားကြီးရဲ့မေမေ 'မိ' က ဘွားဘွားကို စကားတစ်ခု လာပြောတယ်။

> ''မေမေ ဒီနေ့ ဦးသိန်းဟန် (ဆရာဇော်ဂျီ) ရဲ့ သမီး 'အုန်း' ကလေ 'မိ' ကို လာမေးတယ်၊ မင်းအမေ ခင်နှင်းယုဆိုတာ စာရေးဆရာမကြီး၊ မင်းက ဘာဝတ္ထု ရေးတတ်လဲတဲ့ သမီးကိုမေးတယ်။ ဒါနဲ့ သမီးက ဘာ ပြန်ပြောလိုက်လဲဆိုတော့. . . . အေး. . . . 'အုန်း' ရဲ့ ဖေဖေ ကလဲ ကဗျာဆရာကြီး ဇော်ဂျီတဲ့။ မင်းရော ကဗျာ ဘယ်နှစ်ပုဒ်စပ်တတ်လဲ မေးတော့ သူက ဖြေတယ်။ ငါ တစ်ပုဒ်မှ မစပ်တတ်ဘူးတဲ့။ 'မိ' ကလဲ ဖြေလိုက် တယ်။ အေး ငါလဲ ဝတ္ထုတစ်ပုဒ်မှ မရေးတတ်ဘူးလို့. . . .''

ဘွားဘွားလဲ 'မိ' စကားကြားရလို့ ပြုံးမိသေးတယ်ကွယ့်။ အခု 'အုန်း' နဲ့ 'မိ' တို့ဟာ ဆေးပညာကို ဝါသနာပါ လိုက်စား ပြီး ဆေးသိပ္ပံကျောင်းသူတွေ ဖြစ်နေကြတယ်။ ဒီစာရေးနေချိန် မှာ သူတို့နှစ်ယောက်ဟာ ဆေးတက္ကသိုလ်မှာ လေးနှစ် ပညာ သင်ကြားအောင်မြင်လို့ ငါးနှစ်ထဲ ရောက်လာကြပြီ။ ဆရာဝန် တစ်ယောက်ဖြစ်ဖို့က ခုနစ်နှစ် စာသင်ရတယ်ကွယ့်။

သူတို့နှစ်ယောက်ဟာ အနုပညာ စာပေကို မိဘများလို ဝါသနာမပါသော်လဲ လူသားတို့ အသက်ရှည်ရေး၊ ကျန်းမာရေး ကို ပေးစွမ်းနိုင်တဲ့ ဆေးပညာကို ဝါသနာပါတဲ့ အမျိုးသမီးများ ဖြစ်လာလို့ ဘွားဘွားမှာ

ဝမ်းသာရသေးတယ်။ ဆရာဝန်များ အဖြစ်ကို ချောချောမောမော ရောက်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သရသေးသကွယ့်။ ရော့အင်ရိုး (Rock'en Roll) ကပြီး ဖင် လှုပ်လှုပ်နဲ့၊ ခေါင်းလှုပ်လှုပ်နဲ့ အနောက်နိုင်ငံ ယဉ်ကျေးမှုကိုမှ အထင်ကြီးတဲ့ ကလေးမတွေများ ဖြစ်လာရင် ဘွားဘွားတို့ ရင် ကွဲရော။

ပညာသင်ကြားဖို့၊ အမြင်ကျယ်ဖို့၊ တခြားတိုင်းပြည်တွေမှာ သွားရောက်လေ့လာ ဆည်းပူးတာတွေရယ် တခြားမလွှဲမရှောင် သာတဲ့ အကြောင်းတွေရယ်ကလွဲရင် ကိုယ့်တိုင်းပြည်ကို ပစ်ပြေး တဲ့ စိတ်ဓါတ်မျိုးတော့ ဘွားဘွား အားမပေးချင်ဘူး။ ဘယ်လိုပဲ ဆင်းရဲလို့ ကိုယ့်တိုင်းပြည်ဟာ အကြပ်အတည်းတွေ့နေတောင် ဒီတိုင်းပြည်ကိုဖက်ပြီး ဒီတိုင်းပြည်ရဲ့ ဆင်းရဲခြင်း၊ ဖွံ့ဖြိုးသာယာ ခြင်း မရှိတာတွေကို အနစ်နာခံပြီး လုပ်ရမှာပေါ့။

ပုံစံ

ဘွားဘွားဟာ ဘဘကြီး ဦးထွန်းဖေပြောတဲ့ 'အမွေ' ဆိုတဲ့ စကားနဲ့ဆက်စပ်ပြီး ပုံစံဆိုတာကို သွားပြီးတွေးမိတယ်။

ကလေးငယ်များရဲ့စိတ်ဓါတ်ဟာ ရေလိုပဲ၊ ထည့်ရာခွက်ရဲ့ ပုံသဏ္ဍာန်အတိုင်း လိုက်ပြီး တည်ရမှာပဲနော်။ လက်ရှိ အစိုးရနဲ့ တကွ အစိုးရအဆက်ဆက်ရော တခြားနိုင်ငံ အစိုးရတွေကော နောင်တစ်ခေတ်မှာ ကြီးစိုးလာမယ့် သားကြီးတို့လို လူလေးများ ကို သူတို့ကြိုက်တဲ့ပုံစံ သွင်းကြတယ်။

ဘာဖြစ်လို့လဲဆိုတော့ လာမယ့်တစ်ခေတ် (အနာဂတ်ကို သားကြီးနဲ့ဆို ဒီစကားလုံးက ကြီးများနေမလားမသိ) သားကြီး တို့လက်ထဲမှာ လွှဲအပ်ပြီး တစ်ခေတ်ပြီးတစ်ခေတ် ကုန်ဆုံးသွား ကြတာပဲ။ ဒါကိုပဲ 'သမိုင်း' လို့ ဆိုပြီး လူတွေက စာပေအက္ခရာ တင်ပြီး ပြုစုကြတယ်။

ဘွားဘွား အခုရေးမယ့် ပုံစံဆိုတာကတော့ ကြီးကြီးကျယ် ကျယ် သမိုင်းထိုးလောက်အောင် ကျမ်းကြီးတစ်စောင် မဟုတ် ပါဘူး။

ဘွားဘွားမို့လို့ စာရေးရင် သားကြီးက ဘွားဘွားရဲ့ စားပွဲ နားလာပြီး 'ဖီးဖီး' 'ဖီးဖီး' နဲ့ ကရင်လိုခေါ်ခေါ်ပြီး ထွက်သွားတယ်။

သားကြီးရဲ့ ကြည်လင်တောက်ပနေတဲ့ မျက်လုံးလေး နှစ် လုံးဟာ ဘွားဘွားဦးနှောက်ကိုရှင်းပြီး အသဲကို အေးသွားတာပဲ။ ဒါကြောင့် ဘွားဘွား ပတ်ဝန်းကျင်ဟာ အပူအရှုပ်တွေ ပြဿနာ တွေ ပွေနေတဲ့ကြားက စာတွေရေးလို့ရာယ် ထင်ပါရဲ့နော်။

သားကြီးရဲ့မေမေ 'မိ' ငါးနှစ်သမီးက ဘွားဘွား စာရေးတဲ့ စားပွဲဘေးမှာ သူ့အတွက် သုံးပေလောက်ရှိတဲ့ စာကြည့်စားပွဲ လေး လုပ်ပေးရတယ်။ ဘွားဘွား စာရေးရင် သူကလဲ ဒီစားပွဲ လေးမှာ စာကျက် ကျောင်းသင်ခန်းစာတွေ လုပ်တယ်။ ပြီးတော့ ဝါသနာပါတဲ့ ပန်းလေးတွေ ပန်းချီကားချပ်တွေနဲ့ ကစားနေတာပဲ။

သူ့ကိုကြည့်ရင်း မိခင်တစ်ယောက်ရဲ့ပူပန်သောကစိတ်ဟာ ဝင်လာတယ်။ ''ငါ့သမီးကြီးလာရင် ဘယ်လိုပုံစံနဲ့များ ကြီးလာ မလဲ၊ လိမ်လိမ်မာမာနဲ့မှ ကြီးလာပါ့မလား'' ''သမီးတစ်ကောင် နွားတစ်ထောင်'' ဆိုတာ မြန်မာစကားပုံမှာ ရှိတယ်။ အဓိပ္ပာယ် က သမီးတစ်ယောက် ထိန်းသိမ်းရတာဟာ နွားတစ်ထောင် ထိန်းရတာလိုပဲ။ ပင်ပန်းတယ်၊ တာဝန်ကြီးတယ်ဆိုပြီး နှိုင်းယှဉ် ပြတဲ့ မြန်မာစကားပုံပဲကွယ့်။ ဘွားဘွားစိတ်ထင်တော့ နွားတစ် ထောင်ထက်တောင် အထိန်းရခက်သေးတယ် အောက်မေ့ တယ်။ နွားတစ်ထောင်ထဲက မထိန်းတတ်လို့ နွားငါးရာ သေ သွားအုံး ပိုက်ဆံကုန်တာပဲရှိတယ်။

သမီးတစ်ယောက် ကလေးမြေမရလို့ အထိန်းအသိမ်းမတတ်ရင် မိဘများ အရှက်ကွဲသေတဲ့အထိ စိတ်ဆင်းရဲကြရတယ်။ ဒါ ကြောင့် သားကြီးရဲ့မေမေ 'မိ' ကို ကြည့်ပြီး ''နွားတစ်ထောင်'' ဆိုတဲ့ဝတ္ထုကို ဘွားဘွားရေးခဲ့တယ် သား။

အခုလဲ သားကြီးကိုကြည့်ရင်း ''ငါ့သားကြီး ကြီးပြင်းလာ ရင် ဘယ်ပုံစံနဲ့များ ကြီးလာမလဲ'' ဆိုတဲ့ သောကဟာ ဘွားဘွား ရင်ထဲ ဝင်လာပြန်ရော။ ကလေးတစ်ယောက်ကိုသွင်းတဲ့ပုံစံဆို တာ အစိုးရတစ်ဦးထဲက လုပ်လို့ရတာမှ မဟုတ်ဘဲ။ ကျောင်း တွေကရော မိဘတွေပါ ဝိုင်းကူမှဖြစ်တဲ့ကိစ္စပဲ။

အနီးစပ်ဆုံးက မိဘ သူနဲ့အတူနေတဲ့ အိမ်သားပတ်ဝန်း ကျင်ကိုလိုက်ပြီး ကလေးများ အကျင့်စာရိတ္တဟာ ပြောင်းလဲသွား ရတာကိုး။

ဒါကြောင့် ဘွားဘွားတို့ငယ်ငယ်က သင်လာရတဲ့ လောက နီတိကျမ်းမှာ. . . .

''မြေကြီးကောင်း၊ မကောင်းကို မြေပေါ်မှာပေါက် တဲ့ မြေဇာမြက် ညှိုး မညှိုးကို ကြည့်ခြင်းအားဖြင့် သိရ သတဲ့. . . .''

''ရေရဲ့ အတိမ်အနက်ကိုတော့ ကြာရိုးကို မြင်တာနဲ့ သိရသတဲ့. . . .''

''ပညာရှိ မရှိကိုတော့ နှုတ်ထွက်စကားကို ကြည့် ခြင်းအားဖြင့် သိအပ်၏တဲ့. . . .''

''လူသားရဲ့ ဆွေစဉ်မျိုးဆက် မြင့်မြတ်သလား၊ မမြင့်မြတ်သလားဆိုတာ သူ့ရဲ့ ကိုယ်အမူအရာ နှုတ် အမူအရာကို ကြည့်ခြင်းအားဖြင့် သိရတယ်တဲ့. . . .''

(ဒီနေရာမှာ ချွင်းချက်ကလေး ရေးပါစေဦး သားရယ်။ အမျိုးမြတ် မမြတ်ဆိုတာ ပုဏ္ဏားသူဌေးသူကြွယ်ဆိုတဲ့ဂုဏ်တို့ ပိုက်ဆံတို့အလိုက် အမျိုးအတန်းအစားကို ခွဲခြားပြီး နီတိဆရာ က ဆိုတာမဟုတ်ပါဘူး သား။ ''စိတ်ဓါတ်မြင့်မြတ်သော အမျိုး ဟုတ် မဟုတ်'' လို့ ဆိုလိုခြင်းပါ။)

ဘွားဘွား သောကအပူကို ဆက်ရေးရဦးမယ်။ ပူလွန်းလို့ တစ်သက်လုံး ထိုင်ကြည့်မယ်ဆိုလို့ ရတာမှမဟုတ်ဘဲ။ သင်္ခါရ (ပြောင်းလဲတတ်တဲ့သဘောဟာ လောကမှာ အမြဲကြီးစိုးနေ တော့ ဒီစာ ဒီလိုရေးနေချိန်မှာသာ မင်းရဲ့ဘွားဘွား 'ခင်နှင်းယု' ဆိုတာက ရှိနေတာကိုး။ နောက်တစ်ချိန် နောက်တစ်နေ့မှာ မင်းရဲ့ဘွားဘွား ကံကြမ္မာက ဘယ်လိုဖြစ်လာမယ်မှ မသိဘဲ။

ဘွားဘွားကတော့ ရှည်ရှည်ဝေးဝေး မပူပါဘူး။

''အင်း. . . .ငါ့သားကြီးဟာ ဒီစာမျက်နှာ ရေးနေချိန်မှာ တစ်နှစ်ခြောက်လ ရှိလာပြီ။ သူ့ဘဘ ဦးပုံစံကြီးကတော့ (ခေတ် စကားနဲ့ဆိုရင် 'စံပဲ' ပေါ့) လို့ ဆိုရမယ့်လူစားမျိုးကိုးကွယ့်။ သူက ဗိုလ်သင်တန်းက ဗိုလ်လောင်းကျောင်းသားတွေနဲ့ သူ့ ရဲဘော်တွေကို မောင်းနည်းမျိုး (လေ့ကျင့်ပေးနည်းမျိုး) အိမ်သား တွေကို မောင်းတာ၊ ဘွားဘွား ရေးတာကိုမယုံရင် ပုံကြီးချဲ့တယ် ထင်ရင် သားကြီးလာတော့ သားရဲ့ဘဘကြီးကားကိုမောင်းတဲ့ ရဲဘော် ကိုတင်အောင်ဆိုတာကို မေးကြည့်။ ကားမောင်းတဲ့သူ မှာ စစ်အရာရှိများရဲ့ လက်စွဲရဲဘော်များဟာ အိမ်တစ်အိမ်ရဲ့ အတွင်းအပြင်ကို အကုန်သိတာပဲ။ သူလဲ သားကြီးကို အင်မတန် ချစ်ရှာတယ်။ တော်ရုံတန်ရုံ အိမ်သားတွေဆို မင်းဘဘကြီးခြေ ကို ဘယ်မီပါလိမ့်မလဲ။

မိုးလင်းလာတာနဲ့တစ်ပြိုင်နက် သူ့လက်ကနာရီကိုကြည့်ပြီး ''ဟော့ ႏွ(ဂၢည)) ကိုက်ရမယ်၊ ႏွ(ဂၢည) ကိုက်ရမယ်၊ (အချိန် ကိုက်ရမယ်၊ အချိန်ကိုက်ရမယ်) အားလုံးဟာ အချိန်နဲ့ အံကိုက် ဖြစ်ရမယ်ပေါ့'' သားရယ်။

ခုခေတ် အလုပ်သမားတွေနဲ့ သူ့စိတ်ဓါတ်နဲ့ အံကိုက်နေဖို့ အဆင်ပြေနေဖို့ လိုက်လံဖန်တီးရတဲ့ ဘွားဘွားဟာ မနက် လေးနာရီကထပြီး စံနှုန်းပြည့် သူကြိုက်တဲ့ အံကိုက်ဖြစ်အောင် သူနဲ့ အိမ်သားတွေကြား၊ အိမ်ဖော်တွေကြားမှာ လိုတာကို လိုက် ဖြည့်ရတာ ညဉ့်ခြောက်နာရီလဲထိုးရော ဘွားဘွားလဲ အိပ်ရာ ပေါ် ပစ်လဲရော။

ကိုယ့်ဟာကိုယ်တော့ အနေသာကြီးပေါ့။ ဒါပေမဲ့ ဘွားဘွား စိတ်က အိပ်ရာကနိုးလာရင် ဘွားဘွားမျက်နှာလဲ ပြုံးထားတယ်။ အိမ်ဖော်တွေလဲ ပြုံးနေစေချင်တယ်။ ပြောတဲ့စကားသံကအစ အေးအေးမြမြ ချိုချိုသာသာ ဖြစ်စေချင်တယ်။ မျက်နှာရှစ်ခေါက် ချိုးများ အိပ်ရာက ထ,ထခြင်းမြင်ရရင် ရင်ထဲဆို့ဆို့သွားတာပဲ။

ဒါကြောင့် သားကြီးကိုကြည့်ရင်း. . . .

''ဩေ်. . . . သူ့မြေးဦးဖြစ်တဲ့ ဖိုးကျော်ဝင်းကို သူက ဗမာ့ တပ်မတော် (ကြည်း) တပ်သားတစ်ယောက် ဖြစ်နေလေတော့ သူကြိုက်တဲ့ စစ်ပုံစံကိုများ သွင်းလေမလား။ သူ့မြေးကရောသူ သွင်းတဲ့ပုံစံ လိုက်ပါ့မလား'' လို့ စဉ်းစားမိတယ်။ ခုထိတော့နာနီ တံမြက်စည်းလှဲရင် သားကြီးဖို့ တံမြက်စည်းအသစ်တစ်ချောင်း သတ်သတ်ဝယ်ပေးရတယ်။ နာနီနောက်ကနေ လိုက်လှဲတာပဲ။

ဓါးလဲ အတုတစ်ချောင်း ပေးထားရတယ်။ ရှေ့က မာလီက မြက်ခုတ်ရင် သားကြီးက နောက်က လိုက်မြက်ခုတ်တာပဲ။

ခြံတွေစားလို့ အိမ်ကြမ်းပြင်တွေ ပြင်နေပြန်တော့လဲ လက် သမားတွေ ရေပေါ်ထိုးနေပြီလားဆို သံအသွား တပ်မထားတဲ့ ရေပေါ်အတုကို သားကြီးလက်ထဲ ထည့်ပေးထားရတယ်။ ကြမ်း ပေါ်မှာ ရေပေါ်စာထိုးတာ ချွေးများကို ပြိုက်ပြိုက်ကျလို့။ တစ်ခါ တလေ သားကြီး နာနီနဲ့ အခန်းတစ်ခန်းပေးထားပြီး တံခါး ပိတ်ထားရတယ်။ အဲဒီအခါမှာလဲ တူထုသံ တုတ်ရိုက်သံဟာ အခန်းထဲမှာ ကျွက်ကျွက်ညံနေတာပဲ။ အချိန်တန်လို့ အခန်းထဲမှ လွှတ်လိုက်တာနဲ့တစ်ပြိုင်နက် ဖောင်းကလွှတ်လိုက်တဲ့ မြင်းလား အောက်မေ့ရတယ်။ သားဟာ ခြံထဲကို တစ်ဟုတ်ထဲ ပြေးဆင်း သွားတာပဲ။ ဘွားဘွားဖြင့် နေ့တိုင်း နာနီတယ်ရီကို ပြောရတယ်။

''မနက် မိုးလင်းလင်းခြင်း ဗိုက်ပြည့်အောင် ထမင်းနဲ့ ကြိုက် တာတစ်ခုခု စားထားပါကွယ်။ ဒီကောင်ကြီးနောက် မင်း လိုက် ရတာ မသက်သာဘူးလို့ ပြောရတယ်။''

တစ်ခါတလေတော့ မင်းတို့မြေးအဘိုး ပြေးတာ လွှားတာ တွေကြည့်ပြီး ဘွားဘွား ခေါင်းမူးလို့ ကိုယ့်အခန်းတံခါးပိတ်ပြီး တစ်ယောက်ထဲနေရတယ်။

ခုတော့ဖြင့် သူကြိုက်တဲ့ပုံစံအတိုင်း သားကြီးဟာ လျင်မြန် ဖျတ်လတ် သွက်လက်လွန်းလို့ သူတောင် တစ်ခါတလေ နောက် ကလိုက်ပြီး ဖတ်ဖတ်မောနေတာပဲ။ ကြီးတော့သာ ဘယ်လိုပုံ ပြောင်းသွားမလဲ မသိဘူးပေါ့။ (ဒါက သားကြီးရဲ့ဘဘ ဦးပုံစံရဲ့ သွင်းလိုသောပုံစံပေါ့။)

ဒုတိယ။ ။ သားကြီးရဲ့ဖေဖေ ထွန်းအောင်ကျော်က ဗမာ့လေတပ်မတော်မှာ ဗိုလ်ကြီးတစ်ယောက်၊ သူကလဲ ခုနေခါ သာ သားရဲ့မေမေ ပညာသင်ဆဲမို့ သူ့ဇနီးနဲ့ သားကို ဖွားဖွား တို့လက်ထဲ အပ်ထားတာကို၊ 'မိ' သာ ဒီဂရီရရင် သူတို့လဲ တအိုးတအိမ်နဲ့ ထူထောင်နေကြမှာပါ။ ဒီအချိန်ကျတော့လဲ ''ငါ့ သားကို ငါ ဘယ်လိုပုံနဲ့ မွေးမယ်ဆိုတဲ့ အစီအစဉ် (ဏူညေညညညါ) က ရှိပြီး ဖြစ်နေမှာပေါ့။ သူ့လိုဘဲ ကောင်းကင်မှာ လေယာဉ်ပျံနဲ့ ပျံဝဲနေတဲ့ လေသူရဲဖြစ်စေလိုတဲ့ ဆန္ဒရှိချင်လဲ ရှိမှာပေါ့နော်။

တတိယ။ ။ သားကြီးရဲ့ မေမေ 'မိ'။ သူကလဲ ဘဝ ကံအကျိုးပေးက မနှောက်ယှက်ရင်တော့ သုံးနှစ်အတွင်း ဆရာဝန် ဖြစ်လာဦးမှာကိုး။ ဒီတော့လဲ သူ့စိတ်ထဲမှာ ''ငါ့သား ဟာ ငါ့လိုဘဲ၊ ဆေးပညာ သို့မဟုတ် သိပ္ပံပညာမှာ ထူးချွန်တဲ့ သားကြီး ဖြစ်လာရမယ်'' ဆိုတဲ့ အစီအစဉ်က ရှိချင်ရှိဦးမယ် သားရဲ့။ သူကလဲ တစ်ဦးတည်းသော သမီးမိန်းကလေးသာ ဆိုတယ်။ သူ့ဖေဖေ ဦးပုံစံသွင်းထားတဲ့ ပုံစံက ဝင်နေတော့ အသားရောင် ဖြူတာ မဲတာကလွဲလို့ စိတ်ဓာတ်က သားအဖ နှစ်ယောက်စလုံး တစ်ထပ်ထဲဘဲ။ ခေါင်းမာတဲ့နေရာ။ စကားကို မပြောချင်လဲ ပါးစပ်တောင် မဟဘူး။ ပြောရင်လဲ တစ်လုံးထဲဘဲ ပြောတယ်။ စကားလုံးက ပြောင်သလား၊ မပြောင်သလား၊ ပြတ် သားသလား၊ မပြတ်သားသလား ဆိုတာကတော့ ဘွားဘွား နှိုင်းယှဉ်ပြရရင် ''သူတို့ရဲ့ စကားလုံးမှာ အဟုန်အရှိန်သာရှိရင်'' ကြားရသူတစ်ဖက်သား

မော်တာနဲ့ ရင်ဝပစ်လိုက်လား အောက် မေ့ရတယ်။ ဒါလောက်ပါပဲ။ မယုံရင် သားကြီးလာတဲ့အခါ သားကြီးရဲ့ဖေဖေကို မေးကြည့်။

တစ်ခါက သားကြီးဖေဖေက ဘွားဘွားကိုတိုင်တယ်။ ''မိဟာ သိပ်ပြတ်သားပြီး ခေါင်းမာတာပဲ။ စာဖတ်ခန်းထဲ ရောက် သွားရင် တစ်ခါထဲ သားကြီးကိုရော ကျွန်တော့်ကိုရော မေ့သွား တာပဲ'' တဲ့။

ဘွားဘွားက ပြုံးမိတယ် သား။ ''အစက မောင်ရင့်ကို တောင်းပန်တယ်မို့လား။ ဆရာဝန်ဖြစ်မှာ လက်ထပ်ပါ။ ပြတ် သားတဲ့စိတ် မရှိရင်ကော မောင်ရင်တို့ သားကြီးတို့ကို စွဲလမ်း နေရင် စာဘယ်လိုကျက်ပြီး စာမေးပွဲ ဘယ်မှာအောင်ပါ့မလဲ။ ပြီးတော့လဲ ဆရာဝန်တစ်ယောက် ဖြစ်လာရင် ပြတ်သားတိကျ တဲ့ အဆုံးအဖြတ် အပြုအမူကို နာရီပိုင်း မိနစ်ပိုင်းအတွင်း မပေး နိုင်ရင် တစ်နေ့တစ်နေ့ လူနာပေါင်းများစွာနဲ့ ဆက်ဆံနေရတဲ့ ဆရာဝန်တစ်ယောက်အဖို့ မခက်ပါလားလို့'' အဖြေပေးရတယ်။

အင်း. . . . မင်းရဲ့မေမေ 'မိ' ကလဲ သူ့လို နားကြပ် လည်မှာ ဆွဲလို့ ဆေးထိုးအပ်ကိုင်တဲ့ ဆရာဝန်တစ်ယောက်ပဲ ဖြစ်စေချင် လေမလား မသိ။

ဩော်. . . . ငါ့မြေးကြီး သေနတ်ကိုပဲ ကိုင်လေမလား။ လေ ယာဉ်ပျံပဲ မောင်းလေမလား။ ဆေးထိုးအပ်ကိုပဲ ကိုင်လေမလား။ သူတို့သုံးယောက်အလယ်မှာ သားကြီး ဘယ်လိုပုံစံနဲ့များ ကြီးလာပါလိမ့်မလဲ။

''ဘွားဘွားကရော ကျွန်တော့်ကို ဘွားဘွားလို ကလောင် တံကိုင်ပြီး စာပေအနုပညာကိုလိုက်စားတဲ့ သားကြီးတစ်ယောက် ဖြစ်လာအောင် ပုံစံသွင်းမပေးချင်ဘူးလား'' လို့ မေးစရာရှိတယ်။

ဘွားဘွားဖြေမယ်သား. . . .

''သားကြီး ဝါသနာပါလို့ အထုံပါရမီရှိလာလို့ ဖြစ်ခါမှ ဖြစ် လာရော ဘွားဘွား ပုံစံမသွင်းတတ်ဘူး သားရယ်'' လို့ ဘွားဘွား ဖြေရမယ်။ မှန်တယ်၊ အဆုံးစွန်စကားနဲ့ရေးရင် ကျောင်းမှာ စာသင်တဲ့ ဆရာတစ်ယောက်ဟာ တပည့်ကို စာတတ်အောင် တွင်မက ကောင်းသောတပည့်များဖြစ်အောင် ပုံစံသွင်းတတ် ရတယ်။ ဘွားဘွားမှာ အဲဒီပညာ မတတ်လေတော့ ဒီဂရီတစ်ခု သာ ယူထားတယ် ဆရာမဖြစ်ဘူး။ သားကြီးရဲ့ ဘွားလေးငယ် ဒေါ်နုနုကသာ တက္ကသိုလ်မှာ ဆရာမတစ်ယောက် ဖြစ်နေတယ်။

''ဟင်. . . . ဒီလိုဖြင့်ရင် ဘွားဘွားရဲ့ အိမ်ထောင်စုကြီးကို ဘွား ဘွား ဘယ်လိုအုပ်ချုပ်ပြီး ကျွန်တော့်မေမေ 'မိ' ကိုရော ဘွားဘွား ဘယ်လိုထိန်းသိမ်းလာခဲ့သလဲလို့ သားကြီးက ပြန်မေးစရာရှိတယ်''

ဘွားဘွားက ရိုးရိုးသားသားပဲ ပြန်ဖြေရဦးမယ်။

''သားကြီးရဲ့မေမေ 'မိ' ကိုဖြင့် ဘွားဘွား ပုံစံလဲမသွင်းပါ။ ထိန်းလဲမထိန်းပါဘူး'' လို့ အဖြေပေးရမယ်။ 'မိ' ငယ်ငယ်က 'မိ' ကို စနစ်တကျမွေးပေးတာ ဘယ်သူလဲဆိုရင် ဘွားဘွားရဲ့ အစ်မကြီး ဒေါ်တင်ဦးပဲ။ ဘွားဘွားက လွယ်အိတ်တစ်လုံးလွယ် ပြီး ရုံးတက်၊ ရုံးကပြန် ကျောင်းတက်။ ဘွားဘွား တက်ရတဲ့ရုံးက ဦးစိတ်မြန် (ဦးနု) ကြီး အုပ်ချုပ်တဲ့ရုံး။ သူကလဲ နာမည်ကသာ ဦးနု။ ပုံစံကိုက်၊ အချိန်ကိုက် စိတ်မြန်လက်မြန် လူတစ်ယောက်။ ဘွားဘွားတို့ ရုံးအဖွဲ့ဝင်တွေဟာ တနင်္ဂနွေကလွဲလို့ ဂဇက်ဝင် ရုံးပိတ်ရက်များဆိုတာ ဘယ်ရက်တွေလဲလို့ မသိခဲ့ဘူး။ ရုံးချိန် ကလဲ နံနက် ဆယ်နာရီကနေ ညနေ ငါးနာရီလို့သာ သတ်မှတ် တားတယ်၊ သူခေါ်ချင်တဲ့အချိန် လှမ်းခေါ်ရင် မိုးမလင်းသေး ဘူး ထပြေးရတယ်။ ညနေ ရုံးဆင်းချိန်ဆိုတာကတော့ မှန်တယ် ကိုမရှိဘူး။ ကရင် သောင်းကျန်းသူများ ရန်ကုန်ကို ဝိုင်းထား စဉ်ကဆိုရင် ဘွားဘွား ညဥ့် ၁၂ နာရီအထိ တခြားရုံးသားများနဲ့ အတူ အလှည့်ကျ တာဝန်ယူ ရုံးတက်ရတယ်။

အိမ်ပြန်ရောက်တော့ မင်းဘဘ ဦးပုံစံက လာပြန်ရော။ ''ဟေ့. . . . ထမင်း မြန်မြန်စား၊ ဆရာချက်ပ်မင်း ရောက်နေတယ်'' ဆိုတော့ စာသင်ခန်းကို ပြေးရတယ်။ ဘွားဘွားက အလုပ်တစ် ဖက်နဲ့

(အိုင်အေ) ဥပစာတန်း ဖြေနေတော့ အင်္ဂလိပ်စာ တစ် ဘာသာကို စိန်ပေါလ်က အင်္ဂလိပ်စာပြဆရာ မစွတာချက်ပ်မင်း နဲ့ သင်ရတယ်။

စာလဲသင်ပြီးရော ဘွားဘွားလဲ ထမင်းတောင် မကြည့်ချင်ဘူး။ အိပ်ရာထဲ ပစ်ကွေးနေမိတယ်။ တစ်ခါတလေများ သမီးကြီး 'မိ'ကို သူ့ဒေါ်ကြီးနဲ့အတူ အိပ်နေတဲ့ အိပ်ရာထဲသွားပြီး နဖူး လေးကို နမ်းကြည့်ရတယ်။

ဘွားဘွားရဲ့မမက 'မိ' ကို ငယ်ငယ်ကထဲက ကျူရှင်လဲ မပေးရဘူး။ လိုမယ်ထင်တဲ့ဘာသာမှာ သူကိုယ်တိုင်ပြတယ်။ ''ကျူရှင်ပေးခြင်းဟာ ငယ်ရွယ်တဲ့ကလေးကို ဦးနှောက်ပန်းရုံမက ကိုယ့်ကိုယ်ကို အားကိုးစိတ် နည်းပါးစေတယ်တဲ့''။ 'မိ' ဟာ မက်ထရစ်သာ အောင်သွားရော၊ ကျူရှင် မပေးခဲ့ဘူး။

သူ့ဒေါ်ကြီး ဒေါ်တင်ဦး ကွယ်လွန်သွားတော့ ဆက်လက် ပုံသွင်းသူကဖြင့် မင်းရဲ့ဘဘ ဦးပုံစံကြီးပဲ။ တစ်ခါက သားကြီးရဲ့ ဘဘက ပြောတယ်။

''မတင်ဦးဟာ အထက်တန်းပညာကို မသင်ရပေမင့် 'မိ' ကို အုပ်ထိန်းတဲ့စနစ်ကဖြင့် စနစ်တကျပဲတဲ့''။ သူလဲ ကွယ်လွန် ကာမှ မမရဲ့အရည်အချင်းကို အကဲဖြတ်မိတယ် ထင်ပါရဲ့ကွယ်။

ဘွားဘွားဟာ အုပ်ချုပ်ကွပ်ကဲမှုမှာ ညံ့ဖျင်းတယ် ဆိုရမယ်။ တစ်နည်း စိတ္တဗေဒခေါ်တဲ့ စိတ်ပညာနဲ့ ဘွားဘွားကိုယ်ကို ဘွား ဘွား လေ့လာကြည့်တယ်။ စိတ္တဗေဒကို ဘွားဘွား တက္ကသိုလ် မှာတုန်းက မသင်ကြားခဲ့ပါဘူး။ တတ်သလောက် မှတ်သလောက် ကိုယ့်ကိုယ်ကို စိစစ်ကြည့်တော့ ဘွားဘွား ပထမဆုံး အလုပ် လုပ်ရတာ ဘကြီးနေ (ဦးနု) ရဲ့ ဝန်ကြီးချုပ်ရုံး၊ သူ တိုက်ရိုက်အုပ် ချုပ်တဲ့ အတွင်းရေး အတွင်းဝန်အဖြစ် လုပ်ရတယ်။ သူကလဲ စိတ်မြန်ကိုယ်မြန် ခေါင်းမာတာပဲ၊

''သူ အရေးတကြီး ခေါ်ယူလိုက်တဲ့အခါမှာ ငါ အဆင်သင့် ဖြစ်နေရမယ် ဆိုတဲ့'' စိတ်စောနေမှုဟာ အောက်လက်ငယ်သား တစ်ယောက်အဖို့ မသက်သာဘူး သားကြီး။

တစ်ခါတလေ သူ ဘာပြောတတ်လဲဆိုတော့ ''မိခင်ယု ငါနဲ့ အတူနေစဉ် ႕(မငေညေညျ) ကို ရအောင်ယူစမ်းပါ။ တောင်ထိပ် တစ်ခုကို မိနစ်ငါးဆယ်အတွင်း ရောက်အောင်တက်ရမယ်ဆိုရင် တက်ရမှာ မင်တာဝန်ပဲတဲ့။ ဘယ်လိုတက်ရမလဲ၊ ဘယ်နည်း လမ်း၊ လိုအပ်တဲ့ ပစ္စည်းကိရိယာ တန်ဆာပလာ၊ (ဖက်စီလတီ) ဆိုတာတွေကို ငါ့ဆီ ပြန်လည်တောင်းဆိုနေဖို့ မလိုဘူးတဲ့''

ကဲ. . . . သူကလဲ ပုံစံတစ်မျိုးပဲကွယ့်။

အတူနေရသူ ဘွားဘွားရဲ့ဖေဖေဆိုပြန်တော့ သူကလဲ ''ဦး အချိန်မှန်'' မင်းဘိုးဘိုးကြီး အချိန်မှန်အကြောင်းကတော့ ဘွား ဘွား ''ဖေဖေ'' ဝတ္ထုမှာ ရေးခဲ့ပြီမို့ သားကြီး စာဖတ်တတ်လာရင် ဖတ်ကြည့်ပေတော့။

လက်ထပ်ထားရတဲ့ ဘွားဘွားရဲ့ခင်ပွန်းသည် မင်းဘဘ ကတော့ ''ဦးပုံစံ'' ပဲ။ သူ့အကြောင်းကိုတော့ သားကြီး တဖြည်း ဖြည်း သိလာမှာပေါ့။ ဘွားဘွားကတော့ ''ကျွန်မဇါချစ်သူ'' စာအုပ်မှာ ရေးနေဆဲပဲ။

အဲဒီ လူတွေကြားမှာ ကြီးပြင်းလာရတဲ့ ဘွားဘွားဟာ အမြဲ ပဲ (ဗအအနညအသေည) (သတိ) ဆိုတဲ့ အနေအထားမှာ ရပ်တည်နေရ တယ်။ ကြာတော့ အဲဒီ ပတ်ဝန်းကျင်ကို ဘွားဘွား သိပ်ငြီးငွေ့ တယ်။ စက်ဆုပ်တယ်။ ကန့်လန့်ကာတစ်ခုလို ဆွဲဖြဲလို့ရရင် ဆွဲဖြဲ ခုတ်တောက်ပစ်လိုက်ချင်တယ်။

ဒီတော့ ဘွားဘွားဟာ အိမ်ရှင်မဆိုတဲ့ နေရာတစ်ခုကိုယူပြီး အုပ်ချုပ်လာတော့ ကိုယ်ချင်းစာသနားပြီး သားသမီးကအစ ခိုင်းစေတဲ့သူအထိ ဘယ်သူ့ကိုမှ (သတိဆိုတဲ့ အနေအထား) မှာ မနေစေချင်ဘူး။ မကောင်းတတ်လွန်းလို့သာ။ ဖြစ်များဖြစ် နိုင်ရင် ''မင်းတို့လဲ ငါ့အိမ်ကြီးမှာ ထင်သလိုနေ၊ ငါလဲ ငါ့ ကလောင်တစ်ချောင်းနဲ့ ဖြစ်သလိုနေမယ်။ မနက်တစ်နပ် ည တစ်နပ်သာ ထမင်းကျွေးကြပါတော့ကွယ်လို့'' ပြောချင်လာတဲ့ အဖြစ်တောင် ရောက်လာမိတယ် သားကြီးရယ်။

တကယ်တော့ အတွေးပါလေ၊ ဘယ်ဖြစ်နိုင်ပါ့မလဲ သား ကြီးရယ်နော်။ အိမ်ရှင်မတစ်ယောက်က

အဲဒီလိုသာလုပ်လိုက် ရင် သူ့အိမ်ကြီးရဲ့ အခြေခံ စည်းရုံးမှုဟာ ဖရိုဖရဲ ဖြစ်မှာပေါ့။

အဲဒီတော့ ဘွားဘွားက နှစ်ဘဝနေရတယ်။ တစ်ဘဝက အိမ်ရှင်မကြီးပေါ့လေ။ တစ်ဘဝက ကိုယ့်ကလောင်နဲ့ဖြစ်ဖြစ်၊ အားထုတ်ထားတဲ့ ဝိပဿနာတရားနဲ့ဖြစ်ဖြစ် သူတို့ အရှုပ်အထွေး တွေကိုစွန့်ပြီး အေးချမ်းရာမှာ ကိုယ့်စိတ်ကို နားနေရတယ်။ ဒါ ကြောင့် မင်းဘွားဘွား ပိန်ညှောင်လေးဟာ အသက် ဖုတ်လိုက် ဖုတ်လိုက်ရှုပြီး အသက်ရှင်နေသေးတာပဲကွယ့်။

ဒါတောင် တစ်ချိုတစ်ချို အိမ်သားများက ''ဘွားဘွားဟာ အုပ်ချုပ်ကွပ်ကဲမှုညံ့ဖျင်းသည့်အတွက် အိမ်စေအလုပ်သမားများ ဟာ ရောင့်တက်ပြီး စည်းကမ်းပျက်တယ်တဲ့၊ ဒီလိုဖြစ်ခြင်းသည် ဘွားဘွား တစ်တရားခံ'' တဲ့။

ဘွားဘွားက ရယ်တာပေါ့။

''ဒီလိုဆိုရင် ဝမ်းမြောက်စွာနဲ့ အိမ်ရှင်မတာဝန်ကို လွှဲအပ် ပေးပါ့မယ်၊ အချိန်မရွေးပါပဲ'' လို့ ပြန်ဖြေလိုက်တယ်။

ဘွားဘွားကို သူတို့က ဘယ်လိုများ အဓိပ္ပာယ်အကောက် အယူ မှားနေလဲ မသိပါဘူးကွယ်။

ဒါကြောင့် အလွန်ချစ်လှပါတယ်ဆိုတဲ့ သားကြီးကိုတောင် ဘယ်လိုပုံစံ ဖြစ်ရမယ်။ ဘွားဘွားလို ကလောင်တံ ကိုင်ပါ။ ဘာဖြစ်အောင်လုပ်ပါ။ ညာဖြစ်အောင်လုပ်ပါ။ ဘာမှ မပြော ချင်တော့ဘူး။

သားကြီး ဝါသနာပါလို့ တူကိုင်ကိုင်၊ တံဇဉ်ကိုင်ကိုင်၊ စူး ကိုင်ကိုင်၊ ဆောက်ကိုင်ကိုင်၊ ကလောင်တံ စုတ်တံတွေ ကိုင်ချင် သေးသပ့်ဆိုလဲ ကိုင်ပဲ။

''တစ်လောကလုံးကို ကျွန်တော့်ဂီတသံတွေနဲ့ ဖြိုးဖြိုးဝေပြီး စိုပြေရွှင်လန်းစေချင်သူပါဗျာ'' ဆိုတဲ့ အယူအဆနဲ့ ဂီတအနု ပညာရှင် ဖြစ်ချင်လဲ သားကြီးသဘောပဲ။

တချို့ကလဲ ပြောကြသကွယ့်၊ အိုးထိန်းသည်ဟာ လက်ခတ် နဲ့ ကြိုက်သလိုအချောသတ်ပြီး သူ့အိုးကို ပြုပြင်မွမ်းမံတယ်တဲ့။

ပန်းပုဆရာဟာလဲ စူးဆောက် အစရှိတဲ့ ကိရိယာများနဲ့ ဆင်စွယ်၊ သစ်သား၊ ကျောက်သား စသည်ကို ထုလုပ်ပြီး မိမိ ကြိုက်တဲ့ ပန်းပုရုပ်ကို သွန်းလုပ်တယ်ပေါ့။

ဘွားဘွားက သူတို့ကို မဆန့်ကျင်လိုပါဘူး၊ မှန်ပါတယ်၊ သို့သော် . . . .

ရွှံ့များ၊ သစ်သား၊ ကျောက်သား၊ ဆင်စွယ် အစရှိသည်တို့ ဟာ ဓါတ်ခွဲကြည့်ရင် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ အစုအဝေးမျှသာ ဖြစ်တယ်။

လူသားဆိုတာက ဟိုဝတ္ထုပစ္စည်းတွေလို ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ ဓါတ်ပေါင်းစုနဲ့တကွ သူ့မှာ ကံ၊ စိတ်၊ ဉတု၊ အာဟာရ ဆိုတဲ့ အကြောင်းတရားလေးပါး မွေးကတည်း ကိုက ပါလာတာ။

''ဒီလိုဆို ဘွားဘွားက မြေးဦးမို့ ချစ်တယ်လဲ ဆိုသေးရဲ့၊ သူတို့လို ပုံစံနဲ့ ပေတံနဲ့ လူကို ပုံမသွင်းချင်နေပါ။ ဘာတစ်ခုမှ မဆုံးမတော့ဘူးလား။ ကျွန်တော့်ကို မထိန်းသိမ်းတော့ဘူးလား'' လို့ မေးစရာရှိတယ်။

ဘွားဘွားဟာ အချစ်ကို ဆိုင်သာဆိုင် အပိုင်ရခဲ့တဲ့ မိန်းမ မဟုတ်ပါဘူး။ ဒီစကားကတော့ လူကလေးတို့ နားလည်မယ့် စကား မဟုတ်ပါဘူး။ တဖြည်းဖြည်း လူပျိုရွယ်ဖြစ်လာပြီး ကြီး လာရင် သိမှာပေါ့လေ။

မကြာခင်ပဲ သူတို့ အတောင်အလက်စုံလာရင် ဘွားဘွား ချစ်ပါတယ်ဆိုတဲ့ သားကြီးကို သားရဲ့ ဖေဖေနဲ့ မေမေတို့က ဘွားဘွားရင်ခွင်က ဆွဲထုတ်ပြီး အဝေးကိုခေါ်သွားကြမှာပါ။

ဘဘကြီး ဦးပုံစံကလဲ သားရဲ့ ဘွားဘွားကို ရဲဘော်တစ် ယောက် အလုပ်သမားတစ်ယောက် ချစ်နည်းမျိုး ချစ်နေတာ ပါ။ (ဘွားဘွား အဆင်လွဲရင်လဲ ဘွားဘွား ငရဲကြီးမှာပဲ)

ဒီတော့ ''အချစ်ငတ်ရတဲ့သူ'' ဘွားဘွားမှာတော့ အချစ် ငတ်မကြီး၊ အချစ်ရူးမကြီး မဖြစ်ရအောင် (ဝါ) အကြင်လိုချင် သော အကြောင်းတရားတို့သည် ရှိ၏။ ထိုလိုချင်သော ဆန္ဒတို့ ကို

တောင့်တရခြင်းသည်လည်း ဒုက္ခပဲတဲ့။ ဓမ္မစကြာ တရား တော်အရ လိုချင်တာ မရသောဆင်းရဲကို ခံစားနေရတဲ့မိန်းမ ကြီး မဖြစ်အောင် အချစ်ကို ဘွားဘွားကပဲစပြီး ဖြတ်နေပြီ ဆိုတာကိုတော့ သားကြီးကို ဝမ်းနည်းကြေကွဲစွာနဲ့ပဲ ပြောပါရ စေ သားကြီး။
သားကြီးကို ပုံစံမသွင်းလိုသော်လဲ ဘွားဘွာတစ်ယောက် ငယ်စဉ်ကဖြင့်
ဘယ်လိုကြီးပြင်းလာတယ်ဆိုတာ သားကြီးကို ဘွားဘွား ပြောခဲ့မယ်နော်

ဘုန်းမယ်ငယ်ကံ

ဒီလို ဘွားဘွား ပြောပြတာတွေကို သားကြီး ဖတ်ရှုပြီးတဲ့ အခါမှာ ဘွားဘွားရဲ့စေတနာတွေ လူကလေးတို့အပေါ်ဘယ်လို ရှိတယ်ဆိုတာ နားလည်လာကြလိမ့်မယ်။ အဲဒီအခါ သားကြီး တို့ ရင်ထဲမှာအခံရှိတဲ့ ပညာရပ်တွေနဲ့နှိုင်းချိန်ပြီး လက်ခံယူနိုင် တဲ့အပိုင်းကို လက်ခံပြီး ပယ်ထုတ်ချင်တဲ့အပိုင်းကို ပယ်ထုတ် ပစ်လိုက်ပေါ့။ ဘွားဘွားက သားကြီးတို့ကို အပြစ်မဆိုလိုပါဘူး။

သားကြီးမှာ ဘဘရယ်၊ ဖေဖေရယ်၊ မေမေရယ် ရှိပြီးသား။ သူတို့ ကြိုက်ရာသွင်းတဲ့ပုံစံမှာ သားကြီး တည်ရမှာပေါ့။ သူများ သွင်းချင်တဲ့ပုံစံကို ဘယ်တော့မှ ဘွားဘွား မဖျက်လိုပါဘူး။ အဖြည့်ခံသဘောနဲ့ အဝေးကပဲ ကြည့်ချင်တဲ့စိတ် ရှိပါတယ် သားကြီးရယ်။

ဒါကြောင့်လဲ ဘွားဘွား 'က' လာတဲ့ဇာတ်လမ်းမှာ အဝေး ကနေပြီး လိုအပ်မယ်ထင်ရင် အဝေးကပဲ ဖြည့်စွက်ခဲ့တယ်။ ပဝါကိုစုံချလို့ လောကဇာတ်သဘင်မှာ တပင်တိုင်မကခဲ့ပါဘူး။ အပျိုတော်လို ပွဲဦးထွက်တောင် မထွက်ခဲ့ပါဘူး။

ဘွားဘွားသာ 'က' ချင်ခဲ့ရင် အခြေအနေတွေ အလွန်ပေး ခဲ့တာပေါ့။

သို့သော်လဲ ကန့်လန့်ကာကြားက ဒီလောကီ အတ္တုပ္ပတ် လူတို့ဇာတ်ကို ကြည့်လာရတဲ့ ဘွားဘွားက ငြီးငွေ့လာပြီ။ မတည်မငြိမ် ပြောင်းဆန်နေတဲ့ခေတ်ကိုဖြင့် တစ်ထောင့်တစ် နေရာက ကြည့်တယ်သာဆိုရတယ်၊ တကယ်လဲကြည့်ရင်း ခံစား ရတဲ့ ဝေဒနာတွေ ပြင်းပျလာတော့ ဘွားဘွား မပျော်တော့ဘူး။

ဘွားဘွားလိုသာ ကိုယ့်ကိုယ်ကိုခေါ်ပြီး သားကြီးကို ဒီစာ ရေးခဲ့ပေမယ့် ဒီစာရေးချိန်ဟာ လောကီစည်းစိမ်ကို ခံစားလိုချင် သူတွေအဖို့ အလွန်ငယ်သေးတာပဲ။ အနောက်နိုင်ငံ အဆိုအရ ဆိုရင် ဘဝကို အသက်လေးဆယ်မှ စကြသတဲ့။ သူတို့အဆို အတိုင်းသာဆိုရင် ဘွားဘွား ခုမှ အသက်လေးဆယ်ကျော်ပဲ ရှိသေးတယ်။

သို့ပေတဲ့ မင်းတို့ဘဘနဲ့ ပဝါစုံချလို့ မင်းပွဲသဘင်မှာ အတူ ယှဉ်တွဲလို့ မနွှဲခဲ့ပါဘူး။ တပင်တိုင် မင်းသမီးကြီးအဖြစ် တက် ကပြီး တစ်စင်ထောင်ဖို့ဆိုတာက ဝေလာဝေး။

မလွှဲမရှောင်သာတဲ့ အကြောင်းကြောင်းကြောင့်၊ ဥပမာ ပေါင်းရေးသင်းရေး ပျက်ကွက်မှာစိုးလို့ ပါရတောင် မင်းဘဘ ဘေးနောက်ဆွယ်က အသာခပ်ကွယ်ကွယ်ပဲလိုက်ခဲ့တယ် သားကြီး။

ဒီလို နေခဲ့တာတောင်မှ ဘွားဘွားဟာ တစ်စင်ထောင်ပြီး လူကလေးကို သူကြိုက်တဲ့ပုံစံ သူသွင်းလိမ့်မယ်လို့ မလိုသူတွေက မင်းရဲ့ဘဘနဲ့၊ ဖေဖေ၊ မေမေတို့ကို ဂုံးတိုက်ချောပစ်ကြသေးတယ်။

တော်ပါသေးရဲ့။ မင်းရဲ့ဘဘနဲ့ ဖေဖေ မေမေတို့က ဘွား ဘွားအပေါ် အထင်မလွဲပေလို့ပေါ့။

တကယ်တော့ သားကြီး ဘွားဘွားမှာရှိတဲ့ ရင်ထဲကမေတ္တာ စေတနာတွေဟာ သူတို့နဲ့ယှဉ်ပြိုင်ရင် မပိုရင်သာနေရမယ်၊ မလျော့ပါဘူး။ ဒီတော့ ထားအပ်တဲ့မေတ္တာဟာ သားကြီးအပေါ် မှာ ဆက်လက်ပြီး

ထားသွားမှာပဲ။ မေတ္တာဆိုတဲ့ ချစ်ခြင်းကို အလွန် အဘိုးအနဂ္ဃတန်တဲ့ ရတနာတွေနဲ့လဲ လဲလို့မရဘူး။ သိကြားမင်းရဲ့ ဝရဇိန်လက်နက်မျိုးနဲ့လဲ ဘွားဘွား အသည်း နှလုံးထဲက ခွဲယူလို့မရဘူးဆိုတာ သားကြီး အရွယ်ရောက်ရင် သိလာမှာပဲ။

ဒီလောကီဘုံအခန္ဓမ်းဆိုတဲ့ ဇာတ်ရှုပ်မှာ ဘွားဘွားလို အေး အေးနေလိုတဲ့ လူတွေကိုတောင် ပုဒ်မအမျိုးမျိုးတပ် စွပ်စွဲပြီး ဇာတ်စင်ထောင့်တစ်နေရာကတောင် ကြည့်ခွင့်မရအောင် ဆွဲ ထုတ်ပစ်ချင်တဲ့လူတွေ ရှိလာရတာဟာ သူတို့ ကြီးပြင်းပေါက် ပွားလာတဲ့ ဘဝပတ်ဝန်းကျင်ကလဲ မသန့်လို့ပေါ့။ (ရှင်းရှင်းရေး ရရင် ဘွားဘွားတို့ခေတ်ကလဲ မသန့်လို့ပေါ့။)

ဒီတော့ တည်ငြိမ်သောခေတ်၊ အေးဆေးငြိမ်သက်သော ခေတ်မှာ သဘောထားပြည့်ဝတဲ့ လူငယ်များအဖြစ် သားကြီး အပါအဝင် လူကလေးများ ကြီးပြင်းလာစေချင်ပါတယ်။ ဒီတိုင်း ပြည်ရဲ့ မျှော်ကိုးစရာ အားထားစရာဟာ ဒါပဲရှိတော့တယ် သား ကြီး။ ဘွားဘွားတို့ခေတ်ရဲ့ အမွေဆိုး အကျင့်ဆိုး (သူတစ်ပါး ကို တိုက်ခိုက် ဂုံးချောပြီးမှ ကိုယ့်ကုလားထိုင်မြဲအောင် လုပ်ချင် တဲ့သူတွေ) ရဲ့ ဓလေ့တွေ သားကြီးတို့ရဲ့ ခေါင်းထဲမှာ မကျန်ရစ် ခဲ့စေချင်ဘူး။

ဒီလို စေတနာတွေ ထားပါရက်နဲ့မှ သူက ဇာတ်အုပ်ဇာတ် ဆောင်လုပ်ပြီး မင်းသမီးကြီးလုပ်ချင်တဲ့သူ၊ တစ်ဇာတ်လုံးကို သူ ကြိုက်တဲ့ပုံစံသွင်းချင်တဲ့ အမျိုးသမီးဗျလို့ အစွပ်စွဲခံရရင်၊ ဒီစွပ်စွဲမှု ကိုလဲ သားကြီးဖေဖေ မေမေတို့နဲ့ ဘဘဦးပုံစံကြီးတို့က ယုံခဲ့ရင် တော့ ''ဘုန်းမယ်ငယ်ကံ'' လို့ ဆိုပြီး ဘွားဘွားရဲ့ ဘဝကံ အကြောင်းကိုပဲ ပုံချရတော့မှာပဲ။

ခုတော့ဖြင့် အချစ်ကို မပိုင်လေသော ဘွားဘွားဟာ ''သူတို့ သုံးဦး'' ကြိုက်သလိုပုံစံသွင်းမယ့် သားကြီးကို အဆေးကကြည့်ပြီး အဖြည့်ခံဘဝနဲ့နေမှာပါ။

အဲ. . . . အရေးရယ် အကြောင်းရယ် ဖြစ်လာလို့ ရှေ့ပိုင်းက ရေးခဲ့သလို တစ်အိမ်လုံး ရောဂါတွေကူးစက်ပြီး ဘွားဘွားတို့ အိမ်ရဲ့ စက်ယန္တရားကြီး ရပ်ခါနီးဆဲဆဲ ရောက်လာပြန်လို့ 'မိချို' ထဦး၊ ဘာလုပ်ပါဦးလို့ မင်းဘဘ ဦးပုံစံက အမိန့်တော်ပြန်တော့ လဲ မနက်လေးနာရီကနေ ဘွားဘွား ထပြီးလုပ်ရတာ ညအိပ် ချိန်ထိပဲပေါ့။ ဘယ်သူက ရပ်ပြီး လက်ပိုက်ကြည့်နေနိုင်မှာလဲ သားရယ်။

ဘွားဘွားဟာလေ ဖြစ်ကို ဖြစ်တတ်ပါတယ်။ ပိန်ချို ယိုင်လဲ မတတ် လှုပ်လှုပ်ကလေး ဖြစ်နေပေမင့် အရေးအကြောင်းရှိလာ ရင် ဘယ်ကအင်အားတွေလဲ မသိဘူး၊ ဘွားဘွားရင်ထဲ အရိုးထဲ အသည်းထဲကို ဝင်လာပါရော။

အဲဒီအခါမှာ ဘွားဘွား ဆရာနှစ်ယောက်ရဲ့စကားကို ဘွား ဘွား ကြားယောင်လာတယ်။ တစ်ယောက်ကတော့ ဆရာ ချက်ပ်မင်း။ သူ ကွယ်လွန်ရှာပြီ။ သူက ရော်ဘင်ဆင်ကရူးဆိုး စာအုပ်ကို (Bed side book) အဖြစ်နဲ့ ဘာကြောင့် ရွေးချယ် သင့်လဲလို့ ဘွားဘွား အိုင်အေအတွက် သူ့ဆီ စာသင်တုန်းက သူ ပြောပြတယ်။ ရော်ဘင်ဆင်ကရူးဆိုးရဲ့ သူ့ကိုယ်သူ လေ့လာ ချက်ကို ပြောပြတာပါပဲ။

''ကျွန်တော်ဟာ ကျွန်းပေါ်မှာ တစ်ယောက်ထဲနေရချိန်ဟာ ဖြင့် အင်မတန် သတ္တိနည်းပြီး ကြောက်တတ်တဲ့ သူတစ်ယောက် ပါပဲ။ သို့သော်လဲ အခြေအနေကလိုအပ်လို့ တောင်းဆိုလာခဲ့ရင် ကျွန်တော်ဟာ ရဲရင့်တဲ့ သူရဲကောင်းကြီး ဖြစ်လာပြန်ရော'' တဲ့။

အင်္ဂလိပ်လိုတော့ မရေးပြတော့ဘူးနော်။ သားကြီး စာတတ် လာတော့ ဖတ်ကြည့်။

နောက်ဆရာတစ်ယောက်ကတော့ ဆရာဇော်ဂျီ။ သူ့စကား လုံးကတော့ ရှင်းပါတယ်။ ဘွားဘွားဖြင့် ပြဿနာတစ်ခုနဲ့ ရင် ဆိုင်လာရင်. . . .

> ''ဘဲအုပ်က တစ်ရာနှစ်ရာ၊ ဖေဒါက တစ်ပင်ထဲ။ အယက်အကန်ခံလို့၊ ဖေဒါပျံ အံကိုခဲ၊ ပန်းပန်လျက်ပဲ''

အဲဒီကဗျာကို ရွတ်ဆိုပြီး ကိုယ့်ကိုယ်ကို သိဒ္ဓိနှိုးရတယ် သားကြီး။

ဘွားဘွား အရွယ်ရောက်လာတော့ အင်မတန် အနှစ်သာရ ပြည့်စုံပြီး မြန်မာလူကလေးများကို ကိုယ်ကျင့်တရား ပြည့်စုံနေတဲ့ မင်္ဂလာတရားတော်ထဲက တစ်ပိုဒ်ကို ရွတ်ဖတ်ရတယ်။ ဒါ ကတော့ ဗုဒ္ဓရှင်တော်ဘုရားကိုယ်တိုင် ဟောကြားခဲ့တာပါပဲ။

''ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ''

မြန်မာလိုကတော့၊

''လောကဓံတရားရှစ်ပါးနဲ့ တွေ့ကြုံရသော ရဟန္တာ တို့ရဲ့စိတ်ဟာ မတုန်မလှုပ်။ စိုးရိမ်ခြင်းမရှိ၊ ရမ္မက်ဆိုတဲ့ မြူလဲ မရှိ။ ဘေးလဲမရှိ။ ဒီလေးပါးသော တရားသည် သာလျှင် အလွန်မွန်မြတ်သော မင်္ဂလာပေပဲ''

ဘွားဘွားဖြင့် အဲဒီအပိုဒ်ကိုလဲ ဒုက္ခနဲ့ရင်ဆိုင်လို့ စိတ်ဓါတ် ကျမယ်ကြံရင် ခဏခဏရွတ်ဖတ်ရတယ်။ အဲဒီအခါ သတ္တိတွေ ဟာ ဘွားဘွားရင်ထဲ ပြည့်လာရော။

ကဲ. . . . သားကြီးရင်ထဲ ဒါလောက်ဆိုရှင်းရောပေါ့။ ''ချစ်လှ စွာသော မြေးဦးကြီးလဲ ဆိုသေးရဲ့၊ ဘွားဘွားရဲ့ပုံစံကို သားကြီး ကို ဘာလို့မသွင်းတာလဲ'' လို့ သားကြီးမေးလာခဲ့ရင် ဘွားဘွား မသွင်းတတ်လို့ပဲ ဖြေရမယ်။

အဖြည့်ခံဘဝနဲ့ပဲ အဝေးက ကြည့်ပါရစေတော့။

ငယ်ငယ်တုန်းက

တစ်ရံရောအခါတုန်းက အကျည်းတန်သော ဘဲလေးတစ် ကောင်ရှိလေရဲ့လို့ ပုံပြင်စသလို ဘွားဘွား ငယ်ငယ်ကအကြောင်း ကို စရလိမ့်မယ်။

ဘွားဘွား အတ္တုပ္ပတ္တိအစအဆုံးကို ရေးပြမှာ မဟုတ်ဘူး။ရေးစရာလဲ မလိုဘူး။ အတ္တုပ္ပတ္တိရေးလောက်အောင် ဘွားဘွား တစ်ခေတ်မှာ ဘွားဘွားဟာ ထူးချွန်တဲ့ မိန်းမတစ်ယောက် မဟုတ်ဘူး။ ဒါကြောင့် ငယ်ငယ်က ကြီးပြင်းလာခဲ့ရပုံကိုသာ (ပထမအရွယ်) ကိုသာ ရည်ရွယ်ချက်တစ်ခုရှိလို့ ဘွားဘွား ရေးပြမှာ။

ဘွားဘွားတို့ မောင်နှမခုနစ်ယောက် မွေးတဲ့အထဲမှာ ဘွားဘွား ဟာ လည်ဂုတ်တိုတို မွဲညိုညိုနဲ့ အကျည်းတန်သော မိန်းကလေး တစ်ယောက်ပါပဲ။ ဘွားဘွားမှာ အစ်ကိုသုံးယောက်၊ အစ်မကြီး တစ်ယောက်နဲ့ ညီမလေးနှစ်ယောက်ရှိတယ်။

သားကြီး အရွယ်ရောက်လာရင်လေ ဓါတ်ပုံအယ်လဘန် တွေမှာကြည့်ရင် ဘွားဘွားရဲ့သားချင်းများဟာ အလှကေရီများ မဟုတ်ကြသော်လဲ အလှကိုယ်စီ ရှိကြတယ်ဆိုတာတော့ သား ကြီး တွေ့ရလိမ့်မယ်။ ဘွားဘွားရဲ့ပုံကိုလဲ မြင်ရလိမ့်မယ်။ လှခြင်း မလှခြင်းဆိုတာ လဲ ဘဝကံပေါ့ သား။

စိန်ပါတီဆိုတဲ့ အဆိုတော်ကြီး သီဆိုသွားတဲ့ သီချင်းလိုပဲ ''အကျည်းတန်ကျွန်မကို မလှလို့ထင်ရဲ့'' အားလုံးကပဲ မုန်းကြ တယ်။ အစ်ကိုတွေကဆိုရင် တစ်ခါတလေ ''သိပ်အမြင်ကပ်စရာ ကောင်းတဲ့ ကောင်မလေး'' လို့ သူတို့စိတ်နဲ့မတွေ့ရင် အော် အော်ပစ်တယ်။ ဒီတုန်းကတော့ (ချိုင်းဆိုက်ကိုလိုဂျီ) ကလေး တွေရဲ့ စိတ္တဗေဒတို့၊ စိတ်သဘာဝတို့ကို လေ့လာကြ၊ စိတ်ဝင်စား ကြတဲ့ခေတ်ကလဲ မဟုတ်ပေဘူး။ ဘွားဘွား လက်ကလေးတွေ ဟာ ငယ်စဉ်ကထဲက ပျော့ပျောင်းပြီး အကြောအားနည်းသလား မသိပါဘူး။ ကရားလေး ချိုင့်လေးကအစ တစ်ခုခုကိုင်ရင် မမြဲ ဘူး။ လက်ထဲကလွတ်ကျရင် သူတို့က အော်ပစ်တာပဲ။

(အဲဒီ သူတို့က အော်ပစ်ခံရတဲ့ အားနည်းတဲ့ လက်ချောင်း လေးတွေနဲ့ ဘွားဘွား ကြီးလာတော့ ကလောင်တံကိုင်ပြီး စာရေး တာပေါ့။)

ဒီလိုအအော်ခံရရင် ဘွားဘွား သိပ်ဝမ်းနည်းတာပဲ။ ဘွား ဘွား လက်ချောင်းလေးတွေကို ထောင်ကြည့်မိတယ်။ ခဏခဏ အအော်ခံရဖန်များတော့လဲ ကလေးဆိုတော့ ဘွားဘွားတို့အိမ် အိုကြီးရဲ့ ပြတင်းပေါက် တစ်ပေါက်နားမှာ ဘွားဘွားဟာ ငိုငို နေမိတယ်။ ဘွားဘွားရဲ့ လက်ချောင်းလေးတွေကိုလဲ ထောင် ကြည့်မိတယ်။ ဘွားဘွား မျက်စိအမြင်မှာတော့လေ ဘွားဘွား လက်ချောင်းလေးတွေဟာ နူးညံ့ပျော့ပျောင်းကြတယ်ပေါ့။ သူတို့ မှာ အပြစ်မရှိပါဘူး။ လက်ဖဝါးကလဲ အားလုံးပြည့်ဖြိုးပြီး နူးညံ့ တယ်။ (လက္ခဏာဆရာတွေအလိုဆိုရင် ဂြိုဟ်ခုံတွေအားလုံး ပြည့်မောက်နေကြတယ်။)

ကလေးဆိုတော့ လက္ခဏာတွေ ဘာတွေ ဘာမှနားမလည်ဘူး။

''မင်းတို့လဲ ငါ့လိုပဲ မလှလို့ထင်ပါရဲ့ အအော်ခံရတယ်နော်။ ငါကလဲကွယ် လက်ဖက်ရည်ချိုင့်လေး လက်ဖက်ရည်ကရား လေး တစ်လုံးကိုတောင် မြဲအောင် မကိုင်နိုင်ပါလား. . . .'' လို့ လက်ချောင်းလေးတွေကိုကြည့်ပြီး စကားပြောမိတယ်။

စာသင်ချိန်မှာ ကိုကိုတို့အားလုံးနဲ့ မမတို့ဟာ အင်္ဂလိပ် မြန်မာ နှစ်ဘာသာသင် အစိုးရ အလယ်တန်းကျောင်းမှာ စာ သင်ရတယ်။ ဘွားဘွားတို့ကြီးလာမှ အဲဒီကျောင်းက အစိုးရ အထက်တန်းကျောင်း ဖြစ်လာတယ်။

သူတို့က အင်္ဂလိပ်စာ တတ်တာပေါ့။ အဲဒီအချိန်တုန်းက ဘွားဘွားရဲ့ ဘွားအေတွေ မိဘတွေကလဲ ချမ်းသာချိန်ဖြစ်တယ်။ အဲဒီကျောင်းမှာ လူကုံထံ သားသမီးများနဲ့ လခစား၊ အစိုးရ အရာရှိ သားသမီးများ အနေများကြတယ်။ ဆင်းရဲသားတွေလဲ ရှိပေမင့် နည်းပါတယ်။ ဘွားဘွားရဲ့ဖေဖေက အဲဒီကျောင်းမှာ ကျောင်းဆရာလုပ်တယ်။

ဘွားဘွား ငယ်ငယ် က,ကြီး ခ,ကွေးတန်း (သူငယ်တန်း) မှာ အဲဒီကျောင်းမှာ နေခဲ့ရတယ်။ ပထမတန်းရောက်တော့ ဦး ဘိုးထင်ရဲ့ ဗုဒ္ဓဘာသာ မြန်မာစာသင်ကျောင်းကို ပြောင်းထား ကြတယ်။ ဘာဖြစ်လို့လဲတော့ မသိဘူး။

မမတို့ကျောင်းက ကျောင်းလခ တစ်လ တစ်ကျပ် ပေးရ တယ်။ ဘွားဘွားစာသင်ရတဲ့ ဦးဘိုးထင်ကျောင်းက ၄ တန်း အထိ တစ်လ တစ်မတ် (အခုငွေနဲ့ ၂၅ ပြား)၊ ၅ တန်းက ခုနစ် တန်းထိ တစ်လမှ ငါးမူး (ပြားငါးဆယ်) ပေးရတယ်။ ဘွားဘွား နေတဲ့ကျောင်းလေးဟာ အခု သားကြီးနေတဲ့ ပြည်ထောင်စုလမ်း အိမ်နဲ့ ဂွတ္တာလစ်ဈေးလောက်တောင် မဝေးဘူး။ မနက် ၇–နာရီ ထိုးရင် ဘွားဘွားဟာ လွယ်အိတ်ကလေးလွယ်ပြီး ကျောင်းတက် ရတယ်။ ဆံရစ်ဝိုင်းနဲ့ သျှောင်ထုံးလေးကို အုန်းဆီလိမ်းပြီး ဘွား ဘွားရဲ့ ဘွားအေ (အမေကြီး) က ဆံထုံး ထုံးပေးတယ်။

ပဒုမ္မာအင်္ကျီကို တစ်ခါတလေမှ ဝတ်ပေးတယ်။ များသော အားဖြင့် ဘွားဘွား ပင်နီ (မြန်မာဖြစ်) ကို ဝတ်ရတယ်။ လုံချည် ကတော့ ဟိုတုန်းက ဆယ်ထည် ငါးကျပ်၊ လက်လီဈေး တစ် ထည်ကို ငါးမူး တစ်ပဲဆိုတဲ့ ရတနာပုံလုံချည်နဲ့ မြန်မာရက် နှစ်နံစပ် ပခုက္ကူလုံချည်ကို ဝတ်ပေးတာများတယ်။ နွေအခါမှာ ဘုံဘိုင်ရေဖိနပ်ဆိုတာ သားကြီးတို့လက်ထက် မမြင်ဖူးပါဘူး လေ။ အဲဒီ လှာဖိနပ်ကိုစီး၊ ဖဲထီးလက်ကိုင် သံချောင်းအကောက် ကလေးကို ပခုံးမှာချိတ်ပြီး တခြားပခုံးတစ်ဖက်က လွယ်အိတ် ကလေးလွယ် ကျောင်းတက်သွားရော။ ကျောင်းက မနက် ခုနစ် နာရီတက်၊ ကျောင်းသားအားလုံး (သြကာသ) အစချီတဲ့ ဘုရား ရှိခိုးကို ရွတ်ဆိုရှိခိုးရတယ်။ ပြီးတော့ သရဏဂုံသုံးပါး၊ ငါးပါး သီလ၊ ဣတိပိသော အစချီတဲ့ ဂုဏ်တော် ၉–ပါး၊ တရားဂုဏ် တော် ခြောက်ပါး၊ သံဃာ့ဂုဏ်တော် ကိုးပါးနဲ့ သမ္ဗုဒ္ဓေဂါထာ ပါဝင်တဲ့ ဘုရားရှိခိုးကို ဆုံးအောင်ရွတ်ဆိုရှိခိုး၊ ပြီးမှ ကျောင်း စာသင်ခန်းကို ဝင်ရတယ်။

မိုးတွင်းအခါမှာတော့ ကျိုက်ထိုဖိနပ်ဆိုတာ ကတ္တီပါသဲကြိုး တပ်တဲ့ သစ်သားဖိနပ်ပဲ။ သစ်သားပေါ်မှာ ပန်းလေးတွေ ဆေး ရေးလို့ ဒီဖိနပ်ကို ဘွားဘွား စီးရတယ်။

မမတို့ကျောင်းကတော့ ကျောင်းတက်သွားရင် လံခြားစီး သွားတယ်၊ ဝါးခယ်မမှာ အဲဒီခေတ်က လံခြားဆိုတာ ဘီးနှစ်ဘီး တပ် ကုလားကြီးက ဆွဲလို့ အမိုးနဲ့ အဲဒါမျိုးစီးကြတယ်။ သူက မိန်းကလေးဆိုတော့ တစ်ခါတလေ အဲဒီလံခြားစီးတတ်တယ်။ ကိုကိုတို့ကတော့ ခြေလျင်ပဲ သွားကြတယ်။ သူတို့ကျောင်းက ဝါးခယ်မမြို့ရဲ့ အနောက်ဘက် အစွန်ဆုံးမှာပဲ။ တခြား မိန်း ကလေးများလဲ ခြေလျင်လဲတက်ကြတယ်။ လံခြားလဲ စီးကြတယ်။

များသောအားဖြင့် မမတို့ ကျောင်းသူတွေဟာ ပုံတော် ဖိနပ်ခေါ်တဲ့ ကတ္တီပါ ဆေးရေးဖိနပ်၊ ကတ္တီပါ ပိန်းတန်းပါးပါး တစ်မျိုး။ အဲဒီဖိနပ်မျိုးတွေစီးပြီး ကျောင်းသွားလေ့သွားထရှိတယ်။

ပျော့ပျောင်းတဲ့ ပိုးတွန့်လုံချည်နဲ့ လင်မလစ်တို့၊ တိုဘရက် ကိုတို့ဆိုတဲ့ အင်္ဂလန်ဖြစ် လုံချည်တွေကို သူတို့ကျောင်းသူတွေ အဝတ်များကြတယ်။ အဲဒီလုံချည်တွေက တစ်ထည်ထဲကို သုံး မတ်ကနေ တစ်ကျပ် ပြားငါးဆယ်၊ နှစ်ကျပ်၊ သုံးကျပ်အထိ ဈေးရှိတယ်။ ဟိုတုန်းကငွေနဲ့ဆို သိပ်ဈေးကြီးတဲ့ လုံချည်တွေပဲ။

ဘွားဘွားကတော့ နွေနွေ မိုးမိုး တစ်ထည် ငါးမူးတစ်ပဲ ဆယ်ထည် ငါးကျပ်တန် ရတနာပုံလုံချည်နဲ့ ပခုက္ကူလုံချည်ပဲ။ ငယ်ငယ်တုန်းကတော့ မောင်နှမများတော့ အစ်ကိုကြီးကျတာ ညီငယ်တွေ ဝတ်ရတယ်။ အစ်မကြီးက ကျတာ ညီမငယ်တွေ ဝတ်ရတယ်။

ကိုယ်နဲ့မတော်တဲ့ ပုံကျပန်းကျမရှိတဲ့ လုံချည် အင်္ကျီဝတ် ရတာ သိပ်စိတ်ညစ်စရာကောင်းတာပဲ။ ဒါပေမင့်လဲ ဝတ်ရတာ ပဲ။ မဝတ်ရင်လဲ အကောင်းကြီးရှိနေတဲ့ မမအင်္ကျီတွေဟာ ဘယ် သူဝတ်မလဲ။

ဘွားဘွား စိတ်အညစ်ဆုံးကလေ အင်္ကျီအရောင်ပဲ။ မမက အသားဖြူဖြူလုတော့ အင်္ကျီက ပဒုမ္မာရှန်သားပွင့်ရိုက် ငှက်ပျော ညွန့်ရောင် ပိုးတွန့်လေးတွေ။ သူ့အကျ ဘွားဘွား ဝတ်ရချိန်မှာ ပုံစံမတော်လို့ ပွယောင်းယောင်းဖြစ်ရတဲ့အထဲ အဲဒီနုနုဖတ်ဖတ် ပန်းသွေးလေးတွေနဲ့ ဘွားဘွား အသားမည်းမည်းနဲ့ ဘယ်လိုက် တော့မလဲ။ ဘွားဘွားဖြင့် သိပ်ငိုချင်တာပဲ။ ကိုယ်မကြိုက်တာ၊ ကိုယ်မဝတ်ချင်တာ ဝတ်နေရတာ။ သိပ်စိတ်ညစ်တာပဲ။ အပျို ပေါက်ဖြစ်လာလို့ ဘွားဘွားကိုယ်လုံးဟာ မမထက် ကြီးထွား ဖွံ့ဖြိုးလာမှ ဘွားဘွားနဲ့တော်တဲ့ ပုံစံကျကျအင်္ကျီကို ဘွားဘွားဖို့ သတ်သတ် ချုပ်ပေးကြတော့တယ်။

ပြီးတော့ စိတ်ညစ်တာတစ်ခုရှိသေးတယ်။ သနပ်ခါးလူးရ တာ စိတ်အညစ်ဆုံးပဲ။ ဝါညက်နေတဲ့ မမတို့အသားနဲ့ သနပ်ခါး နဲ့ဟာ သိပ်ပဏာစားသလောက် ဘွားဘွားအသားနဲ့ သနပ်ခါးက တခြားစီ။ သနပ်ခါးလိမ်းချိန်ရောက်ရင် ဒီတုန်းက ဘွားဘွားတို့ အိမ်မှာ အခြွေအရံတွေပေါချိန်ဆိုတော့ သနပ်ခါးလူးဖို့ ဘွားဘွား ကို ချုပ်ထားရတာကိုက နှစ်ယောက် သုံးယောက်ပဲ။ နောက်ဆုံး မှ မေမေရဲ့တူမ သန်းသန်းဆိုတာ (ခု–သီလရှင်ဝတ်နေပြီ) သူက ကလေးစိတ် ကလေးသဘောကို နားလည်တယ်။

''ဖယ်ကြ နင်တို့ဟာ သနပ်ခါးမလူးတတ်ဘူး၊ ကလေးကို သန်းသန်းကိုယ်တိုင် သနပ်ခါးလူးပေးမယ်။ သန်းသန်းမျက်နှာ ကိုကြည့်စမ်း၊ လှတယ်မို့လား''

အဲဒီ သန်းသန်းမျက်နှာကလဲ အသားလတ်လတ်ဆိုတော့ သနပ်ခါးနဲ့ ပဏာစားတာပေါ့။ ''ကလေးကိုလေ သန်းသန်းမျက် နှာလို ညီညီလေးလူးပေးမယ်'' ဆိုပြီး ချော့လူးပေးတယ်။ ခု ထက်သာထိရော သားကြီးရဲ့ ဘကြီးမောင်မောင် (ဗိုလ်မှူးသီဟ ကွယ်လွန်သူ) ကိုလဲ သန်းသန်းက လူကလေးတဲ့။ ဘွားဘွားတို့ ညီအစ်မတွေကိုလဲ ကလေးလို့ပဲ ခေါ်တယ်။

ဘွားဘွား လေးတန်းလောက်ရောက်လို့ စာတတ်လာရင်ပဲ ဘွားဘွားကိုချုပ်ပြီး သနပ်ခါးလူးပေးတဲ့အခါ ဘွားဘွားက အရင် လို ရုန်းရုန်းမငိုဘူး၊ အပြောနဲ့ အော်အော်ပြီးငိုတာပဲ။

''ရှင်တို့သာ သနပ်ခါးလူးကြ၊ ရှင်တို့က အာရုံငါးပါး လိုက် စားတဲ့ မိန်းမတွေ။ လင်လိုချင်တဲ့ မိန်းမကြီးတွေ။ လင်လိုချင် လို့ သနပ်ခါးတွေလူးတာ။ အာရုံငါးပါး လိုက်စားရင် ဘီလူးစား ခံရလိမ့်မယ်''

ဘွားဘွားက အကြောက်အကန်ရုန်းပြီး အဲဒီလိုအော်ငိုတာပဲ။ အဲဒီတုန်းက ဘွားဘွားတို့အိမ်မှာ ဆေးလိပ်ခုံထောင်ဆဲ ဆိုတော့ အပျိုတွေရော အအိုတွေရော အများကြီးဆို့။ ဘွား ဘွား သနပ်ခါးလူးပေးချိန်ဆို သူတို့က ဘွားဘွားငိုတာ အော်တာ ဟစ်တာကိုပဲ သဘောကျပြီး ရီကြတယ်။

ဘွားဘွား လက်မထပ်ခင် တလောကတောင် ရန်ကုန်လာ လည်သေးတယ်။ ဒေါ်ရှင်ဆိုတဲ့ အဘွားကြီးက (ခုများကွယ်လွန် ပြီလားမသိ) ဘွားဘွားကိုမြင်တော့. . . .

''ဟော့. . . . မခင်ယုရဲ့ ငယ်ငယ်တုန်းက ဒို့များကို လင်လိုချင် တဲ့ မိန်းမကြီးတွေ၊ ဒါကြောင့် သနပ်ခါးလူးတာဆို၊ ခု မခင်ယု ပန်းတွေ မှန်တွေနဲ့ လင်လိုချင်ပြီလား'' တဲ့။

ဘွားဘွားက အဲဒီအချိန်မှာ စိတ်မဆိုးတတ်တော့ပါဘူး။ ဘွားဘွားအသားကလဲ အပျိုဖော်ဝင်လာတော့ သွေးသားပြောင်း ပြီး နနွင်းမှုန့်ရောင်းတဲ့ ကုလားမလို မမဲတော့ပါဘူး။ ငယ်ငယ် တုန်းကဖြင့် ကိုယ့်စိတ်ကိုကလဲ ကိုယ့်ကိုယ်ကို လှတယ်မထင် ဘူး။ ဘွားဘွားက ဆော့တော့ နားကပ်တွေပျောက်လွန်းလို့ ရွှေ နားကွင်းအထူကြီး လုပ်ပေးတယ်။ အဲဒီနားကွင်းကြီးနဲ့ ထဘီ အနီပွင့်တို့ ရှုန်သားပွင့်ရိုက်တို့ ပြောင်ပြောင်လက်လက်များ ဝတ် ရရင် ဘွားဘွားငိုချင်တယ်။

ဘွားဘွားတို့ ဆေးလိပ်ခုံမှာ ဆေးလိပ်လိပ်တဲ့ အမျိုးသမီး တွေဟာ မနက် အလုပ်လုပ်ဖို့လာကြရင် ပဒုမ္မာအင်္ကျီ ခေါက်ရိုး  မကျိုးဘူး။ ကြော့မော့လို့ ဝတ်စားလာကြတာ။ မခင်သန်းတို့ မနှင်းအေးတို့ဆိုရင် ဆံထုံးလေးတွေမှာတောင် ဆံမြိတ်ချကျ သေးတယ်။ စပါယ်ပန်း၊ ကရမက်၊ ပိတောက် အစရှိတဲ့ ပန်းလေး တွေ ပန်လာတာများ မွှေးကြိုင်လို့ သိပ်လှတာပဲ။ ရှေ့မှာ ဘီးဖြူ လေးတွေ အမြဲစိုက်တယ်။ ဆေးလိပ်လိပ်ချိန်မှာ အင်္ကျီတစ်ပတ် နွမ်းဝတ်ပြီး ညနေပြန်ချိန်ရောက်ရင် မနက်ကလိုပဲ ကြော့ကြော့ မော့မော့ ဝတ်စားပြီး ပြန်ကြတယ်။ သိန်းသိန်း၊ သန်းသန်း၊ ညွန့် ညွှန့်တို့ဆိုတာလဲ အပျိုကြီးတွေပေမင့် ဘွားဘွား သူတို့ ပြင်တာ ဆင်တာကို သိပ်သဘောကျတာပဲ။

ဘွားဘွားကို သနပ်ခါးလူးပေးရင်သာ အော်တာ။ သူများ လှတာကိုတော့ သဘောကျတယ်။ ဘွားဘွားက အဲဒီလိုအော် လေ အစ်ကိုတွေက စကားကြီးစကားကျယ် သိပ်ပြောတဲ့ကောင် မလေးဆိုပြီး ဘွားဘွားကို ''သောက်မြင်ကပ်စရာကောင်းတယ်'' လို့ ပြောကြတာပဲ၊ မမကတော့ အရုပ်ကလေးလိုလဲ လှ၊ အရုပ် ကလေးလိုပဲ ဘယ်သူ ဘာဝတ်ပေးပေး ငြိမ်ငြိမ်သက်သက်လေး ခံပြီး ကျောင်းကို အေးအေးဆေးဆေး ထွက်သွားတာပဲ။ ဒီတော့ လဲ သူတို့ဟာ မမကို ချစ်ကြမှာပေါ့နော်။

အဲဒီအချိန်မှာ ဘွားဘွားရဲ့စိတ်ဓါတ်ကို နားလည်တာ ဘွား ဘွားရဲ့ ဘွားအေ (အမေကြီး) နဲ့ မေမေပဲ ရှိတယ်လို့ထင်တယ်။ ကျောင်းမှာက အဖိတ်နေ့ဆို ဥပုသ်အကြိုနေ့ပေါ့။ မနက်တစ်ဝက် ကျောင်းတက်ရတယ်။ အဲဒီအချိန်မှာ ကျောင်းအုပ်ကြီး ဦးဘိုး ထင်က ဗုဒ္ဓဘာသာ စာပေအကြောင်း၊ ဗုဒ္ဓဝင် ငါးရာ့ငါးဆယ် နိပါတ်တော်၊ ဇာတ်ကြီးဆယ်ဘွဲ့ အစရှိတာတွေ တစ်နေ့တစ်ပုဒ် စီလောက် ဟောပြောပြီး နံနက်ဆယ်နာရီလောက် ကျောင်းဆင်း ပေးလိုက်တယ်။ ဥပုသ်နေ့ကျရင် တစ်နေ့လုံး ကျောင်းပိတ်ရော။

မမတို့ကျောင်းကတော့ စနေ၊ တနင်္ဂနွေ ပိတ်တာပေါ့။
ဥပုသ်နေ့ရောက်ရင်ပဲ သီလပါယူပြီးလို့ ထမင်းစားပြီးရင် အမေကြီးက ဘွားဘွားကိုမေးရော။

''ငါ့မြေး မနေ့က အာရုံငါးပါးလိုက်စားလို့ ဘီလူးစားခံရ တယ်ဆိုတာ ဘယ်သူပြောတာလဲ''

အဲဒီလိုမေးရင် ဘွားဘွားက ဆရာကြီးပြောပြပါတယ်ဆိုပြီး ဆရာကြီး ဦးဘိုးထင် အဖိတ်နေ့ကပြောတဲ့ နိပါတ်တော်လာ ပုံပြင်တစ်ခုကို အမေကြီးကို ပြောပြရတယ်။ အမေကြီးက နား နည်းနည်းလေးတော့ လက်ဟန်ခြေဟန်နဲ့ စကားပြောတတ်တဲ့ အကျင့်ဟာ ဘွားဘွားမှာ ငယ်ငယ်ကထဲက ပါလာတယ်။

ဒီတုန်းက ဘွားဘွားတို့အိမ်မှာ အလုပ်ရှင်ရယ်၊ အလုပ် သမားရယ် မခွဲခြားပါဘူး။ ဆေးလိပ်ခုံအမျိုးသမီးတွေလဲ အလုပ်ပိတ်ရက် အမေကြီးနဲ့အတူ သီလယူ၊ ထမင်းလဲ အိမ်မှာပဲ ဝိုင်းစားပြီးမှာ အိမ်ပြန်ကြတယ်။ အဲဒီတော့ အာရုံငါးပါး လိုက် စားလို့ ဘီလူးအစားခံရတဲ့အကြောင်း ဆရာကြီး ဦးဘိုးထင်ပြော ဟောသမျှ ဘွားဘွားက အမေကြီးကို ပြောရချိန်မှာ သူတို့လဲ နားထောင်တာပေါ့။ ဘွားဘွားဟာ ပုံပြောကောင်းသော မိန်း ကလေး ဖြစ်လာရပြန်တာပေါ့လေ။

ဥပုသ်နေ့တိုင်း ''ငါ့မြေးရေ မနေ့က အဖိတ်နေ့၊ မောင်ထင် တစ်ယောက် ငါ့မြေးကို ဘာပုံများပြောလိုက်သေးလဲ'' လို့ မေး ရင် ဘွားဘွားက အဖိတ်နေ့က ဆရာကြီးဟောတဲ့ ဗုဒ္ဓဘာသာ ဆိုင်ရာ ပုံပြင်တစ်ခုခုကို အမေကြီးကို ပြောပြရတယ်။ ဒီတော့ ဘွားဘွားမှာ ဆရာကြီး ဟောသမျှ နိပါတ်တော်လာ ပုံပြင်တွေ ကို သေသေချာချာ နားထောင်တတ်တဲ့အကျင့် ပါလာတာပေါ့။

ရွှေစာလုံးနဲ့ သားရေဖုံးနဲ့ နိပါတ်တော်ဇာတ်၊ ဗုဒ္ဓဝင်၊ မဟာ ဝင်၊ ရာဇဝင်စာအုပ်တွေ အိမ်ပေါ်က ခေါင်းရင်းခန်းမှာရှိပေမင့် စာဖတ်ဖို့ သိပ်စိတ်မဝင်စားတတ်သေးတဲ့ ကလေးအရွယ်။ စာ ကိုလဲ စကားပြေလောက်သာ ဖတ်တတ်သေးတဲ့အရွယ်မှာ ဒီ စာအုပ်ကြီးတွေ အနားကပ်ရမှာ အလိုလို မကပ်ချင်ဘူး။ ခုလို ဆရာကြီးက ပုံပြောသလို ပြောပြတော့ ပုံကြိုက်ကြတဲ့ ကလေး တွေအရွယ်နဲ့ သိပ်စိတ်ထဲမှာ စွဲလန်းတာပဲ။

တစ်ခါ '' နောက်အဖိတ်နေ့ကျရင် အမေကြီး ဥပုသ်ယူပြီး တဲ့အခါ ငါ့ကိုမေးရင် ငါပြန်ပြောရမယ်'' ဆိုတဲ့စိတ်ကရှိနေတော့ ဆရာကြီးပြောသမျှ စူးစူးစိုက်စိုက် နားထောင်တာပေါ့။

ဘွားဘွားအစ်ကိုတွေရယ်၊ အတူနေ ဆွေမျိုးတချို့တွေရယ် နားကြားပြင်းကပ်တယ် ထင်ပါရဲ့။ ''မိခင်ယုဟာ စကားထောင် စားမ သောက်မြင်ကပ်စရာ ကောင်းတယ်'' ပြောကြလွန်းတော့ ဘွားဘွား ငိုတာပဲ။

လေးတန်းရောက်တော့ ဦးဖေမောင်တင် မြန်မာဖတ်စာ ထဲမှာ အကျည်းတန်သော ဘဲကလေးအကြောင်း သင်တဲ့အခါ ဘွားဘွား သိပ်ကြိုက်တာပဲ။ ဘယ်သူဖြစ်ဖြစ် ကိုယ်နဲ့ ခံစားရတာ ချင်းတူတဲ့ဇာတ်လမ်းတွေ ပုံလေးတွေဖတ်ရရင် သိပ်သဘောကျ တာပေါ့။

''ဘဲမကြီးဟာ အကျည်းတန်တဲ့ သားလေး အပါအဝင် တခြား သားသမီးများနဲ့အတူ ကြက်ဆင်ဘုရင်မကြီးကို သွား ကန်တော့တဲ့အခါ ''မင်းမွေးတဲ့အထဲမှာ ဒီဘဲလေးတစ်ကောင် ဟာ အကျည်းတန်လှချည်လား'' လို့ ပြောသံကြားတော့ ဘဲလေး ဟာ ခေါင်းမဖော်ချင်လောက်အောင်ရှက်ပြီး စိတ်ညစ်သွား တယ်'' တဲ့။ အဲဒီအခန်းရောက်ရင် ဘွားဘွား မျက်ရည်ကျလာ ရော။

သူ့မိခင် အသိုင်းအဝိုင်းက ရုန်းကန်ထွက်သွားတော့ သူ့ ခမျာ နို့သည်အိမ် ရောက်သွားတယ်။ အစွမ်းပြချင်တဲ့ မရွှေ ကြက်မက ''သူ့လို ကတော်တော်အော်စမ်း။ ကြက်ဥ အုပြစမ်း'' ခိုင်းလိုက်သေး။ ဘဲသတ္တဝါ ဖြစ်ပါတယ်ဆိုမှ ကြက်လို ကတော် ကတော် ဘယ်အော်တတ်မလဲ။ ဘဲအထီးလေးပါဆိုမှ ကြက်ဥ ပြစမ်းပါတဲ့။ သဘာဝမကျတာတွေခိုင်းပြီး သူတို့ကပဲ ဘဲလေးကို အသုံးမကျဘူးလို့ ပြောကြသေးတယ်။

တစ်ခါ ကြောင်မ လာသေးတယ်လေ။ သူ့လို ''ညောင် ညောင်'' အော်ပြစမ်းပါဦးတဲ့။ ဘဲ–ပါဆိုနေမှ ကြောင်လို ''ညောင် ညောင်'' လို့ အော်တတ်ပါ့မလား။ သူတို့အအော်ခိုင်းတာ လိုက် မအော်တတ်လို့ ကြောင်ကလဲ အထင်သေးပြီး ''မင်း ဘာမှ အသုံးမကျပါဘူး'' တဲ့။

ဘွားဘွားဖြင့်လေ အဲဒီပုံလေးဖတ်ပြီး သိပ်လဲသဘောကျ၊ ငိုလဲ ငိုတယ်။ ပြီးတော့ စိတ်ထဲမှာ ''ငါများ အဲဒီလို ကြောင်တွေ ကြက်တွေနဲ့တွေ့လို့ သဘာဝမကျတာများ လာခိုင်းရင်တော့ လားကွာ၊ သေပေစေ ခံချမှာပဲ'' လို့ စိတ်ထဲက ခံပြင်းလာတယ်။

(အင်ဖီးရီးယော့ရတီး ကော်ပလက်စ်) ဆိုတဲ့ မိမိကိုယ်မိမိ အထင်သေးစိတ်ဝင်လာ စိတ်ဓါတ်ကျလာလွန်းတော့ ဘဲလေး ဟာ အမဲလိုက်ခွေးကြီးက သူ့ဘာသာ အင်းထဲက ရေတိမ်ထဲမှာ ပြေးလာရင်း ဘဲလေးကို လျှာကြီးပဲထုတ်ပြပြီး မကိုက်ဘဲထွက် သွားတာကိုပဲ ''ငါ အကျည်းတန်လွန်းလို့ ထင်ပါရဲ့ ခွေးကြီး တောင် ငါ့ကို မကိုက်ဘူးလို့'' ကြောက်စိတ်နဲ့ တွေးမိသတဲ့။

ဘွားဘွားလဲ ငယ်ငယ်က အဲဒီလို အစ်ကိုတွေကို အအော် ခံရလွန်းတော့ တစ်ခါမှာ ဘယ်လောက်စိတ်ဓါတ်ကျသွားလဲ ဆိုရင်. . . .

''ငါဟာ သူတို့နဲ့ မောင်နှမအရင်းမှ ဟုတ်ကဲ့လား'' ဆိုတဲ့ သံသယဖြစ်လာတယ်။ စိတ်ထဲက မနေနိုင်တော့ဘူး။ ရှိုက်ကြီး တငင်ငိုပြီးတော့ပဲ မေမေ့ကို မေးမိတယ်။

''မေမေရယ် သမီးကို ပြောပြစမ်းပါ၊ သမီးဟာ မေမေတို့ သမီး ဟုတ်ကဲ့လား၊ မဟုတ်ရင်လဲ ဘွင်းဘွင်းပဲပြောပါ၊ သမီးရဲ့ ဖေဖေ မေမေ အရင်းကို တွေ့ပါရစေ'' လို့ ပြောမိတယ်။

မေမေက အလွန်စိုးရိမ်သွားတယ်၊ ဘွားဘွားကို မျက်ရည် တွေသုတ်ပေးပြီး ''ကဲ. . . . ကဲ. . . . ငါ့သမီးကို သက်သေခံပြမယ်၊ မသန်းရေ ဆရာမ ဒေါ်မိကို သွားခေါ်ပါ'' တဲ့။ ဆရာမဒေါ်မိ ဆိုတာ အစိုးရလက်မှတ်ရ ဝမ်းဆွဲဆရာမကြီးပေါ့။ သန်းသန်း ကလဲ ချက်ချင်းပဲသွားခေါ်တယ်။ ဆရာမကြီး ရောက်လာတော့ မေမေက ဆရာမကြီးကို ပြောပြတယ်။ ''ကဲ. . . . ဒေါ်မိရေ ပြဿနာ ရှင်းပါဦး၊ မခင်ယုရယ် သူ့ကိုဘယ်သူမွေးတာလဲ'' တဲ့။

ဆရာမကြီးက အားပါးတရရယ်တယ်။ သူက ဝဝတုတ် တုတ် ချစ်စရာကြီး။

''အောင်မလေး ငါ့သမီးနယ်နော် အတွေးခေါင်တတ် ပလေ။ သမီးကို တင်တင် (မသိန်းတင်) ဝမ်းထဲကကို အမေ ကိုယ်တိုင် မွေးပေးခဲ့ရတာ။ တခြားကလေးတွေလို သဘာဝ အတိုင်း မွေးချိန်မှာ ခေါင်းမလှည့်ဘဲ ထိုင်ရက်ဖြစ်နေလို့ ''ဆုံ ပိုင်းမွေး'' ခေါ်တဲ့ ခြေကစပြီး တဖြေးဖြေးမွေးယူရလို့ ''ခြေက ဖွား'' လဲခေါ်တယ်။ ခု ဘာဖြစ်လို့လဲ. . . .''

''မဖြစ်ပါဘူး၊ သူ့ကိုယ်သူ မွေးစားသမီးလို့ ထင်နေလို့''

ဝမ်းဆွဲဆရာမကြီး ပြန်သွားတော့မှ တိုင်မှာ ချိတ်ထားတဲ့ မေမေ ၁၃ နှစ်သမီးက ရိုက်ထားတဲ့ဓါတ်ပုံကို မေမေက ပြတယ်။

''အဲဒါ မေမေငယ်ငယ်ကပုံ၊ နှာတံပေါ်ပြီး နှုတ်ခမ်းပါးတာ ကလွဲရင် မေမေနဲ့ သမီးဟာ မျက်ခုံး မျက်လုံး ဘယ်လောက် တူလဲ။ မျက်ခုံးထူထူ၊ မျက်လုံးဝိုင်းဝိုင်းကြီးနဲ့ အသားညိုတာရော မေမေနဲ့ မတူဘူးလား။ မေမေ့မျက်နှာကိုရော သေသေချာချာ ကြည့်စမ်း။ နှုတ်ခမ်းထူတာ၊ နှာတံမသွယ်တာကတော့ ဖေဖေ့ကို သွားတူတာကိုတဲ့. . . .''

မေမေက စိတ်ရှည်လက်ရှည် ရှင်းပြတယ်။ သားကြီးလဲ ဘွားဘွားရဲ့ မေမေ့ပုံကို တွေ့ချင်ရင် ခုဘုရားဆောင်မှာ သူ ဆယ့်သုံးနှစ် ၁၃–နှစ်သမီးက ရိုက်ထားတဲ့ပုံ ရှိတယ်၊ သွားကြည့် ပေတော့။

ဘွားဘွား ဒါကြောင့် ကလေးတွေကို ဒေါသလျှောက် အော်ချင်မိရင် စိတ်ကိုထိန်းလိုက်တယ်၊ မိသားစု တစ်စုစုမှာ ဘွားဘွားလို အကျည်းတန်သူ တစ်ယောက်တလေပါရင် ဘွား ဘွား ကိုယ်ချင်းစာပြီး သူ့ကို ပိုအရေးပေးတယ်။ ဟိုတစ်ခေတ် ကတော့ ကလေးတစ်ယောက်ကို အရမ်းအော်တာ ပက်ပက် စက်စက် ပြောတာဟာ ကလေးတစ်ယောက်ရဲ့စိတ်ကို ဘယ် လောက် စိတ်ဓါတ်ကျစေတယ်ဆိုတာ သတိမမူကြဘူးနော်။

ကျောင်းမှာ အဖိတ်နေ့ တစ်ပတ်တစ်ခါ ဗုဒ္ဓဘာသာဆိုင်ရာ နိပါတ်တော် ပုံပြင်တွေကို

နားထောင်ရရုံမက၊ အတန်းတိုင်းရဲ့ စာသင်ချိန် အချိန်ဇယားမှာကို ဗုဒ္ဓဘာသာ သင်ခန်းစာဆိုတာ ကို သတ်သတ်ပါတယ် သားကြီးရဲ့။

ဥပမာ–ပထမတန်း၊ ဒုတိယတန်းဆို မင်္ဂလသုတ်၊ တတိယ တန်း၊ စတုတ္ထတန်းဆို လောကနီတိ။ ပဥ္စမတန်းမှာဆို အပြင် အောင်ခြင်း။ ဆဋ္ဌမတန်းမှာ အတွင်းအောင်ခြင်း။ ခုနစ်တန်း ရောက်တော့ ဗုဒ္ဓဝင်နဲ့ မြန်မာစာထဲမှာလဲ ဇာတ်ကြီးဆယ်ဘွဲ့ ထဲက ဝေဿန္တရာ၊ ဇနက္က၊ သုဝဏ္ဏသာမ အစရှိတာအထဲက တစ်အုပ် အမြဲပြဋ္ဌာန်းတယ်။

အဲဒီတော့ ဗုဒ္ဓဘာသာစာပေဟာ ကျောင်းမှာလဲ မသင် မနေရ၊ အိမ်ရောက်တော့ စာဖတ်ချိန်မရောက်ခင် ညဦးပိုင်းမှာ ဘွားဘွားတို့ မောင်နှမတွေအားလုံးနဲ့ ကလေးကစားဖော်တွေ ဟာ ဘုရားရှိခိုးပြီး ပရိတ်ကြီး ဆယ်သုတ်ကို ရွတ်ရတယ်။ စာ ကျက်ပြီး အိပ်ရာဝင်ခါနီးရင် အမေကြီးကအစ တစ်အိမ်လုံး လူကြီးတွေကို ကန်တော့ပြီးမှ အိပ်ရာဝင်ကြရော။ ဒီလို ကျောင်း နဲ့ အိမ်နဲ့ နှစ်ဘက်ညှပ်ပြီး ကလေးတစ်ယောက်ကို ကြပ်မတ် လာကြတာပဲ။

မမတို့ကျောင်းတွေမှာတော့ ဗုဒ္ဓဘာသာကို သင်ခန်းစာ တစ်ခုအဖြစ် သင်ရလား မသင်ရလား မသိဘူး။ ဘွားဘွားမို့လို့. . . .

လောကနီတိ၊ ပဝက္ခာမိ၊ နာနာသတ္တာ၊ သမုဒ္ဓဋံ၊ မာဂဓေနေဝ၊ သံခေပံ၊ ဝန္ဒိတွာ၊ ရတနတ္တယံ၊ အစရှိတဲ့ လောကနီတိကျမ်း၊ အစကိုပဲကျက်ရင် သူတို့ကရယ် တယ်။

သိပ္ပံ၊ အတတ်နှင့် သမံတူသော၊ ဓနံဥစ္စာသည်၊ နတ္ထိမရှိ။

သိပ္ပံအတတ်ကို၊ စောရာ၊ ခိုးသူတို့သည်၊ နဂဏှန္တိ၊ မယူနိုင်ကုန်။

ဣဓလောကေ၊ ဤလောက၌၊ သိပ္ပံအတတ်သည် ကား၊ မိတ္တံ အဆွေခင်ပွန်းဖြစ်၏။

ပရလောက၊ တမလွန်ဘဝ၌၊ သုခါဝဟံ၊ ချမ်းသာ ကို ဆောင်တတ်၏။

မြန်မာလို ရှင်းရှင်းရေးရင်တော့. . . .

အတတ်ပညာနှင့်တူတဲ့ ဥစ္စာပစ္စည်းဆိုတာ မရှိဘူးတဲ့။

အတတ်ပညာကို ခိုးသူတို့ မခိုးယူနိုင်ဘူးတဲ့။

အတတ်ပညာဟာ အဆွေခင်ပွန်း အစစ်ပဲတဲ့။

အတတ်ပညာဟာ လက်ရှိ မျက်မှောက်ဘဝမှာတင် အကျိုးပေးတာ မဟုတ်ဘူး၊ တမလွန်ဆိုတဲ့ နောင်ဘဝ မှာလဲ ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်တယ်လို့. . . .

ဆိုလိုတာ သားကြီးရဲ့။ မမတို့ ကိုကိုတို့ကတော့ ဘွားဘွား အဲဒီ စာပဲကျက်ကျက် အတန်းကြီးလာလို့

''အကြင်မြတ်စွာဘုရားသခင်သည်၊ ဂိရိမေခလာ အမည်ရှိသော ဆင်ကို၊ တက်စီးထသော၊ အလွန်ဖန် ဆင်းအပ်သော၊ လက်နက်နှင့်တကွဖြစ်သော၊ တစ် ထောင်သောလက်ရုံးရှိထသော၊ ကြမ်းတမ်းစွာထသော၊ စစ်သည်နှင့်တကွသော၊ မာရ်နတ်သားကို၊ ဒါနပါရမီ အစရှိသော၊ တရားတည်းဟူသော၊ အစီအရင်ဖြင့်၊ အောင်တော်မူလေပြီ။

မာရ်နတ်သားကို၊ အောင်မြင်တော်မူသော၊ မြတ် စွာဘုရားသခင်၏တန်ခိုးတော်အားဖြင့်၊ အကျွန်ုပ်အား၊ မြတ်သောအောင်ခြင်းမင်္ဂလာသည်၊ဖြစ်ပါစေသတည်း။

ဆိုတဲ့ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်းတွေကိုပဲ နှုတ်တက်ရွတ်ရွတ်၊ သူတို့က ဘုန်းကြီးကျောင်းသူမလေးဟဲ့ လို့ နောက်ပြောင်တာပဲ။ သူတို့ ကျောင်းတွေမှာတော့ ဒီစာတွေ သင်ရလား မသင်ရလား ဘွားဘွား မသိဘူး။

သားကြီးရဲ့မေမေ 'မိ' ကြီးလာတော့ သူနေတဲ့ ကျောင်းတွေ ကတော့ သေချာတယ်။ ဒါတွေ ဘာမှ သင်မပေးတော့ မင်္ဂလ သုတ်ကို ဘွားဘွားတို့က အိမ်မှာ သင်ပေးရတယ်။ နိပါတ်တော် လာ ရိုးရာပုံပြင်တွေကိုတော့ ညအိပ်ရာဝင်ခါနီးရင် သူ့ဒေါ်ကြီး က သူ့ကို ပြောပြရတာပေါ့။

ပရိတ်ရွတ်တဲ့ အကျင့်တွေ ဘာတွေလဲ ဘွားဘွားတို့လို မောင်နှမ, မများ၊ သူက တစ်ယောက်ထဲဆိုတော့ မရွတ်တတ် ဘူး။ ဘွားဘွား ပရိတ်ရွတ်တာပဲ သူ နားထောင်တတ်တော့တယ်။

သားကြီးရဲ့မေမေ မိကို ဘွားဘွားက မင်္ဂလာတရား သုံးဆယ့် ရှစ်ပါးဆိုတာ ဒါတွေပဲလို့ မြန်မာလို ရှင်းရှင်းပဲ အောက်ပါအတိုင်း ပြောပြရတယ်။

၁။ လူမိုက်တို့ကို မမှီဝဲမဆည်းကပ်ရခြင်းလည်းတစ်ပါး။

၂။ ပညာရှိသောသူတို့ကို မှီဝဲဆည်းကပ်ရခြင်းလည်း တစ်ပါး။

၃။ ပူဇော်ထိုက်သောသူတို့ကို ပူဇော်ရခြင်းလည်းတစ်ပါး။

၄။ တင့်အပ်လျောက်ပတ်သောအရပ်၌ နေရခြင်းလည်း တစ်ပါး။

၅။ ရှေးရှေးသောကိုယ်၏အဖြစ်၌ ပြုအပ်သော ကောင်း မှုရှိသောသူ၏ အဖြစ်လည်းတစ်ပါး။

၆။ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ရခြင်းလည်း တစ်ပါး။

၇။ အကြားအမြင်များသော သူ၏အဖြစ်လည်းတစ်ပါး။

၈။ အပြစ်မရှိသော အတတ်တို့ကို တတ်ရခြင်းလည်း တစ်ပါး။

၉။ ကောင်းစွာသင်အပ်သော ဝိနည်းတရားလည်းတစ် ပါး။

၁၀။ ကောင်းစွာဆိုအပ်သော စကားလည်းတစ်ပါး။

၁၁။ အမိအဘတို့ကို လုပ်ကျွေးပြုစုရခြင်းလည်းတစ်ပါး။

၁၂။ သားမယားတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းလည်း တစ်ပါး။

၁၃။အနှောင့်အယှက်မရှိသော အမှုလည်းတစ်ပါး။

၁၄။ အလှူပေးရခြင်းလည်းတစ်ပါး။

၁၅။ တရားတော်နှင့်အညီ ကျင့်ရခြင်းလည်းတစ်ပါး။

၁၆။ အဆွေအမျိုးတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းလည်း တစ်ပါး။

၁၇။ အပြစ်ရှိသောအမှုလည်းတစ်ပါး။

၁၈။ မကောင်းမှုမှ ဝေးစွာကြဉ်ရှောင်ရခြင်းလည်းတစ်ပါး။

၁၉။ မကောင်းမှုကို အထူးသဖြင့် ကြဉ်ရှောင်ရခြင်းလည်း တစ်ပါး။

၂၀။ သေအရက်ကို သောက်ခြင်းမှာ ကောင်းစွာကြဉ် ရှောင်ရခြင်းလည်းတစ်ပါး။

၂၁။ ကုသိုလ်တရားတို့၌ မမေ့မလျော့ရခြင်းလည်းတစ်ပါး။

၂၂။ ရိုသေအပ်သောသူတို့ကို ရိုသေရခြင်းလည်းတစ်ပါး။

၂၃။ မိမိကိုယ်ကိုနှိမ့်ချရခြင်းလည်းတစ်ပါး။

၂၄။ ရောင့်ရဲလွယ်ခြင်းလည်းတစ်ပါး။

၂၅။ သူ့ကျေးဇူးကို သိရခြင်းလည်းတစ်ပါး။

၂၆။ လျောက်ပတ်သောအခါ၌ တရားတော်ကို နာရခြင်း လည်းတစ်ပါး။

၂၇။ သည်းခံရခြင်းလည်းတစ်ပါး။

၂၈။ သူတော်ကောင်းတို့ဆုံးမရာ လိုက်နာလွယ်ရခြင်း လည်းတစ်ပါး။

၂၉။ ရဟန်းပုဏ္ဏားတို့အား ဖူးမြော်ရခြင်းလည်းတစ်ပါး။

၃၀။ လျောက်ပတ်သောအခါ၌ တရားစကားကို ဆွေးနွေး မေးမြန်းရခြင်းလည်းတစ်ပါး။

၃၁။ ခြိုးခြံစွာကျင့်ရခြင်းလည်းတစ်ပါး။

၃၂။ မြတ်သောအကျင့်ကို ကျင့်ရခြင်းလည်းတစ်ပါး။

၃၃။ အရိယာသစ္စာ တရားတို့ကို သိမြင်ရခြင်းလည်း တစ်ပါး။

၃၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းလည်းတစ်ပါး။
၃၅။ လောကဓံတရားရှစ်ပါးတို့နှင့် တွေ့ကြုံငြားသော် လည်း ရဟန္တာပုဂ္ဂိုလ်တို့၏စိတ်သည် တုန်လှုပ်ခြင်း မရှိသည်လည်းတစ်ပါး။
၃၆။ စိုးရိမ်ခြင်းမရှိသည်လည်းတစ်ပါး။
၃၇။ ရမ္မက်ဟူသော မြူကင်းခြင်းသည်လည်းတစ်ပါး။
၃၈။ ဘေးမရှိခြင်းလည်းတစ်ပါး။

ခုလို မြန်မာစကားပြေနဲ့ လွယ်လွယ်ကူကူရေးထားတော့ သားကြီး နားလည်လွယ်မှာပေါ့နော်။

တစ်နေ့ကတော့ ဗုဒ္ဓကလျာဏယုဝအသင်းက ဆုပေးပွဲကို ဘွားဘွား သွားပြီးတက်တယ်။ ဆုရကြတဲ့ ကျောင်းသားကျောင်း သူများနဲ့တကွ တက်ရောက်တဲ့ ဧည့်သည်တွေ၊ သံဃာစင်ပေါ်က သံဃာတော်များအားလုံးဟာ မင်္ဂလာတရားကို ပါဠိအတိုင်း ရွတ် ဆိုကြရတော့ ဘွားဘွားငယ်ငယ်က နေခဲ့ရတဲ့ ဦးဘိုးထင် ကျောင်းလေးကို သွားသတိရတယ်။

''ဩော်. . . . မင်္ဂလာတရားတော်ဟာ မပျောက်ကွယ်သေးပါ လား'' ဆိုတဲ့ ပီတိဟာ ရင်ထဲမှာ တသိမ့်သိမ့် ခံစားရတယ်။ ဦးကြင် (သံအမတ်ကြီးဟောင်း) ရဲ့ အစီရင်ခံစာထဲမှာတော့ ဘယ်တိုင်းတွေ ဘယ်တိုင်းတွေ၊ မြို့နယ်အလိုက် မင်္ဂလာစာပေး ပွဲဖြေဆိုသူတွေ တိုးတက်လာတယ်။ ဘယ်မြို့နယ်တွေကတော့ ဆုတ်ယုတ်သွားတယ် စသဖြင့်ပါလာတယ်။ မင်္ဂလာတရားတော် ကို တိုးတက်ပြန့်ပွားပြီး ဖြေဆိုသူတွေ များပြားလာတဲ့ တိုင်းထဲ မှာ ဘွားဘွား မွေးဖွားလာခဲ့ရတဲ့ ဧရာဝတီတိုင်းဟာ တိုးတက်တဲ့ တိုင်းထဲမှာပါလို့ ဝမ်းသာလို့မဆုံးဘူး။

ခုတော့ဖြင့် သားကြီးရဲ့မေမေ မမွေးမီနေတဲ့ ကျောင်းမျိုး ပျောက်ပြီး ကျောင်းတိုင်းဟာ မြန်မာ့ယဉ်ကျေးမှုပင်ရင်းကို အခြေတည်လာလို့ ဘွားဘွား ဝမ်းမြောက်ပါတယ် သားကြီး။

မမွေးမီ ငယ်စဉ်ကထားခဲ့ရတဲ့ ကျောင်းတွေက သိပ္ပံပညာ ရပ်မှာ ထူးချွန်တယ်၊ အင်္ဂလိပ်စာမှာလဲ တော်ပါတယ်။ ဒီကျောင်း ကြီးရဲ့ ကျေးဇူးကိုလဲ မမေ့သင့်ဘူးပေါ့။ သို့သော်လဲ 'မိ' စိတ်ထဲ မှာ ပင်ကိုယ် မြန်မာ့ယဉ်ကျေးမှုနဲ့ မြန်မာစာပေကို လေးစားမှု ရှိအောင် အိမ်ကတစ်ဖက် ထိန်းပေးခဲ့ရတယ်။ လူတစ်ယောက်ရဲ့ ကြီးပွားတိုးတက်မှုဟာ သိပ္ပံပညာတစ်ခုထဲမှာ အတည်ပေ ဘူး။ အကျင့်စာရိတ္တဆိုတဲ့ နှလုံးသားကိုထိန်းသိမ်းတဲ့ လောကု တ္တရာဘာသာရေးဆိုင်ရာ သီလအပေါ်မှာလဲ တည်တယ်။ ပန်းဟာပွင့်သော်လဲ ကိုယ်ကျင့်တရားမပါရင် အဆိပ်ပင်ကြီးပဲ ပွင့် မှာပဲ။

ဘွားဘွားတို့တိုင်းပြည်မှာ တချို့လူတွေ အယူအဆ အလေ့ အထက နိုင်ငံခြားက ဓလေ့ပုံစံကို ကူးယူရမှ အကောင်းထင် တယ်။ မြန်မာမှာ အရင်တုန်းက ဒီလိုအခြေခံမရှိသလို ပြော ကြလွန်းလို့ ဘွားဘွား ရင်နာတယ်။

မင်္ဂလာတရားတော်ထဲမှာပါတဲ့ အပိုဒ်တွေထဲမှာကိုက လူ့ ပြည်လောကီ မျက်မှောက်မှာ ဘယ်လိုကျင့်ကြံပြီး လောကုတ္တရာ မှာ ဘယ်လိုနေရမယ်ဆိုတာ ပါပြီးသားပါ သားကြီး။ ဘယ်တော့ မှ မြတ်စွာဘုရားသခင်ရဲ့ တရားတော်တွေဟာ အောက်ခြေ မလွတ်ဘူး။ မိမိကိုယ်ကို ကောင်းစွာဆောက်တည်ရမယ်။ မိမိရဲ့ ပတ်ဝန်းကျင်လဲ ဘယ်လိုကောင်းအောင် ကြိုးပမ်းရမယ်။ အနစ်နာခံရမယ်ဆိုတာ နိပါတ်တော်လာ ပုံပြင်တွေ အများကြီးပဲ။ ဒါကြောင့် နောက်ပိုင်းမှာ သားကြီးကို မှတ်လောက်တဲ့ပုံပြင်လေး ပြောပြသွားမယ်နော်။

ရှေ့က ဘွားဘွား ရေးသားခဲ့တဲ့အထဲမှာ ဘွားဘွားကတော့ ပုံစံမသွင်းလိုတော့ပါဘူး ပြောခဲ့တယ်။ ဟုတ်တယ်။ လက်ခတ် တွေ ပုံစံတွေ များများနဲ့ အိုးထိန်းသည်ဟာ သူ့အိုးကို ''ပြင်လွန်း တော့လဲ ဖင်ချွန်းတတ်တယ်'' သားကြီး။

ကဲ. . . . ဘွားဘွားက ''ငါ့သားကြီးကို ချစ်လွန်းလို့ မြသားလို ကိန္နရာရုပ်သဏ္ဍာန် ကမ္ဘာကျော် ပန်းပုဆရာကြီးခေါ်ပြီး ထုလုပ် ထားပါပြီတဲ့။ အဲဒီ အရုပ်ကလေးကိုလဲ ကြေးမုံပြင် (မှန်) ကို နေ့စဉ်ကြည့်သလို ကြည့်ချင်လွန်းလို့ ဧည့်ခန်းမှာ ထားပါပြီတဲ့။

သားကြီးက မြသားလို ပထဝီ၊ တေဇော၊ အာပေါ၊ ဝါရော ဆိုတဲ့ ဓါတ်ကြီးလေးပါး အစုအဝေးချည်းပဲ မဟုတ်ဘူး။ သားမှာ ''အတိတ်ကံ'' က ဘယ်လို ပါလာသလဲဆိုတာ မသိ။ ''စိတ်'' ဆိုတဲ့ သားကြီးရဲ့ ရင်တွင်းအခံဓါတ်ကလဲ ဘယ်လိုမှန်းမသိ။

''ဘွားဘွားရယ် အဲဒီနံရံလေးဘက်ဟာ ဧည့်ခန်းမကြီးမှာ ဘွားဘွားက ဘယ်လိုပဲထားထား ကျွန်တော်က ကိန္နရာရုပ်လို အလှကြည့်ခံတဲ့အကောင် မဟုတ်ဘူး။ ဘွားဘွားရဲ့နံရံက မှန် ပြတင်းတွေ ခွဲထွက်ပြီး အာကာသမှာ သိန်းစွန်ငှက်ကြီးလို အဟုန်ပြင်းပြင်းနဲ့ ပျံထွက်သွားတော့မယ်'' ဆိုပြီး ပျံထွက်သွား ရင် ဘွားဘွား ဘာများတတ်နိုင်မှာလဲ။

တစ်ခုကလဲ သားကြီးရဲ့ဘဘ ဦးပုံစံက ဗမာ့တပ်မတော် သားတစ်ယောက်ဆိုတော့ သူ့ရဲ့ တပ်မတော် စစ်ပုံစံကို သွင်း လို့ သားကြီးဟာ တကယ့်ကိုပဲ ရဲဘော်ကောင်းတစ်ယောက် ဖြစ် နေပြီပဲထား။

တစ်ဖက်ကလဲ သားကြီးရဲ့ဖေဖေ ထွန်းအောင်ကျော်က တပ်မတော် (လေ) က တပ်မတော်သားတစ်ယောက် ဖြစ်နေ တော့ သူက သားကြီးကို ပုံစံသွင်းလိုက်တာ ကောင်းကင်ပျံနေတဲ့ အာကာသ သူရဲကောင်းကြီးအဖြစ် ငါ့သားကြီး ဖြစ်လာပြီပဲထား။ ပြောနိုင်ဘူးလေ သားကြီးတို့လက်ထက်လောက်ရောက်လျှင် သိပ္ပံပညာတွေ သိပ်တိုးတက်လာတဲ့အခါမှာ ဂြိုဟ်ကြီးရှစ်လုံးကို အိမ်ပေါက်စေ့ ဝင်ထွက်ပြီး အလည်အပတ်သွားနိုင်တဲ့အဖြစ် မရောက်ပါဘူးလို့လဲ မဆိုနိုင်ဘူး။

ကဲ. . . . သားကြီးရဲ့မိခင် 'မိ' ကလဲ ''ငါ့သားကြီး ငါ့လိုပဲ ဆရာ ဝန်၊ သို့မဟုတ် သိပ္ပံပညာ စိတ်ဝင်စားတဲ့သူ ဖြစ်ရမယ်ဆိုပြီး သူက ပုံစံသွင်းလိုက်လို့ ငါ့သားကြီးဟာ ကမ္ဘာကျော် သမားတော် ကြီးဖြစ်ပြီး သေသူကို ပြန်ရှင်အောင် အသက်သွင်းနိုင်တဲ့ ဆရာ ဝန်ကြီးပဲ ဖြစ်စေဦးတော့ သားကြီးရဲ့ အသည်းနှလုံးစိတ်အခံက ပုတ်ပွဲယုတ်မာ စုတ်ပွဲသေးသိမ် နုံချာအမြင်ကျဉ်းနေရင် အဲဒီ ပညာတွေဟာ တစ်ခါထဲကုန်တာပဲ။ သွားရော။ စကားစပ်လို့ ပြောရရင် ''ဒုကူလနဲ့ ပါရိက'' ဖြစ်သွားမှာပေါ့။

ဒုကူလနဲ့ ပါရိကဟာ အတိတ်ဘဝ တစ်ခါတုန်းက ဆေး သမား လင်မယား ဖြစ်ခဲ့ကြတယ်။ (ခေတ်စကားနဲ့ရေးရရင်) မျက်စိအထူးကုဆရာဝန် (အိုင်းစ်စပယ်ရှယ်လစ်) ပေါ့ သားရယ်။ တစ်နေ့တော့ ဒုကူလဟာ မျက်စိဝေဒနာသည် သူကြွယ်တစ် ယောက်ကို ကုသလိုက်တာ တစ်ခါထဲ ပြန်မြင်လာတဲ့အခြေ ရောက်လာတယ်။ အစကတော့ သူ့မျက်စိသာ ပြန်မြင်လာရင် အခကြေးငွေ ဘယ်လောက်ပေးပါ့မယ်ဆိုပြီး ဝေဒနာရှင်က ပြောခဲ့တာပေါ့။ မျက်စိလဲမြင်လာရော ကတိဖျက်ပြီး ပိုက်ဆံ မပေးတော့ဘူး။ အဲဒီတော့ ဆရာဝန်ကြီး (ဒုကူလ အလောင်း အလျာ) ဟာ စိတ်ဆိုးတာပေါ့။ ဆရာဝန်ကတော် (ပါရိကာ) လောင်းကို ပြောပြတာပေါ့လေ။

''ဒီလူနာဟာ ပိုက်ဆံရှိတဲ့ သူကြွယ်ဖြစ်ပါရက်နဲ့ မျက်စိလဲ ကောင်းလာရော ကတိခံထားတဲ့ ကုသခ အဖိုးအခကို မပေး ဘူး'' လို့ ပြောသတဲ့။

ပါရိကာ အလောင်းအလျာ ဆရာဝန်ကတော်ကြီးဟာ ပုထုဇဉ် မိန်းမတစ်ယောက် အဖြစ်မျိုးပေါ့။ ပိုက်ဆံမက်တာပေါ့လေ။

''ဒီလိုဆို ဒီလူနာ မျက်စိပြန်ကွယ်သွားအောင် လုပ်လိုက် လို့'' ပြောလိုက်မိတယ်။

ဒုကူလဟာ မိန်းမ ပြောစကားအတိုင်း လုပ်လိုက်တော့ ဝေဒနာရှင်ဟာ မျက်စိပြန်ကွယ်သွားရော။ ဒီတော့မှ ဝေဒနာ ရှင်က ပြန်တောင်းပန်ပြီး ကတိခံထားတဲ့အတိုင်း ကုသတဲ့အခါကို ပေးမှ ဒုကူလက မျက်စိပြန်မြင်အောင် လုပ်ပေးသတဲ့။

လူတစ်ယောက်ရဲ့ ပြုတဲ့ကုသိုလ် အကုသိုလ်ကံဟာ ကိုယ်နဲ့ ထပ်ချပ်မကွာ သံသရာမှာ လည်သရွေ့ အရိပ်ပမာလိုက်နေတာ။ အကျိုးပေးဖို့ ကြုံတဲ့အလှည့်မှာတော့ အဲဒီအကုသိုလ်စိတ် အတွက် အကျိုးပေးခံရတာပဲ။ အခုလဲ ခုနက ဆရာဝန်ကြီးနဲ့ ဇနီးဟာ ဘဝများစွာကျင်လည်ရာက ခံရမယ့်ဘဝဖြစ်တဲ့ သုဝဏ္ဏ သာမရဲ့ မိဘများအဖြစ် ဒုကူလနဲ့ ပါရိကဆိုပြီး လင်မယားနှစ် ယောက်ဘဝကို ရောက်လာကြတော့တယ်။ အတိတ်က ပြုခဲ့တဲ့ အကုသိုလ်ကံ (စေတနာဆိုး) က အခွင့်သာတဲ့အချိန်မှာ အကျိုး ပေးလိုက်ပုံကတော့ လင်မယားနှစ်ယောက်စလုံး မြွေဆိပ်သင့် ပြီး မျက်စိကွယ်ကြရရှာတယ်။

ဒါကြောင့် ဘုရင့်နောင်နဲ့ ရာဇာဓိရာဇ်တို့လို စစ်သူရဲ ကောင်းတွေ၊ ဒုကူလလောင်းလျာ၊ ဇီဝကတို့လို သမားကျော်ကြီး တွေဖြစ်အောင် ပုံစံသွင်းတဲ့ဘက်မှာ ဘွားဘွား မပါပါရစေနဲ့။ သူတို့ကြိုက်သလို ပုံစံသွင်းတာကိုပဲ ဘွားဘွား အဝေးက ကြည့် ပါရစေ။ ဘယ်ပုံစံနဲ့ ဘယ်လိုပဲ ရုပ်သဘော တိုးတက်နေနေ စိတ်ဓါတ်စေတနာ အရင်းခံက ကောင်းနေပါမှ သားကြီးတတ် ထားတဲ့ပည်နဲ့ လောကသားတွေကို အကျိုးပြုနိုင်တာလို့ ဘွား ဘွားဆိုလိုတာ သားကြီး။

သားကြီးရဲ့ စိတ်စေတနာကို ပြုပြင်ရာမှာ မင်္ဂလာတရား တော်ဆိုင်ရာ ဝတ္ထုကြောင်းတွေနဲ့ တရားအချက်အလက်တွေ ဟာ ဘယ်လိုအကျိုးသက်ရောက်မယ်ဆိုတာကိုတော့ သားကြီး ဖတ်နိုင်တဲ့အခါ ဖတ်ပေတော့။ တဖြည်းဖြည်း ဖတ်လာရင်း သိ လာမှာပါပဲ။

လာခြင်းကောင်းပါ၏

သားကြီးကတော့ လာခြင်းကောင်းပါပေတယ်။ ''ကောင်း သောလာခြင်း ဖြစ်ပါစေသတည်း'' လို့ ရှေးက နိပါတ်တော်ပုံပြင် တွေမှာ တွေ့ရတယ်။

တစ်ဦးနဲ့တစ်ဦး နှုတ်ဆက်ကြတဲ့ အလေ့အထရှိကြောင်း။

ခုခေတ် အနောက်တိုင်းထုံးစံမှာ တွေ့တဲ့အခါ ''ဂွတ်မော နင်း'' ''ကောင်းသောနံနက်ခင်းပါ'' လို့ နှုတ်ဆက်ကြသလိုပေါ့။ ခုခေတ် မြန်မာတွေကတော့ တစ်ဦးနဲ့တစ်ဦးတွေ့ရင် ''ကျန်းမာ ပါရဲ့လား'' ဆိုပြီး နှုတ်ဆက်ကြတယ်။ ပဋိသန္ဓာရ အဆက်အစပ် စကားလို့ ဆိုရမှာပေါ့ သားရယ်။

သားကြီး မွေးဖွားလာချိန် ဇန်နဝါရီလတစ်ရက် (မြန်မာလို ပြာသိုလဆန်း ၂ ရက်) နေ့မှာဖြင့် နံနက်ခင်းဟာ နှင်းမှုန်လေး တွေ ဆောင်းလေထဲမှာ ပျံ့ကြနေတဲ့အချိန်ပဲ။ နေခြည်လဲ သိပ် မပြင်းဘူး။ ပူနွေးနေတဲ့အချိန်ပေါ့။

ဘွားဘွားချစ်တဲ့ ပန်းတစ်မျိုးထဲမှာ အပါအဝင် စက္ကူပန်း အဖြူတွေဟာ ဘွားဘွားတို့ခြံထဲမှာ အရွက်ပျောက်လုမတတ် ဖွေးနေအောင် ပွင့်သလို သားကြီးမွေးဖွားတဲ့ စစ်ဆေးရုံဥယျာဉ်ထဲမှာလဲ အဖြူပွင့်ဖတ်တွေ အဆုပ်လိုက် ဆက်ဆက်ပြီး တန်း နေအောင်ပွင့်တဲ့ ပန်းကိုင်းတွေဟာ ဆောင်းလေမှာ ယိမ်းနွဲ့နေ ပြီး တက်သစ်စနေကို ကြိုဆိုကြချိန်ပါပဲ။

နေခြည်နုနဲ့ ရွက်နုနဲ့ဆိုလို့ အမှတ်ရမိသေးတယ်။ ဦးဦး ကိုသန်းဆွေရေးတဲ့ ဝတ္ထုတစ်ပုဒ် ဘွားဘွား ဖတ်ဖူးတယ်။ သူ့ ဝတ္ထုဟာ ဂျပန်ဝတ္ထုတစ်ပုဒ်ကို မှီးပြီးရေးသားထားတာ။

ဂျပန်ကဗျာဆရာကြီးက နေခြည်နုနုနဲ့ မြသစ်ရွက်စိမ်းတို့ရဲ့ တစ်ခုကိုတစ်ခု အကျိုးပြုပုံကို ဖွဲ့နွဲ့ပြီးရေးထားတဲ့ ကဗျာလေး ပေါ် အမှီပြုပြီး သူ့ဝတ္ထုကို ရေးသားထားတယ် သားကြီး။

သားကြီးအတွက် တက်သစ်စနုနယ်တဲ့ နေခြည်ဟာ ကြိုဆို နေပါတယ်။ လင်းအရုဏ်ဟာ သားကြီးရှေ့မှာ ရှိနေပါတယ်။ သားကြီးနဲ့တကွ ကြီးပြင်းလာမယ့် လူလေးများအားလုံးရဲ့ ခေတ် ဟာ သာယာငြိမ်းချမ်းပြီး အပြစ်ကင်းစင် အေးချမ်းတဲ့ခေတ် ဖြစ်ပါစေတော့လို့ ဘွားဘွားတို့ လက်ရှိတစ်ခေတ်လူတွေကဖြင့် အလူးအလိမ့် ကြိုးပမ်းနေကြပါတယ်။

ဘွားဘွားအနေကတော့ဖြင့် အခါနှောင်းခဲ့ပြီ သားကြီး။

''ဘွားဘွားကလဲ ဘွားဘွားဘဝကို ပြောရမှာ အားငယ် စရာကောင်းလိုက်တာလို့ သားကြီးကပြောမယ်။

ဘွားဘွားလေ ဝတ္ထုတွေရေးတယ်။ ဘွားဘွားရေးတဲ့ ဝတ္ထု တွေထဲမှာ ပထမဆုံးရုပ်ရှင်ရိုက်တဲ့ ဝတ္ထုကတော့ ''နဂါးငွေ့တန်း'' ဝတ္ထုရှည်ပဲ။ ဒီဝတ္ထုဟာ ဒါရိုက်တာက ''ညပန်းချီ'' လို့ အမည် ပေးတယ်။ ဒါရိုက်တာဟာ အလွန်ကြိုးစားပေမယ့် အကြောင်း ကြောင်းဆိုတဲ့ အခက်အခဲတွေကြောင့် အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ဘူး။

ဒုတိယရိုက်တဲ့ ''မွေး'' ဝတ္ထုကဖြင့် ဘွားဘွားကို ရုပ်ရှင် လောကမှာ နာမည်ကြီးအောင်လုပ်လိုက်တဲ့ ဝတ္ထုပဲ။ စာအုပ်ကို မှီမှီ မမှီမှီ သူ့ခေတ်သူ့နှစ်မှာတော့ ''မွေး'' ရုပ်ရှင်ဇာတ်လမ်းနဲ့ ''မွေး'' ဘဝလို ဇာတ်လမ်းဟာ မှတ်တိုင်တစ်တိုင် ဖြစ်ပေတယ် လို့ သုံးသပ်ကြတယ်။ ဘွားဘွားရဲ့ဝတ္ထုဟာ (အီမိုးရှင်း) ခေါ်တဲ့ ခံစားမှုဝေဒနာ သိမ်သိမ်မွေ့မွေ့ရဲ့ အနေအထား လှုပ်ရှားမှုကို စကားလုံးနဲ့ ရုပ်လုံးဖော်ပြီး ရှေ့တန်းတင်ရေးထားတဲ့ဝတ္ထု။ အဲဒီ (အီမိုးရှင်း) ဆိုတာကို အသက်သွင်းပြီး လှုပ်ရှားလာအောင် လုပ် ရတဲ့နေရာမှာ ဘယ်လောက်ခက်ခဲမယ်ဆိုတာ ဘွားဘွား သိတယ်။ (အက်ရှင်) ခေါ်တဲ့ ထိုးလိုက်၊ ချလိုက်၊ ချစ်လိုက်၊ ပေါင်းလိုက် ဆိုတာမျိုး မဟုတ်ဘူး။ ဒါကြောင့် ဒီဝတ္ထုကိုဝယ် ရတဲ့ မမညွန့်ကိုရော ရိုက်ရတဲ့ ဒါရိုက်တာ ဦးချစ်ခင်ကိုရော ဘွားဘွား ယနေ့ထိ သူတို့သတ္တိကို ချီးကျူးလျက်ပါပဲ။

အဲဒီ ''မွေး'' ဝတ္ထုကို ဇာတ်လမ်းအဖွင့် စာတန်းထိုးချိန် ပဏာမသီချင်းမှာ. . . .

''လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ
အသက်တစ်ရာ မနေရသော်လဲ၊
အမှုတစ်ရာ တွေ့ကြုံစမ်းမှဖို့လားလေ။
ကြယ်မစုံ လမသာ ညအခါများမှာမှ မွေးများ မွေးဖွားလာခဲ့လေသလား။
ဘဝအစငိုချင်းက၊
ဘဝအလယ် ငိုချင်းသယ်ကာ၊
ဘဝအဆုံး ငိုချင်းနဲ့သာ ဆုံးရရှာတယ်လေ''

လို့ အဲဒီစကားလုံးနဲ့ သီချင်းစထားတယ်။ စိတ်ထဲက အဲဒီသီချင်း သံကြားရင် ရင်ထဲမှာ ထင့်ထင့်သွားတယ်။ ဘွားဘွားရဲ့ ဘဝ အစကိုတော့ အကြမ်းဖျင်း သားကြီးကို ရေးပြခဲ့ပြီးပြီ။ အပြည့် အစုံတော့ မဟုတ်သေးဘူးပေါ့။ စစ်ခေတ်နဲ့ဆုံခဲ့ရတာ မပါသေး ဘူး။ ကျန်နေသေးတယ်။

ဘဝအလယ်ကတော့ ဘွားဘွား အလုပ်ဝင်လုပ်ပြီး လူ့ဘဝ ခရီးကြမ်းကို စတင်လှမ်းတဲ့အချိန် ဖြစ်တယ်။ အဲဒီအချိန်ဟာ ကျွန်ဘဝနဲ့ လွတ်လပ်ရေးဘဝ စပ်ကူးမတ်ကူး ဖြစ်နေပြန်တော့ မတည်ငြိမ်ဘူး။ ဒီမတည်ငြိမ်မှု အခြေခံ အတွေ့အကြုံ လှိုင်း ဒဏ်ဟာ ဘွားဘွားတစ်ယောက်ထဲသာ မဟုတ်ပါဘူး။ ဘွားဘွား နဲ့အတူ တစ်ခေတ်ထဲ ကြီးပြင်းလာတဲ့ လူငယ်တိုင်းဟာ ဒီခေတ် ဒဏ်ကို အလူးအလိမ့်ခံလိုက်ကြရတယ်။ ဘယ်လောက်ခံရလဲ ဆိုရင် လူကြီးတစ်ပိုင်း ဖြစ်လာကြတဲ့ ခုချိန်ထိပါပဲ။ ခုထိလဲ ခံသီချင်းကို တောနေတာ အတောကိုမသတ်နိုင်သေးဘူး။

အတောမသတ်ပုံကို စကားအလျဉ်းသင့်လို့ နောက်ကြောင်း ကို တင်ပြရမယ်ဆိုရင် ဘွားဘွား အလုပ်စဝင်ချိန်မှာ သားရဲ့ ဘကြီးနုဟာ ပြဿနာပေါင်း သောင်းခြောက်ထောင်နဲ့ ရင်ဆိုင် ရတဲ့ ဝန်ကြီးချုပ်ဟာဘဝ ရှိစဉ်ကပေါ့။ ဒီတုန်းက ကိုယ်တွေ့ အဖြစ်ကလေးတစ်ခုကို ပြောပြရဦးမယ်။ (ဒီနေရာမှာ စကား တစ်ခုပလ္လင်ခံချင်တယ်။ အဖြစ်တစ်ခုတစ်ခု ပြောပြရတဲ့ ကိစ္စ မှာ ကိုယ့်ကိုယ်တွေ့နဲ့ ထင်ရှားတဲ့အဖြစ်ကို ပြောရတာဖြစ်တယ်။ သားကြီး သဘောပေါက် မှားမသွားနဲ့ဦး)။

သူ့ရဲ့အတွင်းရေး အတွင်းဝန်လို့ခေါ်တဲ့ တာဝန်ယူနေရ တယ်။ ဘွားဘွားဟာ အလကား ဘဝင်မြင့်နေတဲ့သူလို့ ဆိုရ မယ်။ အတွင်းရေး အတွင်းဝန်ဆိုတာဟာ ပါချုပ်ချက်တာဝန်ပဲ။ ကိုယ့်ဘာသာတော်သလို ကြည့်နေပါလားဆိုရင်လဲ ခံရမှာပဲ။ ဒါပေမဲ့ သူ့ရဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ကိုယ်ရဲ့ ပြဿနာသောင်းခြောက်ထောင်လို ဝင်ဝင်ပြီး ပူမိတာ အမော ပါပဲ။ အဆိုးဝါးဆုံး အပြင်းထန်ဆုံး ပြည်တွင်းသောင်းကျန်းမှု ဒဏ်ကို သူရင်ဆိုင်ရသလို ဘွားဘွားစိတ်ထဲ ဘွားဘွားလဲ ရင် ဆိုင်နေရတယ်လို့ ရင်ထဲမှာ ခံစားနေရတယ်။

အဲဒီအထဲမှာ အပိုဆု အပူလေးတွေဆိုပါစို့၊ ပူရတဲ့အဖြစ်က ကြုံရသေး။ ဘယ်ဘဝက ဆုတောင်းလဲ မသိဘူး။ အလယ်ခေါင် လူတန်းစား အမြဲဖြစ်ရတယ်။ အလယ်ခေါင်လူတန်းစားဆိုတာ ကောင်းမလိုလိုနဲ့ အတော်ခံရခက်တဲ့ အတန်းအစား။

အဲဒီတုန်းက လူထုကလဲ ဘုန်းကြီး၊ ဈေးသည်၊ ကျောင်း သား၊ ကုန်သည်ကြီး၊ အမှုထမ်းကအစ၊ အလုပ်သမားအားလုံးပဲ။ သူတို့ကို လက်ဖျားလေးနဲ့ မတို့လိုက်နဲ့ ဝန်ကြီးချုပ်အိမ်ပတ်လည် ဝိုင်းအော်ကြတာဘဲ။ ဘွားဘွားစိတ်ထင်တယ်လေ။ အဲဒီ အော်သံ လှိုင်းတွေဟာ ဘွားဘွားရင်က ဖြတ်သန်းသွားပြီးမှ ဝန်ကြီးချုပ်ဆီ ရောက်ရတယ်လို့တောင် ထင်တယ်။

နေ့စဉ်နဲ့အမျှ ပေါ်ပေါက်လာတဲ့ ပြဿနာတွေ တင်ပြတော့ သူ့မှာလဲ ပြဿနာသောင်းခြောက်ထောင် ရှိပြီးသား။ အဲဒီ မူလ လက်ရှိရော၊ နောက်တိုးရော အကုန်လုံးထွေးပြီး ရှုပ်ကုန်တဲ့အခါ သူက လူထုကိုတော့ ဘာမှ ပြန်မအော်တော့ဘူး။ သူအော်ချင် သမျှတွေ စုထားပြီး ဘွားဘွားကို ''ကုန်းအော်'' တော့တာဘဲ။

ဘွားဘွားလဲ တခါတခါ ဘာလုပ်ရမှန်းမသိ။ ဖြစ်မှဖြစ်ရ ပလေဆိုပြီး မျက်ရည်တွေ မျက်လုံးအိမ်က စိမ့်ထွက်လာတယ်။ သူ့ခမျာလဲ စက္ကန့်နဲ့အမျှ အလုပ်၊ အလုပ်၊ တာဝန်၊ တာဝန် ပြေလည်မှုရှိအောင် လုပ်ရမယ်ဆိုပြီး လုပ်နေပေမယ့် ယိုပေါက် ဟာပေါက်တွေကများ အချိတ်အဆက်ကမမိ။ ဒေါမနဿက ဝင်လာ ဘယ်သူ့အော်ရမှန်းမသိ။ ''မိခင်ယုရဲ့ နင့်ကိုမှ မအော် ရရင် ငါ ဘယ်သူ့ကိုအော်ရမှာလဲ. . . . ဟဲ့'' ဆိုပြန်တော့လဲ ဒီအဖြစ် မျိုး ကြုံဖူးနေတော့ ''ဒါလဲဟုတ်တာပဲ'' ဆိုပြီးသာ စိတ်ဖြေလိုက် ရတယ်။ ''အအော်ခံ အလယ်ခေါင်လူတန်းစား'' ဆိုတာ အထက် အောက် အညှပ်ခံရတဲ့သဘောရှိတယ်ဆိုတဲ့ ကိုယ်တွေ့ကလေး ပေါ့။

''ငါ့အနားနေတဲ့သူတွေဟာ (EFFICIENT) (အက်ဖိရှင်း) အရည်အသွေးပြည့်ခြင်း၊ တော်နေရခြင်း၊ အမြဲလှုပ်ရှားပြီး အလုပ်လုပ်နေရခြင်းနဲ့ ပြည့်စုံရမယ်'' လို့ သူက အမြဲကြွေးကြော် နေတယ်။

အဲဒါနဲ့ပတ်သက်လို့ တစ်ခုကို ပြောပြရင်ဖြင့် ရယ်စရာ ပဲလား၊ စိတ်ညစ်စရာပဲလား၊ အသေးအဖွဲလား၊ ကြီးကျယ်သလား လို့တောင် ဘွားဘွား မဝေဖန်တတ်ဘူး။

တစ်နေ့တော့ သူ့ရုံးခန်းမှာ ရုံးကိစ္စလာသူ မရှိတဲ့အချိန် (အေ-ဒီ-စီ) ဆိုတဲ့ ကိုယ်ရံတော် ဗိုလ်ကလဲ အပြင်ထွက်ချိန်၊ အဲဒီလိုအချိန်ဆိုရင် တစ်ခုခုခိုင်းတတ်ပြီး အဲဒီလိုခိုင်းတာနဲ့ ဘွား ဘွားနဲ့ တိုးနေတတ်တယ်။ ဘွားဘွားမှာတော့ ဘာခိုင်းမယ်လို့ ရင်တမမနဲ့ စောင့်စားရချိန်ပေါ့။

ချက်ချင်းပဲ တယ်လီဖုန်းထဲကနေ. . . .''မိခင်ယု သမတအိမ် တော်ကို နာရီဝက်အတွင်းသွားမယ်၊ အားလုံး အဆင်သင့်ဖြစ် ပေစေ'' လို့ ဝန်ကြီးချုပ်က ပြောပါလေရော။ ခေတ်စကားနဲ့ ဆိုရင် မုန့်ဟင်းခါးစား အပိုဆုနဲ့ကို တွေ့ပါလေရောဆိုတာမျိုး ပေါ့။ အမှန်က ဘွားဘွားအလုပ်က ကိုယ်ရံတော် ဗိုလ်ကြီးကို

သတင်းပို့ရုံပဲ။ အဖြစ်က ဆိုးချင်တော့ ကိုယ်ရံတော် ဗိုလ်ကြီး ကလဲပဲ အဲဒီအချိန်မှာ မရှိ။ ကားမောင်းတဲ့ဒရိုင်ဘာ ဦးဘလှိုင် ကလဲ သူ့ကိုယ်ရေးအကြောင်းတစ်ခုနဲ့ ထွက်သွားနေချိန် လခစား သဘောဆိုရင်ဖြစ်ဖြစ်၊ သူ့တာ ကိုယ့်တာဆိုပြီး လက်ပေါက်ကပ် ရင်ဖြစ်ဖြစ်၊ အဲဒီစိတ်မျိုးနဲ့ ဘွားဘွားက မဆိုင်ဘူးဆိုပြီး လက် ပိုက်ကြည့်နေလို့မရဘူး။ သို့သော်လဲ အတိုက်အခံအမြင်နဲ့ဆိုရင် အပိုပူတယ်ဆိုလဲ ခံရမှာပဲ။

ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲ ရှင်းလိုက်တယ်။ ချင်းရဲဘော်ထဲက ရာထူးအကြီးဆုံး ဆာဂျင် (တပ်ကြပ်ကြီး) ခေါ်မလား၊ သူ့ကို ခေါ်ပြောပြီး ဂျစ်ကားနဲ့ ဒရိုင်ဘာဦးဘလှိုင်ကို အခေါ်လွှတ်ရ တယ်။ ဒီဂျစ်ကားက ချင်းရဲ့ဘော်စစ်သားများ ဝန်ကြီးချုပ်ကား နောက်က လုံခြုံရေးအတွက် လိုက်ရတဲ့ ဂျစ်ကား။ ကျန်တဲ့ချင်းရဲဘော်များကတော့ အဆင်သင့်ဖြစ်နေပြီ။ အရေးအကြီးဆုံး (အေ–ဒီ–စီ) နဲ့ ဒရိုင်ဘာကသာ မရောက်လာသေးတာ။ ကဲ . . . . အလယ်လူတန်းစား ကြားလူတန်းစား မိခင်ယုက ရင်ထဲမှာ ပူလိုက်ရတာ။ နာရီဝက်သာပြည့်ရော ဘယ်သူမှ မရောက်လာ ကြဘူး။ ဂျစ်ကားလဲ ပြန်မလာသေး။

နာမည်ကသာ ဦးနု စိတ်ကျတော့ပြောင်းပြန်။ မြန်လိုက် တာက အလွန်ဆိုတော့ နာရီဝက်အတွင်း သူက အိမ်အဝ ရောက်လာတာပဲ။ ''မိခင်ယု အဆင်သင့်ဖြစ်ပြီလား'' လို့ မေးရင် ပဲ ဘွားဘွားရင်ထဲ တုန်သွားတာပဲ။ အဖြစ်မှန်ကလဲ ဖုံးထားလို့ မရတော့ ဘွားဘွားရဲ့ (အင်နီရှီယေးတစ်) ကိုယ်ပိုင်ဉာဏ်သုံးပြီး လုပ်တော့ လုပ်ထားကြောင်း၊ ဒါပေမဲ့ အဖြစ်ကတော့ ဆိုးပါ ကြောင်း မှန်တဲ့အတိုင်း အစီရင်ခံရတာပဲ။ ကံကောင်းလာပြီ ဆိုရမှာပေါ့လေ။ ဘယ်လိုသဘောပေါက်သွားလဲမသိ။ ဘွားဘွား တွက်ထားသလို မဟုတ်တော့ဘူး။ ဘွားဘွားကို မအော်ဘူး။ အအော်မခံရပေမဲ့ အအော်ခံရတာထက်ဆိုးတဲ့အဖြစ် ရောက် ပြန်ပါရော။ ဝန်ကြီးချုပ်ဟာ ဘာမှ မပြောတော့ပဲ တခါထဲ အဝတ်အစား အပြည့်အစုံနဲ့ ဝင်းထဲကနေပြီး အပြင်ဘက်ကို ခြေလျင်ထွက်သွားတော့တာပဲ။ အဲဒီတော့မှ ဘွားဘွားလဲ သတိရလာပြီး ကျန်ကောင်းကျန်ရာ ချင်းရဲဘော်တွေကိုစု။ သင့် တော်သလို နောက်က ပြေးလိုက်ကြဖို့ တောင်းပန်ရတယ်။ သူ့ခမျာများလဲ မျက်စိမျက်နှာပျက်ပျက်နဲ့ သေနတ်ထမ်းပြီး နောက်ကနေ တတန်းကြီးလိုက်သွားလိုက်ကြတာ ဝင်ဒါမီယာအပေါက်ထကျော်ပြီး မြေနီကုန်းဈေးနား ရောက်တော့တောင် မမှီကြသေးဘူးတဲ့။ဘွားဘွားရင်ထဲမှာတော့ ဟာတာတာ ကြောင်တောင်တောင်နဲ့ ရှေ့က ဝန်ကြီးချုပ်က သုတ်၊ နောက်က ရဲဘော်တွေက ရုတ်ရုတ် ရုတ်ရုတ်၊ ရယ်စရာမြင်ခင်းကြီးလား။ စိုးရိမ်စရာပဲလား မပြောတတ်ဘူး။ ဘာပြောပြော လူမြင်လို့က တော့ မတော်တဲ့မြင်ကွင်းကြီးပဲ။ နောက် လူစုံတော့ ဆက်လွှတ်ရ တာပေါ့လေ။

(အေ ဒီ စီ) နဲ့ ဝန်ကြီးချုပ်နဲ့ နောက်ပိုင်း ဘယ်လိုဖြေရှင်းကြ လဲတော့ မသိပါဘူး။ ဘွားဘွားမှာဖြင့် ရင်တမမပဲ။ အဲဒီလို ကိုယ်လဲ ဘာမှမတတ်နိုင်။ ရင်မနေရတဲ့ ကြားလူတန်းစား အဖြစ်မျိုးတွေက ဘွားဘွားရဲ့ အလုပ်သက်တမ်းမှာ တွေ့ရတာ ရေးရင် စာအုပ်ကြီး နှစ်အုပ်လောက်တော့ ရမယ်။

အိမ်ရောက်တော့လဲ အတူနေရတဲ့ ဖခင်ကြီးအဖြစ်က တမျိုးတွေ့ရပြန်တယ်ကွယ့်။ ဒီမှာတော့ ထပ်ပြီး မရေးတော့ပါ ဘူး။ သား စာတတ်လာရင် ဘွားဘွားရေးတဲ့ ''ဖေဖေ'' ဝတ္ထုသာ ဖတ်ကြည့်ပေတော့။ သူကလဲ ''အချိန်မှန်'' ကြီးပေါ့။ အဲဒီအချိန် မှန်နဲ့ ''အချိန်မမှန်'' အကြားမှာလဲ ''ကြားလူတန်းစား'' လုပ်ရ သေးတယ်။ ရင်မ,တဲ့အခါ မ,ရတယ်။ အအော်ခံရတဲ့အခါ ခံရ တယ်။

ဘွားဘွားယူထားတဲ့ (လက်ထပ်ထားရတဲ့) ဦးပုံစံကိုတော့ လူကလေး သူနဲ့အတူနေရင်း ကြီးပြင်းလာရတော့မှာမို့ သား သူ့အကြောင်း နေရင်းနဲ့ သိလာပါလိမ့်မယ်။

ဘွားဘွားမှာတော့ အိမ်မှာလဲ အလယ်ခေါင်လူတန်းစား ဘဝပဲ ဖြစ်ရပြန်တာပဲ။ သူ လိုချင်တာက ''စံနှုန်းကိုက်'' ''အရည် မီ'' အလုပ်သမား။ သူ့စံနှုန်းအရဆိုပါက မိုးလင်းတာနဲ့တစ်ပြိုင်နက်ဒက်. . . . ဒက်. . . . ဒက်. . . . ဒက်. . . . နဲ့ နာရီလက်တံသွားနေသလို အလုပ် အလုပ်. . . . လုပ်ရင်း လုပ်ရင်း အလုပ်တွေက ပြီးနေရမယ်။ အိမ်က အလုပ်သမား ''မိမိ'' တို့

''မောင်မောင်'' တို့က သူ လို ချင်တဲ့ အရည်အသွေး အပြည့်မရှိဘူး သားကြီးရဲ့။ ''တက်ကြွမှု စိတ်အဆင့်ဒီဂရီ'' ဟာလဲ သူညအောက် ဒီဂရီတစ်ရာလောက် မှာတဲ့။ စေတနာဒီဂရီက သုညတဲ့။ အခွင့်အရေးအားပြုပြီး လက် ပေါက်ကပ်တာကျတော့ ဒီဂရီအပြည့်တဲ့။ ''လွတ်လပ်ရေးမဆုံး အောင်ထိန်းဘို့လောက်တောင် အသိတရားကျတော့ မရှိဘူး တဲ့။ သူလုပ်ရမယ့် ဘာသာရပ်ကိုလဲ မကျွမ်းကျင်ဘူးတဲ့။ သူက ပြောတာပဲ။

ဒီတော့ နံနက် ငါးနာရီ မှန်မှန်ထမှ သူ ပြီးစေချင်တဲ့ လုပ် ငန်းဟာ အချိန်မှီပြီးမယ်ဆိုတာ ဘွားဘွားက သိတော့ အလုပ် သမားတွေ ငါးနာရီနိုးအောင် ဘွားဘွားက လေးနာရီက ထပြီး စီမံရတယ်။ နို့မို့ရင် သူလိုချင်တဲ့အချိန် အလုပ်တွေ မပြီးစီးရင် နာရီကြည့်ပြီး ကုန်းအော်တာပဲ။

''ဟော့. . . . တို့တပ်မှာဆိုရင် ''ဟိတ်'' ဆို မီးသေရ တယ်။ အိမ်ရှင်မလုပ်နေပြီး ဒါလောက် အုပ်ချုပ်မှုညံ့ ရသလား''

လို့ ဘွားဘွားကိုပဲ အော်တော့တာပဲ။ အလုပ်သမားကို တိုက်ရိုက်အော်တာ မဟုတ်ဘူး။ ကဲလေ ဒါကြောင့် ဘွားဘွားက ''အလယ်ခေါင်မှာ အအော်ခံ'' လူတန်းစားတစ်ရပ်ပေါ့။ သူ့ကို ပါးစပ်က ပွင့်ပွင့်လင်းလင်း မပြောရဲတော့ ရင်ထဲက ပြုံးမိတယ်။ စိတ်ထဲကပဲ စကားဆိုမိတယ်။ ''အိမ်ထောင်တစ်ခုကို အုပ်ချုပ် ရတာ တပ်ကို အုပ်ချုပ်ရတာနဲ့ မတူပါဘူး'' လို့ စောစောက သူတွေ့တာတွေ ပြောနေပေမင့် အလုပ်သမားတွေထဲက ရေသာခို ချင်တဲ့သူ၊ စေတနာပုပ်ပွဲတဲ့သူတွေ ပါနေတာကို တစ်ခုခုလုပ် တိုင်းထည့်ပြီး မစဉ်းစားဘူး သားကြီးရယ်၊ ဘွားဘွားကလဲ ရှုံး အလုပ်တွေနဲ့ စိတ်ရှုပ်နေတဲ့သူ့ကို အိမ်ရဲ့ အလုပ်သမားပြဿနာ တွေ၊ အသေးအဖွဲတွေကို မတင်ပြချင်တော့ သူအော်သမျှ ကြုံး ပြီး ခံနေရတာပဲ။

အဲဒါနဲ့ပတ်သက်ပြီး သားကြီးရဲ့အချစ်တော် ''ပီကြူး'' ရဲ့ ဖေဖေ မောင်ခင်မောင် (နန္ဒဝန်) စာပေဟာ အသိဆုံးပေါ့။ ဘွား ဘွားတို့အိမ်မှာ ဝင်ထွက်နေပြီး ဘွားဘွားရဲ့အဖေ အစ်ကို လင် တော်မောင် အကြောင်းတွေ အားလုံးသိတော့ သူက ရယ်စရာ ပြောတယ်။

''မမယုရယ် အော်နိုင်ကြပါပေတယ်. . . . အော်နိုင်ကြပါပေ တယ်'' ဆိုတဲ့ ဝတ္ထုတစ်ပုဒ် ရေးပါဦးလားတဲ့။

သားကြီးရဲ့ဖေဖေ ဗိုလ်ကြီး ထွန်းအောင်ကျော်ကတော့ သူ ခွင့်ရလို့ ပြန်လာတဲ့အချိန်ဆိုရင် သူက ဘွားဘွားတို့အိမ်ကို ကြည့် ကြည့်ပြီး ရယ်ချင်သတဲ့လေ။

''ကျွန်တော်တော့ တစ်နေ့နေ့ စာရေးဆရာ ဖြစ်လာဦး တော့မှာပဲတဲ့။ ကျွန်တော်ရေးရင် သော်တာဆွေတို့၊ ကြပ်ကလေး တို့ လိုင်းမျိုးထဲက ဖြစ်လာမှာပဲ'' တဲ့။

ဘွားဘွားကိုကြည့်ပြီး ရယ်ချင်တာတဲ့။ မင်းဘဘ ဦးပုံစံက အိမ်ရှင်မအလုပ်မှာလဲ နာရီလက်တံ ရွေ့နေတာအမျှ ဒက်ဒက်နဲ့ လုပ်နေရမယ်။ အလုပ်တွေ ပြီးနေရမယ်ပေါ့။

ဘွားဘွားကိုများ အထင်မသေးနဲ့၊ ဘွားဘွားက သိပ်တော် တာ။ သူများက ချီးမွမ်းချင်မှ ချီးမွမ်းမှာ။ စိတ်ဓါတ်မကျအောင် ရယ်စရာ ပြောတာပါ။ ဒီတော့ ကိုယ့်ကိုယ်ကိုပဲ ချီးမွမ်းရမှာပဲ။

အဆိုတော် မာမာအေး၊ သင်းသင်းမြတ်၊ တင်တင်မြတို့ အဆိုကောင်းတာ ဘာဟုတ်သေးလဲ။ ဘွားဘွား အဆိုတော် လုပ်နေတာ ကြည့်စမ်းပါ။ ဘွားဘွား ရှင်းပြမယ်။ မင်းဘဘ ကလေ နာရီလက်တံရွေ့တာနဲ့အမျှ အလုပ် လုပ်နေရမယ်ဆိုတဲ့ ဆောင်ပုဒ်အရ သူရုံးကဆင်းလာ အိမ်ထဲဝင်လာတာနဲ့ ရုတ် တရက်ပေမင့် အော်ခေါ်တာပဲ။

''မိချို. . . . ဟိုဟာတွေ ခဏထားခဲ့ဦးဟေ့. . . . လာစမ်း၊ ဒီမှာ ထိုင်စမ်း၊ ရော့ 'ဂီတဝိသောဒနီ'

စာအုပ်၊ စာမျက်နှာ ၃၄ လုန် လိုက်။ ဆိုစမ်း သည်ဆောင်ဟေမန်ဘွဲ့''

သူ့ပတ္တလားရှေ့ ထိုင်ခိုင်းပြီး ဘွားဘွားကို ဆိုခိုင်းတာပဲ။ ဘွားဘွားက ဘယ်အညှံ့ခံလိမ့်မလဲ။

''သည်ဆောင်းဟေမန်၊ မြောက်ပြန်လေညှင်း. . . .

ဆော်တယ်ကို. . . .

နတ်တော် ပြာသို၊ ခွာညိုတည့်. . . . နှင်းဖုံဖုံ. . . .''

အော်တဲ့ပြီး ဟစ်ပစ်လိုက်တာပဲ။ သူကလဲ သူ့ပတ္တလားကို သင်ရိုးအတိုင်း အဝိုက်တွေ အတွဲတွေနဲ့ တီးတော့တာပဲ။ စဉ်းစား ကြည့်ပါဦး သားကြီး။ အဆိုကျော်ကြီးတွေတောင် သူ့အဖွဲ့နဲ့ သူ့ဆရာနဲ့ ဌာန်ကရိုဏ်းကျကျ လေ့ကျင့်ပြီး ဖြစ်ပေမင့်၊ တစ်ခါ တော့ သီချင်းတိုက်ရသေးတာပဲ။ ဘွားဘွားအဖြစ်ကို ကြည့်ပါဦး။ ''ဂန္ဓမာတောင်တို့'' ''မြမြမောင်းမောင်း'' တို့ သီချင်းကြီး သီချင်း ခန့်ဆိုတာတောင် နာမည်တပ်ပြီး အပေါက်တဲ့အောင် ခေါ်တတ် တာ မဟုတ်ဘူး။ တစ်ပုဒ် နှစ်ပုဒ်လောက်၊ ငယ်ငယ်က အစ်ကို တွေဆိုသံကြားလို့ နားယဉ်ပြီး အော်ရုံအော်တတ်တာ။ ဒါပေမင့် ဘွားဘွားရဲ့မေမေကလဲ ဘွားဘွားတို့ ငယ်ငယ်တုန်းက ကလေး တွေသိပ်ရင် များသောအားဖြင့် ''အီနောင်'' ပတ်ပျိုးကိုဆိုပြီး သိပ်တတ်တယ်။ အဲဒီတော့ ကြားဖူးလို့ နားယဉ်တာပဲရှိတယ်။ အဲဒါထက်ပိုပြီး ဘယ်သီချင်းကြီးကိုမှ စည်းကျဝါးကျ ဆိုတတ် တာ မဟုတ်ဘူးကွယ့်။ ဘွားဘွားရဲ့အသံကို တိတိကျကျ ဘယ် နှစ်ပေါက်သံပဲလို့ နာမည်တပ်မရဘူးလို့ သူကပြောတယ်။ ငါး ပေါက်ခွဲငါးပြားနဲ့ ခြောက်ပြားကြား ရှိမယ်ပြောတယ်။ အဲဒီလို အော်ပုံနဲ့ မင်းဘဘရဲ့ တူနဲ့ထုသလို လက်ခတ်ကိုဆုပ်ပြီး၊ ကိုင် ထုသလိုထုတဲ့ ပတ္တလားသံနဲ့သာ အသံလွှင့်ရင်တော့ကွယ်. . . . ရေဒီယိုလျှောက်လွှာတင်တဲ့လူ နည်းသွားမယ်ထင်တာပဲ။ တိုင်း သူပြည်သား ပရိသတ်ကို ငဲ့ညှာတဲ့သဘောနဲ့ မလွှင့်ကြတော့ဘူး။ အဲဒီလိုပေါ့ အခုပဲ စာရေးစာရေး၊ အခုပဲ မီးဖိုကိစ္စ၊ အခုပဲ သီချင်း ဆို၊ အခုပဲ မြက်ပေါက်၊ သစ်ပင်စိုက်၊ အခုပဲ သာရေးနာရေးပေါင်းသင်းရေး တစ်ယောက်ထဲနဲ့ စုံနေတာပဲ။ ဒီအဖြစ်တွေ ကြည့်ကြည့်ပြီး မင်းဖေဖေ ထွန်းအောင်ကျော်က ရယ်မယ်ဆိုလဲ ရယ်သင့်တာပေါ့လေ။ သူတို့အဖို့တော့ ရယ်စရာပေါ့။

တစ်အိမ်လုံး အလုပ်အလုပ်ဆိုတဲ့လူက တစ်မျိုး။ ခိုမယ် ကယ်မယ်ဆိုတဲ့လူက တစ်မျိုး။ အိုးနင်းခွက်နင်းဖြစ်နေတဲ့ ဘွား ဘွားကတစ်မျိုး ရယ်စရာဖြစ်နေတာပေါ့။

စောစောက ဘွားဘွား ရေးခဲ့သလို စေတနာယုတ်တာတွေ လက်ပေါက်ကပ်တာတွေ ရေသာခိုချင်တဲ့စိတ် ရှိတဲ့သူတွေကို ဘွားဘွားကလဲ အပြစ်ရှိရင် ချက်ချင်းထုတ်မပစ်ချင်ဘူး။ တတ်နိုင်သလောက် သူတို့အကျင့်လေးတွေ ပြင်ပါစေတော့လို့ တရား ချချင်တဲ့ အကျင့်ကလေးကလဲ ရှိပါသေးတယ်လေ။

ကိုယ်တွေ့နမူနာတစ်ခု ပြောပြရဦးမယ်။ ဘွားဘွားအိမ်က ထမင်းချက်တဲ့ မိန်းကလေးအကြောင်း သူများအကြောင်းပြော ရတာ စိတ်ထဲ မရှင်းပါဘူး။ ဒါပေမဲ့ သင်ခန်းစာသဘောပေါ့။ သူ့ဂုဏ်ကို ထိခိုက်မှာစိုးလို့ သူ့နာမည်ရင်းကို မပြောတော့ဘူး။ ခင်လေးကြီးလို့ပဲ ဘွားဘွားက ခေါ်တယ်။

သင်္ကြန်ရက်မှာ ရေကအချိန်ခွဲတမ်းနဲ့ပေး။ လာတဲ့ရေအား မရှိတော့ ရေပြဿနာဟာ အိမ်တိုင်းမှာလိုလို ပေါ်တယ်။ ရေဆွဲ အိမ်သာသုံးတဲ့ ဘွားဘွားတို့လို အိမ်မျိုးမှာ စားဖို့သုံးဖို့ထက် အိမ်သာမှာရေဆွဲချနိုင်ဖို့ တိုင်ကီထဲ ရေကျန်များများရှိနေဖို့က အရေးကြီးတယ်။ အောက်ရှိတဲ့ စည်ပိုင်းထဲကိုလဲ ဖြည့်ထားရ မယ်။ ရေပေးချိန်မှာ သယ်နိုင်သလောက် ရေခံပြီး လှောင်ထား ကြရတယ်။ မင်းဘဘ ဦးပုံစံက အစ နာနီရယ်၊ လက်မသန်တဲ့ ဘွားဘွားရယ်၊ 'မိ' ရယ် စုပေါင်းပြီး တစ်အိမ်လုံးရဲ့ ပြဿနာ ဖြစ်နေတော့ ရေလွှတ်ပေးချိန်မှာ အပေါ်တိုင်ကီထဲကို ရေတွင်း ထဲက ရေခတ်သလို ရေလှောင်ထားတဲ့ စည်ပိုင်းထဲက ရေဆွဲထည့် တဲ့သူကထည့်ပြီး ဖြည့်တဲ့လူက ဖြည့်ပေးကြရတယ်။အောက်ကလဲ ရေကို စည်ပိုင်းထဲကိုလဲ

သံပုံးနဲ့ ကြိုးချည်တင်ပေးရတယ်။ နာနီ ကလဲ ငါ့အလုပ်က ကလေးထိန်းရုံပဲရယ်လို့ မခိုကပ်ရှာပါဘူး။ ဒီအိမ်သာ နာနီလဲသုံးတော့ သူ အားလပ်ချိန် ဝင်ကူပေးတာပဲ။ ရုတ်တရက် သားကြီး အနီးက လေတိုက်ပြီး လွင့်ကျသွားတာနဲ့ နာနီက အနီးတွေပြေးကောက်နေတုန်း ခင်လေးကြီးကို ခဏ ရေတင်ပေးလိုက်ပါဆိုပြီး လွှဲသွားတယ်။ တစ်ပုံးသာ တင်ပေးပြီး ထမင်းအိုးဆူနေပြီဆိုပြီး ပြန်မလာတော့ဘူး။ ရေပေးတဲ့အချိန် သာ ကုန်သွားရော သူက မလာ။ ရေတင်ပေးတဲ့ သူ့ကိုမမြင် တော့ မင်းဘဘ ဦးပုံစံက ဘွားဘွားကပို ဆူတော့တာပဲ။

နာရီပိုင်းနဲ့ ရေလာတာ အချိန်မှီ ရေမတင်နိုင်ရင် အိမ်သာ ပြဿနာ အားလုံးပေါ်မယ်ဆိုတာ သိပေမဲ့ ဟော. . . . ခင်လေးကြီး က သူ့အလုပ်မဟုတ်လို့ သူ မကူဘူးတဲ့။ အဲဒါ တွက်ကပ်တာ၊ လက်ပေါက်ကပ်တာလို့ ခေါ်တယ် သားကြီး။

ထမင်းစားချိန်ရောက်ရင် ၁၅ မိနစ်လောက် အချိန်ပိုင်း အတွင်း အားလုံးပြီးအောင် ကားမောင်းတဲ့ ရဲဘော်ရော သားရဲ့ ဘဘရော၊ ဘွားဘွားတို့ပါအတူ တစ်ဝိုင်းထဲ ထမင်းစားလေ့ ရှိကြတယ်။ ခင်လေးကြီးက စေတနာယုတ်တော့ ထမင်းစားချိန်ဆို မျက်နှာရှစ်ခေါက်ချိုးထားတာပဲ။ နာနီကိုလဲ ဘွားဘွားတို့ ကွယ်ရာကျရင် ဖြစ်သလိုကျွေးတယ်။ ထမင်းစားချိန်မှာ ငရုတ်ဆုံ ကို နားကွဲမတတ် ထောင်းလား ထောင်းတတ်တယ်။

ဘွားဘွားလဲ နောက်ဆုံးတော့ မတတ်နိုင်ဘူး။ အားလုံး အလုပ်သမားတွေမရှိချိန်မှာ သူ့ကို တစ်ယောက်ထဲ ခေါ်ပြော ရတယ်။

''ခင်လေးကြီး မင်းလုပ်သမျှတွေကို ငါ မသိဘူးမထင်နဲ့ ငါ အားလုံးသိတယ်။ အစ်ကိုကြီး သိမှာစိုးလို့ ငါ အုပ်ဆိုင်းထား တယ်။ တစ်ခုသိထားဖို့က နင် အလုပ်လုပ်နေတဲ့အိမ်ဟာ စစ် ဖက်ကလူရဲ့အိမ်။ မင်းကို စပြီးထမင်းချက်ဖို့ခေါ်ကထဲက ဒို့များ အိမ်မှာ နာနီကိုရော ကြုံကြိုက်လို့ကျွေးရရင် ရဲဘော်ကိုရော ထမင်းကောင်းကောင်းကျွေးရလိမ့်မယ်ဆိုတာ အသိပေးပြီး မင်း ကတိယူပြီးမှ ခေါ်လာခဲ့တာ။ ပြီးတော့ ရဲဘော်နဲ့ ဒုဗိုလ်မှူးကြီး ဆိုပေမဲ့ အဆင့်သာခွဲခေါ်တာ စစ်မြေပြင်ကျရင် သားအဖလို နေတာ။ ရဲဘော်ဟာ ဆရာကို အသက်ပေးထားရတယ်။ ဒို့ တောင် ဒီရဲဘော်နဲ့ စားအတူ သွားအတူနေနိုင်ပါလျက်ကနဲ့ မင်းက ဘာဖြစ်ရတာလဲ. . . .''

ဘွားဘွားလဲ ရှင်းရှင်းမေးရတာပေါ့။ သူက ဘာမှ ပြန် မပြောဘူး။

''ရဲဘော်က တစ်ခုခုလွန်လာရင် ငါ့ကိုပြော။ မတရားသဖြင့် ကျူးကျော်စော်ကားလာတယ်ဆိုရင် ခံနေဖို့ပြောနေတာ မဟုတ် ဘူး။ ငါ သူ့ဗိုလ်မှူးကို တင်ပြမယ်။ ရဲဘော်တွေဟာ ဥပဒေနဲ့နေရတော့ သူတို့မှာအပြစ်ရှိရင် ဥပဒေအရ အရေးယူနိုင်တယ်။ အေး. . . . မင်းကလွန်လာရင်လဲ မင်းကို ငါ အရေးယူရလိမ့်မယ်''

ဘွားဘွားကတော့ သူ့စိတ်ဓာတ်ကို ပြင်လာလိမ့်မယ်လို့ ထင်တယ်။ မရပါဘူး။

ညကို ရှစ်နာရီခွဲ အိပ်ရာဝင်တယ်။ တစ်ခါတလေ ဘွားဘွား ခြောက်နာရီခွဲပွဲ ရုပ်ရှင်ကြည့်လို့ ၉-နာရီခွဲ ပြန်လာတဲ့အခါ တော် တော်ညည်းနက်နေတယ်။ အဲဒီအချိန်မျိုးမှာ နာနီဟာ အပျိုလေး မို့ တစ်ယောက်ထဲ ထလာပြီး တံခါးမဖွင့်စေချင်ဘူး။ ''ခင်လေး ကြီး နာနီနဲ့အတူ စောင့်အိပ်ပါ'' ဆိုလဲ မရဘူး။ အတင်း ပေအိပ် တာပဲ။ ခပ်တည်တည်ပဲ။ မနက်ငါးနာရီထဖို့ ဘွားဘွား အမြဲနှိုး ရတယ်။

မနက်မိုးလင်းရင်လဲ နားမချမ်းသာစရာပဲ။ ညက မီးယပ် ချမ်းထလို့၊ မူးလို့၊ ပူလို တစ်ညလုံးမအိပ်ရဘူးဆိုတာတွေဟာ နေ့စဉ်ကြားနေရတာပဲ။ ဘွားဘွားကလဲ ရောဂါသည်ဆိုတော့ သူ့ကို ကိုယ်ချင်းစာတယ်။ ဒါပေမဲ့ သူ့ခိုင်းရတာက တော်တော် ရယ်။ သူနဲ့တွေ့ရင် နားမချမ်းသာ ဦးနှောက် အနားမရ ဖြစ်နေ ရတာက ကိုယ်တိုင်လုပ်လိုက်ချင်လာတယ်။ ဒါပေမဲ့ သူ့ရောဂါ အစုံကို ဆရာဝန်နဲ့

အသေအချာ ကုပေးတယ်။ ဘွားဘွားအိမ် မှာ ဆေးကုသခွင့်လဲ အတူတူပဲ။ ဆေးဝါးကုသခလဲ သူတို့လခထဲကငွေကို ဘယ်တော့မှမဖြတ်ဘူး။ အရင် 'မိ' ငယ်ငယ်က ဆယ့်ငါးနှစ်တိုင်တိုင်နေသွားတဲ့ မိန်းကလေးဆိုရင် ဆေးရုံကြီး မှာ လူအများနဲ့ ဓါတ်မှန်ရိုက်ရင် မသေချာမှာကိုလဲစိုး၊ တန်းစီအချိန်ဖြုန်းရမှာလဲစိုးလို့ ဆူးလေဘုရားလမ်းက ဒေါက်တာ သာဒင်ဆီမှာ ငွေနှစ်ဆယ်ပေးပြီး ဓါတ်မှန်ရိုက်တာချည်းပဲ။ နှစ်စဉ် အိမ်သားတွေနဲ့အတူ ဆေးစစ်ရတယ်။ တစ်နေ့ကပဲ အိမ်ခန်းကိုရှင်းပြီး သူ့ကိုဆေးစစ်ပြီး ရိုက်ထားတဲ့ဓါတ်မှန်တွေကို သွားတွေ့သေးတယ်။

ခင်လေးကြီးကိုလဲ ဆရာဝန်ကိုပြ ကုသပေးတယ်။ ဆရာ ဝန်က ဘာရောဂါမှ မရှိဘူးတဲ့။ သူ ဈေးလဲ မဝယ်ရဘူး၊ အဝတ် လဲ မဖွတ်ရဘူး၊ မီးပူလဲ မတိုက်ရဘူး၊ တံမြက်စည်းလဲ မလှဲရ ဘူး။ အပိုဘာမှ မလုပ်ရဘူး။ ကုန်ကုန်ပြောရရင် ထမင်းချက်တဲ့ နေရာနဲ့ ဆယ်ပေလောက်ရှိတဲ့ ခြံတံခါးကို ဖွင့်ဖို့ရာကိုတောင် လက်ပေါက်ကပ်နေတယ်။ မင်းဘဘ ပါမလာရင် မြင်ရက်နဲ့ ရဲဘော်ကို ခြံဝင်းတံခါးတောင် ထွက်ဖွင့်ပပေးဘူး။ သူက သူ့ ဟာသူ ရောဂါရှိတယ်သာပြောနေတယ်။ သူ့ရုပ်ကဖြင့် ရောက်စ နဲ့ လုံးဝမတူတော့ဘူး။ ဝ,တုတ် တောင့်တင်းလာတာပဲ။ သူ့ ပါးစပ်ကလဲ ဘွားဘွားကို ပြောသေးတယ်လေ။ ''ဒီအိမ်ရောက် လာတော့ စားချင်တာစားရလို့ ထင်ပါရဲ့ ဝ,လာပေမင့် အင်္ကျီ တွေ မတော်တာက ခက်တယ်တဲ့'' ဘွားဘွားလဲ အသာကြည့် နေတယ်။ ဘယ်လောက်ထိ စေတနာစုတ်ပွဲ့သလဲဆိုတာ သိရအောင်။ ဘွားဘွားမှာ အကျင့်တစ်ခုရှိတယ်။ ဘွားဘွားကို စော် ကားလာတယ်ထင်ရင် တတ်နိုင်သလောက် လျော့ပေးနေတာပဲ။ နောက်ဆုံး ဘွားဘွား ပြတ်သားတော့မယ်၊ တိကျတော့မယ်ဆို ရင်တော့ တစ်သက်လုံး အပြတ်ပဲ။ ပြတ်ပြတ်သားသားကို ဆက် ဆံတတ်တယ်။

ဒုတိယအကြိမ် ဘွားဘွား ခင်လေးကြီးကို ပြောပြသေးတယ်။

''မင်းဟာ ဗုဒ္ဓဘာသာတစ်ယောက် စေတနာဟာ လူကို အကျိုးပေးတယ်ဆိုတာ သိဖို့ကောင်းတယ်။ တစ်အိမ်ထောင်မှာ ဆိုရင် မိသားစုတစ်စုဟာ တစ်ဦးနဲ့တစ်ဦး အကျိုးပြုနေတာ။ မင်းနဲ့ ရဲဘော်ဟာလည်း တစ်ဦးကျေးဇူး တစ်ဦးသိတတ်ဖို့ ကောင်းတယ်။ ဟိုဘက်အိမ်က ထမင်းချက်ကို ကြည့်စမ်း။ မင်း မျက်စိနဲ့အမြင် ဈေးကို တစ်နေ့ သုံးလေးခေါက်လောက် သွားရ တယ်။ ပြည်သူ့ဆိုင်ဆိုရင်လဲ သူကိုယ်တိုင်ပြေးပြီး ပစ္စည်းထုတ်ရ တယ်။ ရေနံဆီပုံးလည်း ကိုယ်တိုင်ရွက်ရတယ်။ မင်းမှာက ထမင်းချက်ရုံပဲ။ ဈေးဆိုရင် ငါကိုယ်တိုင် သွားပေးတယ်။ ရေနံဆီ ဆိုတာ ရုံးသွားရင်း ကားကြုံနဲ့ သယ်ပေးထားတယ်။ ပြည်သူ့ဆိုင် ဆိုတာ တစ်ခေါက်မှမသွားရဘူး။ ဒီတော့ ဒီနေ့ကစပြီး တစ်လ တိတိ မေတ္တာပို့ကြည့်စမ်း။ ရဲဘော်ရဲ့ ကျေးဇူးတရား ငါ့မှာရှိပါ လားဆိုတာ. . . .''

ဘွားဘွားက တစ်ဖက်က သူ့ကို တရားဟောသလို တစ် ဖက်ကလဲ ရဲဘော်ကို ပြောပြရတယ်။

''ခင်လေးကြီး ထမင်းချက်ပေးလို့ ကြုံတဲ့အခါ လွယ်လွယ် ငါစားနေရတယ်။ ငါ့ရဲ့ ထမင်းရှင်ပါလား။ ငါ့အပေါ် သူ ဘာ အာဃာတများရှိနေသလဲ။ ရှိရင်လဲ ပြေပါစေဆိုပြီး တစ်လတိတိ မေတ္တာပို့စမ်းပါ'' လို့ ဘွားဘွားက ရဲဘော်ကို နားချတယ်။

ဒါပေမဲ့ ဒီတစ်လအတွင်း မိုးရွာတဲ့အခါ လှမ်းထားတဲ့ ဖွပ် ပြီး အဝတ်ကို တန်းသိမ်းတဲ့အခါ ခင်လေးကြီးဟာ ရဲဘော်လှမ်း ထားတဲ့အဝတ်ကို အမြဲချန်ထားတယ်။ ရဲဘော်က ရုံးကို သားကြီး ဘဘနဲ့ အမြဲသွားရတော့ သူ့အဝတ်တွေဟာ ခဏခဏ ရေစိုခံ ရတယ်။ တစ်လတော့ပြည့်လာပြီ၊ ခေါင်းမူးတယ်၊ ခေါင်းကိုက် တယ်၊ ထုံးစံအတိုင်းပဲ ခင်လေးကြီးက ရောဂါထပြတာပဲ။ ဘွား ဘွားကလဲ

စောင့်ကြည့်နေသေးတယ်။ ဆရာဝန်ဆီခေါ်သွားပြီး ပြပေးတယ်။ ဆရာဝန်ကလဲ ရောဂါမတွေ့ဘူးပဲ ပြောတယ်။ ဒါနဲ့ ဘွားဘွားက အိမ်ရောက်တော့ ''ခင်လေးကြီး အိမ်ပြန်ပြီး အနားယူစမ်း'' ဆိုတော့ ဖျတ်ဖျတ်လတ်လတ် အိမ်ပြန်သွား လိုက်တာ စောစောက ခေါင်းမူး ခေါင်းကိုက်တဲ့ လူနာရုပ် တစ် စက်မှ မရှိတော့ဘူး။

ဆယ့်ငါးရက်ကြာတော့ သူပြန်လာတယ်။ သူ ညော်ကင်း အောင် ဆေးတွေဘာတွေစားပြီး တစ်ဝပဲ နားပစ်တယ်တဲ့။ ဘွားဘွားကလဲ ပြုံးပြီး ပြောပြတယ်။

''မင်းကို ငါဟာ ထမင်းချက်ထဲမှာ လစာအမြင့်ဆုံးပေးထား တယ်။ မင်း ပထမ ထမင်းချက်တဲ့အိမ်မှာ တစ်လ ခြောက်ဆယ်ပဲ ရတယ်ဆိုတာ ငါသိတယ်။ ငါ စာတစ်အုပ်ပြီးအောင်ရေးချင်လို့ တစ်လ ရှစ်ဆယ်ပေးတယ်၊ ဆေးဝါး အလကားကုသခွင့် ပေး တယ်။ အဝတ်အစား ငါ ပေးတယ်၊ တစ်လမှာ တစ်ရက် အိမ် ပြန်ခွင့်ပေးတယ်။ အိပ်ရာ၊ ခြင်ထောင်၊ ခေါင်းအုံး၊ စောင် ပေးတယ်၊ ရှစ်ဆယ့်နှစ်ကျပ် စားရတဲ့ ရုံးက အမှုထမ်းတစ် ယောက်ဟာ မင်းလောက် အခွင့်အရေး မရဘူး။ အခု ငါ့အိမ် မှာနေတဲ့ ခြောက်လအတွင်းမှာ လစာအပြည့် မင်းခွင့်ယူတဲ့ရက်ပေါင်းဟာ အိမ်ပြန်ခွင့်ပေးတဲ့ တစ်လ တစ်ရက်ကျမပါ၊ ရက် ပေါင်း နှစ်ဆယ် သုံးဆယ်လောက် ရှိတယ်။ ထမင်းချက်တဲ့လူ ဟာ ညော်နဲ့ကင်းလို့ မရဘူး။ ညော်ကြောက်တယ်ဆိုရင် ညော် မရှိတဲ့အိမ်၊ ငါ့ထက် လခတိုးပေးတဲ့အိမ်မှာ မင်း လုပ်သင့်တယ်။ ငါ့ဆီက ကြိုတင်ယူထားတဲ့ ငွေတွေ ဘာတွေလဲ ပြန်ပေးဖို့မလို ဘူး။ လျှူလိုက်တယ်လို့ပဲ ငါ သဘောထားတယ်။ သုံးဘီးကားကို အခုခေါ်ပါ။ သေတ္တာကိုတင်ပါ။ သုံးဘီးကားခလဲ ပေးလိုက် မယ်။ ရော့. . . . သုံးဘီးကားခ ငါးကျပ်၊ ရက်အကန့်အသတ်မရှိ နားပေတော့'' လို့ ပြောလိုက်ရတယ်။

အဲဒီလို အရည်မမှီ စေတနာပုပ်တဲ့ လူတစ်ယောက် ပါလာ ရင် အိမ်တစ်ခု အုပ်ချုပ်ရေးဟာ ကမောက်ကမ ဖြစ်တာပဲ။ စက်ယန္တရားတစ်ခု မောင်းရတာလိုပဲ။ (ဝက်အူတစ်ချောင်း ချွတ် ယွင်းတာနဲ့) စက်တစ်ခုလုံးဟာ လုံးဝ မောင်းမရတော့ဘူး။

ဘွားဘွားကိုတော့ အုပ်ချုပ်မှု ညံ့ဖျင်းတဲ့ အိမ်ရှင်မလို့ မင့် ဘဘ ဦးပုံစံက အပစ်တင်တာပေါ့လေ။

ဘွားဘွားကတော့ အနောက်ဆန်ဆန် စကားလုံးတစ်လုံး ကို သွားသတိရနေတယ်။ ဟောလီးဝုဒ်လောကမှာ ''ရီတာဟေး ဝပ်'' ဆိုတဲ့ နာမည်ကျော် ယောက်ျားတွေပိုပြီး အသည်းစွဲတဲ့ ဇာတ်လိုက်မင်းသမီးတစ်ဦး ရှိတယ်။ သူက ''ဂီလီဒါ'' ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားမှာ ဂစ်တာကြီး တီးတီးပြီး (Put the Blame Upon Me) (ပွတ်သ ဘလိမ်း အပ်ပေါန် မီ) ''မေ့အပြစ်လို့ပဲ ဆိုပါတော့'' ဆိုပြီး သီချင်းဆိုတယ်။ ဘွားဘွားလဲ ရီတာဟေးဝပ် လိုသာ ဂစ်တာကြီးတီးတတ်ရင် တီးပြလိုက်ချင်တော့တယ်။

မြန်မာဆန်ဆန် သီချင်းဆိုရရင်တော့. . . .

> ''မေလဲ ဘယ်သူ့ကိုမှ အပြစ်မတင်လိုပါသလေ . . . . မေ့အပြစ်နဲ့ မေသာ ရှိပါစေတော့ မောင်. . . . မောင်ရေ''

လို့ အဆိုကျော် မာမာအေး ဟစ်သလို ဟစ်လိုက်ချင်တယ် သား ကြီးရေ့။ ဘွားဘွားရဲ့ ရောဂါတွေဟာ စင်စစ်တော့ အထက်လဲ ပြန်မပြောရဲ အောက်လဲ အရေးမယူချင်တဲ့ ရောဂါထင်တာပဲ။

အိမ်ရှင်မတိုင်းဟာ အဲဒီလို မအီမလယ်ရောဂါ ငါ့လိုပဲ ခံစားရမှာပဲလို့ ကိုယ့်စိတ်ကို ဖြေရတယ်။ ဦးပုံစံ စိတ်ထဲကတော့ ''ငါ ဒါလောက် (Staff) အဖွဲ့ လူအပြည့်အစုံ ပေးထားပါရက်နဲ့ အလုပ်မအောင်မြင်တာ ဘွားဘွားညံ့လို့လို့ ယူဆတယ်ထင်ပါ ရဲ့။ လူများလို့ ပွဲမစည်ဘူးပေါ့လေ။

ဘွားဘွားမှာ အကျင့်တစ်ခုရှိတယ်။ လူတစ်ယောက်ကို အလုပ်ဖြုတ်မပစ်ချင်ဘူး။ တတ်နိုင်သလောက် သူတို့ကို သဘော ပေါက်အောင် နားလည်အောင် ရှင်းပြချင်သေးတယ်၊ အစိုးရ အလုပ် လုပ်ရတုန်းကလဲ အောက်လူတွေ အပြစ်ကို ဖုံးရလွန်း တော့ အိမ်တော်ဝန်ဆိုတဲ့ ဦးကြူစိန်ရဲ့ ဇနီး ဒေါ်နီနီကြီးလဲ ပါသပေါ့။ နှစ်ယောက်လုံး အဖုံးအဖိကောင်းလိုက်ကြတာ ကိုယ့် ဟာကိုယ်တော့ ဖုံးလို့ လုံတယ်ထင်နေကြတာပေါ့။ အပြင်က အကုန်သိ။ ကန်တော့ပါရဲ့ ''သောက်အ, တွေ'' လို့ အထက်က အပြောခံရတယ်၊ တကယ်တော့ ဘွားဘွားတို့က ဘယ် အ,ပါ လိမ့်မလဲ။ ကိုယ့်ပယောဂကြောင့် လူတစ်ယောက် ဒုက္ခမရောက် စေချင်လို့ပါပဲ။ အဲ. . . . မမ မောင်မောင်တို့ဘက်ကတော့ ဒီလိုသဘောမပေါက်ကြလေတော့ရောင့်တက် ကမ်းတက်လာကြ ရော။ မဖုံးမဖိနိုင်တော့တဲ့အခြေ ရောက်လာတော့ သူတို့ပဲ ဒလိမ့် ခေါက်ကွေး ကျသွားပြန်ရော။ ဒါကြောင့်လဲ မြတ်စွာဘုရား သခင်က ဟောတော်မူတယ် ထင်တာပဲ။ လူ့ဘောင်လောကီ တစ်ခုထဲ ကြည့်လုပ်နေတဲ့ ဝေနေယျသတ္တဝါတွေဟာ သူ့ရဲ့ အိမ် ထောင်ရေး၊ စားရေး၊ ဝတ်ရေး၊ လုံခြုံရေး လုပ်နေတာနဲ့ အသိ ဉာဏ်အတွက် စဉ်းစားချိန်မရတော့ဘဲ ဉာဏ်နဲ့ယှဉ်တဲ့ အသိ ဆိုတာ ဝေးရော။ ဒဲ့ဒိုး အသိကလေးတောင် မရှိကြတာကို တွေ့ ရတယ်တဲ့။ သူ့ဘဝလေးမှာ အဆင်ပြေမှ ပြေပါစေတော့လို့ လုပ်နေကြတာကိုး။ ကြောင့်ကြရခြင်း၊ စိုးရိမ်ရခြင်း အပြည့်နဲ့ ဆိုတော့ ဦးနှောက်တွေပန်းပြီး အသိဉာဏ်မရှိချင်လဲနေတော့ စားရရုံလုပ်မှာပဲ။ လက်မြှောက်တယ်ဆိုပြီး အသိဉာဏ်နဲ့ယှဉ်တဲ့ အတွေးကို မတွေးတော့ဘူး။ ဒီတော့ အသိဉာဏ်အားနည်းသွား ကြတယ် ထင်ပါရဲ့။

ဘွားဘွားတို့ ဆွေရေးမျိုးရေး ကိစ္စတွေမှာဆိုလဲ ဘွားဘွား ဟာ ကိုယ်ကို စော်ကားထိခိုက်လာရင်၊ သို့မဟုတ် ဘွားဘွား ပေးတဲ့ အခွင့်အရေးတွေကိုယူပြီး (ဘွားဘွားအပေါ် ပြန်လည် သိတတ်စေချင်တယ်လေ။ လူ့သဘာဝပဲ) ရောင့်တက် ကမ်း တက်လာရင် အကြိမ်ကြိမ် လျှော့ပေးတယ်၊ ရေမြွေလို အဆိပ် မဲ့နေသလို နေပြတယ်။ လည်စင်းခံတယ်။ ခံစရာရှိသမျှ ဒုက္ခ ကိုလဲ တစ်ယောက်ထဲ ကျုံးခံတယ်။ အဲ. . . . နောက်ဆုံး ပြတ်သား တော့မယ်ဟေ့ ဆိုရင်တော့လား ဘုရားမှာကို သစ္စာဆိုပြီးတော. မှ တိတိကျကျ ပြတ်ပြတ်သားသား လုပ်လိုက်တာ တစ်သက် ပြတ်ရောပဲ၊

ထုံးစံအတိုင်းပေါ့။ ဆွေမျိုးထဲမှာလဲ ဝါစဉ်အလိုက် (စီနီ ယောရတီ) နဲ့စဉ်လိုက်ရင် ဘွားဘွားနံပါတ်က အောက်နားမှာ ရှိတယ်။ အမေကလဲမရှိတော့ အဒေါ်တွေက ပြောစရာရှိသမျှ ဘွားဘွား ခေါင်းပုံချတာပဲ။ ''မိခင်ယု လုပ်ရင် ဒါမျိုးချည်းပဲ။ မင်းဟာ သိပ်ဆိုးတာပဲ'' ဆိုပြီး ဝိုင်းအပြစ်တင်ကြတာပေါ့လေ။ ''မဟာသာကီ'' မျိုးများပီပီ မဟာယဉ်ကျေးမှုကို ထိုးဖောက်ဖျက် ဆီးရာရောက်သပေါ့။ ဘွားဘွားတို့ မဟာသာကီတွေရဲ့ ထုံးတမ်း စဉ်လာက ကြီးသူကို ငယ်သူက ဘာမှပြန်မပြောရဘူး။ ကြီးတဲ့ လူလုပ်တာ မတရားဘူးထင်ရင် မေမေ့ကိုသာ တိုင်ရတာကိုး။ ဘွားဘွား အဖြစ်ကလဲ ''တယ်'' လိုက်ရရင် ''ရင်ဆိုင်'' ရရင် ကိုယ့်ထက်အကြီး ဆွေမျိုးထဲက ထိတ်ထိတ်ကြဲတွေနဲ့ချည်း ရင် ဆိုင်ရတတ်တယ်။ သူတို့တွေကလဲ ခေါင်းငုံ့ခံ ဆွေမျိုးတွေပေါ် မှာ ''အပွဲပွဲနွှဲလာခဲ့သမျှ'' ဒီမိခင်ယုဆိုတဲ့ ပေါက်စနနဲ့ ''တယ်'' ရတဲ့အခါကျမှ နှပ်ပစ်ခံရလေခြင်းဆိုပြီး ဆတ်ဆတ်ခါကြတာပဲ နဲ့ တူပါရဲ့။ ဒီတော့ ဘွားဘွား ရှင်းပြောပြရတယ်။

''မဟာသာကီမျိုးများရှင့်၊ ဆွေမျိုးတို့၏ အစည်းအဝေးခေါ် ပါ။ ကြိုက်သောသူများကို ခေါင်းခေါက်ရွေးပြီး မဟာခုံအဖွဲ့ ဖွဲ့ပါ။ မိခင်ယုက ဖြစ်သမျှ အချက်အလက်ကို တင်ပြပါ့မယ်။ တစ်ဖက်ကလဲ တင်ပြပါစေ။ အဲဒီအခါကျလို့ မိခင်ယု လွန်ပါ တယ်လို့ မဟာခုံအဖွဲ့က ဆုံးဖြတ်ရင်ဖြင့်၊ မိခင်ယုကို မဟာသာကီအမျိုးထဲမှ 'ဆွေမျိုးအဖြစ်မှ ပြတ်စဲကြောင်း' ကြေညာပြီး ဝိုင်း ပယ်သည့်အထိ အပြစ်ပေးနိုင်ပါတယ်'' လို့ ပြောရတယ်။

ဒီတော့လဲ မဟာသာကီမျိုးများဟာ တုတ်တုတ်မှ မလှုပ် ကြပြန်ဘူး။ ဘွားဘွားဘက်ကတော့ စည်းမပေါက်အောင် အမြဲ ထိန်းတယ်။ ဒါကြောင့်လဲ တိုက်ပွဲစပြီဆိုတဲ့အခါမှာ ရှုံးတာ နိုင် တာအပထားလို့ ကိုယ်က ရင်ကော့ပြနိုင်တယ်။ သားကြီးရဲ့ ဘဝ မှာလဲ ဘာတိုက်ပွဲတွေ ကြုံရအုံးမယ်ဆိုတာ ဘွားဘွား မပြော နိုင်ဘူး။

တစ်ခါတစ်ခါ မင်းဘဘ ဦးပုံစံကြီးက ဘွားဘွားမေးစေ့ကို ကိုင်ပြီး မျက်နှာကို စေ့စေ့ကြည့်တယ်။

''မိချို့. . . . လူကြည့်တော့လဲ ပျော့စိ ပျော့ဖတ်နဲ့ နေ့သေတော့ မလို ညသေတော့မလိုဘဲ၊ ဒါပေမဲ့ ဒီမျက်လုံးက ဝင်းဝင်းတောက် လာရင် တစ်ချီထဲ ခုန်အုပ်တာပဲ၊ ကျားမကြီးလိုပါပဲကလား'' တဲ့။

ဘွားဘွားကလဲလေ သူ့ကို ပါးစပ်ကသာ ပြန်မပြောရဲတာ၊ စာနဲ့တော့ လိပ်ပတ်လည်အောင် ရေးပြတတ်တယ်။ ရင်ထဲ ရှိသမျှကို (စပိလက်မက်ဆိပ်) (Speechless message) ခေါ်တဲ့ စကားမပြောပဲ ''ဟန်'' အမူအရာလောက်နဲ့ ပြောပြရ တာပဲ။

မင်းဘဘ ဦးပုံစံက ဘွားဘွားကို ဗေဒင်ပညာလဲ မတောက် တခေါက် သင်ထားပေးသေးသကွယ့်။ ''မူလဇာတာစန်းကောင်း ပြီး ကြာသပတေး 'အုဌ်' ရထားလို့ တရားနဲ့ယှဉ်ပြီး ဦးညွတ်နေ တာပေါ့။ နို့မို့ရင်လား မူလဇာတာမှာ 'သိဟ်' ခြသေ့်ဟောက်တူ မှာ မီးတောက်တဲ့။ ပါပဂြိုဟ်၊ ဒုစရိုက်ဂြိုဟ် အားကောင်းတဲ့ ဇာတာပဲ။ တချီထဲ တွယ်ပစ်မှာပဲလို့ ပြောမိတယ်။

ဘွားဘွားအကျင့်တွေကို ရေးပြနေတာဟာ ဘွားဘွားလို လိုက်လုပ်ဖို့ ပြောနေတာမဟုတ်ဘူး။ သားကြီး စာတတ်လာလို့ ရှိရင် ဖတ်ကြည့်၊ လက်ခံသင့်မှ လက်ခံ၊ မကြိုက်ရင်လဲ ပယ်နိုင် တယ်။ ဘွားဘွားနဂိုရ်ကတည်းက ပဏ္ဍာမခံလာတယ် မဟုတ် လား။ ပုံမသွင်းပါဘူးဆိုတာ။ တစ်သက်ပြတ်ရော လုပ်တတ်ပေမဲ့ ဘွားဘွားအပေါ် စော်ကားတဲ့သူကိုတော့ ဘယ်တော့မှ လက် စားမချေဘူး။ မင်းရဲ့ဘဘ ဦးနုက ခဏခဏ သတိပေးတဲ့စကား (နဟိဝေရေ နဝေဒါနိ) ရန်–ရန်ခြင်းတော့ မတုံ့နှင်းနဲ့တဲ့။ သို့ သော် သံသရာမှာတော့ တစ်ဖန်ပြန်၍ မဆုံပါရစေနဲ့လို့ အပြတ် ဆုတောင်းတယ်။

ရေးတဲ့စာကို လက်ခံ မခံနဲ့ အတင်းအဓမ္မ ပုံသွင်း မသွင်း အပေါ်တည်ပြီး ဘွားဘွားရေးတဲ့စာအကြောင်း နည်းနည်းတော့ ပြောရဦးမယ်။

ဒီစာအုပ် ထွက်လာရင်လဲ ဘွားဘွားရေးတဲ့ စာအုပ်ကို မတည်ငြိမ်တဲ့စာပေ၊ အလကားစာပေလို့ တချို့ ဝေဖန်ရေးသမား တွေ ဝေဖန်ပြကြလိမ့်ဦးမယ်။ သူ့ (မိသားစု) အကြောင်းပဲ ရေး တတ်တယ်ပေါ့လေ။ ဘွားဘွားကတော့ မရေးဘဲလဲ မနေနိုင် တော့ ကိုယ့်မိသားစုအကြောင်းပဲ ကိုယ်ရေးရတာပဲ၊ တခြားဟာ သွားရေးလို့ အမှန်ခံစားရချက် ဘယ်မှာ ပေါ်နိုင်မလဲ၊ ကိုယ့်ဟာ ကိုယ်ကျတော့ မမှားနိုင်ဘူး။ ဘွားဘွားတို့ခေတ်ကလဲ မတည်ငြိမ် တော့ မတည်ငြိမ်တဲ့စာပဲ ဘွားဘွား ရေးတတ်တယ်။ ကမ္ဘာ့ အဆင့်အတန်းဝင် နိုင်ငံတွေမှာဆိုရင် (အင်နီဖရင့်၏ မှတ်တမ်း) တို့လို ကိုယ့်ဘဝ အတွေ့ကလေးတွေကို ဖော်ပြတဲ့ (ကိုယ်ရေး ဝတ္ထု) တွေ ရေးနေကြတာပဲ။ ကမ္ဘာကျော်စာအုပ်တွေပဲ။

တည်ငြိမ်ပြီး သားရေဖုံးနဲ့ ရွှေစာလုံးနှိပ်ပြီး မှန်ဘီရိုထဲ တရိုတသေ သိမ်းထားရမယ့်စာအုပ်တွေ ရေးမယ့်သူတွေ မြန်မာ ပြည်ထဲမှာ အများကြီးပဲ၊ အဲဒီပညာရှိတွေက လုပ်လိမ့်မယ်။ ဗမာပြည်မှာ ပညာရှိတွေ၊ အာဇာနည်သူရဲကောင်းတွေ၊ ပြည်သူ လူထုဘက်ကနေတဲ့ ပြည်သူ့ဘက်တော်သား စာပေဆရာတွေ အများကြီးကွယ့်၊ ဒီအထဲ ဘွားဘွား မတိုးနိုင်ပါဘူး။

ဘွားဘွားကတော့ ဘွားဘွားရဲ့ဆရာ ''ဇော်ဂျီ'' ဦးသိန်းဟန် ပြောသလို ''ဟဲ့. . . . စာအုပ်တွေ ပလက်ဖောင်းပေါ် ရောက်နေပြီ လို့ ပြောရင် ဝမ်းမနည်းနဲ့။ လူထုများများ ကိုယ့်စာဖတ်ရင် (သို့မဟုတ်) လူထုလက်ထဲ ကိုယ့်စာရောက်ရင်ပြီးတာပဲ၊ ကိုယ်က တင်ပြချင်တာကို လူထုသိစေချင်တာဆို။ အေး. . . . အဲဒီလူထု လက်ထဲရောက်လို့ သူတို့သိရင် ပြီးရောပေါ့ဟဲ့'' တဲ့။ ဘွားဘွား လဲ ဒါကြောင့် လောဘအရှိန်နဲ့ ငွေကို လိုလို့ဖြင့် (ကော်မာရှယ်) အရောင်းအဝယ်သဘောနဲ့ ဘွားဘွားကို မဆက်ဆံပါနဲ့လို့ ပြောရတယ်။ စာပေနယ်မှာဖြစ်ဖြစ် ရုပ်ရှင်နယ်မှာဖြစ်ဖြစ် ဘွားဘွား နဲ့ပတ်သက်ပြီး ငွေရတဲ့သူတွေတချို့ ရှိနေကြတာပဲ။ ဘွားဘွားရဲ့ သမာဓိနဲ့ သစ္စာအပေါ် လေးစားသူက ရှိနေကြသေးတာကိုး။ ဒါကြောင့် ''အရောင်းအဝယ်'' ဆန်လာရင် သူတို့ကိုလဲ ခဏ ခဏ သတိပေးရတယ်။

''ကျွန်မနဲ့ ပတ်သက်လာရင်တော့ လောဘတရားကို သတိထားပါလို့'' ပြောပြရတယ်။ ဘွားဘွားတို့ စာပေနယ်ဟာ အတော်ကျဉ်းတယ်လို့။ (ဒီကျဉ်းတယ်ဆိုတဲ့ စကားဟာ အုပ်ချုပ် သူနဲ့ ဘာမှ မဆိုင်ဘူး၊ ဘွားဘွားတို့စာပေနယ်သား အချင်းချင်း လုပ်ပုံတွေ စိတ်ထားတွေ မမှန်ရာကနေပြီး စာလောကရဲ့ဘောင် ဟာ ကျဉ်းကျဉ်းသွားတယ်လို့ ဆိုလိုတာပါ။ ဘာစာမျိုးရေးမယ်၊ ဘာဦးတည်ချက် ရှိရမယ်။ စာဖတ်တဲ့သူကို ခေါင်းဆောင်မှုပေး နိုင်ပြီး ခေါ်သွားနိုင်ရမယ်။ အဆုံးအဖြတ် ပေးရမယ်နဲ့။ စုံနေ တာပဲ။ ဘွားဘွားက. . . .

''ကန်တော်မင်းကျောင်း၊ မေတ္တာလောင်းသော

ဘုန်းပေါင်းကျက်သရေ၊ ပရမေ သီရိ၊

ကိတ္တိဂုဏဝန်၊ ထန်သည့်–တေဇာ၊

အခြားလူ့ထိတ်၊ နှိပ်လျက်စိုးသော၊

ဝန်ဖြိုးရတနာ ရွှေဂူ ဒါယကာ မဟာဓမ္မရာဇ်'' အစရှိတဲ့ ဘုရင်ကို မေတ္တာစာသွင်းတဲ့၊ ကန်တော်မင်းကျောင်း မေတ္တာစာ ရေးတဲ့ ဘုန်းတော်ကြီးမျိုးလဲ မဟုတ်။ ပုတ္တောဝါဒ၊ မာတောဝါဒ တွေ ရေးနေတဲ့ ပညာရှိမျိုးလဲ မဟုတ်ပေဘူး။

သူများရေးတာကိုလဲ ဖတ်တယ်။ ဖတ်တဲ့လူ အတွေးကလေးနဲ့ ကျန်နေရစ်ပြီး သူ့ဟာသူ လွတ်လပ်စွာ ဆုံးဖြတ်ချင်တာ ဆုံး ဖြတ်၊ အဲဒီလိုစာကို သိပ်သဘောကျတာပဲ။ ဒါကြောင့် စာဖတ်သူ ရဲ့အမြင်အပေါ်မှာ (ဗိုလ်မကျ) ချင်ဘူး။ ကိုယ်ကကော ဘာ ကောင်းမို့ စာဖတ်တဲ့လူအပေါ် ဗိုလ်ကျပြီး ဆရာလုပ်ရမှာလဲ။ မလုပ်သင့်ဘူးထင်တာပဲ။ ကိုယ်ပြောတာကော မှန်နေပြီလို့ဘယ်သူက ဆုံးဖြတ်မလဲ။ ကိုယ့်ဟာကို မှန်တယ် ပြောမယ့် သူချည်းပဲ။ ကိုယ်ကတော့ ဒီလိုမြင်ပါစေတော့လို့ တင်ပြတာပဲ။ လူ့စိတ်ဆိုတာ ကျယ်ပြန့်တာပဲ။ သူမြင်ချင်သလို မြင်နေမှာပဲ။ အဲဒါ ဟိုလိုမမြင်ရဘူး။ ဘာညာနဲ့ လုပ်လို့ သဘာဝကျပါ့မလား စာရေးနေချင်တဲ့သူဟာ ရေးကိုရေးရမှ။ ဒီတော့ ကဲ. . . . သူတို့ တွေက ''ငါ့ကို ငါ့မိသားစုအကြောင်းကိုပဲ ရေး ရေးနေတယ်လို့ ဒါလောက်ပြောကြတာ တခြားဘာသာရပ်ပြောင်းပြီး ငါ ရေးပြ လိုက်မယ်'' ဆိုပြီး ငရုတ်သီးဆယ်ပြားဖိုး ဆောင်းပါးနဲ့ ''ရေချို တွင်း'' လုံးချင်းဝတ္ထုရေးလိုက်တယ်။ ကံကောင်းလို့ ''တူပျော်ပျော် သွားစို့ စမ်းရေအိုင်'' ဖြစ်မသွားတယ်။

တကယ်လားတော့ မသိ။ ''ရှို့. . . . တို့. . . . စံ. . . .'' လူတန်းစားက ''စာနားရွက်'' အမျိုးမျိုးတပ်ပြီး အထက်ကို သွားလျှောက်တော့ တာပါပဲလို့ နားစွန်နားဖျား ကြားမိတာပဲ။

(ရှို့. . . . တို့. . . . စံ. . . .) ဆိုလို့ သားကြီးက ဂျပန်စကားလို့ ထင် မနေနဲ့ဦး။ ဂျပန်စကားမှာ (အိုချီစံ. . . . အိုကားစံ) ဆိုတဲ့ (စံ) အသံ ထွက်တွေရှိလို့ အသံခြင်း ရောသွားဦးမယ်။

(ရှို့. . . . တို့. . . . စံ. . . .) က ဘွားဘွားထွင်တဲ့ စကားလုံးပါ။ သူ တဖက်သားကို ရှို့တို့ပြီးမှ ကိုယ့်ကုလားထိုင်လေး မြဲမြဲထိုင်ပြီး ''စံ'' စားလိုတဲ့ အခစားစိတ်ရှိသော လူများကို (ရှို့. . . . တို့. . . . စံ. . . .) လူတန်းစားလို့ ဘွားဘွားက ဝေါဟာရအသစ်ထွင်တာပါ။ တချို့ လဲ ''ဟန်'' ကြည့်လိုက်ရင် ရိုးအပြည့်ပဲ။ သူနာမည်ကြီးအောင် သူ့ဟာသူ ဝါဒဖြန့်ထားတာကလဲ အပြည့်ပဲ။ သူ့စိတ်ဓာတ်ကတော့ ဖက်ဆစ်ဂျပန်ခေတ် လူလားမြောက်လို့လား မသိပါဘူး။ ဂျပန်ကိုကပ် ရှို့–တို့–စံ အလုပ် လုပ်နေတာကိုမြင်ပြီး စွဲလမ်းလာ ပံ့ပြေါ်တယ်။ ဒီလိုလူတန်းစားကတော့ အင်္ဂလိပ်ခေတ်၊ ဂျပန် ခေတ်၊ ဖ ဆ ပ လ အစိုးရခေတ်ကတည်းက ရှိနေတာ ခုထိပါ ဘဲလေ၊ သားကြီးတို့ခေတ်ရောက်ရင်တော့ ပျောက်ကောင်းပါရဲ့။ ပုံစံမသွင်းဘူးဆိုသော်လဲ တစ်ခုတော့မှာပါရစေ။ ''လျှာပြတ်ပြီး သာ သေပါစေ။ ရှို့–တို့–စံ လူတန်းစားထံများတော့ ဘွားဘွားရဲ့ သားကြီး တသက်မပါပါနဲ့. . . .''

အထက်ကလူကြီးမင်းများက ဘွားဘွားအပေါ် နားလည် ကြပြီး စေတနာထားကြပေလို့ပဲ။ ဒါကတော့ သစ္စာဆိုတာ တစ်ဦးကရှိတော့လဲ တစ်ဦးက ရှိရစမြဲပေပဲကိုး။

''ခင်နှင်းယုသည် ခုမှ စာရေးသည်မဟုတ်၊ ယခင်အစိုးရ လက်ထက်ကတဲက သူ့စေတနာအမှန်နဲ့ သူ့ ယူဆချက်ကို တင်ပြလာခဲ့သည်။ ဒါကြောင့် ခင်နှင်းယုရဲ့ စေတနာကို ဆက်လက်စောင့်ကြည့်ပါ''

ဆိုတဲ့ သဘောမျိုးနဲ့ သဘောထားပြည့်ပြည့်ရှိကြပေလို့ပေါ့။ နို့မို့ရင် ဘွားဘွားတော့လား။ ဒီစာအုပ်တောင် ဆက်ရေးနိုင်မှာ မဟုတ်ဘူး။

သစ္စာတရားကို လမ်းကြောင်းတစ်ခုအဖြစ် ချမှတ်ပြီး ချမှတ် တဲ့လမ်းကြောင်းအတိုင်းလဲ ကျင့်သုံးဖို့ မင်းဘဘက ပြောဘူး တယ်။

''. . . . လောကအသီးသီးရှိတယ်။ စာပေလောက၊ တပ်မတော်လောက၊ အတွင်းဝန်ရုံးလောက၊ ဂီတလောကစသည်ဖြင့် ရှိကြပေတယ်။ သူ့လောကနဲ့သူ မူပိုင်လက္ခဏာတွေရှိကြ တယ်။ တပ်မတော်ဆိုရင် လွတ်လပ်ရေးအတွက် တိုက်ပွဲ ဝင်ခဲ့ကြတဲ့ အပိုင်းတုန်းက နေပုံ၊ ထိုင်ပုံ၊ ဆက်ဆံပုံ၊ တိုက်ပုံ၊ အနစ်နာခံပုံ၊ သဘောထားကြီးပုံ၊ ဖြစ်သလို နေတတ်လုပ် တတ်ပုံ၊ ကွက်ကျော်ကိုယ်ကျိုးမကြည့်ဘဲ လုပ်စရာရှိတာ လုပ်သွားတတ်ပုံ၊ ဘာဖြစ်နေနေ အချင်းချင်း နားလည်ပြီး တစ်ဦးကိုတစ်ဦး ရဲဘော်စိတ်နဲ့ ကူညီပုံ၊ တွဲခေါ်သွားပုံ ကလေးတွေဟာ တပ်မတော်ရဲ့ မူလပဋိသန္ဓေစိတ်ပဲ။ မူလ ဥာဉ်ပဲ။ တစ်လတစ်ခါ လစာကို လက်မှတ်ထိုးယူပြီး စားနေ ပေမင့် အဲဒီမူလဉာဉ်ကျတော့ တခြားအစိုးရဌာနတွေရဲ့ မူလဉာဉ်နဲ့ မတူဘူး။ ဒီမူလဉာဉ် မပျောက်သရွေ့ တပ်မတော်သား ပီသတာပဲ။

တပ်မတော် မူပိုင်ဖြစ်တဲ့ သစ္စာတရား ရှိနေတယ်လို့ ခေါ်ရမယ်။ ဒီမူလဉာဉ်ပေါ်မှာပဲ ခေတ်အလျောက် အပြင် ပန်းအမြင် ပုံစံအမျိုးမျိုး ဆောက်တည်သွားရမှာပဲ။ အဲဒီ နေရာမှာ ဒီဉာဉ် ဒီသစ္စာကို ဉာဏ်မျက်စိနဲ့ မမြင်ဘဲ အပေါ် ယံပြထားတဲ့ပုံစံလောက်ကိုသာ ကြည့်ပြီး လျှောက်လုပ်ရင် တော့ မူလသစ္စာတရား ပျောက်သွားပြီလို့ ဆိုရမယ်။ မူလ သစ္စာတရား ပျောက်သွားတဲ့အချိန်ရောက်ရင် တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ရတဲ့အပိုင်း မှာ အချိတ်အဆက် ပျက်သွားနိုင်တယ်။ ကိုယ်တော့ဖြင့်အဲဒီ မူလဉာဉ်ကို တွယ်ဖက်ထားတယ်။ မူလဉာဉ် ပျောက် ပျက်လောက်အောင် ပေါ်လာတဲ့ ဘေးအန္တရာယ် အသေး အဖွဲ့ကအစ အကြီးအထိကို ကိုယ်တတ်နိုင်သမျှ ကာကွယ် တယ်။ ပျောက်သွားမှာ နှမြောလွန်းလို့ပါ။ အဲဒီဉာဉ်ကို သံယောဇဉ်တွယ်လို့ တစ်ကြောင်း။ အခက်အခဲတွေ့နေ တုန်း ကိုယ်ရေးကြည့်ပြီး ခွဲမသွားနိုင်ဘူး။ ဘယ်ဘဝက ပါရ ပါရ အဲဒီ အသိုင်းအဝိုင်း အဖွဲ့ထဲမှာပါပြီး လုပ်နေရမှ တာဝန်ကျေတယ်လို့ ယုံတယ်။ ပတ်ဝန်းကျင်နဲ့ လူဆိုတဲ့ သဘောတော့လဲ ရှိပေသပေါ့လေ။ ကိုယ့်စေတနာထား တော့ ကိုယ်ကလဲ ပြန်ထားရတာပဲ။

အဲဒါဟာ မူလဉာဉ်လိုထိန်းပြီး သံယောဇဉ်နဲ့ကို ပေတေ နေပါ့မယ်ဆိုတဲ့ သစ္စာတရား လမ်းကြောင်းကို ချမှတ်လိုက် တာပဲ။ အဲဒီလမ်းကြောင်းထဲက မထွက်မိအောက်လဲ ဘယ် လိုလော်ကခံနဲ့တွေ့တွေ့ လမ်းကွေ့မသွားအောင် ထိန်း သိမ်းအောင့်အည်းသည်းခံပြီးနေခြင်းဆိုတဲ့ သဘောကို ကျင့်သုံးနေတယ်။ ဒီသစ္စာတရားလမ်းကြောင်းကို ကျင့်သုံး နေတဲ့ လှုပ်ရှားမှုဟာ တပ်မတော်လောကရဲ့ ''အလှ'' ပဲ။

တစ်ချိန်တုန်းက တပ်မတော်ကို လူချစ်တယ်ဆိုတာ အဲဒီ ''အလှ'' ကို ချစ်ကြတာ။ တခြားလောကတွေထက် ထူးခြားတဲ့ ''အလှ'' ပဲ။ ကိုယ်ကလဲ အဲဒါကို ဝါသနာပါ တော့ ဒီ ''အလှ'' ကို လုပ်နေရတယ်။ လခရတယ်၊ ငွေ ရတယ်ဆိုပေမဲ့ အဲဒီ ''အလှ'' မပါရင် တယ်စိတ်မပါချင်ဘူး။ ငါ ထမင်းနပ်မှန်မှန် စားရရုံ လုပ်နေပါလားဆိုပြီး ကိုယ့်ဘဝကို မြင့်မြတ်တယ်လို့ တယ်မထင်ဘူး။ အလကား အချိန်ကုန်နေရသလိုပဲ။

အဲဒီလိုပဲ စာပေလောကမှာလဲ သံယောဇဉ်ညီစရာ ''အလှ'' ကွက်တစ်ခုတော့ ရှိပေလိမ့်မယ်။ အဲဒီ ''အလှ'' ကို မပျောက်အောင် တစ်ဦးချင်း စောင့်ထိန်းဖို့ သစ္စာတရား တစ်ခုတော့ ချမှတ်ရလိမ့်မယ်။ ချမှတ်ပြီးရင်လဲ လက်တွေ့ ကျင့်သုံးကြရလိမ့်မယ်။ အဲဒီသစ္စာတရားတွေကို (အိုင်ဒီ😊 (အမြင်) ကလေးမှ မရှိဘဲနဲ့ ငွေရပြီးရော၊ လခရ ပြီးရော၊ နာမည်ကြီး ပြီးရော၊ အထက်စီးရရင် ပြီးရော၊ အာဃာတ နဲ့ ပုဂ္ဂလဓိဋ္ဌာန် နှိမ်ရရင်ပြီးရောဆိုတဲ့ အပြင်ပန်းအမြင် ကောင်းတဲ့ ပုံစံကို အနှစ်သာရကြီး သဘောထားပြီး လုပ် နေရင်တော့ လူထုက မေတ္တာပြန်စရာ ''အလှ'' ကွက် ၊ သံယောဇဉ်ညီစရာ ''အလှ'' ကွက်၊ ကြည်ညိုစရာ ''အလှ'' ကွက်၊ တိုင်းပြည်က အားထားလောက်တဲ့ အတွေးအခေါ် ''အလှ'' ကွက် ပျောက်မှာပဲ။ အဲဒီ ''အလှ'' ကွက် မရှိရင် တော့ စာပေလောကမှာ ထမင်းနပ်မှန်မှန် စားနေရရုံ လုပ် နေရသလိုပဲ။ စာပေလောကဟာ ပျက်မှာပဲ။

ဂီတလောကလဲ ဒီသဘောပဲ။ မြန်မာ့အသိုင်းအဝိုင်း အတန်းအစားအစုံရဲ့ စိတ်ကို ဆွဲဆောင်နိုင်တဲ့ လေယူ လေသိမ်း၊ အသံ၊ တီးကွက်နဲ့ ရသဂီတ မပါရင် ဂီတ မဟုတ်တော့ဘူး။ ''ဗမာစိတ်'' ဝင်နေအောင် မလုပ်နိုင်ရင် အားမရှိတော့ဘူး။ ဂီတရဲ့ ''အလှ'' မရှိတော့ဘူး။

အစိုးရဌာနကြီးတွေ လောက ကတော့ မူလဉာဉ်ဟာ ထူးထူးခြားခြား ရှိလာခဲ့တာ မဟုတ်ဘူး။ အဆင့်အတန်းနဲ့ အေးအေးဇိမ်နဲ့ လုပ်နေပြီး လခတိုးရဖို့၊ အထက်ကခိုင်းတာ လုပ်ဖို့၊ အစိုးရအမှုထမ်းဉာဉ်ကို အခြေခံတာပါပဲ။ ''အလှ' ကွက်ကို အခုတော့ ထည့်နေတယ် ထင်တယ်။ ဒါပေမဲ့ မူလဉာဉ်ဆိုတာက ဖျောက်ဖို့မလွယ်ဘူး။

ကိုယ့်အနေနဲ့တော့ ''အလှ'' ကွက် မရှိဘဲနဲ့ လစဉ် ဝင်ငွေလေးရရုံလောက်နဲ့ လုပ်ရမှာတော့ သိပ်မလွယ်ဘူး။ စွဲစရာ သစ္စာတို့၊ အလှတို့ မရှိဘဲနဲ့တော့ သိပ်စိတ်မဝင် စားဘူး။

ဒါကြောင့် တပ်မတော်လောကထဲမှာ နေတာပဲ။ တပ် မတော်ရဲ့ ''အလှ'' ကွက်အပေါ် သံယောဇဉ်လဲ ရှိတယ်။ တပ်မတော် စထောင်ကတည်းက ကိုယ်တိုင်ပါနေတော့ သံယောဇဉ် ပိုရှိတာပေါ့။ ''အလှ'' မပျောက်ဖို့လဲ ကြိုးစား မယ်။ ဒီ ''အလှ'' ကွက်ဟာ တိုင်းပြည်ရဲ့ အချုပ်အခြာ အာဏာ ပျောက်မသွားအောင် ထိန်းနိုင်တဲ့အားနဲ့ ပြည့်စုံ တဲ့ အလှလို့လဲ ယုံတယ်။ အဲဒီအလှကို ပူဇော်မယ်၊ ထိန် သိမ်းမယ်ဆိုတဲ့ ''လမ်းပေါ်ကို လျှောက်ပါ့မယ်ဆိုတာဟာ ကိုယ့်ရဲ့ သစ္စာတရားပဲ'' တဲ့။

သားကြီးရဲ့ ဘဘက စာရေးဆရာ မဟုတ်သော်လဲ သူ ယုံကြည်တဲ့ ''သစ္စာတရား'' နဲ့ အလုပ်လုပ်ရာမှာ တာဝန်ယူရာ မှာ စွဲလမ်းစရာ ''အလှ'' အကြောင်းကို ဘွားဘွားနဲ့ ဆွေးနွေး စဉ်အခါမှာ အခုရေးပြတဲ့အတိုင်း ပြောပြခဲ့တယ်။ အဲဒီ ''အလှ'' ဟာ အလုပ်တိုင်း တာဝန်တိုင်းမှာ မရှိကြဘူး။ တစ်ဦးချင်းကြိုက် တဲ့ ''အလှ'' ချင်းလဲ တူချင်မှတူမယ်။ သူ့အဖို့တော့ လူလား မြောက်ကတည်းက အဲဒီအသိုင်းအဝိုင်း၊ အဲဒီ ''အလှ'' နဲ့ တွဲပြီး ကြီးလာတာကိုး။ ကြာတော့လဲ စွဲလမ်းနေပါလိမ့်မယ်။

ဘွားဘွားတို့ စာပေလောက (အနုပညာလောက) မှာ သာပြီး 'သစ္စာ' တရားရဲ့ ''အလှ'' အပဟာ ရွှန်းမြတောက်ပ နေစေချင်တာပေါ့။ သို့သော်လဲ ဘွားဘွားအထက်က ပြောခဲ့တဲ့ ရှို့–တို့–စံ လူတန်းစားတချို့ကြောင့် ကိုယ့်စာပေနယ်သား အချင်း ချင်း သတ်မှတ်ထားတဲ့ စာပေဘောင်ဟာ ကျဉ်းလွန်းလာရ တယ်။ ဇာတ်တူသားချင်း တယ်စားချင်သကိုး။ စာပေနယ်မှာ ငါသာ အထက်စီးရ,ရမယ်။ ငါ့စာသာ ပုံနှိပ်ရမယ်။ ငါ–ငါ လုပ်ပြီး သူများပုတ်ခတ်တဲ့ သဘောယုတ်ရှိနေရင် ပရိသတ်က လက်မခံ တော့ဘူး။ စာကို စိန်စီထားပေမယ့် ပရိသတ်က အတွင်း အပြင် သိတဲ့တစ်နေ့ လှည့်ကြည့်မှာ မဟုတ်ဘူး။ သဘောမယုတ်ဖို့၊ သဘောမပုပ်ဖို့ အရေးကြီးပါတယ်လေ။

ဘွားဘွားဟာ စာတစ်အုပ်ရေးရင် အလွတ်မရေးဘူး။ စာ ရေးတိုင်း အာဃာတကင်းကြောင်း ဘုရားရှေ့မှာ ကန်တော့ပြီး သစ္စာဆိုပြီးမှ ရေးတာ။

ဉပမာ–စာတစ်အုပ်ရေးပြီး ဆိုပါတော့. . . .

''အရှင်ဘုရား။ ဘုရားတပည့်တော်သည် ဤစာအုပ်ကို ရေးပါတော့မည်။ မည်သူ့ကိုမှ ထိခိုက်လိုသော စေတနာ မရှိရိုးအမှန်ပါ။

လူတိုင်း စိတ်ချမ်းသာစွာဖြင့် နေနိုင်ကြဖို့ကိုသာ ဦးတည် ပါသည်။ ဦးနု ဝန်ကြီးချုပ်အဖြစ် ခေါင်းဆောင်သော ဖဆပလ အစိုးရ လက်ထက်ကတည်းက လူထုအများစု၏ ခံစားရချက်အပေါ် အခြေတည်ပြီး မတရားဘူးဟူ၍ တွေ့ရ သောအချက်များကို လက်ညှိုးထိုး ထောက်ပြခဲ့ပါသည်။ ဤအချက်ကို လက်ရှိ အထက်လူကြီးအချို့ သိပြီးဖြစ်ပါ သည်။ ယခင်ခေတ် အထက်လူကြီးအချို့လဲ သိကြပါ သည်။ ဤမှန်သော သစ္စာစကားကြောင့် တပည့်တော်မ သည် ဝတ်ကြောင်စွန့်၍ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာ တရားကို ကျွတ်ကျွတ်လွတ်လွတ် အားထုတ်နိုင်ပါစေ သတည်း။

တိုင်းသူပြည်သား လူအများလဲ ချမ်းမြေ့သာယာခြင်း ဖြစ်ပါစေသတည်း. . . .

လို့ အမြဲ သစ္စာဆိုတယ်။ မနက် လေးနာရီထိုးရင်လဲ မျက် နှာတောင် မမြင်ဘူးတဲ့ ''ရှို့–တို့–စံ'' လူတန်းစားများနဲ့ အထက် လူကြီးများကို အမြဲ စူးစူးစိုက်စိုက် အာရုံပြုပြီး ဝိပဿနာဉာဏ် စစ်စစ်နဲ့ မေတ္တာပို့ပါတယ်။

ဝိပါကဝဋ္ဋ်ရှိရင်တော့ ခံရမှာပေါ့လေ။ အဲဒီတော့ ဗမာပြည် အဖြစ်ကပဲ ဘွားဘွားတို့ အိမ်ထောင်စုအဖြစ်နဲ့ တူနေလေ သလား။ ဘွားဘွားတို့ အိမ်ထောင်စုအဖြစ်ကပဲ ဗမာပြည်အဖြစ် နဲ့ တူနေလေသလားတော့ မသိဘူး။

''ဖေဖေဝတ္ထု ရေးတုန်းကလဲ သူ့မှာ ဒီလိုအဖေမျိုး အစစ်မရှိဘူး'' လို့ ဘွားဘွား မိတ်ဆွေတစ်ယောက်ကို ''ရှို့–တို့–စံ'' လူတန်းစားထဲက တစ်ယောက်ကပြောတယ်လို့ သိရတယ်။

အဲဒီတော့ ဘွားဘွားရဲ့မိတ်ဆွေက ''ဒီကောင်မလေး တို့ မျက်စိအောက်မှာ ကြီးလာတာပါ မောင်ရင်ရယ်။ သူ့အဖေကြီး အကြောင်း တို့ အသိဆုံးပါ။ စာထဲကအတိုင်း အမှန်ပါပဲ။ ခုထိ အသက်ရှင်ရက် ရှိပါတယ်။ အကြောင်းသိရုံကလေး ခုနစ်ရက် လောက် အဲဒီအဖေကြီးနဲ့ အတူနေကြည့်ပါလား'' လို့ ပြောလိုက် ရတယ်ဆိုပဲ။

သူတို့တွေအကြောင်း အသာထားပြီး စာအုပ်အကြောင်း ဆက်ရေးရဦးမယ်။ ''ငရုတ်သီးဆယ်ပြားဘိုး'' ဆောင်းပါးနဲ့ ''ရေချိုတွင်း'' လုံးချင်းဝတ္ထုဟာ အထက်လူကြီးများက သဘော ထား ကျယ်ပြန့်စွာနဲ့ နားလည်ကြပါသော်လဲ မင်းဘာဘကြီး ဦးပုံစံ က ဘွားဘွားကို အဓိပ္ပာယ်ရှင်းပြဖို့ မေးသေးတယ်။

''ဤဆောင်းပါးနဲ့ ဝတ္ထုကို ဘာဦးတည်ချက်နဲ့ ရေး ပါသလဲ. . . .'' တဲ့။

ဒီတစ်ခါတော့ဖြင့်ဘွားဘွားက သူ့ကို အသည်းနှလုံးတို့ ဘာတို့နဲ့ စကားမပြောတော့ဘူး။ တိုက်ရိုက်ပဲ ပွင့်ပွင့်လင်းလင်း ပြောပြရတယ်။

''အစတုန်းက. . . . ကိုကြီးကပဲ မိချို စာပေသမားဆို တာ သစ္စာရှိရတယ်။ တို့ တပ်မတော်မှာ သစ္စာ ''လေး ချက်'' ရှိသလို စာပေသမားမှာလဲ ရှိရတယ်။ မိချိုရဲ့ စာပေဟာ ပြည်သူလူထုနဲ့ တပြေးတည်းရှိရမယ်။အလုပ်သမား၊ လယ်သမား လူတန်းစားကို ဦးတည် ချက်ရှိရမယ်။ တိုင်းပြည်နဲ့ လူမျိုးအပေါ်မှာ သစ္စာရှိဖို့ ကတော့ တို့တပ်မတော်နဲ့ ထပ်တူပဲ။

တပ်ရင်းမှူးကတော်ကြီးရယ်လို့ မော်တော်ကားကြီး စီးပြီး မော်တော်ကားပေါ်က အမြင်နဲ့ စာပေကို မရေး ရဘူးဆို။

ဒီတော့လဲ အချို့က ပလက်ဖောင်းပေါ်လျှောက်ပြီး ပလက်ဖောင်းပေါ် လူတန်းစားနဲ့ ထိတွေ့သမျှ ငရုတ် သီးဆယ်ပြားဘိုးကို ရေးရိုးအမှန်ပါ။

ဒီ့ထက်ကိုသဘောပါတဲ့ ကာတွန်းတွေ၊ ဆောင်းပါး တွေ၊ တိုင်စာတွေ၊ အော်စာတွေ၊ ဟာသတွေ တစ်ပုံ ကြီး တခြားလူတွေ ရေးကြပါတယ်။ ရေချိုတွင်း ဝတ္ထု ကလဲ ပန်တပွတ် နေစဉ်တုန်းက ကြုံခဲ့ရတဲ့ တကယ့် အဖြစ်အပျက်ကို ရပ်ရွာနဲ့ နာမည်လွှဲပြီး ဖော်ပြတာက လွဲလို့ မှန်တာကို တင်ပြခဲ့ပါတယ်။ အဲဒီ လယ်သမား၊ လယ်ကူလီ မိသားစုဟာ  တကယ်လဲရှိခဲ့ပါတယ်။ အဖျက်လဲ မဟုတ်ပါ။ မမှန်တာရေးတာဆိုရင် ဘွား ဘွားက (လှိုင်ထိပ်ခေါင်တင် ပြောသလို ''ကျောက်စီ ဓါး'' ဆိုတဲ့ စကားလုံးတော့ မဟုတ်ပါဘူး။ ကျောက်စီ ဓါးခေတ်မှ မဟုတ်တော့ပဲကိုး) လက်သုံးတော် သံမဏိ သေနတ်နဲ့ ရင်ဝသာ ပစ်လိုက်ပါတော့'' လို့ ပြောရ တော့တယ် သားကြီး။

ခက်ပါတယ် သားကြီး၊ မြေကြီးပေါ်ကအကြောင်း ရေး တော့လဲ ''မြေကြီးစော်နံသတဲ့'' ဖြစ်ကြဦးမယ်။ မြေကြီးနဲ့ လ, ကမ္ဘာကြား အာကာသခရီးကို စတင်သွားကြတဲ့ ဂါဂါရင်တို့လို လူတန်းစားအကြောင်း ရေးရင်လဲ ရုရှားစော်နံတယ်လို့ ပြောကြ ပေလိမ့်ဦးမယ်။ လ,ကမ္ဘာ ခြေချနိုင်တဲ့ အမ်စထရောင်းတို့ကို အားကျဖို့အကြောင်းရေးရင်လဲ နတ်က,ရာ ကြည့်မောပြီး အမေ ရိကန်စော် နံသတဲ့လို့ ပြောကြဦးမယ်။

ဒီတော့ ဘွားဘွားဖြင့် ချစ်လှစွာသော စာဖတ်သူများ လက်ခံထားသရွေ့ ဘွားဘွားမိသားစု ''ပိစိညှောက်ကပ်လေး'' အကြောင်းကိုပဲ ဖွဲ့နွဲ့တင်ပြရတာပဲ။ ပိုင်ပိုင်နိုင်နိုင်လဲ ဒီမိသားစု အကြောင်းမှာပဲ ရှိတယ်။

စာကို မရေးဘဲမှ မနေနိုင်ပဲကိုး။ ဂေါက်သီး ဝါသနာအိုး တွေလိုပေါ့။ အိမ်တော်ဝန်ဟောင်း ဦးကြူစိန်ကြီးဟာ ဂေါက်သီး ရိုက်နေချိန်ဆို သူ့ချစ်လှစွာသောဇနီး မမနီကြီးကို လုံးဝ သတိ မရတော့ဘူး။ နေပူပူ မိုးရွာရွာ ဂေါက်သီးကွင်းထဲ အချိန်တန် ရင် ဆင်းရမှ။ အေး. . . . ဂေါက်သီးက ရိုက်ရင်းစဉ်ထွက်သွားပြီး တစ်ယောက်ယောက် သွားမှန်တတ်သလို ဘွားဘွားကလဲ ဘွား ဘွားမိသားစုလေးအကြောင်း ရေးရင်းက စာလုံးတွေက တစ်ခါ တလေစဉ့်ပြီ (အာဃာတ မပါလေဘဲ) တစ်ယောက်ယောက် သွားမှန်နေလေသလား မသိ။  မှန်တာရှိရင်လဲ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။ တမင်ရည်ရွယ်ရင်း မရှိပါဆိုတာ။ တစ်ခါ တလေ ဒီ့ထက် ပိုင်ပိုင်နိုင်နိုင် ရေးချင်တာတွေရှိတယ်။ ဟိုအမြင် နဲ့ ဂျောက်တွန်းမှာစိုးတော့ ချိုထားရတာတွေရှိတယ်။

တတ်နိုင်ပါဘူးလေ. . . . ကိုယ်ကချစ်လို့ ဒီကလောင် ရင်မှာ ပိုက်ပြီး ဒီခရီးလျှောက်ခဲ့ပြီကိုး။ ဒီခရီး ဒီလမ်း ကြမ်းသမျှ နုသမျှ ခံရမယ်ဆိုတဲ့ ခံယူချက်က စာပေနယ်မှာ ရှိထားတာကလား။ ဖြစ်သမျှအကြောင်းပေပဲပေါ့။

အမှန်တော့ ''ရေချိုတွင်း'' ဟာ ဝတ္ထုသဘောပေါ့လေ။ လိုရာဆွဲယူပေါ့။ ရည်ရွယ်ချက်လဲ ရှင်းပါတယ်။ ဝတ္ထု 'အစ' ကဗျာလေးကသာ တစ်မျိုးပေါ့။ ကဗျာကို အရင်စပ်ပြီးမှ ဝတ္ထု က နောက်မှရေးတာ။ ကဗျာဆိုတဲ့ စာဆို ရင်ထဲမှာရှိတဲ့ ''အတွေး'' ကို ကာရန်နဲ့ ဖော်ပြရာမှာ ဝတ္ထုလိုတော့ မဟုတ်ဘူး။ ကဗျာဆရာ ဆိုလိုချက်ကို သုံးလေးဘက်က မြင်ကြ၊ ကြည့်ကြ၊ သုံးသပ်လေ့လာကြတာပဲ။ လွတ်လပ်စွာ တွေးခွင့်ပေးကြရတာပဲ။

ဘွားဘွား ရေချိုတွင်း ကဗျာကို ရေးစဉ်က တကယ့်အခြေခံ ကတော့ ပြင်ပမှာ လက်ဝဲ လက်ယာ နိုင်ငံကြီးတွေဟာ လက် နက်ချင်း ပြိုင်ကြလို့ ကမ္ဘာကို တစ်မိနစ်အတွင်း မြူမှုန်ဖြစ်သွား အောင် လုပ်နိုင်လုပ်နိုင်၊ အဲဒီ အင်အားစုကို တကယ့်တကယ် တော့ ဘွားဘွားတို့ ဘာသွားအားကိုးလို့ရမလဲ။ ပင်လယ်ရေငန် လိုပဲ ရေတွေသာ များနေတာ ငန်နေတော့ သောက်လို့မှ မရဘဲ။ ဘွားဘွားတို့ တကယ်အားထားရာဟာ ဘွားဘွားတို့ ပြည်တွင်း မှာရှိတဲ့ ''ရေချိုတွင်း'' နဲ့တူတဲ့ သောက်လို့ရတဲ့ အမျိုးသားစည်း လုံးညီညွတ်မှုပဲဆိုတာ ပြောတာ သားကြီး။

အနုပညာဆိုတာ ဖော်ထုတ်ရာမှာ ဒီလိုပဲ သိမ်မွေ့စွာ ဖွဲ့နွဲ့ သွားကြရတာ။

ဒါကြောင့် အစိုးရ အဖွဲ့တိုင်းလိုလိုဟာ ဝါဒဖြန့်ချိရေးမှာ အနုပညာကို အသုံးချရတာ။ အသုံးချတဲ့အခါမှာ မိမိအစိုးရ သဘော ဘယ်လိုရှိပါတယ်။ အစိုးရက ဘာတွေလုပ်နေပါတယ် ဆိုတာကို အခြားနိုင်ငံတွေနဲ့တကွ ပြည်သူလူထုကို (သိအောင် မသိသာသောနည်းဖြင့်) တင်ပြခြင်းပဲ။

ပိပိရိရိ ရှိရတယ်ပေါ့။ ဘွားဘွားစကားကလဲ ရှုပ်လိုက်တာ (သိအောင် မသိသာသောနည်းဖြင့်) လို့ သားကြီးက ပြောမှာပဲ။ မှန်တယ် သိသာအောင် အတုံးလိုက် အတစ်လိုက် ရွတ်ဖတ်ဖန် များတော့ လူ့စိတ်ဓာတ်ဆိုတာ ပြောင်းပြန်လုပ်ချင်တတ်တယ်။ ဒါကြောင့် အနုပညာဟာ သိမ်မွေ့သလို အနုပညာကို ကိုင်တွယ် အသုံးချရင်လဲ အင်မတန် သိမ်မွေ့နူးညံ့စွာနဲ့ ကျယ်ပြန့်စွာတွေး ခေါ်ပြီး အသုံးချကြရတာပဲ။ ''ဖြောင်'' ပြောသင့်တဲ့အခါတွေ ရှိသလို အနုပညာနဲ့ (စကားပြောတော့မယ်) ဆိုတော့ ဒီအနု ပညာကို ကိုင်တွယ်ရတာ မလွယ်ကူပေဘူး။

ဒါကြောင့် ဘွားဘွား ဖဆပလ ဝါဒ ဖြန့်ချိရေးဌာနမှာ လုပ် စဉ်က ''ငါနဲ့ ဒီဌာနနဲ့ ကြာရှည်ဖြစ်ပါ့မလား'' ဆိုတာ ခဏ ခဏ တွေးမိတယ်။

ဒီဌာနလုပ်တဲ့လူတွေဟာ သိမ်မွေ့နူးညံ့ကြတယ်။ သဘော ထား ကျယ်ပြန့်ကြတယ်။ စိတ်ရှည်ကြတယ်။ သည်းခံကြတယ်။ ဦးလေးသန့် (ဦးသန့်၊ ကုလသမဂ္ဂ) ကို ကြည့်ပါလား။ ဖဆပလ အစည်းအရုံး ဝါဒဖြန့်ချိရေး ဌာနကနေ အစိုးရအဖွဲ့ ဝါဒဖြန့်ချိ ရေးဌာနကို ကူးပြောင်းသွားတယ်။ အဲဒီမှာ သူ လုပ်ခဲ့တာ ဆယ်နှစ်ဆယ်မိုး ဆိုပါတော့။ ပြီးတော့ ကုလသမဂ္ဂ ကမ္ဘာ့အစည်း အရုံးကြီးရဲ့ အထွေထွေ အတွင်းရေးမှူးချုပ်ကြီး ဖြစ်သွားရတာ ပဲ။ သူ့ရဲ့ သည်းခံခြင်း။ သဘောထား ကျယ်ပြန့်ခြင်းဟာ သူ့ ဘဝခရီးကို သူနဲ့ ထိုက်တန်တဲ့နေရာရောက်အောင် ပို့ဆောင် ပေးခြင်းပဲ။

ဘွားဘွားက သူ့လက်အောက်မှာ တွဲလုပ်ခဲ့ပေတဲ့ စိတ်တို တယ်။ စိတ်မြန်တယ်။ ပြတ်လွန်းတယ်။ ဘွားဘွားရေးတဲ့ ဝတ္ထု တွေ ဖတ်ကြည့်ပါလား။ သိပ်အရှည်ကြီး (သူများလို ငါးကျပ်တန်၊ ခုနစ်ကျပ်တန်၊ တစ်ဆယ်တန်ထူထူတွေ ရေးလို့မှမရဘဲ) ဒါ ကြောင့်လဲ ဝါဒဖြန့်ချိရေးဌာနက ခုန်ထွက်ပြီး သားကြီးရဲ့ ဘဘ ကြီးဦးနုဆီကို ရောက်သွားတာပဲ။

ဒါကြောင့် ဘွားဘွားက သားကို ဘွားဘွားရဲ့ အမူအကျင့် ကို ရေးပြရာမှာ လိုက်နာဖို့မဟုတ်ဘူး။ လေ့လာဖို့ပဲလို့ ပြောတာ။

ဘွားဘွားရဲ့စိတ်ကို အလုပ်လုပ်ရင်း တစ်ဖက်က မေမေ့ ဩဝါဒအတိုင်း ''ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး'' သလို နေကြည့်၊ ဦးနု ဩဝါဒအတိုင်း ''နဟိဝေရေ နဝေရာနိ'' ရန်ကို ရန်ခြင်း မတုံ့နှင်း လမ်းစဉ်နဲ့ ဆုံးမ၊ ခုတော့ ဝိပဿနာတရားနဲ့ ထိန်းနေ တာပဲ။

တစ်ဖက်က ကိုယ်တတ်တဲ့ စာပေနယ်ထဲက စကားပြေ အရေးအသားကနေ ''ကဗျာ'' ကို ရှုမဝမဂ္ဂဇင်းမှာ ထည့်ထည့် ပြီး စမ်းပြီးရေးသွားတာက ဘွားဘွားစိတ်ဓာတ်ကို ပရိယာယ် ကြွယ်ဝပြီး နူးညံ့လာအောင် ပြင်ကြည့်နေတာပဲ သား။

ကဗျာဉာဏ် ပရိယာယ်ကြွယ်လာတော့ သံအမတ်များလို ပဲ။ ဆိုလိုချက်ကို လိမ္မာစွာ တင်ပြလာတတ်လာတယ်။ စကားတွေ ရှည်လာပြီ။ မူလဇာတ်အိမ်ကို ပြန်ကောက်ရ ဦးမယ်။ ဝန်ကြီးချုပ်ဆီ အလုပ်လုပ်စဉ်ကလဲ ခုနရေးပြခဲ့သလို ''အေ–ဒီ–စီ'' ဆိုတဲ့ ဗိုလ်ကြီးများအပေါ် ဘွားဘွားက အာဏာ ပေးပိုင်ခွင့် ဘာမှမရှိဘူး။ ''အေ–ဒီ–စီ'' လေးငါးယောက်နဲ့ ဘွား ဘွား တွဲလာခဲ့တာပဲ။ သူတို့မှလဲ သူတို့ကိုယ်ပိုင်ဘဉ်ကလေးတွေ နဲ့ကိုး။ ဒီတော့ သူတို့နဲ့လဲ အလျဉ်းသင့်သလို ကြည့်နေ၊ ဝန်ကြီး ချုပ် အော်သမျှ သည်းခံ၊ အောက်လက်ကိုလဲ စိတ်က အားမရ၊ ပြည်သူလူထု အော်သမျှလဲ ရှေ့ကဆီးပြီး ခံရတာပဲ။

အဲဒီလို ထပ်တူအဖြစ်က အိမ်ရှင်မဘဝမှာလဲ ''ကြားလူ တန်းစား'' အဖြစ် ကြုံရပြန်ရော။

ယခင် (ရှို့. . . . တို့. . . . စံ) တို့ ခြေမျှားရာ နယ်မြေခေါင်ချုပ်ဖြစ် တဲ့ ''ဝင်ဒါမီယာ'' နယ်မြေကြီးကိုလဲကြည့်ရင်း ရင်ပူလာတယ်။ ငြီးငွေ့လာတယ်။ ပြတ်ပြတ်သားသား ကျော်ခိုင်းလိုက်တယ်။ ကျော်ခိုင်းလာပုံကို နည်းနည်း ဗဟုသုတအဖြစ် ပြောလိုက်ဦး မယ်။ ''ဝင်ဒါမီယာ'' စပေါ်ပုံလဲ ပါတာပေါ့လေ။

ဖဆပလခေတ် အစိုးရအဖွဲ့ရဲ့ ဝန်ကြီးချုပ်အိမ်ဆိုပါစို့။ ဝင်ဒါမီယာထဲမှာ တိုက်တစ်လုံးပေးတယ်၊ အဲဒီမှာ ပထမဆုံး တွဲရတဲ့ အေ–ဒီ–စီဟာ ဗိုလ်ကြီးစိုးမြင့် ဆိုသူပဲ။ အရပ်ရပ် အခြေ အနေတွေ လုံးဝ မတည်ငြိမ်သေးလေတော့ နည်းနည်းနဲ့ ကြဲကြဲ ဝိုင်း ဆိုသလို ဝန်ကြီးချုပ်အိမ်ကြီးရဲ့ (ရုံးအဖွဲ့) ကို နှစ်ယောက်ထဲနဲ့ သယ်လာခဲ့ကြရတယ်။ အလယ်လူတန်းစား အလုပ်မှာ လူကသာ နှစ်ယောက်ထဲရယ်၊ အလုပ်ကတော့ တွက်သာ ကြည့် ပေတော့။ လက်တွေ့ ရုံးအလုပ်၊ စီမံချက်၊ ဆက်ဆံရေး ထူ ထောင်ရေး၊ ကွပ်ကဲရေး စသည်ဖြင့် အလုပ်ကလဲများတော့ မနိုင် ကြတိုင်း ရန်ဖြစ်တဲ့အခါလဲ ဖြစ်ကြ။ သင့်မြတ်တဲ့အခါလဲ သင့် မြတ်ကြပဲ။ တကယ့် တကယ် အဲဒီနှစ်ယောက်အဖွဲ့ကို အခြေ အနေ တည်ငြိမ်လာလို့ အသားတကျ တိုးချဲ့ဖွဲ့လိုက်တော့ လူ သုံးဆယ်အထိ ခန့်ရတဲ့အခြေ ရောက်လာတယ်။

ဒါပေမဲ့ ဘဝဆုတောင်း မကောင်းလေတော့ ဗိုလ်ကြီးစိုးမြင့် လဲ မကောင်းတဲ့အခြေအနေမှာ ခံရတဲ့အပိုင်းသာ ခံရတယ်။ စံရတဲ့အပိုင်းကျတော့ သူ မပါလာဘူး။ သူလဲ (အထူးအာဏာ မရသော ဖွတ်ကုန်းသူကြီး) ဆိုပါတော့။ ဦးနု အာဏာမရှိပေမင့် သူကတော့ အမြဲတမ်း လစာမဲ့ အေ–ဒီ–စီ လုပ်နေထင်ပါရဲ့။ ယခင်အိမ်တော်ဝန်ရဲ့ဇနီး ဒေါ်နီနီကြီးကိုလဲ ဘွားဘွား ဝေါဟာရ အသစ်နဲ့ ဘွဲ့ထူးပေးထားသလိုပေါ့။ ဘွားဘွားက သူ့ကို (ပီ–ကေ) လို့ ပေးထားတယ်၊ (ပီ–ကေ) ဆိုတာ အင်္ဂလိပ်လို (ပါမင့် နဲင့်ကွတ်) (ဏနမာညေနညအ ဃသသု) အမြဲတမ်း ထမင်းချက်ကြီးပေါ့။ ဦးနုကြီး အာဏာ ရှိရှိ မရှိရှိ သူကတော့ အရေးဆို ထမင်းချက် လာလုပ်မြဲပဲလို့ သိရတယ်။

အဲဒီလို အခြေအနေ တည်ငြိမ်လို့ လူသုံးဆယ်လောက် အထိ ဖွဲ့စည်းလိုက်တဲ့အခါမှာ စာအုပ်ကြီးပုံစံသွင်း။ ဘာဆိုရင် ဘယ်သူကလုပ် ဘယ်လိုဆက်သွယ် ဆိုတာတွေ လုပ်လာကြတယ်။ အဲဒါတွေလုပ် ရုံးလုပ်ငန်းသဘောပေါ့လေ။ အပေါ်ယံပဲ အလုပ်ရှုပ်နေကြတာပဲ၊ အနှစ်သာရ မပါဘူး။ ဒါပေမဲ့ နောက် ရောက်လာတဲ့ အရာရှိကြီးများထဲက တချို့က ''သူတို့ ရောက် လာမှပဲ ဦးနုဟာ တိုင်းပြည်ကြီးကို ငြိမ်းချမ်းစွာ အုပ်ချုပ်နိုင်တော့ တယ်'' ဆိုတဲ့ စကားလုံး သုံးလာကြတယ်။ ဘွားဘွားက ဟက် ဟက်ပက်ပက် ဟစ်လို့သာ ရယ်လိုက်ချင်တယ်။ သားကြီး ကြီး လာရင် အဲဒါ သတိထားဖို့သင့်တယ်။ ရုံးလုပ်ငန်း (တက်ကနစ်) ရှုပ်နေပြီး အဲဒါကို အသားပေးလုပ်နေတာကို အလုပ်ပြီးတယ် လို့ယူဆရင် မှားမယ်။ လက်တွေ့လူထုမှာ ဘာတိုးတက်သလဲ ဆိုတာနဲ့ တခြားစီ။

ဘွားဘွား ပြတ်တယ် ရင်ဆိုင်တယ် ဆိုတာတွေမှာတော့ ''ကုလားထိုင်'' စကား မပါဘူး။ ''ကုလားထိုင်'' ဆိုတဲ့ ရာထူး နေရာမှာ အပြတ်အသတ်လုဖို့ ဝါသနာကတော့ လုံးဝမရှိဘူး။

ဒါကြောင့် နောက်တစ်ချီ ဦးနု ဝန်ကြီးချုပ် ပြန်ဖြစ်တော့ အတွင်းရေး အတွင်းဝန်အဖြစ် ပြန်လည်ပေးပေမဲ့ မလုပ်တော့ ဘူး။ ပြတ်တာက အဓိကအကြောင်းပါပဲ၊ အပြင်ပန်းအမြင်နဲ့ ကြည့်ရင်တော့ ဝိဇ္ဇာဘွဲ့အတွက် ကျောင်းကလဲ တက်နေ၊ ရောဂါ တစ်ခုကလဲ ခွဲစိတ်ကုသခံနေရတော့ ကျန်းမာရေးကိုပဲ အကြောင်း ပြုပြီး ထွက်ခွင့်တောင်းခဲ့တယ်။ ဝန်ကြီးချုပ်ကတော့ (မင်းနေရာ မှာ ငါ ဘယ်သူ့မှ အစားမခန့်ချင်တော့ဘူး။ နာမည်တော့ ဖွင့် မပြောလိုဘူး။ မင်းနေရာကို လိုချင်လို့ တောင်းဆိုနေတဲ့သူတွေ အများကြီး) တဲ့။

ဘွားဘွားကတော့ ဝန်ကြီးချုပ်ကို ကုလားထိုင်အကြောင်း တွေ ဘာမှ ထည့်မပြောတော့ဘူး။ ဘွားဘွား စိတ်ထဲမှာ ''ရှို့– တို့–စံ'' လူတန်းစားတို့ များသောအားဖြင့် ကျက်စားရာ အတွင်း ဝန်ရုံးတို့ ဝင်ဒါမီယာ ပတ်ဝန်းကျင်တို့မှာ ကျက်စားဖို့ ပင်ကိုယ်က ဝါသနာ မပါခဲ့လေတော့ ဝင်ဒါမီယာကိုလဲ နောက်ဆုံး ကျောခိုင်း ထွက်လာခဲ့တယ်။

သားကြီးက ဆိုချင် ဆိုမယ်။

''ဘွားဘွားကလဲဗျာ ပြတ်တုန်းကတော့လဲ ပြတ်လိုက်တာ။ ပျောတော့လဲ သိပ်ပျော့တာပဲ. . . .'' လို့။

ဟုတ်ပါတယ်။ သားကြီး ဆိုသင့်တယ်။ ဘွားဘွား ငယ်ငယ် ကအကြောင်း ပြောတဲ့အထဲမှာ ငယ်စိတ် ငယ်မာန်တွေ ရှိတဲ့ အကြောင်း ပြောခဲ့ပြီ။ ဒါကြောင့်လဲ ဘွားဘွား ဆရာတွေက ဘွားဘွားကို မာန်ကြီးတဲ့သူအဖြစ် မာန်လျှော့ဖို့ ဆုံးမခဲ့ကြတယ်။

ဘွားဘွား ဝင်ဒါမီယာမှာ လုပ်ခဲ့စဉ်က မာနတော့ မထောင် လွှားခဲ့ပါဘူး။ ''ဝင်ဒါမီယာ'' ဆိုတဲ့ စကားလုံးကို ခဏခဏ သုံး နေရတာကတော့ ''ဝင်ဒါမီယာ'' ဟာ ဘွားဘွားရဲ့ ဘဝတက္ကသိုလ် တစ်ခု ဖြစ်နေလို့ သုံးရတာပါပဲ။

ဘွားဘွား အဲဒီတုန်းက မာနမထားခဲ့ပါဘူး။

တချို့ အရာရှိများက ဘွားဘွားကို အမှိုက်လှဲတဲ့ ကုလားမ လေးများလို့ ထင်လေမလား မသိ။ ကုပ်ကုပ်ကလေးနဲ့ ရို့ရို့ လေး နေခဲ့တယ်။

ကုလားထိုင် (သို့မဟုတ်) ရာထူးနဲ့ ပတ်သက်လာရင်သာဘွားဘွားက တိုက်ပွဲ မဆင်ချင်တာ။ ဆရာများ ပြောသလို ဘွား ဘွားမှာ ပင်ကိုယ်မာန်တော့ ရှိတယ်။

''မာန်'' နဲ့ ''မာန'' ကို သားကြီး ခွဲခြားသိစေချင်တယ်။

> ''ငါသာ တတ်တယ်။ ငါသာ မြတ်တယ်။ ငါနဲ့တူသူ မရှိ။ မည်သည့် ပညာအတွက်ကိုမှ တပည့်ခံဖို့ မလို။ ငါက ဘာရာထူးပဲ။ ငါတို့မျိုးရိုးက ဘာပဲ။ ငါက ဘာ ကတော်ပဲ။ ဘယ်သူ့မှ ဂရုစိုက်စရာ မလိုဘူး. . . .''

ဆိုတာတွေက မာနလို့ခေါ်တယ် သားကြီး။ အဲဒီလို မာန တရားကတော့ မရှိအပ်ဘူး။ ကိုယ့်မာနက ကိုယ့်ကို ပြန်ပြီးပျက် စီးစေတယ်။

''မာန်'' ဆိုတဲ့ သဘောကတော့ ရှိသင့် ရှိထိုက်တယ်။ လောကီမှာနေသရွေ့ မာန် မရှိပြန်ရင်လဲ သူတစ်ပါး ခြေဖဝါး အောက် စုံးစုံးမြုပ်လိမ့်မယ်။ ဘွားဘွား ငယ်ငယ်တုန်းက မာန ကြီးခဲ့ပုံလေး ပြောပြရဦးမယ်။

ဘွားဘွား ရေးခဲ့သလို ဘွားဘွား ငယ်စဉ်က ပညာသင်ရ တာ မြန်မာစာသက်သက် သင်တဲ့ကျောင်း။ အစ်ကိုတွေကဆို နောက်ပြောင်ပြီး ''တစ်မတ်တန်း ကျောင်းသူလေးဟေ့'' ''ဘုန်း ကြီးကျောင်းထွက်ဟေ့'' နဲ့ ပြောခဲ့တယ်။ အိမ်မှာပဲ အင်္ဂလိပ်စာ ကို ဘွားဘွားရဲ့ 'မမ' က သင်ပေးတယ်။ ဂျပန်ခေတ်မှာ ဆရာမ အချောတို့ မာဂရက်တို့က သင်ပေးတယ်။

ဂျပန်တွေကို တိုက်ထုတ်ပြီးစ ဗြိတိသျှအစိုးရ ပြောင်းစနှစ် ကဆို မက်ထရစ်စာမေးပွဲတွေ စတင် ကျင်းပပေးတယ်။ စာမေး ပွဲက မြောင်းမြမှာ သွားဖြေရတယ်။ ဘွားဘွားကလဲ အင်္ဂလိပ်စာ ကို မက်ထရစ်အောင်လောက်အောင် မတတ်သေး။

''နယူးမက်သတ်ရီဒါး'' နံပါတ် (၄) လောက်သာ တတ် တော့ ဝွကျနေတယ်။ အဲဒီတုန်းက ဘွားဘွားရဲ့ နောက်မှာ အား ပေးသူက ကျောင်းအုပ်ဆရာမကြီး ဒေါ်ပိုက်မိ တစ်ယောက်ပဲ ရှိတယ်။

''မယုရေ စာတစ်လုံးမှ မရေးတတ်လဲနေ၊ စာမေးပွဲခန်းထဲ ဝင် မက်ထရစ် စာမေးပွဲဆိုတာ ဘာလဲသိအောင် မေးခွန်းဖတ် ပြီး ပြန်ထွက်လာခဲ့'' တဲ့။

ဘွားဘွားလဲ သူပြောတဲ့အတိုင်း လုပ်ခဲ့တယ်။ ဒီတုန်းက ပြဋ္ဌာန်းတဲ့ (ဖရိုစီ) ဆိုတဲ့ အင်္ဂလိပ်စာအုပ်ဆိုတာ ရှာလို့တောင် မရဘူး။ ဖြေဖော်ဖြေဖက် သူငယ်ချင်းတွေပြောတာ ကြားသမျှ လေးတန်း အင်္ဂလိပ်စာနဲ့ လျှောက်ရေးပြီး စာမေးပွဲခန်းထဲက ထွက်လာခဲ့တယ်။ ဝါးခယ်မ ပြန်ရောက်လာတယ်ဆို ဆရာမကြီး

ဒေါ်ပိုက်မိက ''မင်း ဖြေခဲ့တဲ့စာမေးပွဲ ကျမှာပဲ။ ကိုယ် မတတ် သေးတာအတွက် ဝမ်းနည်းမနေနဲ့၊ ရှေ့နှစ်ဆက်ကြိုးစားတဲ့. . . .''

ဘွားဘွား သူငယ်ချင်းတွေကတော့ မက်ထရစ် အောင် စာရင်း ထွက်လာတော့ ''အေ၊ ဘီ၊ စီ၊ ဒီ'' တောင် မရေးတတ်တဲ့ သူငယ်မ မက်ထရစ် သွားမှန်းတော့ ကျမှာပေါ့တဲ့'' ပြောတယ်။ ဘွားဘွားလဲ အဲဒီနှစ် ရန်ကုန်ကို ထွက်လာရတယ်။ စိတ်ထဲက တော့ သူငယ်ချင်းတွေကို ''နေသေးသပ ခြုံထဲက ချိုသွေးသပ တမြမြ'' ပေါ့လို့ ကြုံးဝါးခဲ့တယ်။ရန်ကုန်လဲရောက်ရော ဖဆပလ ဝါဒဖြန့်ချိရေးဌာနမှာ တစ်ဖက်လုပ်ရင်း တစ်ဖက်က အင်္ဂလိပ်စာ သင်တယ်။ သင်ပေး တဲ့ ဆရာက ဒေါက်တာမင်းအောင်တဲ့။ သူက ရခိုင်ဆရာဝန်၊ (သားကြီး ဘဘကြီး ဗိုလ်မှူးဟောင်း ဗိုလ်သီဟ) တို့နဲ့အတူ ဗမာ့တပ်မတော် တော်လှန်ရေး ရဲဘော်ဟောင်းကြီးပေါ့။

''တစ်နှစ်အတွင်း အောင်ရမယ်။ မအောင်ရင် သူက ငွေ ၃၀ဝိ ပေးမယ်၊ အောင်ရင် ဘွားဘွားက ငွေ ၃၀ဝိ ကန်တော့ ရမယ်'' ဆိုပြီး စာချုပ်ကို ချုပ်။ တစ်နှစ်အတွင်း အောင်ရမယ် ဆိုပြီး သင်လိုက်တာ အဲဒီနှစ်အောင်တာပဲ။ ဘွားဘွားကို သရော် ခဲ့တဲ့ သူငယ်ချင်းတချို့တော့ ခုထိ မက်ထရစ်မအောင်ရှာကြ သေးဘူး။

ဘီ အေ ဒီဂရီကိုလဲ ဒီလိုပဲ ယူခဲ့ရတယ်။ ဘွားဘွားအမျိုး တစ်ယောက်ကတော့ တော်တော့်ကို သုံးမရတဲ့စကားနဲ့ နှိမ်လိုက် သေးတယ်။

''မိခင်ယု တစ်ယောက် တစ်သက် ဘီ၊အေ မအောင်ဘူး'' တဲ့။

ကြီးတဲ့သူမို့ ပါးစပ်က ပြန်မပြောခဲ့ဘူး။ စိတ်ထဲကတော့

''ရှင်တို့လို မိဘလုပ်စာထိုင်စားပြီး အေးအေးပညာသင်ခဲ့ တာ မဟုတ်ဘူး။ မိဘကို ရှာကျွေးရင်း တစ်ဖက်က ဘီ၊ အေ ဒီဂရီရအောင် လုပ်ပြမယ်'' ပြောပြီး အလုပ်လုပ်ရင်းကပဲ ဒီဂရီ ရအောင် လုပ်ပြလိုက်တာပဲ။ ဒီသဘောကို ရေးပြရတာ ကြွားရာ ရောက်ရင်လဲ ရောက်သွားမယ်လေ။

ဒါပေမဲ့ ဘွားဘွားသိစေချင်တာက ဒီလိုနေရာမျိုးကျတော့ကောင်းသော ရည်ရွယ်ချက်နဲ့ယှဉ်သော ''မာန်'' ဆိုတာလေး ကတော့ ရှိရတယ်သားကြီး။

မင်းရဲ့ ဘွားလေးယယ်နုနု ပြောသလိုပဲ။ တစ်ခါတလေ သူက ဘွားဘွားကို ပြောတယ်လေ။

''နုနုတို့တော့ မာနမရှိပါဘူး။ ဒါပေမဲ့ တစ်ခါတစ်ခါ နဂါး မှန်းသိအောင် အမောက်ထောင်ပြရတယ် မမယုရဲ့'' တဲ့။ သူက လူငယ်ပေကိုး။

''မာန်'' ဆိုတာဟာ ယောက်ျားကောင်းတို့မှာ ရှိသင့်ရှိထိုက် တဲ့ စိတ်ဓာတ်တစ်ခုပဲ သားကြီး။ ဇနကမင်းသားဟာ မိတ္ထီလာ ပြည်ကြီးကို စိုးစံရတာ ယောက်ျားကောင်းတို့ထားအပ်တဲ့ ''မာန်'' ရှိလို့ပဲ။

တစ်ခြားမှူးမတ်တွေ မင်းလောင်းအဖြစ်ရွေးချယ်တဲ့ စစ်သူ ကြီးတို့၊ ဘဏ္ဍာစိုး၊ ရွှေတိုက်ဝန်တို့၊ သူဌေးကြီးတို့၊ ထီးတော်မိုး ဆိုတဲ့သူတွေဟာ သီဝလိဒေဝီမင်းသမီးနဲ့ တွေ့ရင်ပဲ ယောက်ျား ''မာန်'' မရှိကြတော့ဘူး။ မင်းသမီးခိုင်းသလို လိုက်လုပ်တယ်။ မင်းသမီးကို လိုချင်တဲ့ ကာမဂုဏ်အာရုံကြားမှာ မိန်းမောပြီး ယောက်ျားဈေးဖျက်တဲ့အလုပ်တွေ လုပ်ကြတယ်။ ထီးနန်းစည်းစိမ် ကို မက်မောပြီး ကျွန်မြေ့မဲ့တဲ့အလုပ်တွေ ဥပမာ မင်းသမီးက ပြေးခိုင်းလဲ ပြေးပြကြ၊ မင်းသမီးက ခြေထောက်နှိပ်ခိုင်းလဲ နှိပ်ပြကြနဲ့၊ မင်းတို့ ခေတ်စကားနဲ့ ရေးရရင် သိပ် ''ငနဲ'' တာပေါ့ ကွာ။

ဒီလိုလူတွေကို မိတ္ထီလာထီးနန်းစည်းစိမ် အပ်ရင်ဖြင့် ငါ့တိုင်းပြည် ပျက်ရချည်ရဲ့ဆိုတာ သီဝလိဒေဝီလို ပညာရှင်ဘုရင် သမီးတော်က မသိဘဲနေပါ့မလား သားကြီးရယ်။ တစ်ခါထဲ အဲဒီလူတွေဟာ နန်းတော်ပေါ်က ဝှမ်းပစ်ပြေးကြရတာပဲ။

ဇနကမင်းသားကတော့ ယောက်ျားတို့ကျွန်ွေ ယောက်ျား မာန်ရှိလေတော့ သီဝလိဒေဝီက သူ့အဆောင်တော်ကိုကြွဖို့ အကြိမ်ကြိမ်ထောက်တော်တွေ စေခိုင်းပြီး လျှောက်ထားတာ ကိုလဲ

မကြားချင်ယောင်ဆောင်နေတယ်။ နန်းမဆောင်တံခါးဝ ကို သူ့အလိုအလျောက် လျှောက်သွားရင်း မင်းသမီးမြင်တာ တောင် ခပ်တည်တည်ပဲနေပြတယ်။ သီဝလီဒေဝီမင်းသမီးဟာ သလွန်တော်ပေါ်ကဆင်းပြီး နန်းမဆောင်တံခါးဝမှ ဖနက မင်းသားကို ကြိုဆိုရတယ်။ ဘယ်လိုနည်းနဲ့ ထီးနန်းကိုရတယ် ဘယ်လို ဖွဲ့ရှိတယ်ဆိုတာကတော့ နောက်ပိုင်းကျမှပဲ ဘွားဘွားပြောပြ တော့မယ်။

ခုလောက် ဘွားဘွားပြောပြရင် သားကြီးလဲ ယောက်ျား ကောင်းတို့မှာ ရှိအပ်သော မာန်ဆိုတဲ့ သဘောတရားနဲ့ လွဲမှားသော ''မာန'' သဘောကို အဓိပ္ပာယ်ရှင်းရှင်းလင်းလင်း သိလောက် ပြီထင်ပါတယ် သားကြီး။

''ကုလားထိုင်'' တစ်လုံးအတွက် အချိန်ကုန် လူပန်းခံပြီး ဘာလို့ ယှဉ်ပြိုင်တိုက်ခိုက်နေမလဲ။ အတိတ်ကိုပြန်ကြည့်ရင်လဲ ကုလားထိုင်လုပွဲကြောင့် တိုင်းပြည်ကြီး ဒုက္ခဖြစ်ခဲ့ရတယ်။ ဘွားဘွား ဖြတ်သန်းလာခဲ့ရတဲ့ ခရီးလမ်းတစ်လျှောက်မှာ ဖြစ်နေတဲ့ဇာတ် လမ်းကိုကြည့်ရင် ''ကုလားထိုင်'' လုပွဲရဲ့ အဖြေဟာ ဒုက္ခနဲ့သာ ရင်ဆိုင်ခဲ့ကြတယ်ဆိုတာ တွေ့ရတာပဲ။

ကဲ. . . . ဝင်ဒါမီယာကို ပြန်ကြည့်လိုက်စမ်း။ ဘာမဟုတ်တဲ့ ''အတွင်းရေးအတွင်းဝန်'' ဆိုတဲ့ ကုလားထိုင်ကရော မြဲသေးရဲ့ လား။ ဒီကုလားထိုင်ကို လိုချင်လုချည်ရဲ့ဆိုတဲ့ လူကော မြဲသေး ရဲ့လား။

ဘွားဘွားဟာ ပျော့လို့ညံ့လို့ ဒူးထောက်အရှုံးပေးပြီး ဝင်ဒါ မီယာကို ကျောခိုင်းခဲ့တာ မဟုတ်ဘူး။

သူများကို ဒုက္ခရောက်ပြီးမှ ကန်ချပြီးမှ ရ,ရမယ့် ကုလား ထိုင်မျိုးလဲ ဘွားဘွား မလိုချင်ဘူး။ ဒါမျိုးအတွက် ယှဉ်ပြိုင်တိုက် ခိုက်ဖို့လဲ ဘွားဘွားရဲ့ အဖိုးတန်တဲ့ အချိန်တွေကို ''ဖြုန်း'' မပစ် ချင်ဘူး။

ဘယ်သူ့ကိုမှလဲ မထိခိုက်ဘူး။ ကိုယ့်အတွက်လဲ အကျိုး သက်ရောက်မယ်။ ပတ်ဝန်းကျင်ကိုလဲ လက်တွဲခေါ်ယူသွားလို့ ရတယ်ဆိုတဲ့နေရာမျိုးမှာတော့ ဘွားဘွား ''မာန်'' မလျှော့ခဲ့ဘူး လေ။ ကိုယ့်မာန်နဲ့ ကိုယ် ကြိုးစားခဲ့တာပဲ။

''မင်းတို့က ဒါလောက်ပဲ လုပ်နိုင်တယ် ထင်သလားကွာ။ ငါက ဟောဒါလောက် လုပ်နိုင်တယ်ကွ'' လို့ ကြိုးပမ်းပြခြင်းဟာ ကိုယ်ကြိုးစားပြလို့ ကိုယ်ဖို့လဲ အကျိုးသက်ရောက်မယ်၊ ကိုယ့် ပတ်ဝန်းကျင်ကိုလဲ ကိုယ့်ကြိုးပမ်းမှုကြောင့် အကျိုးသက်ရောက် မယ်ဆိုရင်တော့ သားကြီးယောက်ျားတို့မာန်ကို မလျှော့ပါနဲ့။

ကုလားထိုင်အကြောင်းနဲ့ ပတ်သက်ပြီး ဘွားဘွားစကား စပ်မိလို့ ဆက်ပြောချင်သေးတယ်။ ဘွားဘွားတို့ အမျိုးထဲက လူတစ်ယောက်ဟာ သူ့အမျိုးထဲမှာမကြိုက်ဘူး။ စာတတ်မှာကိုလဲ သိပ်စိုးတယ်။ ဘွားဘွားတို့ စာ သင်နေတာတွေ စာကြိုးစားနေတာတွေကို နည်းနည်းမှ မရှုစိမ့် ဘူး။ ဘွားဘွားဖြင့် ပထမ သူပြောလူပြောနဲ့ တစ်ဆင့်စကား မယုံခဲ့ဘူး။ နောက်တော့ ဘွားဘွားကို မျက်နှာချင်းဆိုင်ပြီးတော့ လက်ညှိုးငေါက်ငေါက်ထိုးပြီးတော့ကို ပြောတာ။

''မိခင်ယု နင် မြန်မြန်သေပါစေ။ နင်သေမှ ငါအေး မယ်။ နင်ခုလို စာတွေသင် နင့်အိမ် နင့်ယာနဲ့ ဒီလိုနေတာ တွေ့ရတာ ဂါ့ရင်ထဲ သိပ်ပူတာပဲ''

ဘွားဘွားဖြင့် နင်. . . . နင်. . . . ဆိုပြီး ရင့်သီးတဲ့ သူ့စကားလုံးကို နားထောင်ရင်း အံ့အားကို သင့်သွားတာပဲ။ ပထမတော့ 'ထောင်း' ခနဲ ဒေါသထွက်သွားတယ်။ ချက်ချင်းပဲ ဘွားဘွား အားထုတ်ထားတဲ့ ဝိပဿနာတရားက ''အဦးစိတ်'' ကို ''ပထမ ဆုံးပေါ်လာတဲ့စိတ်'' သတ်ပေးလိုက်တယ်။

''မင်း ဒေါသထွက်နေပြီ၊ သူနဲ့ပြိုင်ပြီး ဒေါသထွက်ဖို့ မလို ဘူး'' လို့ သတိထားလိုက်တာနဲ့တစ်ပြိုင်နက် ဘွားဘွားဒေါသ စိတ်ဟာ လွင့်သွားပြီး ကြည်လင်စိတ် (ပကတိစိတ်) ပေါ်လာ တယ်။ ဝိပဿနာတရား အားမထုတ်ခင်ကဆိုရင်တော့ ''တစ်ပွဲ တစ်လမ်း စမ်းကြဦးစို့လေ'' ဆိုပြီး သေချင်သေပေစေ၊ ငယ်စိတ်နဲ့ ဒီနေရာမှာ တိုက်ပွဲကြီးဆင်လိုက်မှာပေါ့။ ခုတော့ ဘွားဘွားက တစ်မတ်တန်းကျောင်းထွက် ဘုန်းကြီးကျောင်းသူကလေးပီပီ ငယ်ငယ်တုန်းက ကျက်ရတဲ့လင်္ကာကို ရွတ်ပြရမယ်ဆိုရင်. . . .

''သူ့စည်းစိမ်ကို၊ ရလိုမှုနှင့် သူ့သက်ဇိဝိန် သေစေချင်မှု၊ အယူမှောက်မှား၊ ဤသုံးပါး။ မှတ်သား မနောကံ. . . .'' လို့ ရွတ်ရလိမ့်မယ်။

ခုတော့ သူ့ခမျာ ဘွားဘွားကိုပြောတဲ့နေ့ကစပြီး သူ့မနောကံ အပူဟာ သူ့ကို လောင်ကျွမ်းလိုက်တာ ခုထိ လူရုပ်မပေါ်တော့ပဲ ဘယ်နေရာမှလဲ အခြေတကျ ရပ်တည်မရအောင် ဖြစ်နေရှာ တယ်။

ဘွားဘွားမှာဖြင့် နေ့တိုင်းလိုပဲ ဘုရားမှာ သစ္စာဆို သူ့မျက်နှာ ကိုပေါ်အောင် အာရုံပြုပြီး ရင်ထဲမှာ တကယ်အေးငြိမ်းလာမှ ''ဘဝမှာ ဝဋ်ရှိရင်လဲ ကျေပါစေ၊ အာဃာတရှိရင်လဲ ပြေပျောက် ပါစေ၊ ရပ်တည်ရာမရ ပြေးလွှားနေရသောဘဝမှ တည်ငြိမ်ချမ်း သာမှုကို ရပါစေ. . . .'' လို့ ဆုတောင်းမေတ္တာပို့ရတယ်။

ဆွေမျိုးအရင်းကြီးဆိုပြန်တော့လဲ သူ့ဒုက္ခကို မရှုရက်နိုင် ဘူး။

ဘွားဘွားက သူနဲ့ရင်ဆိုင်တဲ့အချိန်မှာ ကိုယ့်မာန်အားကိုးနဲ့ သူနဲ့ယှဉ်ပြိုင်တိုက်ခိုက်တယ်ပဲထား။ ဘွားဘွားက အမှန်ဘက်က ရပ်နေတယ်ပဲထား။ ဖယောင်းတိုင်ချင်း ကပ်လိုက်တော့ မီးကူး သလို သူ့အပူတွေ ဘွားဘွားကို ကူးလာလိုက်မယ့်ဖြစ်ခြင်း။

ဒါကြောင့် ဘွားဘွား အဲဒီနေရာမျိုးမှာ ငါယှဉ်ပြိုင်တိုက်ခိုက် နိုင်တယ်ဆိုတဲ့ မာန်ကို မထားပါဘူး အစွမ်းလဲ မပြပါဘူး။ ကိုယ့်ဆီကို မီးအကူးမခံဘူး။ မီးရထားတွဲချင်း ဆက်မရအောင် ခွာထားသလို နေရတယ်။

## အခါနှောင်းခဲ့ပြီ

ဝင်ဒါမီယာကို ကျောခိုင်းထွက်လာပြီးလို့ အိမ်ရှင်မဘဝ ကျ ပြန်တော့လဲ ''ကြားလူတန်းစား'' ဘဝက မကျွတ်လွတ်သေးတာ ကို ဘွားဘွား ပြောခဲ့ပြီ။ ဘွားဘွား နှစ်ကိုယ်ခွဲပြီး ဘွားဘွား ဝိပဿနာအသိနဲ့ ကြည့်စမ်းတဲ့အခါ ''မခင်ယု'' ဆိုတဲ့ အိမ်ရှင်မ တစ်ယောက်ဟာ မိုးလင်းကမိုးချုပ် ပြေးနေလိုက်တာ စကြဝဠာ အဆုံးကို လိုက်ရှာရင်း ပြေးကြည့်တဲ့ ပြဟ္မာကြီးလား အောက်မေ့ ရတယ်။

ဘွားဘွားဖြင့် သိပ်ရယ်ချင်တာပဲ။ အဲဒီ ပြဟ္မာကြီးဟာ ခု ''အမ်စရောင်း'' တို့ ''ဂါဂါရင်'' တို့ထက် သာတယ်ဆိုရမှာပေါ့။

အိမ်ရှင်မဖြစ်နေတဲ့ မခင်ယု ခေါ် ခင်နှင်းယု ခေါ် ဘွားဘွား ယုကြီးကို ဝိပဿနာတရား အားထုတ်နေတဲ့ မခင်ယုက ကြည့် လိုက်တော့ ''သြော်. . . .ကမ္ဘာကြီးတစ်ခုလုံးကို သူတစ်ယောက်ထဲ ကပဲ ဒိုင်ခံပြီး ထမင်းကျွေးနေရတဲ့ရုပ် ကျနေတာပဲ။ တကထဲ ပြေးလိုက်လွှားလိုက်နေတာ ရယ်စရာချည်းပါလား'' လို့ မြင် တယ်။

အဲဒီနေရာမှာ ငယ်ငယ်တုန်းက ဘွားဘွားကြိုက်တဲ့ အကျည်း တန်သော ဘဲကလေး ပုံပြင်လို ဘွားဘွားကလဲ ကိုယ့်ဘဝကိုယ် နှိုင်းချုပ်ချင်တယ် သားကြီး။

ဘဲကလေးမှာ နောက်ဆုံး ပြေးရင်းလွှားရင်း ဒုက္ခအမျိုးစုံ တွေ့ရင်းက အင်မတန်ကြည်လင်တဲ့ ရေအိုင်တစ်ခုကို ရောက် သွားတယ်။ အဲဒီရေအိုင်မှာ လှပတဲ့ ကြာပန်းများနဲ့ ငန်းဖြူလေး များ ရှိကြတယ်။ ညနေစောင်း နေရောင်ကလဲ ရွှေရောင် ငွေ ရောင် တလက်လက် ဖြာကျနေသလို ရေမျက်နှာပြင်ပေါ်မှာ ကျနေသတဲ့။ အဲဒီကန် ပါဝင်တဲ့ ခြံကိုပိုင်တဲ့ မိသားစုဟာ ရေ ကန်လေးဘေးကို ရောက်လာတော့ ကလေးများက လက်ခုတ် လက်ဝါးတီးပြီး ဝမ်းသာအားရ ပြောကြသတဲ့။ အကျည်းတန် သော ဘဲလေးမှာတော့ ကြောင်တက်တက် ဖြစ်နေတယ်။ နောက်ထပ်ဆက်ပြီး ငါ ဘယ်ကိုများ ပြေးရအုံးမှာလဲလို့ လန့် နေတာပေါ့။

ဒါပေမဲ့ သူကြားရတဲ့ အသံက ခါတိုင်းကြားနေရတဲ့ အသံ မျိုးတွေ မဟုတ်ဘူး။

''ကြည့်လိုက်စမ်းပါဟေ့။ နောက်ဆုံးရောက်လာတဲ့ ငှန်း ကလေးဟာ တို့ကန်ထဲက ငှန်းတွေထဲမှာ အလှဆုံးပါပဲ'' လို့ ကြားရသတဲ့။ သူ့မှာ ဒီတစ်ခါပဲ စိတ်ချမ်းသာဖူးသတဲ့။ ဒီလိုအသံ ကို ကြားရရုံမက ချီးကျူးခံရတော့ ရှက်တာနဲ့ ခေါင်းလေးကို ငုံ့နေလိုက်တယ်။ ဒီတော့ သူ့ကိုယ်ကိုသူ ရေပြင်ပေါ်မှာ သွား မြင်တော့ သူဟာ သူ့မိသားစု ငယ်စဉ်ကပြောသလို နွံ့သည့် အိမ်က မိသားစုနဲ့ ကြက်တွေ ကြောင်တွေ ဝိုင်းနှိမ်တုန်းက ပြောသလို ''လည်ဂုတ်တိုတို မွဲညိုညိုနဲ့ အကျည်းတန်သော ဘဲလေး'' မဟုတ်ဘဲ လည်တန်သွယ်သွယ်နဲ့ လှပဖြူစင်သော ဘဲငန်းလေး ဖြစ်နေသတဲ့။ ဒီတော့မှပဲ သူ သက်ပြင်းချပြီး ခေါင်းမော်လိုက် တော့ လှပတဲ့ ကြာပန်းလေးများဟာ သူ့ဘက်ကို ယိုင်ညွတ်ပြီး ကြိုဆိုတယ်။ အရင်ရောက်ရှိနေတဲ့ ငှန်းဖြူလေးတွေကလဲ သူ့ ကို သာယာချေငံစွာ နှုတ်ခွန်းဆက်ကြသတဲ့။

ဘွားဘွားရဲ့ ဘဝဇာတ်လမ်းကိုလဲ ''မွေး'' ဝတ္ထု ရုပ်ရှင် ဇာတ်လမ်း ပဏ္ဍာမသီချင်းလို ''ဘဝအစ ငိုချင်းက'' ''ဘဝ အလယ် ငိုချင်းသယ်ကာ'' ''ဘဝအဆုံး ငိုချင်းနဲ့သာ ဆုံးရရှာ တယ်လေ'' လို့ ဘွားဘွား အဆုံးမသတ်ချင်ဘူး။

ရှင်မဟာသီလဝံသက ဆုတောင်းခန်းပျို့မှာ ''မစင်အလိမ်း လိမ်းကပ်ပြီး ရွံ့ညွှန်မှာလူးလာတဲ့ လူတစ်ယောက်ဟာ အင်မတန် သာယာကြည်လင်တဲ့ တစ်ဖက်ဆည် ကန်ကြီးကို တွေ့တယ်တဲ့။ ဒီကန်ကြီးကို တွေ့ပါရက်နဲ့မှ သူကိုယ်က အညစ်အကြေးတွေကို မဆေးကြောရင် ရေကန်ကြီးရဲ့အပြစ် မဟုတ်ဘူး။ ဒီလူရဲ့ အပြစ် ပဲ'' လို့ ဟောတယ်။

ဘွားဘွားလဲ ခုတော့ အင်မတန် အေးချမ်းတဲ့ တစ်ဖက် ဆည်ကန်ကြီးနဲ့တူတဲ့ ဝိပဿနာကန်ကြီးကို တွေ့နေပြီ။ သားကြီး တို့ကိုချစ်တဲ့အာရုံနဲ့ ပူပင်သောကဗျာပါဒတွေ ဘယ်လိုပဲ များ နေနေ ဒီဝိပဿနာ ကန်ကြီးဘေးမှာ တစ်နာရီလောက် ထိုင် လိုက်ရင်ပဲ အင်မတန်အေးမြတဲ့ အရသာကို ဘွားဘွား ခံစားရ တယ်။ ဒါကြောင့် ဒီလှုပ်တုပ် လှုပ်တုပ်နဲ့ ဘွားဘွားဟာ မသေဘဲ အသက်ရှင်နေတာပေ့ါ။

အသေအချာ ဒီကန်ထဲမှာ နှစ်ပြီးစိမ်လိုက်ရင်တော့ လုံးဝ သောက အပူများက ကင်းစင်တဲ့ ထာဝရငြိမ်းချမ်းတဲ့ အရသာ ကို ဘွားဘွား ခံစားရမှာပဲ။

လာခြင်းကောင်းသော လူကလေးရယ်၊ သားကြီးကို ဘွား ဘွား အများကြီးချစ်ပါတယ်။ ငယ်ငယ်ရွယ်ရွယ်ကသာ ဒီလို သားလေးမျိုးရရင် ဘွားဘွားလေ အောက်ခြေလွတ်ချစ်နည်းမျိုး နဲ့ အရူးအမူးချစ်ပြီး ဘွားဘွား ဘယ်လောက် ပျော်လိုက်မလဲ။

ဘွားဘွားအတွက် အခါနှောင်းပြီဆိုခြင်းဟာ မကောင်း သော ဆိုခြင်းမဟုတ်ပါ။ အလွန်အေးမြတဲ့ တစ်ဖက်ဆည်ကန် ကြီးဘေးမှာ ဘွားဘွား နားခွင့်လိုချင်နေပြီ။ နားပါရစေတော့။

အရူးအမူးဆိုပြီး ''ပျော်'' ပစ်လိုက်ဖို့ ဘွားဘွား ကြောက် နေပြီ။ သတ္တိ မရှိတော့ဘူး။ ဒါကြောင့် ကဗျာတစ်ပုဒ်ကို ဘွား ဘွားရေးပြီး မင့်ဘဘ ဦးပုံစံကို ပေးခဲ့တယ်။ သူကတော့ ဘယ်လို သဘောပေါက်လေသလဲ မသိ။

''လောကီမှာ လောကီအလိုက်ပေပေါ့
အထိုက်ကြင်ဖော်နဲ့
ပျော်ပျော်နေ ရွှင်ပျစမ်းပါ'' တဲ့။

ငယ်ကျွမ်းသူ ဆိုလေတော့၊
သူ့နယ်မြေ တထောက်စခန်းကိုဖြင့်
လှမ်းခဲ့ရ အမိငယ်။ ။မမ၊ မောင်မောင်၊ ဖုဖု ခေါင်ခေါင်
သံယောင်ကြော့တွေက
မော့သူကို ချော့မြူမှူးသည့်သို့

ဝင်စားကာ သည်းခြေကြိုက်လျှင်ဖြင့်၊
အငိုက်ဖြင့် မိလောက်တယ်။ ။

ပပရှိန်းရှိန်း၊ စစသိမ်းမှာလဲ
မျက်စိပင် ကျိန်းလောက်ဖွယ်
သူတို့နယ်ကဖြင့် သာတင့်မဆုံး။ ။

အကယ်၍သာပ
ကျွန်မေ့ကာ အပျော်ကြူးပါလို့၊
မူးလိုက်မယ် အတွေ့သွမ်းရယ်နဲ့၊
နတ်ဝင်သယ် အကရမ်းသည်သို့
''ခြေလွတ်လျှင် သခင်ဖမ်းမည်လား''
အဆန်းကျွန် ဆိုလေမှ
မဖြေသာ သည်တစ်ခွန်းကိုကွယ် . . . . . . . .
ညွှန်းလို့ သူပြုံး။ ။

ထီးချက်စောင့်နတ်သမီး

လောကီဆိုတာကတော့ အရသာမျိုးစုံနဲ့ လိုက်လေလေ လိုက်လို့ မဆုံးပါဘူး။ ပင်ကိုယ်လောက ဆိုတာကိုတော့ ဝိဂြိုဟ် ဆရာများ ကိုယ်တိုင်က ''လုဇ္ဇတီတိ၊ ပလုပ်ဇတီတိ လောကော'' ဝိဂြိုဟ်ပြုထားတယ်။

ဖြစ်တတ်၏ ပျက်တတ်၏တဲ့၊ ဖြစ်ခြင်းပျက်ခြင်းကို ခဏ ခဏ ကြုံရသူတွေအဖို့ကတော့ လောကီရဲ့အလှအပ စည်းစိမ် တွေ ဘယ်လိုချော့မြူပေမင့် သာယာခြင်း၊ ခြေလွတ်လက်လွတ် ခံစားလိုခြင်းဆိုတဲ့စိတ်တွေ မရှိတော့ဘူး။

ဘွားဘွားမှာတော့ ကြီးကြီးကျယ်ကျယ် ရေးရရင် တေမိ မင်းရဲ့ ထီးချက်စောင့်နတ်သမီး ဖြစ်နေတယ်။ တေမိမင်းသား လေးကို ဘုရင်ဆိုတဲ့ လောကီ ''စည်းစိမ်'' မှာ သာယာမိမှာစိုးလို့ မိခင်ဟောင်းဖြစ်တဲ့ ထီးချက်စောင့်နတ်သမီးဟာ သတိပေးတယ်။

တေမိမင်းသားဟာ မွေးဖွားလာချိန်က တစ်လသားအရွယ် ရောက်တော့ ဖခမည်းတော်က သူ့ရင်ခွင်ထဲမှာ ချီပွေ့နမ်းရှုံ့ပြီး ထားသတဲ့၊ မရစဖူးရတဲ့ တစ်ဦးတည်းသော ထီးညွန့်နန်းလျာ ဖြစ်တဲ့ သားကို၊ ဒီတော့ အထိန်းအချီအယတွေ ဘယ်လိုရှိသော် လဲ သားတော်ကို ရင်ခွင်ကချပုံမရဘူး ထင်ပါရဲ့။ အဲဒီအချိန်မှာ ခမည်းတော် ကာသိကရာဇ်မင်းကြီးဟာလဲ ပဲ၊ ခိုးသူလေးယောက်ကို တရားစီရင်ရတဲ့အချိန်နဲ့ တိုက်ဆိုင်နေ တယ်။ မင်းဆိုတာ ကိုယ့်တိုင်းပြည် ငြိမ်ဝပ်ပိပြားရေးအတွက် ဖြစ်လာပြန်တော့လဲ ငြိမ်းချမ်းရေးရဲ့ ဆူးငြောင့်ခလုတ်ဖြစ်တဲ့ ရန်သူတွေကို ပြတ်ပြတ်သားသား အရေးယူအပြစ်ပေး ဆုံးမ ရတာကိုး။

''တစ်ယောက်သောသူကိုတော့ လိပ်ကျောက်မြီး ငါးမန်း စွယ် အစရှိတဲ့ကြိမ်နဲ့ ဒဏ်အချက်တစ်ထောင်ခတ်ဖို့ အမိန့် တော်မှတ်တယ်။ တစ်ယောက်သောသူကိုတော့ သံခြေကျဉ်းခတ် နှောင်အိမ်သွင်း၊ တစ်ယောက်သော ခိုးသူကိုတော့ ထက်လှစွာ သော လှံသွားနဲ့ အသားကိုဆွခိုင်းတယ်။

တစ်ယောက်သောသူ ကိုတော့ တံကျင်လျှိုရမယ်လို့'' ပြစ်မှု အကြီးအသေးအလျောက် ဘုရင်ကြီးက အမိန့်တော်ချမှတ်ရတာကိုး။

ဖခမည်းတော်ရင်ခွင်မှာ ပျော်ရွှင်မြူးထူးစွာ ခံစားနေတုန်း တစ်လသားလေးပင်ဖြစ်တဲ့ တေမိမင်းဟာ ပါရမီရှင်လဲဖြစ်၊ ဇာတိဿရဉာဏ် ရထားလေတော့ ဖခမည်းတော်ဘုရား အမိန့် တော်ပြန်တာကိုလဲ သူ နားလည်ကြားသိတော်မူတယ်။ (ခုခေတ် လူဝင်စားဆိုတဲ့ ကလေးတွေ လက်တွေ့ အထင်အရှား ရှိနေတာပဲ)

ချက်ချင်းပဲ မြူးထူးရွှင်ပျနေတဲ့စိတ်ဟာ ခမည်းတော်အသံ ကြားရင် ကြောက်ရွံ့ခြင်း ဖြစ်သွားတယ်။ သူ ဖြစ်လာခဲ့တဲ့ နောက်ကြောင်းဘဝကို ပြန်ဆင်ခြင်တော့ သူဟာ တာဝတိံသာနတ်ပြည်က လာခဲ့တယ်။ ဒီနတ်သားဘဝ မရောက်ခင်က ဥဿ ဒရက်ငရဲမှာ ကျရောက်ခံစားခဲ့ရတာကို ပြန်မြင်တော့ အသည်းနှလုံးဟာ ပြင်းစွာပူပန်ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်သွားတယ်။ ဘာဖြစ်လို့ ဒီ ဥဿဒရက် ငရဲမှာ ခံစားရလဲဆိုတော့ ဒီငရဲမကျ ခင် ဗာရာဏသီပြည်မှာ အနှစ်နှစ်ဆယ် မင်းပြုခဲ့ရတော့၊ အခု သူ့ဖခမည်းတော်ကြီးလိုပေါ့။ မင်းကျင့်တရားနဲ့အညီ အုပ်ချုပ် ရတဲ့အပြင် အဲဒီ ခိုးသူ သူပုန် တိုင်းတစ်ပါးရန်သူတွေနဲ့ ရင်ဆိုင် ရတဲ့အခါ ပြတ်ပြတ်သားသား ဆောင်ရွက်လုပ်ကိုင်ရတော့ ကုသိုလ် အကုသိုလ် တရားတွေဟာ ယှဉ်ရက် တွဲရက်ပေါ့။

ပုထုဇဉ်လူသားဆိုတော့ ရှင်ဘုရင်ပေမင့် တရားစီရင်ရာမှာ အမှားတွေရော အမှန်တွေရော အစုံပါတာပေါ့။ အဲဒီအထဲက အကုသိုလ်အမှုတွေကြောင့် ဥဿဒရက်ငရဲမှာခံရပြီး ဒီငရဲက လွတ်မှ အတိတ်ကပြုခဲ့တဲ့ ကုသိုလ်ကြောင့် တာဝတိံသာနတ် ပြည်မှာ နတ်သားဖြစ်ရတယ်။

သူ အခု သူ့ဖခမည်းတော်ရင်ခွင်မှာ စံစားနေရင်း ခမည်း တော်ရဲ့ တရားစီရင်သံကြားတော့ တစ်ခါထဲ အတိတ်အကြောင်း တွေ ပြန်တွေးမိပြီး ရှင်းရှင်းရေးရရင် ''ငါလဲ တစ်နေ့ ရှင်ဘုရင် ဖြစ်ရအုံးမယ် ဘုရား ဘုရား'' ဟိုဘဝတစ်ခါ ဗာရာဏသီမင်း ဖြစ်ခဲ့တုန်းက ပြုခဲ့တဲ့ အကုသိုလ်တွေကြောင့် ဥဿဒရက်ငရဲ မှာ ငါ ခံခဲ့ရတယ်။ ခုတစ်ခါ ရှင်ဘုရင် ဖြစ်ရဦးမယ်ဆိုတော့ ငါ ငရဲကို ပြန်သွားရချေသေးရဲ့ ဆိုပြီး အင်မတန်နုနယ်တဲ့ တေမိ မင်းသားလေး နှလုံးသားဟာ ပြင်းစွာ စိုးရိမ်ပူပန်ခြင်း ဖြစ်သတဲ့။ထီးဖြူတော်မြင်ရင်ပဲ ထီးမွေနန်းမွေ ခံရမှာကို ကြောက်လန့် နေတာပဲ။

အဲဒီအချိန် သံသရာ ဘဝဟောင်းက တေမိမင်းရဲ့ မိခင် ဖြစ်ခဲ့ဖူးတဲ့ ထီးချက်စောင့် နတ်သမီးက သူ့သားတော်ငယ်ရဲ့ စိုးရိမ်ပူပန်တာကို မြင်တော့ သနားကြင်နာစိတ်နဲ့ ကိုယ်ထင်ပြ ပြီး အကြံပေးစောင်မတယ်။

လွယ်လွယ်ရေးရရင် ''သားတော် ထီးနန်းစည်းစိမ်ကို အလို မရှိရင် အလိုဆန္ဒအားလုံးကို ထိန်းချုပ်ပါ၊ နို့ဆာလို့တောင် တခြားကလေးငယ်များလို မငိုနဲ့၊ အရွယ်အလျောက် ကြီးပြင်း လာရင်လဲ စကားမဆိုနဲ့၊ နားကြားပေမင့်လဲ မကြားချင်ယောင် ဆောင်နေ'' လို့ အကြံဉာဏ်ပေးသတဲ့၊ အစစအရာရာ သူ စောင်မပါ့မယ်ဆိုပြီး ထီးချက်စောင့် နတ်သမီးဟာ ကွယ်သွား တယ်။

ဆို့အနားမကြားတဲ့သူကို ဘယ်သူက ဘုရင်မြှောက်မလဲ၊ အရွယ်ရောက်သော်လဲ သူ့ဖခမည်းတော်က လောကီစည်းစိမ် တွေနဲ့ အမျိုးမျိုးချော့မြူပြီး အလိုစမ်းပေမင့် ထီးနန်းစည်းစိမ် မခံစားလိုတော့တဲ့ တေမိမင်းသားဟာ သူ့မိခင်ဟောင်း ထီးချက် စောင့်နတ်သမီး ဆုံးမသလိုပဲ တည်ငြိမ်စွာ နေပြတယ်။ အဆွံ့ အအလို နေပြီးပြတယ်။ နောက်ဆုံး ခမည်းတော် ဖခင်မင်း တရားကြီး အမျက်တော်ထွက်ပြီး သားတော် မင်းသားကို တော သို့နှင်ပို့ပစ်လိုက်တယ် ဆိုပါတော့။ အကျယ်ကိုတော့ ဇာတ်ကြီး ဆယ်ဘွဲ့မှာ ဖတ်ကြည့်။ ဘွားဘွားလဲ စကားအစခံထားသလို ဝင်ဒါမီယာမှာ အလုပ်လုပ်ရင်း တစ်နေ့တခြား တေမိမင်းရဲ့ ထီးချက်စောင့် နတ်သမီးရဲ့စိတ်ဓါတ်မျိုး ဖြစ်ပေါ်လာတယ်။

ဘွားဘွားလဲ ဝင်ဒါမီယာရဲ့ ဆယ်နှစ်ဆယ်မိုးဒဏ်က လူကို အပူရှိန်မီးဟပ်သလိုပဲ ငယ်ငယ်ရွယ်ရွယ်နဲ့ အိုမင်းသွားစေတယ်။

ဆယ့်ခြောက်နှစ် အရွယ်လောက်နဲ့ လင်ယူပြီး ကလေး ဆယ်ယောက်လောက် မွေးလိုက်တဲ့ မိန်းကလေးလို ဘူးသီး အမွေးသတ်ဖြစ်ပြီး အိမ်ထောင်ရေးတို့၊ လင်တို့၊ ကလေးတို့ အပေါ်မှာ ငြီးငွေ့သွားတယ်။

မင်းရဲ့ဘဘကြီး ဦးနုအနားမှာနေရင်း သူ ဝန်ကြီးချုပ်အနေ နဲ့ လုပ်နေရတာတွေ မြင်လေလေ သူလိုချင်တဲ့ ''ဗောဓိဆုနဲ့ နိဗ္ဗာန်'' သို့ သွားရာလမ်းကြောင်းမှာ ဒီ ''ဝန်ကြီးချုပ်'' ဆိုတဲ့ ဘဝဟာ အနှောင့်အယှက်ကြီးပါလားလို့ ဘွားဘွား မြင်လာ တယ်။ ဒါကြောင့်လဲ ''ဝန်ကြီးချုပ် အဖြစ်က မြန်မြန် အနားယူ ခွင့်ရပါစေ'' ဆိုတာ ဘွားဘွား ဆုတောင်းခဲ့တယ်။

ဘွားဘွားက မိသားစုသဘော မောင်နှမသဘောတွေနဲ့ တင်ပြနေတယ်လို့ မထင်နဲ့။ ဘက်လိုက်ပြီး ပြောနေတာ မဟုတ် ပါဘူး။ သူ့အဖွဲ့ကလဲ သူ့ကို အမျိုးသားခေါင်းဆောင်ကြီးတစ် ယောက်ဆိုပြီး သမုတ်ကြ။ တကယ်လုပ်နေရတဲ့ သူ့အဖြစ်ကို အနားကပ်လေ့လာရတော့ ဘွားဘွား ကြေကွဲမိတယ်။ သူ့မှာ ကြုံလိုက်ရရင် အဖြစ်ကတစ်မျိုးပဲ။ ဗိုလ်ချုပ်အောင်ဆန်း ရှိကထဲ က ဗိုလ်ချုပ်က ဖဆပလ ဌာနချုပ်မှာ ဥက္ကဋ္ဌ လုပ်တယ်ကွယ့်။ဒီတော့ သားကြီးရဲ့ဘဘကြီး ဦးနုက တောမှာနေပြီး သူ ဝါသနာ ပါတဲ့ လောကီအလုပ်မှာ စာရေးမယ်။ လောကုတ္တရာအလုပ်မှာ တရားကျင့်မယ်ပေါ့။ ဒီတော့ ဗိုလ်ချုပ်အောင်ဆန်းက. . . .

''ကိုကြီးနု တိုင်းပြည်ကြီးကို ပစ်ထားတော့မလား၊ လာခဲ့ ပါဦး ကူပါဦး'' ဆိုတော့ သူချစ်တဲ့ သူ့ပုတီးနဲ့ သူ့ကလောင်ကို အသာချပြီး လာခဲ့ရပြန်ရော။ မလာပြန်ရင်လဲ ဟိုဘွားဘွား တစ်ခါရေးခဲ့တဲ့ ''ရွေးကဗျာလေး'' လို ဖြစ်နေမှာပေါ့။

''ဆေးတံတို တညိုလောက်၊ ရော့–သောက်တော့ ပေး၊ မယူလိုက်က မိုက်တယ်ထင်မယ်
ယူလိုက်က ကြိုက်တယ်ထင်မယ်'' ဆိုသလိုပဲ။

လုပ်ဖော်ကိုင်ဖက် ရောင်းရင်းတွေက တိုင်းပြည်ကြီးအတွက် ဝိုင်းကူပါဆိုတာကို မကူပြန်ရင်လဲ တိုင်းပြည်ပစ်ပြီး ကိုယ်ကျိုး ကြည့်ရာကြမယ်။ ဟော. . . . ကူခဲ့ပြန်တော့လဲ နောက်ဆုံး စွပ်စွဲခံရ တော့ အာဏာကို ကြိုက်တယ်လို့ အထင်ခံရတော့တယ်။ ဒါ ကြောင့် ဘွားဘွားဖြင့် သူ့ကိုကြည့်ရင်း သံဝေဂပဲ ရနေတယ်၊ လောကီစည်းစိမ်ဆိုလို့လဲ လူသားတွေ အလွန်တပ်မက်မောတဲ့ ''ကာမဆန္ဒ'' ဆိုတဲ့ အရာမှာလဲ သူ စည်းစိမ်မခံ။ အပြဟ္မစရိယာ မမြတ်သော အကျင့်ကိုဖြင့် ဒီဗမာပြည် ငြိမ်းချမ်းရေး မရမချင်း မကျူးလွန်ဘူး။ စောင့်ထိန်းပါတော့မယ်ဆိုပြီး သစ္စာဆို စောင့် ထိန်းလာခဲ့တာကို တွေ့ရတယ်။

သောင်းကျန်းမှုဒဏ်တွေ အပြင်းအထန် ဆိုးဝါးလာချိန်မှာ တပ်မတော်နဲ့ ပူးတွဲပြီး အထက်မြန်မာပြည်မှာ သောင်းကျန်းသူရောင်စုံလက်ထဲ ကျရောက်နေတဲ့ ''မန္တလေးနဲ့ မေမြို့၊ မြစ်ငယ် အစရှိတဲ့ မြို့တွေကို ပြန်ရအောင် ဘယ်လိုစီမံတယ်။ ကြီးကြပ် တယ်ဆိုတာ သူနဲ့အတူ သွားလေရာပါတဲ့ သတင်းစာဆရာကြီး ဦးပုလေး ''သခင်နုအရေးတော်ပုံ'' စာအုပ်ကို ဘွားဘွားသားကြီး စာတတ်လာရင် ရှာဖွေဖတ်ကြည့်ပေတော့။

ဒီတော့ တိုင်းပြည်အုပ်ချုပ်ဖို့ တာဝန်ယူထားတဲ့ လူ တစ် ယောက်ဟာ ဒီလိုတိုင်းပြည်ပြဿနာတွေကျတော့လည်း ပြတ် ပြတ်သားသားလုပ်ရတာပဲ သားကြီး။ သူ အင်မတန်ကို မြတ်နိုး ပါတဲ့ ''ဗောဓိဆု'' ကို လိုလားပါသော်လဲ ဆန့်ကျင်ဘက်ဖြစ်တဲ့ တိုက်ခြင်း၊ ခိုက်ခြင်းများကိုလဲ ပရိသတ်က လိုလားလို့ လုပ်ပေး ပါဦး ဆိုပြန်တော့ လုပ်ပေးရတာပဲ။

''အနီးကပ် လေ့လာရသလောက်တော့ သူ ပျော်ရာမှာ မဟုတ်ဘူး'' ဆိုပြီး ဘွားဘွားက သူ့အတွက်

ကြေကွဲမိတယ်။ သူ့မှာ တစ်ဖက်က သောင်းကျန်းသူတွေကိုတိုက်ရင်း တစ်ဖက်က တိုင်းပြည်ကြီး တိုးတက်မှုကို လုပ်ရသေး။ အဲဒီလို လုပ်တဲ့အခါ မှာ ပြည်တော်သာ စီမံကိန်းကို ချမှတ်လုပ်တော့လဲ သူတစ်ခါက မိန့်ခွန်းပြောခဲ့သလိုပဲ လူတွေက အကျင့်ပျက်လေတော့ စီမံကိန်း အတွက် ငွေတွေ အစိုးရက သွန်ချပေးလိုက်တိုင်း ''ခြတွေတော ထဲ ထင်းရှူးပုံးများ ချလိုက်လေသလား အောက်မေ့ရတယ်။ ဟိုကဘုံး၊ ဒီကဘုံးနဲ့ ပြုတ်ပြုတ်သာပြုန်းရောပဲ။ တိုင်းပြည်မှာ တော့ ရည်ရွယ်ထားသလောက် အကျိုးမသက်ရောက်ခဲ့ဘူး. . . . ''

အခု ပြည်သူ့ဆိုင်တွေနဲ့ တစ်ချို့သော လလသသအဖွဲ့တွေ လဲ အဲဒီလိုများ ဖြစ်နေကြလေသလား မသိပါဘူး။

လူတွေ ဒီလိုအကျင့်ပျက်ခြင်းဟာဖြင့် လူထုမှာ ပညာနည်း သေးလို့ ဒါကြောင့် လူထုအခြေခံပညာရဖို့ ပညာပေးချင်ဇောနဲ့ လူထုပညာရေးဌာနဖွင့်ပြီး လူထုကို ပညာပေးခဲ့တယ်။

ဒီလူထုပညာဌာနက ပညာရေးမှူးတွေဟာ တချို့လဲ ရွပ်ရွပ် ချွံချွံ ဝတ္တရားကျေပွန်စွာ ဆောင်ရွက်ကြပါတယ်။

တချို့ကျတော့လဲ ဘွားဘွား စောစောကရေးခဲ့သလို အခစား စိတ်နဲ့ ရေသာခိုကြတယ်။

အကြီးဆုံး အနှောင့်အယှက်ကတော့ သူ့လူတွေထဲကပဲ ''ဦးနုကြီး လူစုပြီး လူမွေးပြီး သူ့အာဏာတည်မြဲဖို့ ဒီလူထု ပညာရေးမှူးတွေ မွေးတယ်'' ဆိုပြီး နောက်ကျောကနေ သူ့ကို ဓားနဲ့ထိုးကြတာပဲ။ ဒါကြောင့် တချို့ လူထုပညာရေးမှူးများရဲ့ လုပ်ငန်းဟာ ကြိုးစားသော်လဲ တောရွာ နယ်ပယ်တွေမှာ အဖျက် သမားတွေကြောင့် မအောင်မြင်ခဲ့ဘူး။ အခု အသက် မသေရှိ သေးတဲ့ လူထုပညာရေးမှူးဟောင်းများကို မေးကြည့်စေချင် တယ်။

တိုင်းပြည်ရဲ့ စီမံကိန်းတွေ မအောင်မြင်တာဟာ ''လူကြောင့် လား စနစ်ကြောင့်လား'' ဆိုတာ ခဏခဏ အငြင်းပွားလာခဲ့ကြ တာဖြင့် လွတ်လပ်ရေးရစကတည်းကပဲ ဆိုပါတော့။ ခုထက် တိုင်ပဲ။ ဘွားဘွားကတော့ မင်္ဂလသုတ်ထဲက ရွတ်ဖတ်သလို ရွတ်ရရင်. . . .

''နတ်နှင့်တကွသော လူတို့သည် အကြင်မင်္ဂလာတရား တော်ကို တစ်ဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး ကြံကြကုန်၏

ကြံကြကုန်သော်လည်း စီးပွားချမ်းသာခြင်း၏ အကြောင်း ဖြစ်သော သုံးဆယ့်ရှစ်ပါး အပြား ရှိသည်လည်းဖြစ်သော ထိုမင်္ဂလာတရားတော်ကို မသိနိုင်ကုန်သည်သာလျှင် တည်း . . . . ''

ငယ်ငယ်ကတော့ အဲဒီလိုရွတ်ခဲ့ရတယ်။ ခုလဲ ''စီးပွားချမ်း သာခြင်း၏ အကြောင်းဖြစ်သော စီမံကိန်းများ နှောင့်နှေးကြ သည်မှာ ''စနစ်ကြောင့်လော၊ လူကြောင့်လော'' ဟူ၍ အနှစ် နှစ်ဆယ် ကာလပတ်လုံး စိန္တယိံသု၊ ကြံကြကုန်၏။ စိန္တယန္တပိ ကြံကြကုန်သော်လည်း၊ နာဓိဂစ္ဆိံ၊ န–အဓိဂစ္ဆိံ၊ ဝေ၊ မသိနိုင် ကုန်သည်သာလျှင်တည်း. . . . လို့ ရွတ်ဖို့ပဲ ကောင်းတော့တယ်။

တချို့ကတော့လဲ အဖျားဆွတ်ပြီး အရမ်းအော်တာပဲ။ ''စနစ်မအောင်တာ သီလမစောင့်လို့၊ သီလမစောင့်နိုင်တာ အူမ တွေ မတောင့်လို့။ အူမ တောင့်အောင် အလုပ်လုပ်ရမယ်'' တဲ့။ ကဲ. . . . လိုင်စင်ခေတ်က အူမကြီးတွေမှ တောင့်လွန်းလို့ ဗိုက်ကြီး ဖောင်းလာတဲ့ ဘူဇဝါလို့ သမုတ်ကြတဲ့အဖြစ် ရောက်လာတဲ့လူ တွေဟာ သီလစောင့်သလားလို့ မေးကြည့်စမ်း။ အဲဒီအုပ်စုက အများဆုံး ဖောက်ပြန်နေတာပဲ။

ဝန်ကြီးချုပ်က လိုင်စင်တွေ ရောင်းမစားကြနဲ့၊ ရောင်းစား ရင် နှစ်နှစ်အတွင်း လိုင်စင်စနစ်ကို ပိတ်ပစ်မယ်ဆိုတော့ လိုင် စင်သမားတွေဟာ ဝန်ကြီးချုပ်ကိုများ သတ်ပစ်မယ်အထိ ကြုံး ဝါးကြတယ်။ အဲဒီလို ကြုံးဝါးကြတာ ဘွားဘွား နားနဲ့ဆတ်ဆတ် ကြားရတယ်။အားလုံးဟာဖြင့် စီးပွားချမ်းသာခြင်းကို ရှာကြံနေကြပါ တယ်ဆိုတာ ဘွားဘွား အကြွင်းမဲ့ ယုံပါတယ်။ စီးပွားချမ်းသာ ခြင်း၏ အကြောင်းဖြစ်သော

စီမံကိန်းတို့ စနစ်တို့ဆိုတာ စာရွက် ပေါ်မှာရှိတာ။ အဲဒါတွေကို အောင်မြင်အောင် ကိုင်တွယ်ရတာ က ''လူ''။ အဲဒီလူက လူ့ကျင့်ဝတ်၊ လူ့သိက္ခာမရှိရင် ဘယ်လို လုပ် ဒီစီမံကိန်းတွေ ဒီစနစ်တွေ အောင်မြင်ပါ့မလဲ။

ဘွားဘွားကတော့ ဝါဒဖြန့်ချိရေးဌာနမှာ လုပ်ကတည်းက လူ့ရဲ့စိတ်ဓာတ် အကျင့်သီလကသာ ပဓာနဆိုပြီး စိုက်လိုက် မတ်တတ် ရေးလာခဲ့တာပဲ။

အခုတော့ အော်တဲ့လူက ဘယ်လိုအော်လို့ ကောက်ချက် ချတဲ့လူက ဘယ်လိုချလဲ မသိဘူး။ အူမ တောင့်ဖို့ကိုသာ အလုပ် လုပ်ရမယ်။ သီလဆိုတာ နောက်ခါလာ နောင်ခါဈေးဆိုပြီး နည်း မျိုးစုံနဲ့ အူမ တောင့်အောင် လုပ်လိုက်ကြတာ မှောင်ခိုလူတန်း စားရယ်၊ ရှို့. . . . တို့. . . . စံ လူတန်းစားရယ်၊ အခစားစိတ် လူတန်းစား ရယ်၊ တစ်ဦးနဲ့ တစ်ဦး ဟေတုပစ္စယော ဆိုတဲ့ ပစ္စည်းဆက်တွေ ဆက်ပြီး ပတ်ချာကိုလည်နေတာပဲ။

သူတို့ကိုမေးရင် ''အစက ဘာလို့ အူမ တောင့်အောင် အရင်လုပ်ရမယ်။ အူမတောင့်မှ သီလစောင့်နိုင်မယ်လို့ ပြော သလဲဗျ'' ဆိုပြီး သူတို့ကတောင် တရားပြန်ဟောသေး။

ဘွားဘွားကတော့ ဦးနုအနား နေခဲ့ရလို့ ဒီလို အတွေ့ အကြုံ ရှိခဲ့တယ်ဆိုတာ သိစေချင်တဲ့သဘော အလျင်းသင့်လို့ ရေးပြတာပါပဲ။

အဲဒီတော့ တေမိမင်းရဲ့ ထီးချက်စောင့် နတ်သမီးလိုပဲလို့ ကိုယ့်ကိုယ်ကို ဘဝင်မြင့်ပြီး အထင်ကြီးပေမင့်လဲ ထီးချက်စောင့် နတ်သမီးက တေမိမင်းအပေါ် လွှမ်းမိုးနိုင်တယ်။

ဘွားဘွားကတော့ ဘယ်သူ့အပေါ်မှာမှ တစ်လက်မမှ မလွှမ်းမိုးနိုင်ဘူး။ ကိုယ့်ဘာသာပဲ မင်းစည်းစိမ်တို့ ကုလားထိုင် တို့ကို ကြည့်ရင်းကြည့်ရင်း ''အပါယ်ငရဲကြောက်၍ အူအသဲ ပေါက်မျှ ပူပန်ရှာ'' ဆိုတဲ့ သီချင်းလို ဖြစ်လာတာပါပဲ သားကြီး။

ဝင်ဒါမီယာရဲ့ (အက်တမိုးစဖီးယား) ခေါ်မလား ပတ်ဝန်း ကျင်ဆိုလို့လဲ အဓိပ္ပာယ် မပြည့်စုံသေးဘူးလေ။ အပေါ်က ပြည့် သိပ်နေတဲ့ လေထုလွှာတွေကိုပါ ဆိုလိုချင်တယ်။ အဲဒီ အလွှာ ထုကြီးကို ဘွားဘွားစိတ်ထဲ လေထုလွှာ အပူခဲကြီးလို့ ထင်တယ်။ ပထမတော့ နွေကအနှောင်း၊ မိုးရာသီရဲ့ အဦးအစမှာ ပိတောက် နံ့တွေ သင်းပျံ့တဲ့ ဝင်ဒါမီယာ။

မာလီ ရိတ်ဖြတ်ထားလို့ ညီညာနေတဲ့ မြက်ခင်းပြင်ကလဲ မြ,သားလို စိမ်းနေတဲ့ ဝင်ဒါမီယာ။ အဲဒီ ဝင်ဒါမီယာမှာ နွေ နှောင်း လေရူးကအတိုက် ကြွေကျတဲ့ ပိတောက်ပွင့်လွှာ ဝါဝါ လေးလေးတွေက အစုလိုက် အခဲလိုက် မဟူရာရောင်တောက် နေတဲ့ ကတ္တရာစေးလမ်းပေါ်မှာ ကလေးငယ်များလို ပြေးလွှား ဆော့နေတယ်။

သူတို့နဲ့ မရှေးမနှောင်းပွင့်ကြတဲ့ ငုစပ် ပန်းရောင်တန်းကြီး တွေ၊ သော်က ပွင့်ဆုပ်တွေနဲ့ စိန်ပန်းနီနီတွေဟာလဲ ဝင်ဒါမီယာ ရဲ့ အထုအလွှာကို သူတို့အလှလေးတွေနဲ့ မြင်ရသူ ဘဝင်ညွတ် အောင် တန်ဆာဆင်ပါတယ်။ဘွားဘွား ဘာကြောင့်များ အဲဒီရှေ့မျက်နှာလောက်အထု အလွှာကို မြင်ရုံနှင့်မပြီးပဲ အဲဒီအပေါ်ယံအရေကို ဖောက်ပြီး မြင်မိသလဲ မသိဘူး။ ပိတောက်ရနံ့လဲ မမွှေးတော့ဘူး။ မြမြက်ခင်း ကလဲ မစိမ်းပဲ သွေးရောင်တောက်လို့ အပစ်မဲ့တဲ့ ပန်းဝတ်လွှာ တွေကိုတောင် မကြည့်ချင်တော့ဘူး။ ဝင်ဒါမီယာရဲ့ အညော်နံ့ ဟာ နှလုံးသားကို ပူပန်စေတယ်။ ညှီးလျော်ခြောက်သွေ့သွားစေ တယ်။ ဘွားဘွားနဲ့ မတန်ဘူး ထင်ပါရဲ့လေ။

ဘွားဘွား ငယ်ငယ်က အင်္ဂလိပ်စာဖတ်ရင် နတ်သမီးပုံပြင်တွေ ကို သိပ်ဖတ် သိပ်ကြိုက်တာပဲ။
များသောအားဖြင့် အဲဒီပုံပြင် တွေထဲမှာ ဇာတ်လိုက်ကလေးတွေဟာ ထူးခြားတဲ့ ရဲတိုက်ကြီး တွေကို

ရောက်ရောက်သွားတယ်။ ရဲတိုက်ကြီးတွေကို ရောက် ပလားဆိုရင် ဒီရဲတိုက်မှာရှိတဲ့ အစောင့် သို့မဟုတ် အကြီးအကဲ က အခန်းတစ်ခုခုကို ဘယ်တော့မှ မပြဘူး။ အမြဲပိတ်ထားရုံ မက ''ဒီအခန်းကို ဖွင့်မကြည့်နဲ့'' လို့ တားမြစ်တတ်တယ်။ လူသားရဲ့ သို့မဟုတ် ကလေးစိတ်ဟာ မလုပ်ပါနဲ့ဆို သိပ်လုပ် ချင်တာ။ အဲဒီပုံထဲက ကလေးတွေဟာ များသောအားဖြင့် တစ် နည်းမဟုတ် တစ်နည်း အဲဒီအခန်းတွေကို သွားဖွင့်တတ်ကြ တယ်။ ဖွင့်မိမလားဆို ကလေးငယ်ရဲ့စိတ်မှာ ပထမ တွေးထင် ထားတဲ့ ရဲတိုက်ရဲ့ ခမ်းနားပုံ၊ လှပပုံတွေ ပျောက်ပြီး အရိုးပုံတွေ၊ အနိဋ္ဌာရုံတွေတွေ့ပြီး ဒုက္ခရောက်၊ နောက်မှ ကယ်တဲ့လူနဲ့တွေ့။ အဲဒီလိုပုံတွေ ခဏခဏ ဖတ်ရတယ်။

ခုကိစ္စမှာတော့ ဘွားဘွားပဲ တရားခံပါပဲလေ။ သူ့ဖာသာပွင့်နေတဲ့ ပန်းအလှတွေကိုပဲ ငေးမောနေလဲ ပြီးသား၊ မြ့မြက်ခင်း ပေါ်မှာ ပိတောက်ရနံ့ကို ရှူနေရင်လဲ အေးသားပဲ။

ဘာကြောင့်များ အဲဒီ အထုအလွှာကြီးကို ဟက်တက်ခွဲ ကြည့်ချင်ရသလဲ မသိပါဘူး သားကြီးရယ်။

နောက်ဆုံးတော့ ပုံပြင်ဆန်ဆန် အရိုးပုံတွေ၊ အသားလွှာ တွေ မြင်ပြီး ခြေမသယ်ချင် လက်မသယ်ချင်နဲ့ ရှေ့ခရီးလဲ မဆက်ချင်တော့ဘူး။ နားချင်တာသာ များနေတယ်။

ဘွားဘွား ပျော့ညံ့လို့ ဘဝမှာ တိုက်ပွဲတွေကို ရင်မဆိုင်ရဲ လို့ နားချင်တာ မဟုတ်ဘူး။ ဆင်းရဲ့လို့ရတဲ့ သံဝေဂမျိုးနဲ့ နား ချင်တာလဲ မဟုတ်ဘူး။

တိုက်ပွဲမရှိတဲ့ ဘဝဆိုတာဟာလဲ လူ့ဘဝကို အညွန့်တုံးစေ လို့ အဓိပ္ပာယ်မရှိဘူး။ စစ်သားကောင်းတစ်ယောက်ဟာ တိုက်ပွဲ ကိုရင်ဆိုင်ဖို့ အဆင်သင့်ပဲ။ ဘွားဘွားအကြောင်းကို ရိုးရိုတ်မျှ ရေးသားခဲ့ပြီမို့ သားကြီးရဲ့ဘွားဘွားဟာ ဘယ်လိုမိန်းမစားဆို တာလဲ သားကြီး ရိပ်မိလောက်ရောပေါ့။ ''ညဥ့်အမှောင်မှာ လျှောက်ရင်း သန်းခေါင်တောင် ကျော်ပြီပဲ။ ဘွားဘွား ဘာလို့ နားမရလဲလို့ ဆိုမယ်. . . .''

ရှေးက ရေးခဲ့သလို ရှေ့မှာ ဆီးကြိုနေတဲ့ လင်းအရုဏ်ဟာ သားကြီးတို့ အတွက်ပါပဲ။

ဘွားဘွားကတော့ ဘာဉာဏ်အဆင့်ရောက်လို့ ဘာဖြစ် နေပြီဆိုတာတွေလဲ မသိဘူး။ သို့သော် ဆင်းရဲလို့ရသော သံဝေဂ မဟုတ်ဘူးဆိုတာတော့ ကိုယ့်ကိုယ်ကို ပြောရဲတယ်။ချစ်ခြင်း၊ မုန်းခြင်း၊ ဆင်းရဲခြင်းတို့ကြောင့်ရတဲ့ သံဝေဂဆို တာ တဒင်္ဂပဲ။ ဥပမာ– ချစ်တဲ့သူနဲ့ အဆင်မပြေလို့၊ ချစ်တဲ့သူနဲ့ ကွေကွင်းလို့ ပြင်းထန်စွာ ငိုကျွေးကြတယ်။ ချစ်တဲ့သူနဲ့ ပြန်တွေ့ တော့ အမယ်လေး နှလုံးဆီထိသလို ပျော်သွားပြန်တယ်။ ဆင်းရဲ လို့ လောကကြီး စိတ်နာ၊ သီလရှင်လုပ်၊ ဘုန်းကြီး လုပ်ကြတာ တွေလဲ တချို့ ကတုံးပဲ အဖတ်တင်တယ်။ ဆင်းရဲခြင်းကလွတ်လို့ မော်တော်ကား ဇိမ်ကျကျ ပြန်စီးနိုင်ရင် ဒီလောက တစ်ဖန်ပြန် သာယာသွားတာမျိုးကို သံဝေဂလို့ မခေါ်နိုင်ဘူးလို့ ဘွားဘွား ထင်တယ်။

မသိချင်းအမျိုးမျိုးဆိုတဲ့ အဝိဇ္ဇာထဲမှာ ကိုယ့်ကိုယ်ကို မသိ တာဟာ အဆိုးဆုံးပဲ။ ကိုယ့်ကိုယ်ကို ဆိုရင် ''ချန်'' ပြီးတော့ ''ချို''ပြီးတော့ တွေးတတ်ကြစမြဲပဲ။ ဒါဟာ လူ့သဘာဝတစ်ခုကိုး။

တစ်ခါတလေ ကိုယ့်ကိုယ်ကို ထင်တယ်လေ။ ''သူတို့ မော် တော်ကား စီးနိုင်အောင်လို့ ကျူပ်လုပ်နေတာပါ။ ကျူပ်ဘဝက ဘယ်လိုနေနေ နေတတ်ပါတယ်'' လို့ ထင်တတ်တယ်။ တကယ် တော့ ကိုယ်က မစီးဘဲ မနေနိုင်တာ။

''သူတို့ မျိုးမျိုးမျက်မျက် စားပါစေတော့လို့ ဖွယ်ဖွယ်ရာရာ ချက်နေတာပါ'' လို့ ပါးစပ်ကဆိုပေမင့် တကယ်ကြတော့ ကိုယ် ကိုယ်တိုင်က မျက်မျက်ကလေး ဟင်းတစ်ခွက်မပါရင် မစားနိုင် တာ။

တစ်ခါတလေတော့လဲ ''ကိုယ်က ကိုယ်ကျိုးစွန့်ပြီး သူတစ် ပါးကို သနားလွန်းလို့ ချစ်လွန်းလို့ ကူညီနေတာ'' လို့ ကိုယ့်ကိုယ်ကို ထင်ပေမင့် တကယ်တန်းမှာတော့ ကိုယ်ကိုယ်တိုင်က သူများ အသနားခံဘဝ ဇာတ်လိုက်မင်းသမီး ဖြစ်ချင်နေတာကွယ့်။

ဘွားဘွားလဲ စိတ်ထဲမှာ ဒီအိမ်ကြီးမှာဖြင့် ငါ မပါ ဘယ် နေရာမှမပြီး ဆိုပြီး ဇာတ်ဖြည့်ကြီးလုပ်နေလိုက်တာကို မောလို့။ ခုနေ သေမင်းကခေါ်လို့ ဘွားဘွား ထွက်သွားရင် ခုနစ်ရက်

မြောက်တဲ့နေ့ကြတော့ ရေခွက်ကလေးကိုင်ကြပြီး ''ဒေါ်ခင်ယု ကြီး. . . . ရေ့. . . . အမျှ. . . . အမျှ. . . .'' လို့ အော်လိုက်ကြပြီး သူတို့ မေ့ သွားကြမှာပါ။

''တို့ရွေ့မှာ လှုပ်တုတ် လှုပ်တုတ်နဲ့ အနိဋ္ဌာရုံ၊ အတ္တဘော ကြီး မတွေ့ရတော့ဘူး။ ခုမှပဲ မျက်စိရှင်းတော့တယ်'' လို့ ထင် ကြမှာပါ သားကြီးရယ်။

တဒင်္ဂ သံဝေဂ မဟုတ်တဲ့ သံဝေဂကို တကယ်ရတဲ့ ပုဂ္ဂိုလ် တွေကြတော့ ပဝါမြေထိမတတ်ချပြီး မင်းပွဲသဘင် နွဲရပေမင့်လဲ ''လှိုက်လှိုက်လှဲလှဲ'' ''ခြေလွတ်လက်လွတ်'' ဆိုတာ လုံးဝမပါ တော့ဘူး။

ဆင်းရဲခြင်းဆိုတာ ဘာမှ မရှိတော့ပဲ အားလုံး ပြည့်စုံလို့ ပိုမောက်နေပေဆေး၊ အဲဒါတွေဟာ အဲဒီပုဂ္ဂိုလ်ကို မနှစ်သိမ့်စေ တော့ဘူး။ ဒါကြောင့် မြတ်စွာဘုရား အလောင်းတော်နဲ့ ပါရမီ ရှင်တွေဟာ အမျိုးမျိုး နန်းစည်းစိမ်တွေကို ခံစားနေပါလျက် သားနဲ့ကို ဒါတွေကို စွန့်လွှတ်ပြီး တောထွက်သွားကြတာ။

ဒါကြောင့် မြတ်စွာဘုရားသခင်က ''သဗ္ဗေသင်္ခါရာ အနိ စ္စာတိ၊ ယဒါ ပညာယ ပဿတိ။ အထ နိဗ္ဗိန္ဒတိ ဒုက္ခေသေမဂ္ဂေါ ဝိသုဒ္ဓိယာ'' လို့ ဟောခဲ့တယ်။ မြန်မာလို ရှင်းရှင်းရေးရရင်. . . .

''ချစ်သားရဟန်းတို့ ခပ်သိမ်းကုန်သော သင်္ခါရတို့သည် အမြဲမရှိကုန်။ ဤသို့ အကြင်အခါ၌ ဝိပဿနာပညာဖြင့်မြင်၏။ ထိုသို့ရှုမြင်သည်ရှိသော် သံသရာဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် စင်ကြယ်သော နိဗ္ဗာန်အကျိုးငှာ လမ်းကြောင်း သည်ဖြစ်၏တဲ့။ ''သဗ္ဗေသင်္ခါရာဒုက္ခာတိ'' ''သဗ္ဗေသင်္ခါရာအနတ္တာ တိ'' ဒီသုံးချက်က အစဉ်အလိုက် သွားတာပေါ့။

မြတ်စွာဘုရားသခင် ဆိုလိုချက်ကတော့ အထက်က ပါဠိ လို ဝိပဿနာပညာဖြင့် ယှဉ်၍မြင်သော သံသရာဆင်းရဲခြင်းကို ငြီးငွေ့ပြီဆိုရင်တဲ့ အဲဒီငြီးငွေ့ခြင်းကသာ တကယ့်သံဝေဂ စစ်စစ် နိဗ္ဗာန်သို့သွားရာလမ်းအမှန် ဖြစ်သတဲ့။

ဒါကြောင့် ဘွားဘွားလဲ အင်မတန် အေးမြကြည်လင်တဲ့ ဝိပဿနာ ကန်ရေပြင်မှာ ဘွားဘွားကိုယ်ကို သေသေချာချာ ကြည့်ဦးမယ်။ ဟုတ်တယ်လေ။ တကယ်တမ်း ငြီးငွေ့ခြင်းလား။ တဒင်္ဂလားဆိုတာတွေ။

သံသရာအညစ်အကြေးတွေနဲ့ အဝိဇ္ဇာတွေ ဖုံးလွှမ်းနေတဲ့ မိခင်ယုရုပ်ကို ရိုးရိုးမှန်မှာ ကြည့်လို့ ပြတ်ပြတ်သားသား ရုပ်လုံး မပေါ်ဘူး။ ဝိပဿနာကန်ရေပြင်မှာ ကြည့်မှ အညစ်အကြေး တွေစင်ပြီး တကယ်ရုပ်လုံးပေါ်မှာ။

နို့မို့ရင် သားကြီးရဲ့ ဘဘဦးပုံစံက ''မိချို. . . . ရေ'' လို့ တစ်ချက် ခေါ်လိုက်ရင် သံသရာမှာ တစ်ပတ်ပြန်ကျော့ချင် ကျော့နေပေ လိမ့်မယ်။ စကားဆိုတာ မကျွံရင်ကောင်းတယ်။

သားကြီးကပဲ ''ဘွားဘွားရေ'' လို့ ခေါ်လိုက်ရင် ဒီစက်ဝိုင်း ကို တစ်ပတ်ပြန် လျှောက်ချင်သေးသလားဆိုတာ သူများအမြင် ထက် ကိုယ့်ကိုယ်ကို အမှန်စင်စစ်သိဖို့ အရေးကြီးတယ်။

''ရေယမုံ'' က စပြီး ''သဗ္ဗေသင်္ခါရ'' မှာ ဘွားဘွား နိဂုံးချုပ် တော့မယ်။ ''ရေယမုံ'' ပတ်ပျိုးဆိုပြီး သားကြီးကို ရင်မှာပိုက်ပြီး သိပ်စဉ်က သားကြီးဟာ သုံးလတောင် မပြည့်သေးဘူး။ အခု ''သဗ္ဗေသင်္ခါရာအနိစ္စ'' ပါဠိကို ရေးချိန်မှာတော့ သားကြီး တစ်နှစ် နဲ့ခုနစ်လ ပြည့်ခဲ့ပြီ။

သားကြီးက ဆိုမယ်။ ဘွားဘွားစာတွေကလဲ ကလေးနဲ့လဲ မလိုက်ဘူး။ တဖြေးဖြေး ကြီးကျယ်လာလိုက်တာလို့။ ဆိုနိုင်တယ် သားကြီး။

မင်းရဲ့မေမေ 'မိ' ဟာ ငါးနှစ်သမီးအရွယ် ဘွားဘွားစာရေး တဲ့ စားပွဲခုံဘေးမှာ မျက်လုံးလေး ကလယ်ကလယ်နဲ့ သူ့ပန်းပွင့် တွေကို ကိုက်ညှပ်ဆော့နေတုန်း ဘွားဘွား ''နွားတစ်ထောင်'' ဝတ္ထုကို ''ချစ်သမီးကြီး မိ'' အတွက်ဆိုပြီး ရည်စူးရေးခဲ့တယ်။ ဆွေမျိုးတွေကလဲ ''သဲ'' ရန်ကောတဲ့။ သားကြီးရဲ့ အဘွားလတ် အကြွယ်ကလဲ ''ပူနိုင်ရန်ကော'' တဲ့။ သူ့မှာ သမီးချောနှစ် ယောက်ရှိတာ သူ မပူပေါင်တဲ့။

ဟော. . . . ခုတော့ သူတို့ရဲ့ ''မရွှေမိ'' က သူ့တစ်ခေတ်မှာ သူ့မှတ်တိုင် သူစိုက်လို့၊ သူ့ဘဝလမ်းကို သူ လျှောက်နေပါ ပကောလား သားကြီး။ သူ နားလည်သမျှ ဘဝခရီးရဲ့ အတွေ့ အကြုံကို

စားပွဲခုံပေါ်တင်ပြလို့ မိဘတွေနဲ့ ဆွေးနွေးပြောဆိုလာ တတ်လာပြီလေ။ တခြားအိမ်တွေကို သွားလည်ပတ်ကြည့်စမ်းပါမေမေ။ သမီးတို့အိမ်ဟာ လောကနိဗ္ဗာန်ဆိုတာ မေမေ သိမယ် တဲ့၊ သူကပဲ ပြန်နှစ်သိမ့်လာတတ်တယ်။

''မိချိုရေ့. . . . ဒို့သမီးဟာ တော်ကြာ ဂွတ္တလစ်နဲ့ မက်သဒစ် ကျောင်းသာသိတဲ့ သမီးမျိုး ဖြစ်နေမယ်။ ကြည့်လုပ်ပါဦး'' ဆိုတဲ့ မင်းဘဘ ဦးပုံစံကြီးတောင် အခု ဆွေးနွေးစရာရှိရင် သူ့သမီး 'မိ' မှ 'မိ'။ သူ့သမီးရဲ့ အတွေးအခေါ် အဆုံးအဖြတ်မပါရင် ဘွားဘွားရဲ့ တင်ပြချက်တချို့ကိုတောင် သူက အယုံအကြည် နည်းလာတယ်လေ။

ဒါကြောင့် ဘွားဘွား အခုရေးတဲ့ ''လာခြင်းကောင်းသော လူကလေး'' ဟာ ခုချိန်မှာ စောလဲ မစောပါဘူး။ နောက်လဲ မကျပါဘူး။

သင်္ချိုင်းရေယာ ဘယ်သူက တားနိုင်မှာလဲ။ သားကြီးကို သုံးလသားက ရင်မှာပိုက်ခဲ့တဲ့ ဘွားဘွားရဲ့ လက်များဟာ ခု ကလောင်တံကို ကိုင်နိုင်ဖို့ ဆရာဝန်ပေါင်းစုံနဲ့ မြန်မာအနှိပ်သည် နဲ့ ကုနေရပြီ။ ဒီစာအုပ် အေးချမ်းစွာ နိဂုံးချုပ်နိုင်တာကိုပဲ ကျေး ဇူးတင်ရဦးမယ်။

ဘွားဘွားတစ်ယောက်ဟာဖြင့် အင်မတန် အေးမြကြည် လင်တဲ့ ဝိပဿနာ ကန်ရေပြင်မှာ သူ့ကိုယ်သူကြည့်ရင်း အညစ် အကြေးများကို ဆေးကြောသုတ်သင်ရင်း အပူအပင်တွေနဲ့ ကျွမ်းနေတဲ့ အသည်းနှလုံးကိုလဲ ကန်ရေသောက်လို့ အေးမြ ချမ်းသာစွာ နားနေရစ်ပြီလို့ သဘောပေါက်ပြီး စိတ်ချလက်ချ ထားရစ်ခဲ့ပါ။

ဟိုမှာ သူတို့ စောင့်နေကြပြီလေ။

မင်းရဲ့ဘဘ ဦးပုံစံရယ်။

မင်းရဲ့ဖေဖေ ဗိုလ်ကြီးထွန်းအောင်ကျော်ရယ်။

မင်းရဲ့မေမေ 'မိ' ရယ်။

ပန်းကြွေသောလမ်းကပဲ လျှောက်လျှောက်၊ ဆူးရစ်ချုံတွေ ထွေးနေတဲ့ တောင်ဘက်လမ်းကိုပဲ သွားသွား ဘွားဘွားရေးတဲ့ စာအုပ်လေးကိုတော့ ချိုင်းမှာညှပ်သွားပါ။ ညောင်ညိုရိပ်ကောင်း လေးများ တွေ့တဲ့အခါလဲ ရှေ့ဆက်ရေးမယ့် နိပါတ်တော်လာ ပုံပြင်လေးတွေကို ဖတ်သွားပါ။

ဘွားဘွား အပန်းဖြေနေရစ်တဲ့ ''ရေကန်သာ'' မျိုးဟာ တစ် နေရာထဲမှာ ရှိနေတာ မဟုတ်ပါဘူး။ လမ်းကွေ့ပေါင်းများစွာ မှာ မြန်မာတို့ထုံးစံအတိုင်း ရေချမ်းစင် ရှိသလို ဒီ ''ရေကန်သာ'' ဟာ နေရာတိုင်းမှာ အမြဲရှိပါတယ်။

သားကြီး ပင်ပန်းရင် ဒီကန်သာဘေးမှာ အပန်းဖြေ ခဏ နားလို့ သောက်သုံးကြည့်ပါ။ ဒီတော့မှ ဘွားဘွားရေးခဲ့တာဟာ စာတွေ့လား၊ ကိုယ်တွေ့လားဆိုတာ သားကြီး သိမယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်တိုင်က ''ငါ၏ တရား တော်တို့သည် အချိန်မရွေး စမ်းသပ်လှည့်ကုန်။ ကျင့်ကြံအား ထုတ်ကြည့်လှည့်ကုန်'' လို့ ကြွေးကြော်ခဲ့တာပါ။

ဘွားဘွားဟာ လဆုတ်ပက္ခ မွေးသူမို့ အမှောင်ကစ လျှောက်ခဲ့ရသူပါ။

ပန်းနဲ့ သစ်ရွက်လဲ မကွဲခဲ့ဘူး။

ဆူးရစ်ချုံလား ချောက်လေလားလဲ မကွဲပြားခဲ့လေ ဘူး။

လကွေးလေး ကွယ်တော့ ကြယ်ကို အားပြုခဲ့ရတယ်။ ကြယ်တွေ မလက်တော့ ပိုးစုန်းကြူးလေးကို လမ်းပြခိုင်းရတယ်။ ပိုးစုန်းကြူးလေးတောင် မရှိတော့ မေမေ မွေးပေးခဲ့တဲ့ ကိုယ့် နှလုံးသားထဲက ''စိတ်'' ကို အဖော်ပြုလို့ လျှောက်ခဲ့ရသူမို့ ခြေထောက်မှာလဲ သွေးအလိမ်းလိမ်းကပ်ခဲ့ပါပြီ။

ပန်းပွင့်ဖတ်နဲ့ ဆူးရွက်ရောနေတဲ့ သစ်နွယ်ခွေက သရဖူလို ဘွားဘွားဆံပင်မှာ ရစ်နွယ်ငြိနေပြီလေ။ ဝိပဿနာသမားအဖို့ သရဖူဆိုတဲ့ အောင်နိုင်ခြင်း အထိမ်းအမှတ်အတွက် ဂုဏ်လဲ မယူချင်တော့ဘူး။

အလှအပလို့လဲ မထင်ဘူး။ ဘွားဘွားမှာ ဘာမှ အလှအပ မရှိတော့ပါဘူး။ ဝိပဿနာစစ်မှန်ရင် သုည. . . . ပဲတဲ့။ သူတို့နယ်မှာ အရှုံးအနိုင် အလှအပဆိုတာ သဘောမျှသာ ပဲ ဘာမှမရှိဘူး။

ဘွားဘွား ခုတော့မှ ဒီရေကန်သာမှာ ဆံ,ကို ဖြေချလို့ ပန်း ပွင့်လွှာနဲ့ ဆူးရွက်လဲ ရွေးရမယ်။ ခြေက သွေးလဲ ဆေးရမယ်။ ရင်က မီးတောက်လဲ ကန်ရေသောက်လို့ အေးတော့မယ် သားကြီး။

လာခြင်းကောင်းသော လူကလေးတို့ရဲ့ စခန်းစချိန်ဟာ မိုး သောက်ယံမို့ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

လူကလေးများအားလုံး ချမ်းမြေ့ရွှင်လန်းကြပါစေ။

ရွှေမင်းသား

ဒီပုံပြင်ကတော့ ဘွားဘွား ငယ်ငယ်တုန်းက မင်္ဂလသုတ် သင်ရင်း ''အမိအဘတို့ကို လုပ်ကျွေး မွေးမြူရခြင်းလည်း တစ် ပါး'' ဆိုတဲ့ မာတာပိတု၊ ဥပဋ္ဌာနံ၊ အစရှိတဲ့ မင်္ဂလာတရားတော် နဲ့ ပတ်သက်ပြီး ဆရာကြီး ဦးဘိုးထင် ပြောပြတာ။

ရှေးရှေးတုန်းက ဒုကူလနဲ့ ပါရိက ဆိုတဲ့ ဇနီးမောင်နှံနှစ် ယောက်ရှိတယ်။ သူတို့နှစ်ဦးလုံးရဲ့ မိဘများဟာ နေသာဒဂါမ ရွာက တံငါသည်များ ဖြစ်ကြတယ်။ သူတို့ကြတော့ မုဆိုးတံငါ အလုပ်ကို မလုပ်ချင်တဲ့အတွက် ဟိမဝန္တာတောကို ထွက်လာ ကြပြီး မိဂသမ္မတာ မြစ်အနီးမှာ နေထိုင်ကြတယ်။ သူတို့မှာ သုဝဏ္ဏသာမ ဆိုတဲ့ သားလေးတစ်ယောက် ရှိတယ်။ သုဝဏ္ဏ သာမ ဆိုတဲ့အမည်က မြန်မာလိုရိုးရိုးဆိုရင် ရွှေအဆင်းရှိသော လူကလေးလို့ အဓိပ္ပာယ်ရတာပေါ့။

သူရဲ့ မိဘနှစ်ပါးဖြစ်တဲ့ ဒုကူလနဲ့ ပါရိကဟာ ရသေ့ရဟန်း အဝတ်ကိုဝတ်ပြီး ရသေ့ သူတော်စင်တို့လိုပဲ မွန်မြတ်တဲ့အကျင့် နဲ့ နေကြတယ်။ သားလေးဖြစ်တဲ့ သုဝဏ္ဏသာမကိုလဲ သင်္ကန်း ကို ဆင်မြန်းပေးပြီး ရသေ့လိုပဲ နေစေတယ်။

တောထဲမှာ သစ်သီးဝလံတို့ကို ရှာဖွေစားသောက်ပြီး သား လေးကို မွေးလာလိုက်ကြတာပေါ့။ သားလေးကို ကျောင်းသင်္ခမ်း မှာ ထားရစ်ပြီး၊ မိဘနှစ်ဦးက သစ်သီးသစ်ဥတွေကို ရှာဖွေပြီး ညနေချမ်းကြရင် ပြန်လာကြရော။

သုဝဏ္ဏသာမ သတို့သားဟာ သားကြီးလိုပေါ့။ ငယ်ငယ် လေးကနေ တဖြေးဖြေးကြီးလာတယ်။ သူ တစ်ဆယ့်ခြောက်နှစ် သား အရွယ် ရောက်လာတော့ လူလားမြောက်လာတယ်။ တွေး ခေါ်တတ်လာတယ်။ လိမ္မာလာတယ် ဆိုရမှာပေါ့။

သူက စဉ်းစားတာပေါ့။ ''အခုနေတော့ ငါ့မိဘတွေဟာ ငါ့ကို ပြုစုစောင့်ရှောက်ပြီး ကျွေးမွေးလို့ ကြီးပြင်းလာရတယ်။ သူတို့ သစ်သီးရှာသွားရင်း တစ်ခုခုဖြစ်ရင် ဒုက္ခပါပဲ။ တောထဲ တောင်ထဲဆိုတာ တစ်ခါတလေ အန္တရာယ်ရှိတတ်တယ်'' လို့ တွေးမိ စဉ်းစားမိသတဲ့။

ဒါကြောင့် နောက်နေ့တွေကျတော့ သူ့မိဘတွေ သွား ရောက်ပြီး သစ်သီးရှာတတ်တဲ့နေရာတွေကို သူ့ကို ပြထားပါ ဆိုပြီး လမ်းကို မှတ်ထားသတဲ့။

တစ်နေ့ကျတော့ ဒုကူလနဲ့ ပါရိကဟာ သစ်သီးများရှာဖွေ ပြီး ညနေစောင်းလို့ နေဝင်လုဆဲဆဲ ကျောင်းသင်္ခမ်းအပြန် လမ်း မှာ ကျောင်းနားအရောက် မိုးကြီးသည်းထန်စွာ ရွာသတဲ့။ သူတို့ ကလဲ သူတို့ကိုယ်မှာ ရေတွေ ရွှဲနေတော့ နီးရာသစ်ပင်အောက် တစ်ခုမှာ ဝင်ပြီး မိုးခိုကြတယ်။ သူတို့နှစ်ယောက်ရပ်နေတဲ့ နေရာ ဟာ တောင်ပို့လေးတစ်ခုဖြစ်ပြီး၊ အဲဒီ တောင်ပို့အောက်မှာ မြွေဟောက်ကြီးတစ်ကောင် နေသတဲ့။ သူတို့ကိုယ်က စီးကျတဲ့ရေ ဟာ မြွေဟောက်ကြီးနှာခေါင်းထဲ

ဝင်သွားရော။ မြွေဟောက် ကြီးဟာ အဆိပ် အင်မတန်ပြင်းတယ်။ ဒေါသလဲကြီးကြီးနဲ့ သူ့ နှာခေါင်းကနေ လေတွေမှုတ်ထုတ်လိုက်တာ မြွေဆိပ်က ဒုကူလ နဲ့ ပါရိက မျက်လုံးကို ထိခိုက်မိပြီး မြွေဆိပ်သင့်သွားတာပေါ့။ သူတို့နှစ်ဦးလုံးဟာ မြွေဆိပ်ကြောင့် မျက်စိတွေ မမြင်ရတော့ ဘူး။ လုံးဝ ကွယ်သွားတယ်။ ဘယ်လိုလုပ်ပြီး ကျောင်းသင်္ခမ်း ရှိရာကို ပြန်ရမယ်ဆိုတာကို မသိတော့ဘူး။ လမ်းကိုမှ မမြင် ရတော့ဘဲကိုး။

ဒီအချိန်မှာ ကျောင်းမှာကျန်ရစ်တဲ့ သားလေး သုဝဏ္ဏသာမ က စဉ်းစားမိတယ်။ ''မိုးတွေလဲရွာ မိုးလဲချုပ်လာပြီ၊ ခါတိုင်း ဆိုရင် ဒီအချိန်ရောက်ရင် ငါ့မိဘတွေဟာ သစ်သီးခူးပြီးလို့ ကျောင်းကိုပြန်ရောက်ကြပြီ၊ ခုချိန်ထိ မရောက်လာတာဆိုရင် လမ်းမှာ ဒုက္ခတစ်ခုခုဖြစ်နေသလား မသိဘူး'' လို့ တွေးမိပြီး စိတ်ပူလာတာနဲ့ အရင်က သူ မှတ်သားထားတဲ့ လမ်းအတိုင်း သူ့မိဘတွေ သွားတတ်တဲ့နေရာကို လိုက်ရှာတာပေါ့။

တောထဲ တောင်ထဲမှာ ညဥ့်ဦးဆိုတော့ ပါးစပ်ကလဲ အသံ ပြုရတာပေါ့။ ''မိခင် ဖခင်တို့ ဘယ်အရပ်မှာ ရှိကြပါလဲ၊ ရှိတဲ့ နေရာကနေ အသံပြုပါ။ သူလာပြီး ကြိုပါတယ်'' လို့ သူက အသံပေးတာပေါ့။

ဒုကူလနဲ့ ပါရိကဟာ သားလေး သုဝဏ္ဏသာမအသံ ကြား ရင်ပဲ ''တို့သားဟာ တို့အနားရောက်လာရင် တို့လိုပဲ အန္တရာယ်များ ကျရောက်မလား'' ဆိုတဲ့ မိဘတို့ ချစ်ခြင်းမေတ္တာနဲ့ စိုးရိမ် စိတ်ဝင်လာတယ်။ ဒါကြောင့် သူတို့ကလဲ ပြန်ပြီး အသံပြုကြ တာပေါ့လေ။

''ချစ်သား သုဝဏ္ဏသာမ၊ ငါတို့အနားကို မလာနဲ့၊ ဒီနေရာ ဟာ ဘေးရန်ရှိတဲ့နေရာ ဖြစ်ပေတယ်'' လို့ အော်ကြတယ်။ သုဝဏ္ဏသာမဟာ မိဘတွေအသံကြားတဲ့ဘက်ကို လိုက်ရှာတော့ မှ သူ့မိဘများကို တွေ့တယ်။ နွယ်ကြိုးတစ်ခုကိုရှာပြီး မိဘတွေ လက်ထဲရောက်အောင် အဝေးက လှမ်းပစ်ပေးတယ်။ ''ဒီနွယ် ကြိုးကိုကိုင်ပြီး လျှောက်လာကြပါ'' ဆိုတော့ သူ့မိဘတွေလဲ နွယ်တန်းကိုကိုင်ပြီး သူ့အနားရောက်အောင်လျှောက်လာသတဲ့။

ရောက်လာတော့မှ သူတို့ ဖြစ်ပျက်တဲ့အကြောင်းကို ပြော ပြတယ်။ ဘုရားလောင်း သုဝဏ္ဏသာမက သူ့ဉာဏ်နဲ့ ဆင်ခြင် ကြည့်သတဲ့။ ကေန္တတော့ ငါ့မိဘတွေ မိုးခိုတဲ့ သစ်ပင်အောက်က တောင်ပို့ထဲမှာ မြွေရှိမှာ။ ငါ့မိဘများရဲ့ စိုစွတ်တဲ့ကိုယ်က ယိုစီးတဲ့ ရေတွေဟာ မြွေနှာခေါင်းထဲဝင်လို့ မြွေဆိပ်သင့်ပြီး ငါ့မိဘများ မျက်စိကွယ်ကြရတာပဲလို့ ဆင်ခြင်မိတယ်။

သူဟာ မိဘများကို ဒီလိုမြင်တော့ ငိုလဲ ငိုသတဲ့၊ ရယ်လဲ ရယ်သတဲ့။ မိဘတွေကလဲ သူ့သားငိုတာ ရယ်တာမြင်တော့ ''ဘယ်လိုကြောင့် ငိုခြင်း ရယ်ခြင်းကို ပြုပါသလဲ ချစ်သား'' လို့ မေးတယ်။

''မိခင် ဖခင်များဟာ ယခုလို ငယ်ရွယ်တဲ့အချိန်မှာ မျက်စိ နှစ်လုံး ကွယ်ရတဲ့အတွက် မိဘများအတွက် စိတ်မချမ်းသာဖြစ် ပြီး သူ ငိုကြွေးမိပါတယ်။''ရယ်တာကတော့ မိဘများ ဒီလို အတိဒုက္ခရောက်တဲ့အခါ မှာ ကျွေးတုံ့ ကျွေးလှည့် မွေးတုံ့ မွေးလှည့် ပြန်လည် အခွင့်ကြုံ လာလို့ ကျွန်ုပ်မှာ မိဘများကို လုပ်ကျွေးဖို့ အခါအခွင့်ရလာပြီ ဖြစ်လို့ ဝမ်းမြောက်မိတဲ့အတွက် ရယ်မိပါတယ်။ မိခင် ဖခင်များ ဘာမှမစိုးရိမ်ပါနဲ့၊ အေးအေးဆေးဆေးပဲ ကျောင်းသင်္ခမ်းကို လိုက်ခဲ့ပါ။ သင်တို့ကို အသက်ထက်ဆုံး ကျွန်ုပ်လုပ်ကျွေးပါ့မယ်'' လို့ ပြောပြီး သူတို့နေရာကျောင်းကို မိဘများအား ခေါ်ဆောင် သွားတယ်။

အဲဒီနေ့ကစပြီး သုဝဏ္ဏသာမဟာ မနက်စောစောထ မိဂ သမ္မဘာမြစ်မှာ ရေဆင်းခပ်၊ မိဘများ မျက်နှာသစ်ဖို့ ရေအဆင် သင့်ပြင်ထား၊ ရေနွေးများလဲ ကြိုထားသတဲ့၊ မျက်နှာသစ်ပြီး စားဖို့ သစ်သီးများလဲ အဆင်သင့် ပြင်ဆင်ထားတယ်။ ပြီးတော့ ရေချိုးတဲ့ဆီ သွားတဲ့နေရာ၊ ကိုယ်လက်သန့်စင်တဲ့နေရာ (ရိုးရိုး ပြောရရင် အိမ်သာသွားတဲ့နေရာ) တွေကို မိဘများ အိပ်တဲ့ နေရာကနေ နွယ်ကြိုးတွေ သွယ်တန်းပြီးထားသတဲ့။ ဒါမှ သူ့ မိဘတွေဟာ လိုအပ်တဲ့နေရာကို သွားတဲ့အခါမှာ မလဲမပြိုဘဲ တည့်တည့်မတ်မတ် ရောက်အောင်လို့ပေါ့။ မိဘများကို ကိုယ် တိုင်မျက်နှာသစ်ပေး၊ သစ်သီးများလဲ ကျွေးမွေးပြီးမှ အကြွင်း အကျန်ကို သူ စားသတဲ့။ အဲဒီလို မိဘများရဲ့ ဝေယျာဝစ္စကို (အလုပ်ကိစ္စတွေကို)

အားလုံး ဆောင်ရွက်ပြီးမှ သူ့မိဘများကို ရိုသေစွာရှိခိုးပြီး တံချူ ခြင်းတောင်းများကို လက်ကကိုင်ပြီး တောထဲမှာ သစ်သီးရှာသွားဖို့ ထွက်သွားရော။ သူ့နောက်ကဆိုရင်သူ့ကိုချစ်တဲ့ သမင်လေးများဟာ ဝိုင်းရံပြီး တပျော်တပါး လိုက် ပါသွားကြတာပေါ့။ သုဝဏ္ဏသာမဟာ တောတိရစ္ဆာန်တွေနဲ့ သမင်လေးများကို ချစ်တော့ သမင်လေးတွေကလဲ သူ့ကို ချစ် တာပေါ့။

ညနေစောင်းလို့ ကျောင်းသင်္ခမ်းကို ပြန်ရောက်ရင်လဲ မိဘ များကို ရေမိုးချိုးပေးပြီး ရှာရတဲ့ သစ်သီးများထဲက ကောင်းနိုး ရာရာ ကျွေးမွေးတယ်။ တောတောင်ထဲမှာဆိုတော့ ညနေ စောင်း ချမ်းတာပေါ့။ အဲဒီအခါမှာ မိဘများလှုံဖို့ မီးဖို ဖိုပေးပြီး သူက မိဘများကို နင်းနှိပ်ပေးတာပေါ့။ ပြီးတော့မှ မိဘများကို ကောင်းကောင်းမွန်မွန် အိပ်ရာထဲမှာ နေရာတကျ ထားခဲ့တယ်။ ဖိုထားတဲ့ မီးများကိုလဲ ငြိမ်းသက်ပြီး နောက်နေ့နံနက် သုံးဆောင် ဖို့ သောက်ရေခပ်ဖို့ရယ်၊ သူ့ကိုယ်ကို ရေချိုးဖို့ရယ် မိဂသမ္မတာ မြစ်ကို သူ့မိတ်ဆွေ သမင်လေးတွေခြံရံပြီး ရေခပ်သွားရော။

လူတစ်ယောက်ထဲဆို အိုးတစ်လုံးထဲပဲ နိုင်မယ်မို့လား။ အဲဒီ တော့ တံပိုးလိုလုပ် အိုးနှစ်လုံးကိုချည် သမင်နှစ်ကောင်ရဲ့ ကျော ပေါ်မှာတင်ပြီး အပိုရေအိုးလဲ သယ်သွားသတဲ့။

အဲဒီလို ညနေစောင်းချိန်မှာ ရွှေလိုဝင်းနေတဲ့ သူ့အသား ကလဲ လှပ၊ ဝင်ဆဲနေရောင်ကလဲ ဟပ်ပြီး မြစ်ကမ်းခြေကလဲ မြက်နုတွေ မြသစ်ရွက်တွေနဲ့ စိမ်းစိုပြီးနေသတဲ့။ မြူးပျံ့ပျော်ရွှင် နေတဲ့ သမင်လေးတွေခြံရံပြီး မိဂသမ္မတာမြစ်ကမ်းကို သုဝဏ္ဏ သာမ ရေခပ်ဆင်းလာချိန်ဟာ သိပ်ပြီးလှပသာယာတဲ့အချိန် ဖြစ်တယ်။ ညဦးလသာသာမှာ သုဝဏ္ဏသာမဟာ ပြန်လာလေ့ ရှိသတဲ့။အဲဒီအချိန် ဗာရာဏသီပြည်မှာ အုပ်စိုးနေတဲ့ ပီဠိယက္ခ မင်းကြီးဟာ သမင်သားကို အလွန်ကြိုက်သတဲ့။ ဘယ်လောက် များ ကြိုက်လဲဆိုရင် သမင်သားကို သူကိုယ်တိုင် ပစ်ခတ်စားချင် လို့ ထီးနန်းစည်းစိမ်ကို မယ်တော်မိဖုရားကြီးကို ခေတ္တလွှဲအပ် ပြီး ဟိမဝန္တာတောကို ထွက်လာခဲ့သတဲ့။

တစ်ညနေချမ်းမှာ မိဂသမ္မတာ မြစ်ကမ်းပါးကို ရောက်လာ ရော။ တောလိုက်နေကျ ရှင်ဘုရင်ကြီးဖြစ်တော့ မြစ်ကမ်းပါးမှာ သမင်တွေဆင်းတဲ့ တက်တဲ့ ခြေရာကို မြင်ရင်ပဲ၊ ဒီနေရာဟာ ဖြင့် သမင်များ ရေဆင်းသောက်တဲ့နေရာ ဖြစ်တယ်။ ဒီနေရာ ကနေ စောင့်ပြီးပစ်ရင် သမင် အများကြီး ရနိုင်တယ်။

ဒါနဲ့ပဲ မြစ်ကမ်းစပ် ချုံနွယ်တွေရှိတဲ့ တစ်နေရာမှာ သူ့ ကိုယ်သူ သစ်ရွက်တွေဖုံးပြီး လေးမြား အဆင်သင့်ပြင်ပြီး စောင့် နေသတဲ့။

သုဝဏ္ဏသာမနဲ့ သမင်လေးများဟာ ပျော်ပျော်ရွှင်ရွှင်ပဲ ရေခပ်ဆင်းလာတာကို ဝင်လုဆဲနေရောင်နဲ့ မြင်ရတော့ ဘုရင် ကြီးဟာ အံ့သြသွားတယ်။

''ငါဟာ ဟိမဝန္တာ တောထဲမှာနေပြီး သမင်လိုက်ဖမ်းနေတဲ့ ကာလပတ်လုံး တောတိရစ္ဆာန်ကလွဲပြီး ဘာသတ္တဝါမှ မမြင်ဘူး။ ခုလို အဆင်းသဏ္ဍာန်လှပတဲ့ သတ္တဝါ (သုဝဏ္ဏသာမကို ဆိုလို တာ သားကြီး) လဲ မတွေ့ဖူးဘူး။ ဟိမဝန္တာတောထဲမှာ ငါဟာလဲ တစ်သက်လုံးနေမှာ မဟုတ်ဘူး။ တစ်နေ့ ဗာရာဏသီပြည်ကို ပြန်သွားရင် မှူးမတ်တွေက ဟိမဝန္တာတောထဲမှာ ထူးထူးဆန်း ဆန်း ဘာတွေများ တွေ့ခဲ့သလဲမေးရင် ထူးဆန်းလှပတဲ့ အဆင်း သဏ္ဍာန်ရှိတဲ့ သတ္တဝါတစ်ကောင် တွေ့ခဲ့တယ်။ ဒီသတ္တဝါဟာ ဘယ်လိုအမျိုးအစားလဲမေးရင် ငါ ဖြေနိုင်မှာ မဟုတ်ဘူး။ ဒီလို တောနက်ထဲမှာ ဒါလောက်လှပသိမ်မွေ့တဲ့ လူသားလဲ မနေနိုင် ဘူးပေါ့။ ရုတ်တရက် ငါထွက်မေးရင် သမင်တွေလဲ လန့်ဖျပ် ပြေးမယ်။ ဒီသတ္တဝါဟာလဲ တန်ခိုးရှိရင် ပျောက်ကွယ်သွားနိုင် တယ်။ ဒီတော့ မြားနဲ့ပစ်ပြီး သူ အားနည်းနေချိန်မှာမှ ငါ မေး မယ်လို့ ကြံစည်ပြီး လေးတင်ပြီး အသင့်စောင့်နေသတဲ့။

ဘုရားလောင်း သုဝဏ္ဏသာမဟာ ရေချိုးပြီး ရေအိုးများထဲ ရေပြည့်အောင်ခပ်၊ လျော်တေသင်္ကန်းကို ဝတ်ရုံပြီး ကမ်းပါးကို တက်လာသတဲ့။ သမင်လေးတွေလဲ ရေသောက်ပြီး ကမ်းပါးကို တက်လာတာပေါ့။

''ဒီအချိန်ဟာဖြင့် အချိန်ကောင်းပဲ၊ ပစ်ချိန်တန်ပြီ'' လို့ ယူဆ ပြီး ပီဠိယက္ခမင်းကြီးက သုဝဏ္ဏသာမကို မြားနဲ့ပစ်လိုက်တာ မြားဟာ လက်ယာ (ညာ) ဘက် နံပါးကိုဖောက်ပြီး လက်ဝဲ (ဘယ်)ဘက်နံပါးက ဖောက်ထွက်သွားသတဲ့။ သမင် ဒါလောက် ပစ်ပစ်နေတော့ လက်က သိပ်တည့်တာပေါ့။ သမင်တွေလဲ လန့်ဖျပ်ပြီး ပြေးကုန်ကြတာပဲ။

ဘုရားလောင်းဟာ ဒဏ်ရာပြင်းထန်လွန်းပေမင့် သတိထား ပြီး ခပ်လာတဲ့ရေအိုးကို သဲပြင်ပေါ်မှာ လက်နဲ့ယက်ပြီး ရေမဖိတ် အောင် တည့်တည့်လေး ထားလိုက်တယ်။ ပြီးတော့ ငါ့မိဘတွေ ရှိတဲ့နေရာဟာ ဒီနေရာဘက်မှာ ရှိမှာပဲလို့ ရည်မှန်းပြီး အဲဒီဘက်ကို ဦးခေါင်းထားပြီး သဲပြင်ပေါ် ကိုယ်ကိုလှဲချလိုက်တယ်။ လက်နှစ်ဖက်ကို ယှက်ပြီး မိဘများကို ရှိခိုးတယ်။ ဒဏ်ရာက ပြင်းထန်တော့ သဲပြင်ပေါ်မှာ သွေးဖွက်အိုင်ထွန်းပြီနေပေမင့် သူ့သတိကို မလစ်အောင်ထိန်းရင်းက ပါးစပ်က မြည်တမ်းသတဲ့။

''ဒီဟိမဝန္တာတောမှာ ငါ့မိဘများမှာလဲ ရန်သူမရှိဘူး။ ငါ့ မှာလဲ ရန်သူမရှိဘူး။ ဘယ်သူဟာဖြင့် တို့များမိသားစုအပေါ် မေတ္တာပျက်ပြယ်ပြီးတော့ ငါ့ကို မြားနဲ့ပစ်ပါသလဲ။ ငါ့ကို မြားနဲ့ ပစ်တဲ့လူဟာ မင်းလား၊ ပုဏ္ဏားလား၊ ကုန်သည်လား။ ငါ့ကို ဒဏ်ရာရအောင် မြားနဲ့ပစ်ပြီးမှ ဘာဖြစ်လို့ ပုန်းနေသလဲ'' တဲ့။

''ငါ့အသားဟာလဲ မစားကောင်းဘူး။ ငါ့အရေကလဲ ဘာမှ အသုံးချလို့ မရဘဲနဲ့ အကျိုးမဲ့သက်သက် ငါ့ကို ဘာဖြစ်လို့များ မြားနဲ့ပစ်သလဲ။ ငါ့ကို ဘာကြောင့် ပစ်တယ်။ ပစ်တဲ့လူဟာ ဘယ်သူလဲလို့ သိရအောင် ပုန်းခိုနေရာက ထွက်ပြီးပြောပြပါ'' လို့ ပြောပြီး ဘုရားလောင်းဟာ မှိန်းနေလိုက်တယ်။

ပီဠိယက္ခမင်းကြီးဟာ ဘုရားလောင်းစကားကို ကြားတော့ ''ဒီသူငယ်ဟာ အဆိပ်လူးမြားနဲ့ သူ့ကို ငါ ပစ်ခတ်ပေမင့်လဲ မဆဲရေးဘူး။ (ဆဲဆိုခြင်း၊ ဒေါသဖြစ်ခြင်း) မရှိဘူးပေါ့လေ။ ငါ့ နှလုံးသားကို ဆုတ်နယ်လိုက်သလိုပဲ။ ချစ်ဖွယ်၊ သနားဖွယ်သော စကားကိုသာ ပြောကြားတယ်။ သူ့ကို မြားနဲ့ ဘာကြောင့်ပစ် တယ်ဆိုတာကိုတော့ မှန်တဲ့အတိုင်း မပြောဘူး။ အပြစ်မရှိတဲ့ သူကို ငါ သက်သက်မယ့် ပစ်မိတယ်။ ပစ်မိတဲ့အကြောင်းရင်းကို လိမ်ပြီးပြောမှပဲလို့ စဉ်းစားမိပြီး ပုန်းနေရာက ထွက်လာတယ်။ ဘုရားလောင်းအနားကို ရောက်တော့မှ သူ့အမျိုးအမည် ကို ပြောပြတယ်။

''ကျွန်ုပ်ဟာဖြင့် ဗာရာဏသီပြည် ကာသိကတိုင်းက ပီဠိ ယက္ခမင်းကြီး ဖြစ်ပေတယ်။ သမင်သားကို အလွန်ကြိုက်နှစ် သက်တဲ့အတွက် ထီးနန်းကိုတောင် မယ်တော်ကို လွှဲအပ်ပြီး ဟိမဝန္တာမှာလာပြီး သမင်များကို ပစ်ခတ်စားသောက်နေပါ တယ်။ ကျွန်ုပ် မြားဦးကျတဲ့နေရာက သမင်ဟာ သင့်ကိုမြင်ပြီး လန့်ပြေးတဲ့အတွက် သင့်ကို ဒေါသထွက်ပြီး ပစ်မိတယ်'' လို့ ဘုရင်ကြီးက ပြောလိုက်သတဲ့။

''အရှင်မင်းကြီး သမင်သားကို လူတို့ စားကြပေတယ်။ ကျားသစ်ရေကိုလဲ လူတို့အသုံးကျလို့ ကျားသစ်ကို ပစ်ခတ်ကြ တယ်။ အစွယ်ကိုအသုံးကျလို့ ဆင်ကိုလဲ လူတို့ ပစ်ခတ်ကြ တယ်။ ကျွန်ုပ်ဟာ လူသားဖြစ်လို့ ဘယ်လိုမှ အသားကိုရော၊ အရေကို မစားကောင်းပါဘူး။ ဒီ ဟိမဝန္တာတာမှာ သမင်များ ဟာလဲ ကျွန်ုပ်ကို ချစ်ခင်တယ်။ ကျေးငှက်ကလေးများလဲ ကျွန်ုပ် ကို ချစ်ခင်သောစိတ် ရှိပါတယ်။ ယုတ်စွအဆုံး ဂန္ဓမာဒန တောင် မှာရှိတဲ့ ကိန္နရီများဟာ ကြောက်တတ်သောသဘော ရှိကြပါ တယ်။ ဒီလို ကိန္နရီများဟာ ကျွန်ုပ် သစ်သီးများကို ခူးဆွတ်ဖို့ ဟိမဝန္တာတောကို လှည့်လည်သွားလာတဲ့အခါမှာ ကျွန်ုပ်ကို မြင်လို့ ကြောက်ရွံ့ထိတ်လန့်တဲ့စိတ် မဖြစ်ကြပါဘူး။ သမင်များ၊ ကိန္နရီများဟာ ကျွန်ုပ်နဲ့အတူ ဟိမဝန္တာတောမှာ ပျော်ပျော်ရွှင် ရွှင် သွားလာနေကြ ဖြစ်ပါရက်နဲ့ သမင်တို့ဟာ ကျွန်ုပ်မြင်လို့ကြောက်လန့်ပြေးတဲ့အတွက် ဒေါသအမျက်ထွက်ပြီး အကျွန်ုပ် ကို မြားနှင့်ပစ်တယ်လို့ ပြောတဲ့စကားဟာ မဟုတ်မှန်နိုင်ပါဘူး။ မင်းကြီး လိမ်လည်၍ မုသား မပြောပါနှင့်၊ မှန်သောစကားကို ပြောပါ. . . .''

အဲဒီလို သုဝဏ္ဏသာမက မင်းကြီးကို ပြောသတဲ့။

မင်းကြီးလဲ သူ့အဖြစ်သူသိပြီး မှန်တဲ့အတိုင်းပဲ၊ ''ဘယ်လို သတ္တဝါမှန်းမသိလို့ စုံစမ်းချင်တာနဲ့ မြားနဲ့ အရင်ပစ်ကြည့်မိတာ ပါ'' လို့ ဖြေလိုက်သတဲ့။ ပြီးတော့မှ သုဝဏ္ဏသာမဟာ ဘယ်လို အမျိုးအနွယ်လဲလို့ မေးတယ်။

''အရှင်မင်းကြီး၊ ကျွန်ုပ်ရဲ့ အမိအဘများဟာ တံငါသယ် မျိုးနွယ်များ ဖြစ်ပါတယ်။ သူတို့ဟာ တံငါအလုပ်ကို မလုပ်လို လို့ ဟိမဝန္တာတောမှာ ရသေ့ရဟန်းဝတ်ပြီး နေကြတယ်။ အခု သူတို့ဟာ မျက်စိမမြင်တဲ့ဘဝ ရောက်နေလို့ ကျွန်ုပ်ဟာ သူတို့ ကို လုပ်ကျွေးပြုစုနေရပါတယ်။ မိဘများ သောက်သုံးဖို့ ရေခပ် ရန် ဒီမိဂသမ္မတာမြစ်ကို ကျွန်ုပ်ဆင်းလာပါတယ်'' လို့ သုဝဏ္ဏ သာမက ပြန်ပြောပြတယ်တဲ့။ ပြီးတော့ ဆက်ပြီးပြောပြန်သတဲ့။

''ကျွန်ုပ်ရှာဖွေထားတဲ့ သစ်သီးများဟာ ခြောက်ရက်စာ လောက်ပဲ ရှိပါတယ်၊ ခြောက်ရက်က ကျော်လွန်ရင်ဖြင့် မိဘ များဟာ ဘာကိုများ စားသောက်ကြပါ့မလဲ။ မင်းကြီး သင်ပစ် သော မြားဒဏ်ရာဟယ လက်ယာဘက်ကဝင်ပြီး လက်ဝဲနံစောင်း ကပြန်ပြီး ထိုးဖောက်သွားတဲ့ ဒဏ်ရာဟာ ဘယ်လောက်ပြင်း ထန်လဲဆိုရင် သွေးပွက်ပွက် သဲပေါ်မှာ အိုင်ထွန်းလို့၊ ကျွန်ုပ်မှာလဲ ပြင်းထန်တဲ့ဝေဒနာကို ခံစားရပါတယ်။ သံသရာကို ကျင် လည်နေရသရွေ့ ဒီလိုမြားဒဏ်ထိလို့ ခံစားရတဲ့ ဝေဒနာဟာ ယောကျ်ားကောင်းတို့အတွက် မထူးဆန်းပါဘူး။ ဒီဒဏ်ရာ ကြောင့် ကျွန်ုပ်မိဘများကို မမြင် မတွေ့နိုင်တော့ဘူး။ ဒီလို မိဘကို မတွေ့ရတဲ့ သောကပူပန်ခြင်းသည်သာ မြားဒဏ်ရာ ဆင်းရဲထက် ရာထောင်မက ကျွန်ုပ်မှာ ပင်ပန်းဆင်းရဲခြင်း ဖြစ် ပါတယ်။ ကျွန်ုပ် လို့လဝီရိယနဲ့ ကျွန်ုပ်ဖာသာ အားထုတ်ကြိုးပမ်း ရှာဖွေစားသောက်နေတဲ့သူ။ မိဘကို လုပ်ကျွေးနေတဲ့သူကို သင် မင်းကြီး သက်သက် မြားနဲ့ပစ်ရက်လေတယ်။ သားဖြစ်သူ လာ ချိန်တန်လို့ ပြန်မလာဘဲ၊ ခြေဆုပ်လက်နယ် ပြုနေကြကို ပြုစု ယုယမခံရတဲ့ မိဘများဟာ ''သားကြီး သုဝဏ္ဏသာမ ဘယ်လို များဖြစ်နေလဲ'' လို့ ငိုကျွေးမြည်တမ်းနေကြမှာပဲ။ ကျွန်ုပ်အဖို့လဲ မင်းကြီးရဲ့ အဆိပ်လူးတဲ့ မြားဒဏ်ရာထက် မိဘကို မမြင်ရတဲ့ ဒဏ်ရာက အဆတစ်ရာ၊ အဆတစ်ထောင်မက ပင်ပန်းဆင်းရဲ ခြင်း ဖြစ်ရပါတယ်'' လို့ မိဘကို တမ်းတပြီး ငိုကြွေးရှာသတဲ့။ ဒီတော့ မင်းကြီးဟာ သိပ်စိတ်မကောင်းဖြစ်ပြီး ထိတ်လန့်တုန် လှုပ်သွားတယ်။ ''ငါဟာ မိဘကိုလုပ်ကျွေးပြီး အကျင့်သီလနဲ့ ပြည့်စုံတဲ့သူကို ပြစ်မှားမိတယ်။ ငါပစ်တဲ့ မြားဒဏ်ရာနဲ့ ယခု သုဝဏ္ဏသာမဟာ သေတော့မယ်။ ဒီအကုသိုလ်ဟာ ဘယ်လောက် ကြီးလိုက်မလဲ၊ ငါ့တော့ဖြင့် သေရင် ငရဲကို လားရတော့မှာပဲလို့ တွေးမိတယ်၊ သူ့စိတ်ထဲမှာ စိတ်ကူးတစ်ခုရလာပြီး သုဝဏ္ဏ သာမကို ပြောပြတယ်။

''ကျွန်ုပ်ကိုဖြင့် ခွင့်လွှတ်ပါ၊ ကျွန်ုပ်ဟာ သင့်ကို ပြစ်မှားမိတဲ့ အတွက် ဒီအကုသိုလ်အမှုကို အလွန်ပဲ ကြောက်ပါတယ်။ ''မင်း'' ဆိုတဲ့ ထီးနန်းစည်းစိမ်ကိုလဲ ကျွန်ုပ် မလိုချင်တော့ဘူး။ ရှင်ဘုရင် ဘဝကိုစွန့်ပြီး ဒီတောမှာပဲ ကျွန်ုပ် နေမယ်။ သင်နဲ့ထပ်တူ ဘာမှ လိုလေသေးမရှိအောင် သင့်ကိုယ်စား သင့်မိဘများကို ကျွန်ုပ် လုပ်ကျွေးပါ့မယ်။ အသင်မင်းသား ဘာမှ မစိုးရိမ်ပါနဲ့၊ သင့်မိဘ များ ဘယ်အရပ်မှာ နေတယ်ဆိုတာကိုပဲ ပြောကြားပါ" လို့ ပြော သတဲ့။

သုဝဏ္ဏသာမဟာ သူ့မိဘတွေရှိတဲ့ ကျောင်းသင်္ခမ်းနေရာ ကို မင်းကြီးအား လမ်းညွှန်ပြတယ်။ ပြီးတော့ မင်းကြီးကိုလဲ ရှိသေစွာရှိခိုးတယ်။

''ကျွန်ုပ်ရဲ့ကိုယ်စား ကျွန်ုပ်မိဘများကို လုပ်ကျွေးပြုစုမယ် ဆိုတဲ့အတွက် သင်မင်းကြီးကို အကျွန်ုပ် အလွန်ကျေးဇူးတင်ပါ တယ်။ ဒါကြောင့် သင်မင်းကြီးကိုလဲ ရှိခိုးပါတယ်။ ကျောင်း သင်္ခမ်းကို ရောက်ရင်လဲ ကျွန်ုပ်ရဲ့မိဘများကို ပြောပြပါ။ ''သင် တို့ချစ်သောသား သုဝဏ္ဏသာမဟာ သင်တို့ရှိရာဘက်ကို ခေါင်း ပြုပြီး သဲပြင်ပေါ်မှာလဲလျက် ကျန်ရစ်ပါတယ်။ သင်တို့ကိုလဲပဲ ရှိသေစွာ ရှိခိုးကန်တော့လိုက်ပါတယ် ဆိုတာကိုလဲ ပြောပြပါ'' ဆိုပြီး သုဝဏ္ဏသာမဟာ မြားဒဏ်ရာနဲ့ သဲပြင်ပေါ်မှာ သတိလစ် သွားတယ်။

မင်းကြီးဟာ သူ ပြုမိတဲ့ မကောင်းမှုအပြစ်ကို နောင်တ ရနေရှာတယ်။ ငါ့ကိုတော့ တစ်နေ့မဟုတ်တစ်နေ့နေ့မှာ တိုင်းသူပြည်သားများနဲ့ ကျေးရွာဇနပုဒ်မှာနေတဲ့ သူတွေဟာ ငါပြုခဲ့တဲ့ အပြစ်ကိုသိရှိပြီး ဤမင်းကြီးသည် မကောင်းမှုကိုပြုသောမင်းကြီး ဖြစ်ပေတယ်လို့ အများက ကဲ့ရဲ့ကြတော့မှာပဲ။ ငါ ဒီတောမှာပဲ နေပြီး သုဝဏ္ဏသာမရဲ့ မိဘများကို လုပ်ကျွေးမယ်။ အရင် ကတော့ ငါ့စိတ်ထဲမှာ သေခြင်းတရားတို့ ဒုက္ခတို့ဆိုတာ လူ့ လောကမှာ မရှိဘူးလို့ ထင်တယ်၊ ယခုတော့ ငါနဲ့စကားပြောရင်း ကပဲ လုပနုပျိုလှတဲ့ သုဝဏ္ဏသာမဟာ သေသွားရှာပြီလို့ တွေးမိ ပြီး မမြဲတဲ့ သင်္ခါရတရားကိုလဲ ခုမှပဲ မင်းကြီးဟာ ဆင်ခြင်မိပြီး ပြင်းထန်စွာ ငိုကြွေးတယ်။

အဲဒီအချိန်မှာ ဟိုရှေးဘဝက သုဝဏ္ဏသာမရဲ့ မယ်တော် မိခင်ဖြစ်တဲ့ ဗဟုသုန္ဒရီ နတ်သမီးဟာ ဂန္ဓမာဒနတောင်မှာ ရှိနေ တယ်။ သုဝဏ္ဏသာမ မြားမှန်တဲ့အဖြစ်ကိုသိရင်ပဲ မိဂသမ္မတာ မြစ်ရှိရာကို ဆင်းသက်လာပြီး ပီဠိယက္ခမင်းကြီးကို ကိုယ်ထင် ပြတယ်။

''မင်းကြီး. . . . သင်မင်းကြီးဟာ မြားတစ်စင်းထဲနဲ့ အပြစ်မဲ့တဲ့ သားအမိ သားအဖ သုံးယောက်ကို သတ်တာနဲ့တူနေပြီ။ သင် မင်းကြီး ခံရမယ့် အပြစ် အကုသိုလ်ကို ကျွန်ုပ်တွေးပြီး သနား တယ်။ ဒီအပြစ်ကလွတ်ချင်ရင် အမြန်ဆုံး သုဝဏ္ဏသာမ မိဘ ရှိရာကိုသွားပြီး သူတို့ရဲ့သားကိုယ်စား ပြုစုပါလို့ တိုက်တွန်း တယ်။ ဘာဖြစ်လို့ အဲဒီလိုတိုက်တွန်းလဲဆိုတော့ အစားအစာ ရိက္ခာအနေနဲ့လဲ ခြောက်ရက်စာပဲ ဒုကူလနဲ့ ပါရိကာမှာ ရှိတယ်။ ပီဠိယက္ခမင်းကြီး အမြန်သွားပြီး ဒုကူလနဲ့ပါရိကာကို ဒီအကြောင်း ကြားမှ မိဘများက အကြောင်းစုံ သိမယ်။ သိပြီး သူ့သားရှိရာ လိုက်လာကြပြီး သစ္စာပြုမှ သုဝဏ္ဏသာမဟာ အသက်ရှင်မယ် ဆိုတာ ဗဟုသုန္ဒရီ နတ်သမီးက သိလို့ပဲ။

နတ်သမီးစကားကြားရင်ပဲ မင်းကြီးဟာ ငိုကြွေးခြင်းကို ရပ် တန့်ပြီး အနီးပတ်ဝန်းကျင်မှာပွင့်နေတဲ့ သရဖီ မြတ်လေး ဇလပ် စတဲ့ တောပန်း တောင်ပန်းတွေခူးပြီး သုဝဏ္ဏသာမကိုယ်ပေါ်မှာ လွှမ်းတင်ပူဇော်ခဲ့ပြီး ဒုကူလနဲ့ ပါရိကာရှိရာကို သွားသတဲ့။

ကျောင်းသင်္ခမ်းရောက်လို့ ရှင်ဘုရင်ကြီးခြေသံ ကြားရင်ပဲ ဒုကူလနဲ့ ပါရိကာဟာ ချက်ချင်းသိသတဲ့။ ဒီခြေသံဟာ ငါတို့ ရဲ့သား သုဝဏ္ဏသာမခြေသံနဲ့ မတူဘူး။ တစိမ်းတစ်ယောက်ဖြစ် မှာပဲလို့ စဉ်းစားမိကြတယ်။ မင်းကြီးဟာ သားစားကြူးသူဆို တော့ ခြေသံကပြင်းပြီး ကြမ်းတမ်းတာပေါ့။ ကျောင်းပေါ်တက် လိုက်ရင်ပဲ ကျောင်းဟာ တုန်လှုပ်သွားတာပဲ။ သူတို့ကတော့ သူတော်ကောင်းတို့ ဓလေ့အတိုင်း ''အခုကြွရောက်လာတာ ဘယ်သူပါလဲ။ ကျွန်ုပ်တို့မှာ သားဖြစ်သူ ရှာဖွေပေးတဲ့ တည်သီး သရက်သီး အစရှိတဲ့ သစ်သီးမျိုးစုံ ရှိပါတယ်။ အေးမြတဲ့ သောက်ရေကိုလဲ သုံးဆောင်ပါ။ ယခု ကျွန်ုပ်တို့သားဟာ ပြန် လာချိန်နီးပါပြီ'' လို့ ပျူငှာစွာ ကြိုဆိုဆက်ဆံကြသတဲ့။

ပီဠိယက္ခမင်းကြီးဟာ မပြောလဲမဖြစ်တော့ အဖြစ်အပျက် မျိုးစုံကို အားလုံးပြောပြပြီး သုဝဏ္ဏသာမကိုယ်စား သူကိုယ်တိုင် လုပ်ကျွေးပါ့မယ်လို့ ဆိုတာပေါ့။

သူတို့ရဲ့သား သုဝဏ္ဏသာမဟာ ဘုရင်ကြီးပစ်တဲ့ မြား ဒဏ်ရာနဲ့ သေပြီလို့ ကြားရင်ပဲ ပါရိကာဟာ မိခင်တို့ချစ်ခြင်းနဲ့ ပြင်းစွာတုန်လှုပ်ပြီး ငိုကြွေးရုံတင်မက မင်းကြီးအပေါ်မှာလဲ အမျက်ဒေါသထွက်မိတာပေါ့။ ဒုကူလက ပါရိကာကို မင်းကြီး အပေါ် အမျက်မထားဘဲ ခွင့်လွှတ်လို့၊ သူ့ဇနီးကို တရားပြတယ်။ ပြီးတော့မှ မင်းကြီးကို ပြောပြသတဲ့။

''အရှင်မင်းကြီး ကျွန်ုပ်တို့သား သုဝဏ္ဏသာမ ကိုယ်စား ကျွန်ုပ်တို့ကို ပြုစုလုပ်ကျွေးမယ်ဆိုလို့ အလွန်ကျေးဇူးတင်ပါ တယ်။ သို့သော်လဲ အရှင်ဟာ ဘုရင်မင်းတစ်ပါးဖြစ်တဲ့အတွက် ကျွန်ုပ်တို့ကို လုပ်ကျွေးပြုစုဖို့ မထိုက်ပါဘူး၊ မလုပ်အပ်ပါဘူး။ ကျွန်ုပ်တို့ကိုသာ သုဝဏ္ဏသာမ ရှိရာကိုပို့ပါ'' လို့ တောင်းပန်တာ ပေါ့။

မင်းကြီးလဲ သားအလောင်းကိုမြင်ရင် ပိုမိုစိတ်ဆင်းရဲမှာ စိုးလို့ အမျိုးမျိုး အကြောင်းပြပြီးထားပေမင့် ဒုကူလနဲ့ ပါရိကာ ဟာ တားလို့မရဘူး။ ဒါကြောင့် မင်းကြီးဟာ နောက်ဆုံး သုဝဏ္ဏ သာမရှိရာကို မိဘနှစ်ပါး ခေါ်ဆောင်လာခဲ့ရတော့တယ်။

သားအလောင်းကိုမြင်တော့ မိဘနှစ်ပါးဟာ မိဘတို့ချစ် ခြင်းနဲ့ ပြင်းစွာ ငိုကြွေးတာပေါ့လေ။ မိခင်ဖြစ်တဲ့ ပါရိကာဟာ သားကိုကိုင်ပြီး မျက်နှာချင်းအပ်တော့ သူ့သားရဲ့ကိုယ်ဟာ ပူနွေးနေသေးတယ်။ ထွက်သက် ဝင်သက် နှာခေါင်းလေငွေ့ငွေ့ ရှိသေးတယ်ဆိုတာ သိရင်ပဲ၊ ငါ့သားဟာ မသေသေးဘူး၊မေ့မြော မိန်းမောသွားတာပဲ၊ ဒီတော့ ငါ သစ္စာပြုမယ်ဆိုပြီး သစ္စာဆို တယ်။

''ငါ့သား သုဝဏ္ဏသာမဟာ ရှေးအခါက ကုသိုလ်တရား ဆယ်ပါးကို ကျင့်သောသူဖြစ်ပါတယ်၊ ဤမှန်သော သစ္စာစကား ကြောင့် ငါ့သား သုဝဏ္ဏသာမသည် မြားဆိပ် ပျောက်စေ သတည်း။

ငါ့သား သုဝဏ္ဏသာမသည် ရှေး၌မြတ်သော အကျင့်ကိုသာ ကျင့်၍ ဟုတ်မှန်သော စကားကိုသာ ဆိုတတ်ပေတယ်။ (လိမ် လည်မပြောဘူးပေါ့) ဤမှန်သော သစ္စာစကားကြောင့် ငါ့သား သုဝဏ္ဏသာမသည် မြားဆိပ်ပျောက်စေသတည်း။

ငါ့သားသုဝဏ္ဏသာမသည် အမိအဖတို့ကိုလဲ လုပ်ကျွေး၊ အသက်ကြီးသူတို့နှင့်တကွ မိဘကို ရိုသေတယ်၊ ဤမှန်သော သစ္စာစကားကြောင့် ငါ့သားသုဝဏ္ဏသာမသည် မြားဆိပ်ပျောက် ပါစေသတည်း။

ငါ၏သားဖြစ်သော သုဝဏ္ဏသာကကို ငါဟာ ငါ့အသက် ထက် ပိုမိုချစ်မြတ်နိုးခဲ့ပါတယ်၊ ဤမှန်သော သစ္စာစကားကြောင့် ငါ့သား သုဝဏ္ဏသာမသည် မြားဆိပ်ပျောက်စေသတည်း။

ငါ့ကိုယ်တိုင်သော်၎င်း၊ ချစ်သား သုဝဏ္ဏသာမ၏ ဖခင် ကိုယ်တိုင်သော်၎င်း အမှတ်မထင် ပြုလာခဲ့သော ကုသိုလ် ကောင်းမှုများသည် အများအပြားပင်ရှိ၏။ ဤပြုအပ်သော ကုသိုလ်ကောင်းမှုတို့ကြောင့် ငါ၏ချစ်သား သုဝဏ္ဏသာမသည် မြားဆိပ်ပျောက်စေသတည်း။''

အဲဒီလို မိခင်ဖြစ်သူ ပါရိကာဟာ သစ္စာဆိုတယ်ဆိုရင်ပဲ သုဝဏ္ဏသာမဟာ တစ်ဖက်စောင်းပြီး မေ့မြောနေရာက လူးလာ ပြီး အိပ်သတဲ့။ဒီလို အသက်ရှိသေးတယ်ဆိုတဲ့အဖြစ်ကို သိရင်ပဲ ဖခင် ဖြစ်တဲ့ ဒူကုလဟာ သစ္စာဆိုပြန်တယ်။ ပါရိကာ သစ္စာဆိုတဲ့ စကားလုံးအတိုင်း သစ္စာပြုလိုက်ရင်ပဲ သုဝဏ္ဏသာမဟာ နောက် တစ်ဖက်ကိုပြန်ပြီး စောင်းသတဲ့။

နောက်ဆုံးအကြိမ်မှာတော့ ဟိုဘဝက မယ်တော်ဖြစ်တဲ့ ဗဟုသုန္ဒရီ နတ်သမီးက သစ္စာဆိုပြန်တယ်။

''ငါသည် အချိန်ကာလကြာမြင့်စွာ ဂန္ဓမာဒနတောင်၌ နေ ၏။ ငါ့သား သုဝဏ္ဏသာမမှတစ်ပါး တစ်စုံတစ်ယောက်သော ချစ်မြတ်နိုးအပ်သောသူသည် ငါ၌မရှိ။ ဤမှန်သော သစ္စာစကား ကြောင့် ငါ့သား သုဝဏ္ဏသာမသည် မြားဆိပ်ပျောက်စေသတည်း။

''ဤဂန္ဓမာဒနတောက်ရံ၌ ခပ်သိမ်းသော တောတို့သည် နံ့သာအတိပြီး၍ မွှေးသောရနံ့ဖြင့် ဖုံးလွှမ်းကုန်၏။ နံ့သာ မဟုတ် သော တခြားသော သစ်ပင်သည်မရှိ၊ ဤမှန်သော သစ္စာစကား ကြောင့် ငါ့သား သုဝဏ္ဏသာမသည် မြားဆိပ်ပျောက်စေသတည်း''

ဒီလို မိဘသုံးဦးစလုံး သစ္စာဆိုလိုက်တာနဲ့တစ်ပြိုင်နက်၊ သုဝဏ္ဏသာမဟာ ငုတ်တုတ်ထပြီးထိုင်သတဲ့။ မြားဒဏ်ရာဟာလဲ အနာရွတ်ကလေးတောင်မကျန်ဘဲ ပျောက်ကင်းသွားတယ်။ မိဘဖြစ်တဲ့ ဒုကူလနဲ့ ပါရိကာတို့ဟာလဲ မျက်စိကွယ်ရာက ပြန် ပြီး အလင်းရောင်ရလာတယ်။

နံနက်အရုဏ်တက်မှာ ဒီလိုအံ့ဖွယ်သရဲ တစ်ပြိုင်နက်အဖြစ် ကို မြင်ရတဲ့ ဘုရင်ကြီးဟာ သိပ်အံ့သြသွားတာပဲ၊

သူ့ပြစ်မှားမှုအတွက် ခွင့်လွှတ်ဖို့ သုဝဏ္ဏသာမကို မင်းကြီးကတောင်းပန်တယ်၊ ပြီးတော့ ဘယ်လိုဖြစ်လို့ သူ့မျက်စိအောက် မှာ သေပြီလို့ထင်တဲ့ သုဝဏ္ဏသာမဟာ ချက်ချင်းပြန်ရှင်သလဲ လို့ မင်းကြီးက မေးသတဲ့။

''အရှင်မင်းကြီး မိဘကိုလုပ်ကျွေးသူတို့အား နတ်တို့သည် ဆေးကုသပေးတယ်'' လို့ သုဝဏ္ဏသာမက ဖြေတာပေါ့။

တစ်ဖန် မင်းကြီးက နတ်ပြည်ရောက်ရန် ဘယ်ကဲ့သို့ ကျင့် ရမလဲ၊ သင်မင်းသား ပြောပြပါဦးဆိုတော့ သုဝဏ္ဏသာမက အတိုချုပ်ပြီး မင်းကျင့်တရားဆယ်ပါးကို ပြောပြတယ်။

၁။ အလှူပေးခြင်း။

၂။ သီလဆောက်တည်ခြင်း။

၃။ စွန့်ကြဲပေးကမ်း ချီးမြှောက်ခြင်း။

၄။ ဖြိုးဖြောင့်စွာ ကျင့်ခြင်း။

၅။ ဆွေမျိုး၊ ခြွေရံ၊ မှူးမတ်၊ ပြည်သူတို့နှင့် မဆန့်ကျင် ခြင်း။

၆။ သည်းခံခြင်း။

၇။ အမျက်စောင်းမာန် မထန်ခြင်း။

၈။ ပြည်သည၊ တိုင်းသားတို့အား ညှဉ်းဆဲကလူ၊ အပူ မတိုက်ခြင်း။

၉။ နူးညံ့သော ကရုဏာမေတ္တာကိုသာ အခါမပြတ် ရှေး ရှုခြင်း။

၁၀။ တရားလမ်းရှိတိုင်း ဖြောင့်မှန်ရာ သဘောကိုသာ အလိုရှိခြင်း။ သုဝဏ္ဏသာမဟာ အထက်ပါအတိုင်း မင်းကျင့်တရား ဆယ်ပါးကို ဟောပြောပြီး မင်းကြီးကို ငါးပါးသီလ ပေးတယ်။

ငါးပါးသီလကတော့–

၁။ သူ့ အသက်မသတ်ခြင်း။

၂။ သူ့ဥစ္စာမခိုးခြင်း။

၃။ သူများသားမယားကို မပြစ်မှားခြင်း။

၄။ မုသားစကား လိမ်လည်၍မပြောခြင်း။

၅။ သေရည် သေရက် မသောက်ခြင်း။

မင်းကြီးလဲ ငါးပါးသီလခံယူပြီး ကာသိကတိုင်းကို ပြန်ကြွ သွားပြီး ကောင်းစွာ မင်းပြုတယ်။

(ဒီ သုဝဏ္ဏသာမ ဇာတ်တော်ကို မြန်မာစကားပြေ ရိုးရိုးနဲ့ ဘွားဘွား ရေးနေတုန်း တရားကျစရာ ကောင်းလိုက်တာ။

ဒီစာအုပ်ကို ရေးလာစဉ်က ဘွားဘွား ပြောခဲ့ပါပကော။ ဘွားဘွား ငယ်စဉ်ကနေခဲ့တဲ့ မြန်မာစာသင်ကျောင်း၊ ကျောင်း အုပ်ဆရာကြီးဟာ ဦးဘိုးထင်လို့ ပြောခဲ့တယ်။ ခုပဲ သူ ကွယ်လွန် သွားပြီ ဆိုတဲ့အကြောင်း သတင်းကြားရတယ်။ နောက်ဆုံး ကန် တော့ခြင်းနဲ့ သူ့အလောင်းကို သွားရောက်ကန်တော့ရတယ်။)

ကဲလေ ဒီစာအုပ်လေးပြီးတဲ့အချိန်ထိ သူသာ အသက်ရှင် ခဲ့ရင် ဒီစာအုပ်ဖတ်ပြီး သူ ဘယ်လောက်ကြည်နူးရှာမလဲ။ လောကမှာ ပညာနှင့်တူသော အမွေဟာ မရှိဘူး။ ''ငါ့တပည့် ကို တစ်သက်စားမကုန်တဲ့ အမွေ ငါပေးခဲ့ရပေတယ်'' လို့ သူ ကြည်နူးရှာမှာပဲ သားကြီးရယ်။ခုတော့ ဒီစာအုပ်တောင်မှ သူ ဖတ်မသွားရဘူး။ ကွေး သောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် သေခြင်း တရားဟာ မြန်လိုက်တာ။

(ဆရာကြီး အဆုံးအမကို မှီပြီး၊ ဒီစာအုပ်ရေးခဲ့တာ မို့၊ ဒီစာအုပ် ရေးရခြင်းကြောင့် ရရှိသော ကုသိုလ် ကောင်းမှု အဖို့ကို ဆရာကြီး ဦးဘိုးထင် အမျှ. . . . ရပါ စေသတည်း. . . . ။)

ပန်း နှင့် လက်နက်

ဘွားဘွား စောစောက ရေးပြသလိုပဲ၊ ဆရာကြီး ဦးဘိုးထင် ပြောတဲ့ နိပါတ်တော်လာ ဇာတ်ဝတ္ထုတွေထဲက ဇာတ်တစ်ခုကို သားကြီးကို ပုံပြောသလို ဘွားဘွား ပြောပြမယ်။

ပထမ ရေးပြခဲ့တဲ့ မင်္ဂလာတရားတော်ထဲက အပိုဒ်နဲ့လဲ ဆိုင်တယ်။ မင်္ဂလာတရားထဲမှာ အသေဝနာစ၊ အစချီတဲ့ အပိုဒ် မှာ လူမိုက်တို့ကို မပေါင်းရဘူး။ ပညာရှိကို ပေါင်းရမယ်တဲ့၊ ကိုးကွယ်ရမယ်ပေါ့။ သင့်တင့်လျောက်ပတ်တဲ့အရပ်မှာ နေရ မယ်ဆိုတဲ့အကြောင်းနဲ့လဲ သက်ဆိုင်တယ်။

ရှေးရှေးတုန်းက ဥတ္တရပဉ္စာလမြို့မှာ ပဉ္စာလ မင်းကြီး မင်း ပြုတယ်။ တောကြီးတစ်ခုရဲ့ တောင်ဝှမ်းတစ်ခုမှာ လက်ပံတော ကြီးတစ်ခု ရှိတယ်။ အဲဒီ လက်ပံတောမှာ ဘုရားအလောင်းဟာ ကျေးမင်းရဲ့သား ဖြစ်တော်မူတယ်တဲ့။ အဲဒီ ကျေးသားမှာ ညီ လေးဖြစ်တဲ့ ကျေးသားတစ်ကောင် ရှိတယ်။

လက်ပံတောကြီးရှိတဲ့ တောင်ဝှမ်းရဲ့ လေညာ (အထက် ပိုင်း) မှာ သူခိုးငါးရာနေတဲ့ ရွာတစ်ရွာရှိတယ်။ တောင်ရဲ့ လေ အောက် (အောက်ဖက်) အရပ်မှာကတော့ ရသေ့ ငါးရာတို့ နေတဲ့ ကျောင်းသင်္ခမ်း (ရသေ့ကျောင်း) တစ်ခု ရှိတယ်။

ကျေးသားလေး ညီအစ်ကို အတောင်ပေါက်စ အရွယ် ရောက်တော့ လေပြင်းမုန်တိုင်းကြီး အကြီးအကျယ် တိုက်တယ်။ လေက ပြင်းထန်လွန်းတော့ ကျေးသားလေးတွေရဲ့ အသိုက်ဟာ လေထဲမှပါသွားရော။

အစ်ကိုဖြစ်တဲ့ ကျေးသားက ရသေ့တွေနေတဲ့ ကျောင်းမှာ စိုက်ပျိုးထားတဲ့ ပန်းပွင့်လေးတွေအလယ် ကျသွားသတဲ့။ ဒါ ကြောင့် သူ့ကို ပုပ္ဖက လို့ အမည်ပေးတယ်။ (ပုပ္ဖက ဆိုတာ မြန်မာလို ပန်းပွင့်လို့ အဓိပ္ပာယ်ရတယ်)။ ဒီကျေးသားကတော့ ရသေ့ ရဟန်းတို့အလယ်မှာ ကြီးပြင်းလာရတာပေါ့။

သူ့ညီဖြစ်တဲ့ ကျေးသားလေးကတော့ သူခိုးတို့ရွာမှာ သူခိုး တွေစုထားတဲ့ လက်နက်ပုံပေါ် ကျသတဲ့။ ဒါကြောင့် သူခိုးများက သတ္တိဂုမ္ဗလို့ အမည်ပေးတယ်။ သူကတော့ သူခိုးတွေအလယ် မှာ ကြီးပြင်းလာရတာပေါ့။

တစ်နေ့တော့ ပဉ္စာလ မင်းကြီးဟာ မင်းဝတ်တန်ဆာ အစုံ အလင် ဆင်ယင်ပြီးတော့ အခြွေအရံများနဲ့ သမင်လိုက်ဖို့ (သမင် ဖမ်းဖို့) မြို့နဲ့ မနီးမဝေးဖြစ်တဲ့ တောထဲကို ထွက်သွားတာပေါ့။ တောထဲရောက်တော့ တာဝေတယ် ခေါ်ရမှာပေါ့။ မြန်မာစကား ရိုးရိုးနဲ့ပြောရရင် သူ့အပိုင်းနဲ့သူ ခြားပြီး မင်းချင်းယောကျ်ား တွေနဲ့ ရွာသူရွာသားတွေကို သမင်ဖမ်းဖို့ တာဝန်ခွဲဝေတာပေါ့။ ကိုယ့်ဘက်ကို ပြေးထွက်လာတဲ့ သမင်ကို မလွတ်အောင် ဖမ်းရ မယ်ပေါ့။

လူတွေဟာ ဇော်ဆိုတဲ့ သားကောင်တစ်ကောင်ကို တွေ့တော့ ဆူဆူညံညံ တောချောက်ပြီး ညာသံပေးကြတယ်။ ရှင် ဘုရင်ကြီးရှိတဲ့ဘက် တစ်ခုထဲကသာ တိတ်ဆိတ်နေတယ်။ အဲဒီ သားကောင်က ရှင်ဘုရင်ကြီး စောင့်နေတဲ့ဘက်က ထွက်ပြေးလို့ လွတ်သွားရော။ မှူးမတ် ဗိုလ်ပါတွေက ဒီသားကောင်ဟာ ဒါလောက် ဝိုင်းရံထားတဲ့အထဲက ဘယ်နေရာက ထွက်သွား ပါလိမ့်လို့ လိုက်ကြည့်တော့ ရှင်ဘုရင်ကြီး တာဝန်ယူတဲ့ဘက်က ထွက်ပြေးမှန်း သိကြသတဲ့။ ဘုရင်ကို ကြောက်ရတော့ ပြောင် မပြောရဲဘူး။ သူတို့အချင်းချင်း ဘုရင်ကြီး ကြားလောက်အောင် ပြောကြတာပေါ့။ (ရွှေသမင် ဘက်ကထွက် မင်းကြီးတာက ထွက်) လို့ ပြောင်သလို ပြောကြတာပေါ့ သားကြီးရယ်။

ဒီတော့ မှူးမတ် ဗိုလ်ပါတွေ ပျက်ရယ်ပြုတဲ့စကားကို ကြား တော့၊ ဟုတ်လဲ ဟုတ်နေတော့ ဘုရင်ကြီးက ရှက်သွားတယ်။ ရှင်ဘုရင်ဆိုတာ မင်းစိတ် မင်းမာန်လဲရှိတော့ ''ငါ့ဘက်က ထွက် ပြေးတဲ့သမင် ငါ အရလိုက်မယ်'' ဆိုပြီးတော့ ရထားစီးပြီး ဇော် သားကောင် ထွက်ပြေးတဲ့ဘက်ကို အတင်းလိုက်တယ်။ မှူးမတ် တွေလဲ နောက်ကလိုက်ပေတဲ့ မင်းကြီးကို မမှီဘူး။ ကျန်ရစ်ခဲ့ ကြတယ်။

မင်းကြီးလဲ မွန်းတည့်အချိန်လောက်သာ ရောက်ရော၊ သား ကောင်ကိုမတွေ့ဘဲ ပျောက်သွားတော့ လှည့်ပြန်လာတာပေါ့။ လမ်းခုလတ် သူခိုးတို့နေတဲ့ ရွာအနားမှာ ခေတ္တနားပြီး အပန်း ဖြေရင်း တရေးတမောအိပ်တယ်။ အိပ်လို့တော့ နှစ်နှစ်ခြိုက်ခြိုက် မပျော်ဘူး။ နိုးလိုက် ပျော်လိုက်ပေါ့။ ဒီအချိန်မှာ ခိုးသားတွေလဲရွာပြင်ထွက်နေချိန်ဆိုတော့ သတ္တိဂုမ္ဗကျေးသားနဲ့ ထမင်းချက် တဲ့ ပတိကောလုမ္ဗ နှစ်ဦးသာ ကျန်ရစ်ကြတယ်။

သတ္တိဂုမ္ဗကျေးသားဟာ ရွာပြင်ထွက်ကြည့်ပြီး ရှင်ဘုရင်နဲ့ ရထားထိန်း အိပ်နေတာမြင်ရင်ပဲ တစ်ခါထဲ ရွာဘက်ပြန်ပြီး ထမင်းချက် ပတိကောလုမ္ဗကို ပြောတယ်။

''ပတိကောလုမ္ဗ၊ ရထားမှာလဲ ပစ္စည်းအပြည့်အစုံနဲ့ ရှင် ဘုရင်ကြီးမှာလဲ နားဒောင်းတွေ၊ ရတနာတွေ စီခြယ်ထားတဲ့ နဖူးသင်းကျစ်တွေနဲ့ ဆင်ယင်ထားတယ်။ ခုလိုအိပ်နေတုန်း အဝတ်တန်ဆာတွေကိုဖြုတ်၊ ပတ္တမြား နားဒောင်းကိုလဲ လုယူ ပြီးတော့ သူတို့နှစ်ယောက်လုံးကို သတ်ပစ်ပြီး သစ်ရွက်နဲ့ ဖုံးထား ရအောင်'' လို့ ပြောသတဲ့။

ထမင်းချက်က ထွက်ကြည့်တော့ ရှင်ဘုရင်မှန်း သိပြီး ကြောက်တာပေါ့။ ''အသင်ကျေးသား ရှင်ဘုရင်ကို ဒီလို မလုပ် ထိုက်ဘူး။ တန်ခိုးအင်မတန်ကြီးတယ်'' လို့ ပြောသတဲ့။ ဒီတော့ ကျေးသားလေးက. . . .

''အသင် ထမင်းချက်ဟာ သိပ်သတ္တိနဲ့တာပဲ၊ ဘာကြောင့် ခိုးရ တိုက်ရမှာကို ကြောက်သလဲ'' လို့ ပြောသတဲ့။

ဒီလို သတ္တိဂုမ္ဗကျေးသားနဲ့ ထမင်းချက်နဲ့ အပြန်အလှန် ပြောနေတဲ့ စကားကို အိပ်မပျော် တပျော် ဖြစ်နေတဲ့ ရှင်ဘုရင် ကြီးကကြားတော့ ဒီနေရာဟာဖြင့် နေလို့သင့်လျော်တဲ့နေရာ မဟုတ်ဘူး။ အန္တရာယ်ရှိတဲ့နေရာပဲလို့ တွေးမိတဲ့တစ်ပြိုင်နက် သူ့ရထားထိန်းကို သူ နှိုးတယ်။

''ရထားထိန်း အခု အမြန်ထတော့၊ ကျေးငှက် ပြောစကား ကို ငါ မနှစ်သက်ဘူး။ အခုပဲ တခြားတစ်နေရာကိုသွားရအောင်'' ရှင်ဘုရင်ကြီးက အဲဒီလိုပြောပြီး ရထားကို အမြန်ဆုံး ပြင်ဆင် ပြီး မောင်းနှင်ထွက်သွားတယ်။ သတ္တိဂုမ္ဗ ကျေးသားက ဒီလို ရှင်ဘုရင်နဲ့ ရထားထိန်း ရထားကို အမြန်မောင်းနှင် ပြေးထွက် သွားတာကိုမြင်တော့ ကုန်းအော်သတဲ့။

''ရှိနေကြ သူခိုးတွေ ဘယ်ပြေးကုန်ကြသလဲ၊ ပဉ္စာလမင်း ဟာ ရထားထိန်းနဲ့အတူ ပြေးထွက်သွားပြီ၊ လိုက်ကြပါတော့ လား။ ပဉ္စာလမင်းကို လွတ်မသွားစေနဲ့၊ ဓားတွေ လှံတွေနဲ့ လိုက် ကြ ဖမ်းကြ၊ ရတနာတွေကို လုပါ'' နဲ့ နင်းကန် အော်တာပေါ့ လေ။ မင်းကြီးလဲ ခိုးသူတို့နေတဲ့ရွာကလွတ်ပြီး ရသေ့ ရဟန်းများ နေတဲ့ ကျောင်းသင်္ခမ်းအနီးကို ရောက်သွားသတဲ့။

ရသေ့တို့ဟာ သစ်သီးများရှာဖွေဖို့ တောထဲကို ထွက်သွား နေခိုက်ဆိုတော့ ပုပ္ဖက ကျေးသားလေးတစ်ကောင်သာ ကျောင်း မှာ ကျန်ရစ်ခဲ့တာပေါ့လေ။ ကျေးသားလေးဟာ မင်းကြီးကို မြင် တယ်ဆိုရင်ပဲ ယဉ်ယဉ်ကျေးကျေးနဲ့ ချိုချိုသာသာ နှုတ်ဆက် သတဲ့။

''အရှင်မင်းကြီး။ အရှင်မင်းကြီး ကြွလာခြင်းဟာ ကောင်း သော ကြွလာခြင်း ဖြစ်ပါပေတယ်။ ဒီအရပ်ကို ဘယ်လိုကိစ္စနဲ့ များ ကြွလာတော်မူပါသလဲ။ မင်းကြီး အလိုရှိရာကို မိန့်ကြား တော်မူပါ။

''တည်သီး၊ လွန်သီး၊ သရက်ဖြူသီး၊ သခွားသီးတွေလဲ ရှိပါတယ်၊ ဒီအသီးတွေဟာ ပျားရည်လိုပဲ ချိုတဲ့အရသာ ရှိပါတယ်၊ ကောင်းနိုးရာရာ၊ အရှင်မင်းကြီး ကြိုက်တဲ့အသီးကို စားတော် ခေါ်တော်မူပါ။ (စားတော်မူပါ) တောင်ကျစမ်းရေကို ခပ်ထား တဲ့အတွက် ရေများကလဲ အင်မတန် အေးမြပါတယ်။ သောက် ရေအိုးထဲမှာ အဆင်သင့်ရှိပါတယ်။ ရေအိုးစင်က ခပ်ယူပြီး သောက်ပါ၊ သုံးဆောင်တော်မူပါ။

''ဤကျောင်းမှာနေတဲ့ ရသေ့ ရဟန်းများဟာ သစ်သီးရှာ ထွက်သွားကြပါတယ်။ အကျွန်ုပ်မှာတော့ လက်မရှိလို့ ယူပြီးမပေး နိုင်ပါဘူး။ အရှင်မင်းကြီး ကိုယ်တိုင်ထပြီး ကြိုက်ရာသုံးဆောင် တော်မူပါ''

အဲဒီလို ကျေးသားလေးက ချိုချိုသာသာ ချေချေငံငံနဲ့ ပြော သံကြားတယ်ဆို၊ ရှင်ဘုရင်ကြီးရင်ထဲ အေးမြသွားတာပဲ။ တစ် လမ်းလုံး ပြေးလွှားလာရလို့ မောပန်းတာလဲ ပြေသွားတာပေါ့။ ချက်ချင်းပဲ သတ္တိဂုမ္ဘ ကျေးသားကို သတိရသွားပြီး ရထားထိန်း ကို ပြောတယ်။

''ရထားထိန်း၊ ဒီကျေးသားကတော့ လောကဝတ်ကျေပါ ပေတယ်။ (ညှို့ဝတ်ကျေပေတယ် ဆိုရမှာပေါ့ သားကြီးရယ်) ကောင်းပါပေတယ်၊ အလွန်တရားစောင့်ပါပေတယ်။ ဒို့များ ပထမတွေ့ခဲ့တဲ့ ကျေးသားကတော့ ''ဒီ မင်းကြီးကို ဖမ်းကြပါ တော့လား၊ သတ်ကြပါတော့လား။ လုကြ၊ ယက်ကြ၊ လွတ်မသွား စေနဲ့. . . . ''ဆိုပြီး အော်လိုက် ဟစ်လိုက်တာ အံ့သြစရာပေပဲလို့ မင်းကြီးက ရထားထိန်းကို ပြောသတဲ့။

မင်းကြီးပြောတဲ့စကားကို ပုပ္ဖကကျေးသားက ကြားတော့ မင်းကြီးကို လျှောက်ထားသတဲ့။

''မြတ်သော မင်းကြီး။ သင်မင်းကြီး တွေ့ခဲ့တဲ့ ကျေးသား ဟာ အကျွန်ုပ်ရဲ့ညီ ဖြစ်ပါတယ်။ အကျွန်ုပ်က အစ်ကို ဖြစ်ပါ တယ်။ တစ်အူထုံ့ဆင်း မိခင်တစ်ဦးထဲက မွေးဖွားလာတဲ့ ညီ အစ်ကိုအရင်းခေါက်ခေါက်များ ဖြစ်ကြပါတယ်။ သစ်တစ်ပင်ထဲ မှာပဲ အတူကြီးလာကြပါတယ်။ လေမုန်တိုင်းရဲ့ဒဏ်ကြောင့် ကျွန်ုပ်တို့ညီအစ်ကိုနှစ်ယောက် ကွဲကွာသွားကြပြီး ကျွန်ုပ်ရဲ့ညီက သူခိုးတို့ဆီ ရောက်သွားပြီး သူခိုးများနဲ့အတူ ကြီးပြင်းလာရပါ တယ်။ ကျွန်ုပ်ကတော့ ရသေ့ကျောင်းမှာ ရောက်လာပြီး ရသေ့ တို့နဲ့အတူ ကြီးပြင်းလာရပါတယ်။ ကျွန်ုပ်ရဲ့ညီ သတ္တိဂုမ္ဘ ကျေး သားဟာ သူယုတ်တို့လက်ထဲရောက်ပြီး လူမိုက်တို့နဲ့အတူနေရ ပြီး ကျွန်ုပ်ကတော့ ပညာရှိ သူတော်ကောင်းတို့နဲ့ အတူနေရတဲ့ အတွက် အမူအရာ အကျင့်စာရိတ္တ ကွဲပြားပါတယ်။

''မြတ်သောမင်းကြီး။ သတ္တိဂုမ္ဘဟာ သူခိုးများ၊ ရွာသားများ ကို သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်း၊ လိမ်လည်၍ ငွေတောင်းယူ ခြင်း၊ ရွာကိုဖျက်၊ အိုးအိမ်ကိုဖျက်ပြီး အနိုင်အထက် လုယက်တဲ့ အကျင့်ကို သင်ရပါတယ်။

''အကျွန်ုပ်မှာတော့ ရသေ့ သူတော်ကောင်းတို့ ရင်ခွင်မှာ ကြီးပြင်းလာရတော့ သစ္စာတရား၊ သုစရိုက်တရား၊ မညှဉ်းဆဲ ခြင်း၊ စောင့်စည်းခြင်း၊ ဣန္ဒြေကို ထိန်းသိမ်းခြင်း၊ ချိုသာသော စကားကို ပြောဆိုတတ်ခြင်းဆိုတဲ့ မိမိကိုယ်ကို ကောင်းစွာ ထိန်း သိမ်းသော အကျင့်အမူအရာတို့ကို သင်ရပါတယ်။

''မြတ်သောမင်းကြီး။ သူတော်ကောင်း၊ သူယုတ်မာ၊ သီလ ရှိသူ၊ သီလမရှိသူ အစရှိတဲ့သူတွေကို ပေါင်းတဲ့အခါ ကိုယ် ပေါင်းသင်းမိတဲ့သူရဲ့ ဓလေ့စရိုက်၊ အကျင့်စာရိတ္တဟာလဲ မိမိ ကိုယ်မှာ ပါလာတတ်ပါတယ်။

''မြတ်သောမင်းကြီး။ မကောင်းတဲ့အကျင့်ရှိတဲ့ ဆရာကို ကိုးကွယ်မိရင်၊ မကောင်းတဲ့ မိတ်ဆွေ အဆွေခင်ပွန်းနဲ့အတူ ပေါင်းမိရင် သူတို့ရဲ့ မကောင်းမှုဟာ တပည့်ခံသူကိုရော၊ မိတ် ဆွေကိုရော ကူးစက်တတ်ပါတယ်။ (မကောင်းတာ ဖြစ်တတ် ပါတယ်)

''မြတ်သောမင်းကြီး။ ငါးပုပ်ကို သမန်းမြက်နဲ့သုတ်ရင် သမန်းမြက်မှာ ငါးပုပ်တဲ့အနံ့ ကူးပါတယ်။ ဒီလိုပါပဲ၊ လူမိုက်နဲ့ ပေါင်းဖော်ရင် ပေါင်းဖော်တဲ့လူလဲ လူမိုက်ဖြစ်ပါတယ်။

''မွှေးတဲ့ တောင်ဇလပ်ပန်းကို ပေါင်ဖက်နဲ့ထုပ်ရင် ပေါက် ရွက်မှာ အမွှေးရနံ့ ကူးလာပါတယ်၊ ဒီလိုပါပဲ၊ လူလိမ္မာနဲ့ ပေါင်း ရင် လူလိမ္မာ ဖြစ်လာပါတယ်။

''ဒါကြောင့် သူမိုက် လူယုတ်မာတို့ကို မပေါင်းဖော်အပ်ဘူး။ သေရင်လဲ ငရဲကို ကျတတ်ပါတယ်။

''သူတော်ကောင်းနဲ့ ပေါင်းမိတဲ့အခါ သေပြီးတဲ့နောက် ဘဝ မှာလဲ နတ်ရွာ သုဂတိကို သွားရပါတယ်၊ ရောက်ရပါတယ်'' လို့ ကျေးသားလေးက မင်းကြီးကို တရားဟောတယ်။ မင်းကြီး ဟာ တရားတော်မှာ အလွန်ကြည်ညိုလေးစားစိတ် ဖြစ်သွား သတဲ့။

အဲဒီအချိန်မှာပဲ သစ်သီးရှာသွားတဲ့ ရသေ့များဟာ ကျောင်း ကို ပြန်ရောက်လာကြတယ်။ မင်းကြီးနဲ့တွေ့ဆုံပြီး အဖြစ်အပျက် အားလုံးကို ပဥ္စာလရာဇ်မြို့တော်ကို ကြွရောက်တော်မူပါလို့ ပင့် ခေါ်ပြီး ဥယျာဉ်တော်မှာ သီတင်းသုံး (နေတော်မူ) စေတော်မူ တယ်။ မင်းကြီးရဲ့ သားစဉ်မြေးဆက်တိုင် လုပ်ကျွေးစေတယ်။

ပုပ္ဖက ကျေးသားလေးကိုတော့ သူ့စိတ်ဆန္ဒအတိုင်း တော ထဲမှာ လွတ်လပ်စွာနေဖို့ ဘေးမဲ့ပေးတယ် ခေါ်တာပေ့ါ။ ယောင် အိမ်က လွှတ်လိုက်ကြတယ်။

ထမင်းဘယ်က ဖြစ်သနည်း

ဒီပုံကတော့ အလှူပေးခြင်းသည် မင်္ဂလာတစ်ပါးဆိုတဲ့ မင်္ဂလာတရားတော်တစ်ပိုဒ်နဲ့ သက်ဆိုင်တယ်။

တစ်ရံရောအခါက ဗာရာဏသီပြည်မှာ သုမဏအမည်ရှိတဲ့ သူဌေးကြီးတစ်ဦး ရှိတယ်။ အဲဒီသူဌေးကြီးကို အမှီပြုပြီး အန္ဒ ဘာရဆိုတဲ့ သူဆင်းရဲတစ်ယောက်ဟာ မြက်ရိတ်ပြီး အသက်မွေး ရတယ်။

သုမဏသူဌေးကြီးကတော့ သူဌေးဆိုတော့ ခရီးသွားရင်း အထီးကျန်ပြီး ဒုက္ခရောက်တဲ့ ဆင်းရဲသားတွေကို နေ့စဉ်ပဲ ကူညီ စောင့်ရှောက်ပြီး ကျွေးမွေးလှူဒါန်းနိုင်တယ်။

တစ်နေ့သောအခါမှာ ဥပရိဋ္ဌ အမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါဟာ ဂန္ဓမာဒနတောင်မှာ နိရောဓသမာပါတ် ဝင်စားရာက ထတော် မူတဲ့အခါ ''ဒီနေ့အဖို့ ငါ ဘယ်သူ့ကို ချီးမြှောက်ရပါ့မလဲ'' လို့ တန်ခိုးနဲ့ကြည့်တယ်။

အန္ဒဘာရဆိုတဲ့ မြက်ရိတ်သမား သူဆင်းရဲကို ချီးမြှောက် သင့်ပေတယ်လို့ စိတ်ပိုင်းဖြတ်တော်မူတယ်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်ဟာ အန္ဒဘာရ မြက်ရိတ်သမား မြက်ရိတ်ပြီး အိမ်အပြန် ဆွမ်းခံပြန်ချိန်လောက်မှာပေ့ါ။ လမ်း တစ်ဝက်ကနေ သပိတ်ပိုက်ပြီး ဆွမ်းခံသတဲ့။ အန္ဒဘာရ မြက်ရိတ်သမားဟာ ဆွမ်းမရှိတဲ့ သပိတ်ဟင်းလင်းကို လက်မှာပိုက် ပြီး သူ့ရှေ့မှာဆွမ်းခံနေတဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို မြင်တော့ စိတ်ထဲမှာ ထိခိုက်သွားတာပေ့ါ။

''ရပ်တော်မူပါဦးဘုရား'' ဆိုပြီး အိမ်ဘက်ဆီကို အလျင် အမြန် ပြေးသွားတယ်။ ဟိုရောက်တော့ သူ့ဇနီးကို မေးတာ ပေ့ါ။ ''ရှင်မ–ရှင်မ ငါ့ဖို့များ မနက်စာ ထမင်းချန်ထားတာ ရှိသေး လား'' လို့ မေးသတဲ့။

''အဆင်သင့်ပဲ ရှိပါတယ်'' လို့ သူ့ဇနီးက ဖြေတယ်။ ချက် ချင်းပဲ မနက်စာ ထမင်းဟင်းကိုယူပြီး ဝမ်းမြောက်ဝမ်းသာ ရှင် ပစ္စေကဗုဒ္ဓါရဲ့ သပိတ်ထဲကို လောင်းထည့်ပြီး လှူလိုက်တယ်။ ဘာဖြစ်လို့ဝမ်းသာလဲဆိုရင် သူ့စိတ်ထဲမှာ လှူချင်တဲ့ဆန္ဒရှိလို့ လက်ထဲမှာလဲ အလှူပစ္စည်းရှိတဲ့အခါ အလှူခံပုဂ္ဂိုလ်နဲ့ မကြုံ ကြိုက်၊ အလှူခံပုဂ္ဂိုလ် တွေ့ရခိုက်ဆိုပြန်တော့ ဆင်းရဲသားဆို တော့ လက်ထဲမှာ လှူဖို့ပစ္စည်း မရှိခိုက်နဲ့ ဆုံတတ်တော့ အလှူ မမြောက်နိုင်ဘူး။ ဒီနေ့တော့ သူ့ဖို့ချန်ထားတဲ့ ထမင်းဟင်းကလဲ ရှိနေတုန်း အလှူခံပုဂ္ဂိုလ်ကလဲ အဆင်သင့်ဆိုတော့ သူဟာ သိပ် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတယ်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ဆွမ်းနဲ့ ဆွမ်းဟင်းများ ကပ်လှူ လိုက်ပြီး သူက ဆုတောင်းလိုက်တယ်။

''ဒီလှူရတဲ့ အကျိုးကြောင့် ဘဝဆက်တိုင်းဆက်တိုင်း သူဆင်းရဲအမျိုးမှာလဲ မဖြစ်ပါရစေနဲ့၊ မရှိဟူသောစကားကို မကြား ပါရစေနဲ့၊ ငြိုငြင်ဆင်းရဲစွာ အသက်မွေးရခြင်းလဲ မဖြစ်ပါရစေနဲ့'' လို့ ဆုတောင်းလိုက်တယ်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကလဲ ''မြတ်သော ဘုန်းကံရှိသော ယောက်ျား သင်လိုအပ်သောဆုနဲ့ ပြည့်ပါစေသတည်း'' လို့ ဆု ပေးပြီး ကြွတော်မူတယ်။

အဲဒီအချိန်မှာ သုမဏသူဌေးကြီးရဲ့ ထီးချက်စောင့်နတ် ဟာ ''အလွန်ကိုမွန်မြတ်တဲ့ အလှူဒါနပါတကား။ အံ့ချီးဖွယ်ရာ ကောင်းလေစွ ကောင်းလေစွ'' လို့ လက်ဖျစ်တီးပြီး သုံးကြိမ် တိုင်တိုင် ကောင်းချီးပေးသတဲ့။

ဒီတော့ သုမဏသူဌေးကြီးက ''ငါဟာ နေ့စဉ်နဲ့အမျှ အလှူ ဒါနတွေ ပေးလှူနေတာကို သင် ထီးချက်စောင့်နတ်ဟာ မြင် နေပါရက်၊ ဒီလို ကောင်းချီးမပေးဘူး။ ဒီနေ့မှ အံ့သြစရာ ထူး ထူးဆန်းဆန်း

ကောင်းချီးပေးပါသလဲ'' လို့ မေးသတဲ့။

''သူဌေးကြီး သင်ရဲ့အလှူကို ကောင်းချီးပေးခြင်း မဟုတ် ဘူး။ ဒီနေ့ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ပေးလှူတဲ့ အန္နဘာရ မြက် ရိတ်သမားရဲ့ ဆွမ်းအလှူအတွက် ငါ ဝမ်းမြောက်၍ ကောင်းချီး ပေးခြင်း ဖြစ်တယ်'' လို့ ထီးချက်စောင့်နတ်က ဖြေတယ်။

သုမဏာသူဌေးကြီးဟာ အန္နဘာရ မြက်ရိတ်သမားကိုခေါ် ပြီး ''ယနေ့အဖို့ ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်ကို ပေးလှူတဲ့ဆွမ်း ကို ငါ့အားပေးပါ။ ငါ ငွေအသပြာများ ပေးပါ့မယ်'' လို့ ပြော သတဲ့။အန္နဘာရ မြက်ရိတ်သမားက ''မပေးပါရစေနဲ့'' လို့ ဆို သတဲ့။

''ဒီလို ဆွမ်းကိုမပေးနိုင်ရင်၊ ဒီအလှူကို ငါ့ကိုပေးပါ (ရောင်း ပါ) ပေါ့လေ၊ အသပြာ ငွေတစ်ထောင် ပေးပါ့မယ်'' လို့ ပြော သတဲ့။

အန္နဘာရ မြက်ရိတ်သမားဟာ ဆင်းရဲသော်လဲ အလွန် ရိုးသားတော့ ပစ္စေကဗုဒ္ဓါအရှင်မြတ်နဲ့ တိုင်ပင်ပြီးမှ သူဌေးကြီး ကို အကြောင်းပြန်ပါရစေလို့ ဆိုသတဲ့။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ဆီ ပြေးလိုက်သွားပြီး အကျိုး အကြောင်းကို လျှောက်ထားတယ်။ ပစ္စေကဗုဒ္ဓါက ဥပမာပြုပြီး အန္နဘာရ မြက်ရိတ်သမားကို ဒီလိုပြောပြတယ်။

''အန္နဘာရ။ အိမ်တစ်ရာရှိတဲ့ ရွာတစ်ရွာမှာ အိမ်တစ်အိမ် ထဲမှာပဲ ဆီမီးတစ်တိုင် လင်းလင်းနေပေတယ်။ တခြားအိမ်တွေ က သူတို့မှာ ဆီမီးမရှိလို့ ပေးပါဆိုပြီး သူတို့ ဆီမီးတိုင်များနဲ့ မီးညှိပြီးယူသွားရင် ပထမဆုံးဆီမီးဟာ ငြိမ်းသွားသလား'' လို့ မေးသတဲ့။

''မငြိမ်းပါဘူး ဘုရား၊ တစ်ရွာလုံးလဲ မီးထိန်ထိန်လင်း၍ ပို၍ပင် ဝမ်းမြောက်ဖွယ် ဖြစ်ပါသေးတယ်''

''ထို့အတူပဲ သင့်အလှူကိုလဲပဲ သူတစ်ပါးအား ပေးဝေတဲ့ အတွက် သင့်မှာ မလျော့ပါးနိုင်ပါ'' လို့ ပစ္စေကဗုဒ္ဓါ အရှင်မြတ် က ဖြေတယ်။

ဒီတော့မှ အန္နဘာရဟာ ဝမ်းမြောက်ဝမ်းသာစွာနဲ့ သူဌေး ကြီးဆီ ပြန်သွားတယ်။''အရှင်သူဌေးမင်း အသပြာငွေတစ်ထောင်နှင့် ဤဆွမ်းကို လည်း အရောင်းပါရစေနှင့်။ သဒ္ဓါကြည်ညိုစွာနှင့် ဤအလှူကို သူဌေးကြီးအား ပေးဝေပါ၏'' လို့ ဆိုတယ်။

''ကောင်းပါပြီ။ သဒ္ဓါကြည်ညိုစွာနှင့် သင်သည် အလှူအား ငါ့ကို ပေးဝေသည့်အတွက် ငါကလည်း သင့်၏ဂုဏ်ကျေးဇူးကို ပူဇော်ပါ၏'' ဆိုပြီး ငွေတစ်ထောင်ကိုသာမကဘဲ မြက်ရိတ်သမား ဘဝက လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး အိမ်ရာနဲ့တကွ တင့်တယ် စွာနေစေတယ်။

ပြည့်ရှင်မင်းကလဲ ဒီသတင်းကြားတော့ ဒီအလှူကို သူ့ အား ပေးဝေပါဆိုပြီး သူဌေးကြီးအဖြစ် အန္နဘာရကို ချီးမြှောက် တော်မူတယ်။

အန္နဘာရဟာ အသက်အတိုင်းနေပြီး ကွယ်လွန်ခဲ့တယ်။ သံသရာမှာ ဘဝများစွာကျင်လည်ခဲ့ပြီးတော့ ဂေါတမမြတ်စွာ ဘုရားသခင် လက်ထက်ရောက်တော့ ဂေါတမ မြတ်စွာဘုရား သခင်ရဲ့ ဘထွေးတော်ရဲ့သား ''အနုရုဒ္ဓါ'' မင်းသား ဖြစ်လာခဲ့ တယ်။

အနုရုဒ္ဓါမင်းသားဟာ အန္နဘာရ မြက်ရိတ်သမားဘဝက ပြုခဲ့တဲ့ကုသိုလ်ကြောင့် အနုရုဒ္ဓါ မင်းသားဘဝမှာ အလွန်ပဲ ချမ်း သာတယ်။

ကလေးရွယ်ကစားချိန်မှာ အရှုံးအနိုင် မုန့်ပေးကြေးကစား ကြတော့ သူရှုံးလို့ မုန့်တွေကုန်သွားတိုင်း အခိုင်းအစေယောက်ျား ကို သူ့မိခင်ထံ မုန့်တောင်းခိုင်းသတဲ့။ လေးကြိမ်တိုင်တိုင်ကစား တိုင်း သူရှုံးတော့ နောက်တစ်ကြိမ် သူ့မိခင်ထံ မုန့်တောင်းခိုင်း သတဲ့။ သူ့မိခင်က မုန့်တွေကုန်သွားတော့၊ လာယူတဲ့ အစေခံကို ပြောလိုက်တောပေါ့လေ။ ''မုန့်တွေ မရှိတော့ဘူး'' လို့ ပြောလိုက် သတဲ့။ အစေခံ ယောက်ျားက အနုရုဒ္ဓါမင်းသားကို သူ့မိခင် ပြောတဲ့အတိုင်း ပြောပြတော့ ''မရှိ'' ဆိုတဲ့ စကား မကြားဘူးတဲ့ အနုရုဒ္ဓါမင်းသားဟာ ''မယ်တော် 'မရှိ' မုန့်ကိုပဲ ပေးလိုက်ပါလို့'' ပြန်ခိုင်းလိုက်တယ်။

မိခင်လုပ်တဲ့သူကလဲ ''ငါ့သားဟာ မရှိဆိုတဲ့စကား မကြား ဘူးလေတော့၊ မုန့်မရှိတာကို မသိဘူး၊ ဒီတော့ သိအောင် ပြမှ ပဲလို့'' စဉ်းစားမိတယ်။

ရွှေပန်းကန်ပြားပေါ်မှာ ဘာမှ မထည့်ဘဲ အပေါ်က ရေခွက်တစ်ခုအုပ်ပြီး သားတော်ဆီကို ပို့ခိုင်းလိုက်တယ်။

ဒီအချိန်မှာ အန္နဘာရ မြက်ရိတ်သမားဘဝက ကိုယ်စားမဲ့ ထမင်းကို မစားဘဲ ပစ္စေကဗုဒ္ဓါကို လှူဒါန်းခဲ့တဲ့ ဒါနကြောင့် မြို့စောင့်နတ်တွေဟာ မနေနိုင်ဘူး။ ဒါနပြုစဉ်က သူ ဆုတောင်း ခဲ့တာကလဲ ''မရှိ'' ဆိုသောစကားကို မကြားပါရစေနဲ့လို့ ဆု တောင်းခဲ့တာကိုး။ ဒီတော့ မြို့စောင့်နတ်တွေဟာ နတ်သုဒ္ဓါတွေ ကို ရွှေခွက်ထဲ ထည့်ပေးလိုက်တာပေါ့။

အနုရုဒ္ဓါမင်းသားလေး ကစားတဲ့နေရာ အစေခံတွေရောက် လို့ ရွှေခွက်ကို မင်းသားလက်ထဲ ထည့်လိုက်တယ်။ မင်းသားလဲ ရွှေခွက်ဖွင့်လိုက်တဲ့ တစ်ပြိုင်နက် တစ်မြို့လုံးကိုဖုံးအောင် အင် မတန်ကို မွှေးကြိုင်သင်းပျံ့တဲ့ နတ်သုဒ္ဓါမုန့်ကို တွေ့ရတော့ သိပ်အံ့ဩသွားတာပဲ။ သူ့သူငယ်ချင်း ကစားဖော် ကစားဖက်တွေလဲ ဝေပေး၊ သူလဲ စားတာပေါ့။ အိမ်ပြန်ရောက်တော့ သူ့မိခင်ကို ပြောတာပေါ့။

''မယ်တော်ဟာ ယခင်က သူ့ကိုမချစ်ဘူး။ ခုမှပဲ ချစ်လို့ မရှိမုန့်ကို ပေးလိုက်တယ်။ မရှိမုန့်ဟာဖြင့် အင်မတန်စားလို့ အရသာရှိပါပေတယ်'' လို့ ပြောသတဲ့။ သူ့မယ်တော်ကလဲ အံ့ဩလို့မဆုံး ဖြစ်ရတယ်။ အဲဒီလိုနဲ့ အနုရုဒ္ဓါမင်းသားလဲ အရွယ် ရောက်လာတယ်။

တစ်နေ့တော့ မြတ်စွာဘုရားသခင်ကို အခြံအရံပြုဖို့ တခြား သာကီဝင်မင်းသားတွေဟာ ရဟန်းပြုကြတယ်။

ဒီတော့ မဟာနမ်အမည်ရှိတဲ့ သာကီဝင်မင်းက အနုရုဒ္ဓါ မင်းသားကို ပြောတာပေါ့။ ''ဒို့များ အမျိုးထဲမှာ တခြား သာကီ ဝင် မင်းသားများနည်းတူ ရဟန်းပြုသင့်တယ်။ ငါရင်လဲ ရဟန်း ပြုမယ်၊ သင်လဲ ရဟန်းပြုပါ''လို့ တိုက်တွန်းတယ်။

အနုရုဒ္ဓါက မဟာနမ်မင်းကို ပြန်လျှောက်ထားတာပေါ့။ ''ရဟန်းပြုရတာဟာ မလွယ်ကူပါဘူး။ အင်မတန် ဆင်းရဲခြင်း ကို သည်းခံရပါတယ်။ သူ့လို နူးညံ့တဲ့သူဟာ ရဟန်းမပြုထိုက် ပါဘူး'' လို့ ပြန်လည်လျှောက်ထားတယ်။ ဒီတော့ နောင်တော် မဟာနမ်မင်းက ''ဒီလိုဆိုရင် ငါ ရဟန်းပြုတော်မူမယ်။ သင်ဟာ လူ့ဘောင်ရဲ့ အမှုကြီးငယ် လုပ်ငန်းတွေကိုလုပ်ပါ'' လို့ ဆိုတယ်။

မရှိဆိုတဲ့စကားကိုတောင် မကြားဘူးတဲ့ အနုရုဒ္ဓါမင်းသား ကလဲ ခုခေတ်စကားနဲ့ ပြောရရင် အောက်ခြေလွတ်နေတာပေါ့လေ။

''နေပါဦး လူ့ပြည်ရဲ့ အမှုကြီးငယ် လုပ်ငန်းဆိုတာ ဘာတွေ လုပ်ရမှာလဲ'' လို့ မေးသတဲ့။ သူတို့ရဲ့ ဆွေတော်မျိုးတော်၊ ညီ အစ်ကိုဝမ်းကွဲတွေ နေမှာပေါ့။ အချင်းချင်းဖြစ်တဲ့ ဘဒ္ဒိယ၊ ကိမိလ၊ မင်းသားတွေကိုလဲ ဆွေးနွေးသတဲ့။ ''ထမင်းဘယ်က ဖြစ်သလဲ'' ဆိုတဲ့အကြောင်းပေါ့လေ။

ကိမိလမင်းသားက ထမင်းဆိုတာ စပါးကျီထဲက ဖြစ်တာ ပေါ့လို့ ပြောသတဲ့။

ဘဒ္ဒိယက ထမင်းဆိုတာ ထမင်းအိုးက ဖြစ်တာပေါ့လို့ ဆို သတဲ့။ အနုရုဒ္ဓါ မင်းသားကတော့ ရွှေခွက်သာ မြင်ဖူးနေတော့ ''ထမင်းဆိုတာ ရွှေခွက်ထဲက ဖြစ်တာပေါ့'' လို့ ပြောသတဲ့။

သူတို့ ဆွေးနွေးပြောဆိုတာကို မဟာနမ်မင်း ကြားတော့ ''ငါ့ညီတော် အနုရုဒ္ဓါမင်းသားကို အောက်ခြေမလွတ်အောင် ထမင်း ဘယ်ကဖြစ်တယ်၊ လူ့ဘောင်ရဲ့ လုပ်ငန်းတွေဟာ ဘာ လဲဆိုတာသိအောင် ဆုံးမသင့်တယ်'' လို့ ယူဆပြီး ညီတော် အနုရုဒ္ဓါကို လယ်ကွင်းဆင်း လယ်ထွန်စေတယ်။ အဲဒီကစပြီး ပျိုးကြဲကောက်စိုက်၊ စပါးရိတ်သိမ်းပြီး စပါးများကို ကျီထဲမှာ သိုလှောင်ပုံ၊ စပါးကို ဆန်ဖြစ်အောင် ဘယ်လိုလုပ်ရတယ် ဆန် အဖြစ်ကမှ ထမင်းဖြစ်တဲ့အထိ ညီတော် သိအောင် လက်တွေ့ လုပ်စေတယ်။ အဲဒီလို လုပ်ငန်းအရပ်ရပ်တွေကို လုပ်စေပြီးမှ အောက်သက်ကြေပြီးမှ

ဆိုပါတော့ကွယ်။ မြတ်စွာဘုရားထံ ရဟန်း ပြုစေတယ်။

အနုရုဒ္ဓါမထေရ်၏ အဖြစ်ကို ဒိဗ္ဗစက္ခု အသိဉာဏ်ရတော် မူတယ်။(ရှင်အနုရုဒ္ဓါ အကြောင်းကို သားကြီးကို ပြောပြရတာမှာ ဘွားဘွားမှာ တခြားရည်ရွယ်ချက်တစ်ခု ရှိတယ်။ ဘာရည်ရွယ် ချက်လဲဆိုတော့ လွယ်လွယ်ပြောရင် နတ်တို့၊ အတိတ်ကံတို့ ဆိုတာ အလကားနေ အလကား ဖြစ်တာ မဟုတ်ဘူးလို့ ပြော ချက်တာလေးရှိလို့ သားကြီး)

သုမဏာ သူဌေးကြီးရဲ့ ထီးချက်စောင့်နတ်ကို ကြည့်ပါလား။ ခေတ်စကားနဲ့ ရိုးရိုးရေးရင် နတ်ပြောတဲ့ စကားဟာ သိပ်တန်ဖိုး ရှိတာ။ ''သူဌေးကြီး ခင်ဗျားက သူဌေးဖြစ်လို့ ကျိကျိတက် ချမ်း သာနေလို့ နေ့တိုင်းလို လှူနိုင်တာ၊ လှူရဲတာဟာ အံ့သြစရာ မဟုတ်ပါဘူးဗျာ၊ အနုရုဒ္ဓါတို့မှာတော့ မြက်ရိတ်စားရပြီး ကိုယ့် အားကိုယ်ကိုးပြီး ရှာဖွေထားတဲ့ ဆန်နဲ့မှချက်ထားတဲ့ သူ့စားဖို့ ထမင်း။ ဒီထမင်းကို သူမစားပဲ ပစ္စေကဗုဒ္ဓါကိုလှူလို့ ကျွန်ုပ် ဝမ်းသာအားရနဲ့ ယနေ့ ထူးထူးခြားခြား အန္နဘာရရဲ့အလှူကို လက်ဖြင့်တီးပြီး ကောင်းချီးပေးတာ'' လို့ ပြောတာ သားကြီးရဲ့။ ဒီတော့ ရှေးနိပါတ်တော်မှာပါတဲ့ နတ်တို့၊ ဘာတို့ဆိုတာ လှံ့လ ဝိရိယမရှိတဲ့သူ၊ ကိုယ်အားကို ကိုယ်အားမကိုးသူ၊ အပြင်းအပေါ့ အသွမ်းတွေကို အားမပေးဘူးဆိုတာ သားကြီး သိစေချင်တယ်။

ဒုတိယက အနုရုဒ္ဓါမင်းသားဘဝ ဖြစ်လာတော့ မရှိစကား မကြားဘူးအောင် ထမင်းတောင် ဘယ်ကဖြစ်မှန်းမသိအောင် ချမ်းသာလာတာသာ ကွက်မြင်ရတော့ အောက်ခြေလွတ်တဲ့ မင်းသား လို့ အပြစ်တင်စရာပဲ။ အန္နဘာရဖြစ်ခဲ့စဉ်က မြက်ရိတ်သမား၊ ဆင်းရဲသားဘဝက သူပြုခဲ့တဲ့ အတိတ်ကံကို ပြန်ကြည့်မှ သူ့အလှူကို ဖြစ်မြောက်အောင်လှူဖို့။ ရှာတဲ့ပစ္စည်းကလဲ သူ့လက် နှစ်ဘက်နဲ့ သူလုပ်ပြီး ရှာထားတဲ့ သမာအာဇီဝ၊ အင်မတန် သန့်ရှင်းတဲ့ပစ္စည်း (ဆွမ်း)။ အလှူခံပုဂ္ဂိုလ်ကလဲ ပစေကဗုဒ္ဓါ သမာပါတ်ကထချိန် အင်မတန် သမာဓိစင်ကြယ်နေတုန်း ကြုံ ကြိုက်တော့ အင်မတန်မြတ်သော အလှူဖြစ်တာပေါ့။ အဲဒီ အတိတ်ကံက အနုရုဒ္ဓါမင်းသားဘဝကို အကျိုးပေးတာ အလကား နေ အလကား ကံဆိုတာ ဖြစ်လာတာမဟုတ်ဘူး။ မတရားသဖြင့် ရှာရတဲ့ ပစ္စည်းတွေကို သိန်းသန်းချီလှူနေလဲ အကျိုးပေး မစင်ကြယ် မထက်မြက်ဘူးဆိုတာ သားကြီး သိစေချင်လို့ပါ။

တတိယကတော့ ရဟန်းဘဝဆိုတာ ခေတ်လူငယ်တွေ တွေးထင်သလို အင်မတန်လွယ်ကူတာ မဟုတ်ပေဘူး။ အလဇ္ဇီ ဆိုတဲ့ ရဟန်းတု ရဟန်းယောင်တွေမြင်ပြီး တို့များ ဗုဒ္ဓဘာသာ တွေကိုယ်တိုင် တစ်ချို့က ဘုန်းကြီးဆိုတာ အပြင်မှာ ရှာစားရမှာ ပျင်းလို့ လုပ်တယ်လို့ ထင်နေကြတယ်။ တကယ်တော့ ရဟန်း ဘဝဟာ အင်မတန်ရခဲပြီး သိက္ခာပုဒ်ကိုစောင့်ရာမှာ ပင်ပန်းခြင်း ပြင်းစွာနဲ့ ဆင်းရဲကို သည်းခံနိုင်ရတယ်။ ဒါမှလည်း မြတ်သော ရဟန်းအဖြစ်ကို ရတယ်ဆိုတာ သားကြီးကို သိစေချင်လို့။

ခက်သားလား. . . . သားကြီးရေ ဘွားဘွား ဒီစာရေးချိန်မှာ တောင် ''ကိုယ့်ဖခင် ကိုယ်သတ်တာ တရားတယ်'' လို့ ဆိုတဲ့ ဝါဒတွေ တို့များတိုင်းပြည်ထဲဝင်လာလို့ ဘွားဘွားဖြင့် ကြက်သီး မွေးညှင်းထမိတယ်။

ဘွားဘွားရဲ့ မြေး ကြီးပြင်းလာတဲ့ခေတ်မှာ ဘာအယူအဆတွေများ လွှမ်းမိုးလာဦးမလဲလို့ ကြောက်တဲ့ဇောနဲ့ ဒီစာကို ရေး တာပဲ။

သားကြီး စာတွေတတ်လာရင်လေ သားကြိုက်တဲ့ အယူ အဆတွေကို တွေးခေါ်ယူဆပါ။ သို့သော် တစ်ဘက်ကဖြင့် တို့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံ၊ ကိုးကွယ်တဲ့ ဘာသာစတဲ့ အကြောင်းရင်းခံတွေမှာ ဘယ်လို သဘာဝကျကျ အခြေခံ ရှိ၊ မရှိဆိုတာတော့ သားကြီး အစွမ်းရှိသမျှ လေ့လာပါဆိုတာ ဘွား ဘွား မေတ္တာရပ်ခံပါတယ်။

ကဲ. . . . ကဲ. . . . ဆက်ပြီး နောက်ထပ် နိပါတ်တော်လာ ပုံပြင် တစ်ခုကို ဖတ်ပါဦး။

တစ်ခါတုန်းက ဗာရာဏသီပြည်မှာရှိတဲ့ ဗြဟ္မဒတ်မင်း မင်း ပြုတယ်။ အဲဒီအချိန်မှာ နိဂြောဓသမင် မင်းဟာ သမင်ပေါင်း ငါးရာခြံရံပြီး တောမှာနေတယ်။ မနီးမဝေး အရပ်မှာ သာခ သမင် မင်းဟာလည်း သမင်ပေါင်း ငါးရာခြံရံပြီး နေတယ်။ နိဂြောဓသမင် မင်းနဲ့ သာခ သမင် မင်းတို့ဟာ တခြားသမင်များ နဲ့မတူ ရွှေအဆင်းရှိကြပေတယ်။

ဗာရာဏသီမင်းကြီးဟာ သမင်သားကို အင်မတန်ကြိုက် တယ်။ သမင်သား မပါရင် ပွဲတော်မတည်ဘူး။ (ထမင်းမစားဘူး) ပေါ့ကွယ်။

နေ့တိုင်းလိုပဲ တိုင်းသူပြည်သားတွေကို အလှည့်ကျ ခေါ်ပြီး သမင်ဖမ်းဖို့ တောလိုက်အမြဲထွက်တယ်။ တိုင်းသူပြည်သားတွေ ဟာ တောလိုက်ဝါသနာပါတဲ့လူလည်း ရှိတယ်၊ မပါတဲ့လူလည်း ရှိတယ်။ နေ့စဉ်အလုပ်ဆိုတော့လည်း အလုပ်အကိုင်ပျက်၊ ဘုရင်ကြီးအလိုလည်း မလိုက်ဘဲ မနေရဲကြပေဘူး။

ဒါနဲ့ တစ်နေ့တော့ တိုင်းသူပြည်သားတွေက စုရုံးပြီး ဘုရင် ကြီးကို လျှောက်ထားကြတယ်။

''ဘုရင်ကြီးရဲ့ ဉယျာဉ်တော်ရောက်အောင် သမင်များကို ခြောက်လှန့်မောင်းနှင်ပြီး ပေးသွင်းထားပါ့မယ်၊ ဉယျာဉ်တော် ကိုသာ လုံခြုံစွာ ကာကွယ်ထားပါ'' လို့ လျှောက်ထားကြတယ်။ ဘုရင်ကြီးလည်း တိုင်းသူပြည်သားများ လျှောက်ထားချက်ကို သဘောကျလက်ခံလိုက်တယ်။

ဉယျာဉ်တော်ထဲမှာ သမင်တွေကို တိုင်းသူပြည်သားတွေ ဖမ်းပို့ပေးထားပြီးကြောင်း ဘုရင်းကြီးသိရင်ပဲ သမင်တွေကို လာ ကြည့်တယ်။ သမင်တွေထဲမှာ သမင်ခေါင်းဆောင်နှစ်ဦးလို့ ခေါ် မှာပေါ့လေ၊ နိဂြောဓနဲ့ သာခ သမင်ဟာ ရွှေရောင်အဆင်းရှိ တော့ မသတ်ရလို့ ဘေးမဲ့ပေးထားတယ်။

နေ့တိုင်းလို ဘုရင်ကြီးဟာ ဉယျာဉ်တော်မှာ သမင်တစ် ကောင်ကျ ပစ်ပြီး စားတယ်။ တစ်ခါတရံလည်း စားတော်ကျက် သွားပြီး သမင်တစ်ကောင်ပစ်ဖမ်းပြီး ယူခဲ့စေတယ်။

သတ္တဝါဆိုတာ သေမယ့်ဘေးကို ကြောက်ကြတာပဲ။ နေ့ တိုင်း ဘုရင်ကြီး ကြွလာတာပဲမြင်မြင်၊ စားတော်ကျက်လာတာ ကိုပဲ မြင်မြင် ကြောက်လန့်ပြေးလွှားနဲ့ တစ်ကောင်နဲ့ တစ်ကောင် တိုးဝှေ့တိုက်ခိုက် နာကျင်ကြရတာပေါ့။

ဒီအဖြစ်ကိုမြင်တော့ သမင်ခေါင်းဆောင်နှစ်ဦးဟာ တိုင် ပင်ပြီး ဘုရင်ကြီးကို လျှောက်ထားကြတယ်။

''လေးမြားကို ကိုင်တွယ်ပြီး ဉယျာဉ်တော်ကို မကြွလာပါနဲ့၊ သင့်လျော်ရာနေရာမှာ စဉ်းတီတုံး (သစ်သားတုံး) တစ်ခုထားပါ၊ ကျွန်ုပ်တို့ သမင်အုပ်စုနှစ်ခုမှာ သမင်များဟာ တစ်နေ့ တစ်ကောင်ကျစီ အလှည့်ကျလာပြီး စဉ်းတီတုံးပေါ် လည်စင်းပေး ပါ့မယ်။ သတ်တော်မူပါ'' လို့ လျှောက်ထားကြတယ်။ သေရမဲ့ အတူတူ ကြောက်လန့်တကြား ပြေးလွှားပြီး သေရထာထက် အေးဆေးငြိမ်သက်စွာ သေရခြင်းက တော်သေးတာပေါ့လို့ သမင်ခေါင်းတောင်နှစ်ဦးက ယူဆတယ်ထင်ပါရဲ့ သားကြီးရယ်။

ဘုရင်ကြီးလဲ သမင်ခေါင်းဆောင်နှစ်ဦးရဲ့ အလိုကို လိုက် လျောတော်မူတယ်။

တစ်နေ့တော့ သာခ သမင်အုပ်စုထဲက ကိုယ်ဝန်ရှိတဲ့ သမင် မလေးတစ်ကောင်ဟာ စဉ်းတီတုံးပေါ် လည်စင်းပြီး အသတ် ခံရမယ့်အလှည့် ရောက်လာတယ်။ သမင်မလေးဟာ ဝမ်းထဲမှာ မွေးဖွားခါနီးလာတဲ့ သားငယ် သမင်လေးအတွက် အလွန်ပဲ စိတ် မကောင်းဖြစ်တယ်။ မိခင်တို့မေတ္တာနဲ့ သူ့သားလေးဟာ မြေကိုမှ ခြေမကျခင် သေရမှာစိုးလေတော့၊ သာခ သမင်မင်းကို သွားရောက်လျှောက်ထားတယ်။ ''အရှင် နက်ဖြန်ဆိုရင် စဉ်းတီ တုံးပေါ် လည်စင်းခံရမယ့် အလှည့်ဟာ ကျွန်တော်မ အလှည့် ကို ရောက်လာပါပြီ။ ကျွန်တော်မမှာ ကိုယ်ဝန် အရင့်အမာရှိလာ ပြီမို့၊ ကျွန်တော်မသားကို မွေးဖွားပါရစေဦး။ သားကို မွေးဖွား

ပြီးရင် ကျွန်တော်မ သွား၍ အသတ်ခံပါ့မယ်။ နက်ဖြန်အတွက် တခြားသမင်တစ်ကောင်ကို စီစဉ်ပေးပါ'' လို့ လျှောက်ထား တယ်။ ဒီတော့ သာခ သမင်က ပြန်ပြောတယ်။

''မဖြစ်နိုင်ဘူး၊ မင်းအလှည့်ပို တခြားသမင် သွားရတော့ ငါ့ကို မတရားဘူး ထင်မှာပေါ့၊ မင်းအလှည့် မင်းသွားရမယ်''လို့ ဆိုသတဲ့။ နောက်ဆုံး ကြံရာမရတော့ သမင်မငယ်ဟာ နိဂြောဓ သမင်မင်းထံသွားပြီး အကျိုးအကြောင်း လျှောက်ထား တယ်။ ဒီတော့ နိဂြောဓ သမင်မင်းက ''ကောင်းပြီ စိတ်ချမ်းသာ စွာနေပါ'' လို့ ပြောလိုက်တယ်။

နက်ဖြန်ကြတော့ ကိုယ်ဝန်ရှိတဲ့ သမင်မလေး ကိုယ်စား စဉ်းတီတုံးပေါ်ကို နိဂြောဓ သမင်မင်း ကိုယ်တိုင်သွားပြီး လည် စင်းပေးတယ်။ သားသတ် စားတော်ခဲဟာ ရွှေရောင်အဆင်း ရှိတဲ့ သမင်မင်းကို မြင်တော့ ဘုရင်ကြီးကိုယ်တိုင် ဘေးမဲ့ပေး ထားတာကို သိပါရက်နဲ့ လွန်ဆန်ပြီး မသတ်ရဲဘူး။ ဒါကြောင့် ဘုရင်ကြီးကို သွားရောက် လျှောက်ထားတယ်။

ဘုရင်ကြီးက နိဂြောဓ သမင်ထံ ကြွရောက်ပြီး အကျိုး အကြောင်းမေးသတဲ့၊ နိဂြောဓ သမင်မင်းက ပြန်လည်ဖြေကြား တာပေါ့။

''အရှင်မင်းကြီး ယနေ့ အသတ်ခံရမဲ့ သမင်အလှည့်ဟာ ကိုယ်ဝန်အရင့်အမာနဲ့ သမင်မငယ် ဖြစ်တယ်၊ သမင်မငယ် သူ့ ဝမ်းမှာရှိနေသေးတဲ့ သားငယ်ကို ကောင်းမွန်စွာ ဖွားမြင်စေချင် သေးလို့ တခြားသမင်ကို လွှတ်ပေးဖို့ ကျွန်ုပ်ထံ လာရောက်ခွင့် ပန်တယ်။ သေခြင်းဆင်းရဲကိုလဲ တခြားသမင်ကို မရောက်စေ ချင်ဘူး။ ဒါကြောင့် ယနေ့ သမင်မငယ်ကိုယ်စား ကျွန်ုပ်ကိုယ် တိုင် စဉ်းတီတုံးပေါ် လည်စင်း၍ ခံပေးခြင်းဖြစ်ပေတယ်'' လို့ လျှောက်ထားတယ်။

''ကောင်းပြီ။ ဒီလိုဖြစ်ရင် ဘုရင်တို့မည်သည် ကတိတည်ရတယ်။ သင့်ကိုလဲ ဘေးမဲ့ပေးထား၍ ကတိအတိုင်း ကျွန်ုပ် မသတ်ပါ။ သင်ကဲ့သို့ သူတစ်ပါးအပေါ် အထူးသဖြင့် နောက် လိုက်ငယ်သားအပေါ် အသက်စွန့်ကာကွယ်သော မေတ္တာကရုဏာ မျိုးကို လူသားများတွင်တောင်မှ ကျွန်ုပ် မတွေ့ဘူးပါ။ ဒါကြောင့် ကိုယ်ဝန်ရှိသော သမင်မငယ်ကိုလဲ ကျွန်ုပ် မသတ်၊ ဘေးမဲ့ ပေးပါ၏'' လို့ ဘုရင်ကြီးက ပြောတာပေါ့။

''ဒီလိုဆိုရင် ဥယျာဉ်တော်မှာရှိတဲ့ ကျန်သော သမင်များ အတွက်ကိုရော ဘယ်လိုစဉ်းစားပါသလဲ မင်းကြီး''

''သင်၏ မေတ္တာကရုဏာကို ထောက်ထား၍ ကျွန်ုပ် ဥယျာဉ် တွင်းရှိ သမင်များကိုလဲ ဘေးမဲ့ပေးပါတယ်'' လို့ မင်းကြီးက ဖြေတယ်။

''တောထဲမှာ ကျန်ရှိသော သားသမင်များအတွက်ကိုရော'' လို့ နိဂြောဓ သမင်က ထပ်မံမေးပြန်တယ်။

''ထိုတောထဲရှိ သမင်များအတွက်လဲ ကျွန်ုပ် ဘေးမဲ့ပေးပါ တယ်'' လို့ မင်းကြီးက ဖြေတယ်။ နောက်ဆုံး ခြေနှစ်ချောင်း ရှိသော သတ္တဝါများအတွက်ကိုပါ အသက်မသတ်ဖို့ နိဂြောဓ သမင်မင်းဟာ မင်းကြီးကို မေတ္တာရပ်ခံပြီး ငါးပါးသီလကို ဟော တယ်။ မင်းကျင့်တရား ဆယ်ပါးကိုလဲ ဟောပြောပြသပြီး သမင် အားလုံးနဲ့အတူ တောကိုပြန်သွားတယ်။

သို့သော်လဲ ဘုရင်ကြီးနဲ့တကွ သူ့စေတနာကို မသိဘဲ နောက်သမင်တွေဟာ လူတို့ရဲ့ စပါးသီးနှံတွေကို ဝင်ရောက် ဖျက်ဆီးစားသောက်မှာစိုးလို့ နိဂြောဓ သမင်ဟာ သူရဲ့နောက်လိုက် သမင်များကို လူတို့စိုက်ပျိုးထားအပ်တဲ့ စပါးခင်းများကို ဝင်ရောက်မစားဖို့ တားမြစ်တယ်။

လူသားတွေကိုလဲ မိမိတို့ လယ်ယာခင်းမှာ သမင်များ ဝင် မစားဖို့ တိုင်ထူပြီး သစ်ခက်များ ချည်နှောင်တဲ့ အမှတ်အသား ကိုထားပါလို့ မေတ္တာရပ်ခံတယ်။

အဲဒီအချိန်အခါကစပြီး တုံးတိုင်စိုက်ပြီး သစ်ရွက်ချည်ထား တဲ့ ယာခင်းတို့ကို သမင်များ မစားဘူးလို့ အဆိုရှိပေတယ်။

သစ္စာ

တစ်ခါတုန်းက ဗာရာဏသီပြည်မှာ ဗဟုပုတ္တကမင်း မင်း ပြုတယ်။ သူ့မှာ ခေမာဆိုတဲ့ မိဖုရားတစ်ပါးရှိတယ်။ ဒီမိဖုရား ကြီးက ရွှေဟင်္သာမင်းရဲ့ တရားကို ကြားနာရတယ်လို့ အိပ်မက် မြင်မက်တယ်။ အိပ်မက်ကို မပြောကြားဘဲ ရွှေဟင်္သာမင်းရဲ့ တရားကို နာလိုသော ဆန္ဒရှိပါတယ်လို့ ရှင်ဘုရင်ကြီးကို လျှောက်ထားသတဲ့။

ဘုရားလောင်း ရွှေဟင်္သာမင်းကလဲ ဟင်္သာကိုးသောင်း ခြောက်ထောင်ခြံရံပြီး စိတ္တကုဋ်တောင်မှာ နေတယ်။

ဘုရင်ကြီးဟာ မှူးမတ်များကို ရွှေဟင်္သာမင်းရှိတဲ့ နေရာ ကို မေးမြန်းတဲ့အခါ စိတ္တကုဋ်တောင်မှာရှိကြောင်း လျှောက်ထား ကြသတဲ့။

မင်းကြီးက ''ခေမာ'' အမည်ရှိတဲ့ ရေအိုင်ကြီးကို ပြုစေ တယ်။ ကန်ကြီးရဲ့ လေးထောင့်မှာလဲ စပါးများ စိုက်ပျိုးစေပြီး၊ ဘေးမဲ့ပေးကြောင်း နေ့တိုင်း ကြွေးကြော်ခိုင်းသတဲ့။ တစ်ဖက် ကလဲ မုဆိုးတစ်ယောက်ကို ရွှေဟင်္သာမင်း အစာလာစားရင် ဖမ်းဖို့ အမိန့်ပေးထားတယ်။ မုဆိုးကလဲ ကျော့ကွင်းကို ထောင် ပြီး အဆင်သင့်စောင့်နေတာပေါ့။တစ်နေ့သောအခါမှာ ရွှေဟင်္သာမင်းက စပါးများကို လာ စားစဉ်မှာ မုဆိုးထောင်ထားတဲ့ ကျော့ကွင်းမှာ မိသွားတယ်။ ရွှေဟင်္သာမင်း ကျော့ကွင်းမှာ အဖမ်းခံရတယ်ဆိုတာ သိရင်ပဲ တခြားဟင်္သာတွေဟာ ကြောက်လန့်ပြီး ပျံပြေးကြတယ်။

ဟင်္သာစစ်သူကြီး သုမုခဟာ တခြားဟင်္သာများနဲ့အတူ ပျံရင်းက သူ့သခင် ဟင်္သာမင်းကို ရှာကြည့်တော့ မတွေ့ဘူး။ ဒီတော့မှ အဖမ်းခံရတဲ့ ဟင်္သာဟာ ရွှေဟင်္သာမင်းဖြစ်မှာပဲဆိုပြီး ကျော့ကွင်းထောင်ထားတဲ့နေရာမှာ သတိနဲ့ ဆင်းသက်လာ တယ်။

ရွှေဟင်္သာမင်းက သုမုခစစ်သူကြီးရဲ့ စိတ်ကို စမ်းလိုတာနဲ့ အောက်ပါအတိုင်း မေးသတဲ့။

''အမောင် သုမုခ တခြားသော ရွှေဟင်္သာတို့ဟာ သေဘေး မှာ ကြောက်ရွံ့လို့ ပြန်ပြေးကုန်ကြပြီ။ တစ်ကောင်တည်း ကျော့ ကွင်းမိနေတဲ့ ငါ့ကို ဆွေမျိုးတို့လဲ ငဲ့ကွက်ခြင်းမရှိ ပစ်ပြေးကုန်ကြ ပြီ။ အမောင် သေဘေးကို ရင်ဆိုင်နေရသူ ငါ့အဖို့ အဆွေ ခင်ပွန်းဆိုတာလဲ မရှိပါဘူး။ သင့်အဖို့ အသင်အန္တရာယ်လည်း နီးပါတယ်၊ ဘာဖြစ်လို့ ကျွန်ုပ်အပါးမှာ နေရစ်လဲ၊ သင်လိုရာ အရပ်ကို ပျံပါ'' လို့ ဆိုသတဲ့။

သုမုခစစ်သူကြီးက ကျော့ကွင်းအနီး ညွှံအပြင် လွတ်ရာ ကနေပြီး ပြောပြတယ်။

''အရှင်မင်းကြီး. . . . ဒီလို ဆင်းရဲဒုက္ခရောက်ရတဲ့ အချိန်မှာ အရှင်မင်းကြီးကို အကျွန်ုပ် စွန့်ပစ်၍ မပြေးပါ။ အရှင်မင်းကြီးနဲ့အတူ သေလဲအတူတူ ရှင်လဲအတူတူ (သေအတူ၊ ရှင်မကွာ) နေပါ့မယ်'' လို့ ဆိုတယ်။

''အမောင်သုမုခ သင်၏ စိတ်ကို စမ်းလို၍သာ ကျွန်ုပ် ပြောခြင်းဖြစ်ပါတယ်။ ''အရှင်မင်းကြီးကို ဒုက္ခရောက်ချိန် ကျွန်ုပ် စွန့်ပစ်မပြေးပါ'' ဆိုသော စကားဟာ အရိယာ သူတော်စင်တို့ ရဲ့ မြတ်သော စကားပေပဲ။ ဒါပေမင့် သင့်အသက်ဘေးကို ကျွန်ုပ် စိုးရိမ်တဲ့အတွက် အဝေးကိုပျံပါ'' လို့ ပြောပြန်တယ်။ ဒီလို ပြော နေတုန်း မုဆိုးဟာ လှံတံကို ယူပြီး ပြေးလာတယ်။ သုမုခစစ်သူ ကြီးဟာ မုဆိုးကို ရိုသေတဲ့ အမူအယာပြပြီး ကြိုဆိုတယ်။ မင်းကြီးရဲ့ ဂုဏ်ကျေးဇူးကိုလဲ ပြောပြတော့ မုဆိုး ဟာ စိတ်သဘောထား

ပျော့ပြောင်းပြီး  ဟသ်ာနှစ်ကောင် အပေါ်မှာ ချစ်ခြင်းကရုဏာစိတ်ဖြစ်လာတယ်။ မုဆိုးက ရွှေဟသ်ာမင်းကို ကြည့်ပြီး

''အရှင် ဟသ်ာမင်း၊ သင်ဟာ ကောင်းကင်မှာ ပျံသန်းပြီး လေကို ခြေတင်သွားသူဖြစ်ပါရက်နဲ့ မြေပြင်က ကျော့ကွင်းကို မမြင်ပေဘူးလား'' လို့ မေးသတဲ့။

''အသင် မုဆိုး၊ သတ္တဝါတို့ဟာ ပျက်စီးချိန် တန်လာရင် ပိုက်ကွန်အနီး၊ ကျော့ကွင်းအနီး ရောက်သော်လည်း မသိပါ။ (ရှင်းရှင်းပြောရင်တော့ သားကြီးရယ် ဒုက္ခရောက်ဖို့ အချိန်တန် လာရင်၊ ဝဋ်ဆိုက်လာရင် ကိုယ့်ကို ထောင်ထားတဲ့ ကျော့ကွင်း ကို မမြင်ဘူးလို့ ဆိုလိုတာပေါ့'' ဘွားဘွား ကြားဘူးတဲ့။

''သိလျက်နှင့်ပင်၊ ဝိပါက်ကြမ္မာ ငင်လို့၊
ရွှေညဏ်ရှင် မဝေခွဲနိုင်ဘု၊ ပွဲတွေ့အမှား. . . .''

ဆိုတဲ့ ကဗျာလို အဓိပ္ပာယ်ဆင်ဆင် သက်ရောက်တာပေါ့ လေ။

ဟသ်ာမင်းရဲ့ တရားစကားကို မုဆိုးကကြားတော့ ပိုပြီး ကြည်ညိုစိတ်ဖြစ်သွားတယ်။ နောက်တစ်ခါ သုမုခ စစ်သူကြီး ဘက်လှည့်ပြီး

''အချင်းစစ်သူကြီး၊ ဟသ်ာမင်းဟာ သင်နဲ့ ဘယ်လို အမျိုး တော်စပ်သလဲ။ တခြား ဟသ်ာများ ပျံပြေးကုန်ကြပြီ။ အသင် တစ်ယောက်တည်း ဘာကြောင့် ချန်ရစ်နေသလဲ'' လို့ မေးပြန် သတဲ့။

''အသင် မုဆိုး၊ ဤဟသ်ာကား ငါ၏ မင်းတည်း။ ငါ၏ အသက်နှင့်တူသော အဆွေခင်ပွန်းတည်း။ ဒုက္ခရောက်ချိန်တွင် ငါ့အသင်နဲ့ ထပ်တူ အဆွေခင်ပွန်းကို စောင့်ရှောက်လို၍ ငါ စွန့်ပစ်မပြေးပါ။

မုဆိုးဟာ စဉ်းစားသတဲ့၊ ဒီလို တစ်ဦးနဲ့တစ်ဦး သစ္စာရှိတဲ့ တရားရှိသော သူနှစ်ဦးကို ငါဖမ်းရင် ငါ့ကို မြေရင်လဲ မျိုမယ်။ ကြီးစွာသော အကုသိုလ်လဲဖြစ်မယ်။ မင်းကြီး ပေးကမ်းတဲ့ ဆုလာဘ်တော်ဟာလဲ ဘာမှ အကျိုးရှိမှာမဟုတ်ဘူး။ ဟသ်ာ မင်းကိုလွှတ်မှပဲဆိုပြီး ကျော့ကွင်းက အသာအယာချွတ်ပြီး ဟသ်ာမင်းနဲ့ သုမုခစစ်သူကြီးကို လိုရာအရပ်ကို ပျံပါလို့ ဆို သတဲ့. . . .

''အသင် မုဆိုး၊ ကျွန်ုပ်ကို အကြောင်းမဲ့ သက်သက် အသင်ကျော့ကွင်းထောင်ဖမ်းခြင်း မဟုတ်တန်ရာဘူး။ ဘာကြောင့် ဖမ်း ပါသလဲ'' လို့ ဟသ်ာမင်းက မေးသတဲ့။

မုဆိုးက အကျိုးအကြောင်းပြောပြတော့ ဟသ်ာမင်းက သူတို့နှစ်ဦးကို မင်းကြီးထံ ခေါ်ဆောင်သွားဖို့ပြောတယ်။ မုဆိုး ဟာ ဟသ်ာမင်းနဲ့ သုမုခစစ်သူကြီးကို ဘုရင့်ထံ ခေါ်ဆောင် သွားတယ်၊ ဘုရင်ကြီးဟာ ဟသ်ာမင်းကို မြင်ရင်ပဲ ချစ်ခင် နှစ်သက်တော်မူပြီး၊ ရွှေအင်းပျဉ်မှာနေစေပြီး လက်အုပ်ချီရှိခိုး ပြီး တရားဟောဖို့ တောင်းပန်းတယ်။

ဟသ်ာမင်းကလဲ မှူးမတ်များနဲ့ အဆင်ပြေပါရဲ့လား၊ မချစ် မနှစ်သက်သော မှူးမတ်များအပေါ် အမုန်းပွားခြင်းမဖြစ်အောင် နေပါရဲ့လား၊ သင့်မိဖုရားများရော ငြိမ်းချမ်းပါရဲ့လား၊ သား ကောင်းသမီးကောင်းများကော ထွန်းကားပါရဲ့လား လို့ သာယာ ခြေင်စွာ မေးသတဲ့။

မင်းကြီးကလဲ ကောင်းမွန်စွာဖြေကြားသတဲ့။

''ကျွန်ုပ်၏ မှူးမတ်များလဲ အမုန်းမပွားကြပါ၊ ကရုဏာ ရိပ် ဝယ် အေးမြချမ်းသာစွာ ရှိပါ၏။

မိဖုရားများလဲ ချစ်ခင်သော စကားကိုသာ ဆိုတတ်၍ မြတ် သောအမျိုးကောင်းသမီးများဖြစ်ပါတယ်။ လင့်အလိုကိုလဲ သိ တတ်ပါတယ်။ သားများလဲ တစ်ရာ့တစ်ယောက်ရှိ၍ ''သား များဘ'' လို့ လူတို့ ခေါ်ဝေါ်ကြပါတယ်။ ကျွန်ုပ်သားများကိုလဲ ဆုံးမပါလို့ မိန့်ကြားသတဲ့၊ ရွှေဟသ်ာမင်းလဲ မင်းသားများကို အတတ်ပညာ ကို ကောင်းစွာ သင်ယူပြီး လောကရဲ့ အမှောင်ကို မိမိပညာနဲ့ ထွန်းလင်းစေဖို့ တရားဟောတယ်။

ညဥ့်သုံးယံလုံးပဲ မင်း မိဖုရားများကို တရားဟောပြီး မိုးသောက်ယံမှာ သစ္စာရှင် သုမခစစ်သူကြီးနဲ့အတူ စိတ္တကုဋ္ဌ တောင်ကို ဟင်္သာမင်းဟာ ပျံကြွသွားတော်မူတယ်။

နိပါတ်တော်လာ ပုံပြင်တွေထဲကတော့ ရေးလို့ မဆုံးနိုင် တော့ဘူး။ အချိန်ရမှ ရိုးရိုးနဲ့ ရှင်းရှင်း မြန်မာစကားပြေ သက် သက်ထပ်မံပြီး
ဝတ္ထုတိုတွေလို သီးသန့်တစ်အုပ် အနေနဲ့ မထွက်လာသေးဘူး။ အဲဒီစာတမ်းတွေကို တစ်အုပ် တစ်စောင်ဖြစ်အောင် စုဆောင်းပြီးမှ သ

ပန်းတိုင်းပွင့်သော တိုင်းပြည်

ပန်းတိုင်းပွင့်ကြသည်မှာတော့ မှန်ပေသည်။
မော်က ''ပန်းတိုင်းပွင့်ကြပါစေသတည်း'' ဟု ဆို၏။ သူ့ စကားမှာ လှပ၍ ကဗျာဆန်၏။ ပန်း၏ရနံ့သည် လေညာမှ မွှေး၍ပျံ့
ပျားပိတုန်းသည် ပန်း၏ ဝတ်ရည်များကို စုပ်ယူ၍ တစ်ပင် မှ တစ်ပင်သို့မျိုးစေ့ပြန့်ပွားစေသကဲ့သို့ မြန်မာနိုင်ငံမှ စာရေး ဆရာ
တကယ်ပင် မော်၏ တိုင်းပြည်တွင် ပန်းတိုင်းပွင့်ကြပါလေ သလော. . . .

မရွှေဇင်စိတ်ထဲတွင် သိချင်၏၊ မြင်ချင်၏။ ''အရှေ့တိုင်း တစ်နေရာတွင် ပန်းတိုင်းပွင့်နေသော တိုင်းပြည်တစ်ပြည်ရှိနေ လေရဲ့''
စာရေးဆရာ အသီးသီးတို့သည် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတော်သို့ သွားရောက်လည်ပတ်ကြ၏။ လည်ပတ်၍ ပြန် ရောက်လ
မရွှေဇင်ကား တရုတ်ပြည်သစ်မှ ပြန်၍ရောက်လာလေပြီ။
''တရုတ်ပြည်သစ်ဆိုသည်မှာ ဘယ်လိုပါလဲ. . . .'' ဟူ၍ မိတ်ဆွေများက မေးကြသည်။ မရွှေဇင်ကား ဘာတစ်လုံးမျှ မဖြေပေ
''တရုတ်ပြည်ဆောင်းပါးကို ဘယ်တော့ရေးမလဲ'' ဟူ၍ မေး ၏။ မရွှေဇင်ကား မဖြေသေးပေ။
သူ တရုတ်ပြည်တွင်နေခဲ့သော ရက်ပိုင်းသည် ၁၇ ရက် တိတိဖြစ်သည်။ ဤ ၁၇ ရက်အချိန်ပိုင်းလေးတွင် တွေ့မြင်ခဲ့ရ သော
နံ့ရံကို ကိုင်စမ်းမိရုံနှင့် ဆင်ဆိုသည်ကား နံ့ရံကြီးသို့ ပါတကားဟု မဆိုနိုင်ပေ။
အကယ်၍ မရွှေဇင်သည် သူ စမ်းသပ်ကိုင်တွယ်တွေ့ထိ သော အပိုင်းတစ်ပိုင်းမျှကို မူတည်၍ တရုတ်ပြည်သစ်ဆိုသည်ကား ''
ထို့ကြောင့် မရွှေဇင်သည် သူ ဘာမြင်ခဲ့သည်ကို ခဏ စဉ်းစားမိ၏။ မြင်ခဲ့သည့်အကြောင်းများကို သူ့တိုင်းပြည်အား ဘယ်လိုတ
သွားခဲ့သည်မှာလည်း ဝန်ကြီးချုပ် ကိုယ်တိုင် ခေါင်းဆောင် သော ချစ်ကြည်ရေးမစ်ရှင်ဖြစ်သည်။
မရွှေဇင်တင်ပြသော အကြောင်းအရာများသည် အမှန် အတိုင်းလည်းဖြစ်ပေမည်၊ နှစ်ပြည်ထောင်၏ ချစ်ကြည်ရေးကို လည်း မ
အမှန်တော့ တရုတ်ပြည်သို့ သွားရောက်လည်ပတ်ရသော အချိန်ကား တိုတောင်းလှပေသည်။
အကယ်၍ ပီကင်းမှ ဝယ်ယူလာခဲ့သော ချယ်ရီပင်လေး သည်မျက်စိအောက်တွင် မရှိခဲ့ပါမူ တရုတ်ပြည်သို့ သွားရောက် လည်ပ

တရုတ်ပြည်သစ်သို့ ကန်တုန်မှစ၍ ဝင်ခဲ့လေသည်။ ကန်တုန်တွင် နေခြည်သည် ထွေးထွေးနွေးနွေးရှိ၍ ပန်းတို့သည် လည်း လှ
မကြာခင်ပင် ဧည့်ခံသူ မစ်ချန်သည် အခန်းတွင်းသို့ ဝင် လာ၏။
''ဒေါ်ရွှေဇင် ဒီနေ့ဟန်ကောကို ခရီးဆက်ထွက်လို့ဖြစ်မယ် မထင်ဘူး၊ ဟိုမှာ နှင်းတွေသိပ်ကျနေလို့ ရှင်တို့မနက်မှ ထွက်ရ လိမ့်
''ဒီည ရှင်တို့ ဒီမှာနေရင်းနဲ့ ကပွဲကို ကြည့်ရလိမ့်မယ်'' ဟု သူက ထပ်မံ၍ ဆိုပြန်သည်။
''ကောင်းတာပေါ့၊ ကျေးဇူးတင်ပါတယ် မစ်ချန်'' မရွှေဇင် က ပြန်၍ ပြောရင်းစိတ်ထဲမှလည်း ကျေနပ်နေသည်။
ဤ ကပွဲ ပြဇာတ်ခုံပေါ်တွင် တရုတ်ပြည်သစ်ကို မြင်နိုင် ပေလိမ့်မည် မဟုတ်ပါလား။

ကပွဲကြည့်နေစဉ် မစ်ဝမ်ဆိုသူက ဘာသာပြန်၍ ပြောဆို နေလေသည်။

မရွှေဇင်သည် တရုတ်ပြည်သစ်ကို ဇာတ်ခုံပေါ်တွင် ရှာဖွေ ၍ကြည့်သည်။ ကြည့်ရင်း စိတ်ထဲမှလည်း မြန်မာဇာတ်သဘင် များန

ထိုညက လိပ်ပြာဖမ်း၊ လက်ဖက်ခူး ယိမ်းအကနှင့် ပဒုမ္မာ ကြာပန်းအကကို အထူးဂရုထား၍ ကြည့်မိသည်။ ထိုအက နှစ်ခန်းမှ

မြန်မာပရိသတ်ကြည့်ပြီးအချိန်တွင်မှ ထိုကဟန်များကို လေ့လာဆွေးနွေးရသည်မှာလည်း လျော်ကန်သင့်မြတ်လှပေ သည်ဟု မ

''လိပ်ပြာဖမ်း၍ လက်ဖက်ခူး'' သော အကဟန်ကို လေ့လာ ကြပါစို့. . . .။

အချို့သော စာရေးဆရာတို့က ဆိုသည်မှာ ထိုလိပ်ပြာဖမ်း အကသည် တစ်ယောက်အားနှင့်ယှဉ်သော်မရ၊ တစ်သောင်းအား ဖြင့်

မရွှေဇင်ကတော့ ကဟန်ကိုပို၍ လေ့လာသည်။ ငယ်၍ နုပျိုသော အပျိုဖော်လေးများသည် ယပ်တောင်လေး တစ် ချောင်းစီကို လက်

သူတို့မျက်နှာများကို ကြည့်ပါဦး၊ အားလုံးနီနီထွေးထွေးနှင့် ချိုပြုံးနေပါသည်။

ပျော်ပျော်ပါးပါး ပန်းခူးရန် ထွက်လာသော တောအပျိုတို့ လို မျက်နှာများသည် ရွှင်ရွှင်လန်းလန်း ရှိလှသည်။ မိန်းကလေး

မျက်နှာများကား ချိုပြုံးရာမှ တဖြည်းဖြည်း အားတင်း ထားဟန်သို့ ရောက်လာသည်။ လှည့်ပတ် ကခုန်သွားရင်း မိန်း ကလေးတစ်စု

မျက်နှာကလေးများကို အားလုံးမော့ထားကြ၏။ ခြင်း တောင်း လေးကို လက်တစ်ဖက်တွင် ကိုင်၍ လက်တစ်ဖက်မှ ယပ်တောင်

လက်ဖက်ရွက်နုများကိုတွေ့တိုင်း ဆတ်ကနဲ ဆတ်ကနဲ ခူး ကာ ခြင်းတောင်းထဲသို့ ထည့်လိုက်၏။ ထိုနေရာတွင် ဦးခေါင်း သည်

လိပ်ပြာလေးကို တွေ့ကြလေပြီ၊ အပျိုလေးတို့သည် အား ကြိုးမာန်တက် လိပ်ပြာကို ဖမ်းကြ၏။ ဖမ်းကြစဉ်တွင် မိပြီဟု သော

ယပ်တောင်လေးကို ဖွင့်လိုက်သောအခါတွင် လိပ်ပြာလေး မရှိတော့သည်ကို တွေ့သောအခါ မျက်နှာများသည် ကျိတ်မနိုင် ခဲမ

ဤယိမ်းအကတစ်ခုလုံးတွင် ကဟန်နှင့် ဂီတတို့ထက် ယိမ်း ဆရာသည် မျက်နှာပေး၌ ပို၍ ဂရုထားဟန်တူသည်။

ကလေးမလေးတို့၏ မျက်နှာအပြောင်းအလဲနှင့်အတူကြည့်သူတွေကလည်း စိတ်ပြောင်းရသည်။ လိပ်ပြာကို လိုက် အဖမ်းတွင် 

မရွှေဇင်သည် ဤအကဟန်ကို ကြည့်ရင်း သူ့ဌာနီမှ မြန်မာ့ ယိမ်းအကများကို ပြန်လည် သတိရ၏။

မြန်မာ၏ အကဟန်များသည် သတ်မှတ်ထားသော စည်း ကမ်းနှင့် အကွက်များလှလေသည်။ မြန်မာ အတီးအမှုတ်သည် လည်

ချက်ခြင်းဆိုသလိုပင် မျက်နှာပေးကို သတိရသည်။ မြန်မာ ယိမ်းတွင် အကကိုသာ ညီညီကကြသည်။ များသောအားဖြင့် မျက်နှ

ဤမျက်နှာ ဟန်ပန်များကို ပြင်လိုက်လျှင် မြန်မာ့ယိမ်းအက သည်လည်း စိတ်ညွတ်စွဲလမ်းစရာဖြစ်လာပေလိမ့်မည်။

တရုတ်တို့၏ လိပ်ပြာဖမ်းအကတွင် လိပ်ပြာလုပ်သူ သူငယ် လေးသည် အချုပ်ဖြစ်ပေသည်။ ဝါးလို အဖျားညွတ်သော တုတ်တံ

သည် တုတ်တံရင်းကို ကိုင်၍ လိပ်ပြာကိုပျံအောင် လှည့်၍ ပေးရသည်။ တုတ်ဖျားတွင် လိပ်ပြာလေးသည် တဖျတ်ဖျတ် နှင့်

တုတ်တံလေးကို လှည့်ပတ်နေသည်ဟု ထင်ရသော်လည်း သူ့ကဟန်တွင် လိပ်ပြာကို မြေပေါ်တွင် ဝဲ အောင်ကောင်းကင်တွင် အပြေ

မိန်းကလေးတို့ အကဟန်ကမူ ကိုယ်ဟန် လှုပ်ရှားပုံနှင့် မျက်နှာမူယာတို့ကလွဲ၍ မြန်မာယိမ်းအကကဲ့သို့ ညက်ညော ခက်ခဲခြင်း

ဒုတိယ ပဒုမ္မာကြာအကသည် စိတ်ချမ်းငြိမ်းစရာ ကောင်း ပေသည်။ ဤနေရာ၌ ဇာတ်ခုံပြင်သူတို့ကို ပထမချီးမွမ်းလို၏။ သူတို့

ကြာပန်းများသည် ရေမှာပွင့်ကြ၏။ ထို့ကြောင့် နောက်ခံ သည် ပြာသလို စိမ်းသလို ဖြစ်နေသော ရေရောင်ကို နောက်ခံ ထား

ပန်းပွင့်ချင်းသည် မည်သည့် လှုပ်ရှားဟန်နှင့်မျှ မတူအောင် ဖြည်းဆေးသိမ်မွေ့ခြင်းရှိလှသည်။ ထိုသဘာဝကို တွေးတောမိဟန်

မိန်းကလေးတို့သည် ပွင့်ဖတ်လေးများ လှုပ်ရှားလာသလို ဖြည်းညင်းစွာ လှုပ်ရှားလာ၏။ သူတို့ ဝတ်စားဟန်ကလည်း ပန်း

ဆင်ပြင်ထားပေသည်။

ကြာပန်းတို့သည် ကြာရွက်များကြားမှ ပွင့်လာဟန် ဖြစ်ပေ သည်။ ဖြည်းညင်းစွာ ရွေ့လျားသွားကြပုံမှာ တကယ်ပင် ကြာ နွယ်

ဤအကသည် မြေကို ဂုဏ်ပြုသော အကဖြစ်သည်ဟု တစ်ယောက်သော သူက လာ၍ ပြောပေသည်။

သူလည်း ခြေဖျားကို မမြင်ရဘဲ သိမ်မွေ့သောလှုပ်ရှားပုံ ကိုသာ တွေ့ရ၍ စိတ်ထဲတွင် အံ့ဩနေပေသည်။

ကပွဲမှအပြန်တွင် ကန်တုံမြို့တော်ဝန်အား မရွှေဇင်က မေး ကြည့်မိပေသည်။

''သူတို့ခြေထောက်တွေဟာ ဘီးတပ်ထားသလား အောက်မေ့ရတယ်၊ ဖြေးဖြေးလေးသွားတာများ ဘီးလိမ့်သလိုပဲ၊ သိပ် သိမ်မွေ့

မရွှေဇင်က မေးလိုက်သည်။ မစ်ချန်က မရွှေဇင်၏ အမေးကို တရုတ်လိုဘာသာပြန်၍ မြို့တော်ဝန်ကို ပြောလိုက် ၏။ မြို့တော်ဝ

''ဘာ ကိရိယာမှ မပါဘူး။ ခြေဖျားလေးတွေနဲ့ ကြမ်းပြင် ကို ပွတ်ပြီး ရွေ့သွားတာပဲ'' ဟု မစ်ချန်က ပြောပြပေသည်။

ဤနေရာတွင် မြို့တော်ဝန်၏ ဟန်ပန်မလုပ်တတ်သော အမူအယာ အထင်အရှား ပေါ်လာ၍ ဝမ်းသာစရာပင်ဖြစ်ပေ သည်။ ည

ထမင်းစားပွဲကို ကြည့်ရင်း ရန်ကုန်ရှိ တရုတ်တန်းကို မျက်စိ ထဲတွင် ပြေး၍ မြင်လိုက်မိသည်။ မရွှေဇင်တို့နှင့် တရုတ်အစား အ

အိပ်ရာပေါ်တွင် မှေးစက်ရင်း ရန်ကုန်ကို သတိရ၍ နေ သည်။ မန္တလေးပန်တျာကျောင်းမှ မိန်းကလေးတို့ ကပုံကို မြင် ယောင်

''ငါတို့ ဇာတ်ခုံများပေါ်တွင် ပန်းသစ်လေးများ ပွင့်စပြုလာ ပါပကော'' ဟု ဝမ်းသာအားရဖြစ်မိပေသည်။ မျက်လုံးထဲတွင်မြန်မာ

နောက်နေ့မနက်တွင် ပီကင်းကို ခရီးဆက်ထွက်ရန်အတွက် ပြင်ဆင်ရပြန်သည်။

မစ်ချန်သည် မနက်စာ စားရန်အတွက် လာခေါ်ရင်း မရွှေဇင်ကို သေသေချာချာကြည့်သည်။

''ဒေါ်ရွှေဇင့်အဝတ်နဲ့ဆိုရင် ပီကင်းအအေးကို ခံနိုင်လိမ့် မယ်မဟုတ်ဘူး။ ပြီးတော့ ဖိနပ်ကလည်း ရမယ်မထင်ဘူး. . . .''

''ကျေးဇူးပဲ မစ်ချန်၊ ပီကင်းမှာဝတ်ဖို့ အင်္ကျီသတ်သတ် ချုပ်လာပါသေးတယ်. . . .''

မရွှေဇင်သည် လောင်းကုတ်သက္ကလပ်အင်္ကျီအရှည်ကြီးကို အဆင်သင့်ထုတ်၍ ထားရလေသည်။

ပီကင်းအအေးကတော့ သတင်းစကားနှင့်ပင် အတော် ကြောက်စရာကောင်း၍ နေပေပြီ။

သို့သော် ပီကင်းကို တွေ့ရတော့မည်ဆိုသော စိတ်ဇောက ပီကင်းအအေးကို မေ့၍ သွားစေလေသည်။

မနက်စာ စားအပြီးတွင် ကန်တုန်တည်းခိုအိမ်မှ ထွက်လာ ခဲ့လေသည်။ တည်းခိုအိမ်မှ အထွက်တွင် အိမ်ဝ ပန်းခြံထဲမှ ပန်းပွင့်

ဂန္ဓမာပန်းတို့၏ အရိုးတံများကို ဝါးခြမ်းများတွင် ကပ်၍ ချည်ထားကြသည်။ သူတို့ လိုလားသော ကြယ်ပုံသဏ္ဌာန်ရောက် အော

''ဒေါ်ရွှေဇင်ရေ. . . . ပီကင်းမှာတော့ နှင်းခဲတွေ ဖုံးနေလို့ ပန်းတွေပွင့်ကြမှာ မဟုတ်ဘူး'' ဟူ၍ တရုတ်အမျိုးသားမိတ်ဆွေ တစ်ယေ

မရွှေဇင်သည် စိတ်ထဲမှ ပန်းပွင့်လေးများကို နှုတ်ဆက် ခဲ့၏။ အပြန်တွင် သူတို့နှင့် ပြန်လည်တွေ့ဆုံရဦးမည် မဟုတ် ပါလား။

ပီကင်းသို့ မရောက်ခင် ဟန်ကောတွင် ခေတ္တဝင်၍ နား ၏။ ဟန်ကောတွင် မိုးစက်နှင့် နှင်းဖွဲများ ရော၍ ကျနေသည်။ လေက

ပီကင်းသို့ မရောက်ခင်ကပင် ဟန်ကောသည် အအေးရှိန် ကို ကြိုတင်၍ ပြနေလေပြီ။ လမ်းပေါ်တွင် တရုတ်အမျိုးသား များသ

''ကဲ. . . . မရွှေဇင်၊ ပီကင်းမှာ ဘယ်လောက်အေးမယ်ဆိုတာ ခုကတည်းက ပြနေပြီ၊ ဒီမှာ လူတစ်ယောက် လူဖြစ်ဖို့ဟာ

ရောက်လာပြီဆိုရင် မီးသွေးရယ်၊ အဝတ်ရယ်၊ အအေးလုံတဲ့ အိမ်ရယ်မရှိရင် အားလုံးသေကုန်ကြမှာကွယ့်. . . .''

သံအမတ်ကြီး ဦးလှမောင်စကားကို နားထောင်ရင်း မရွှေဇင်က တွေး၏။ ရာသီဥတု၊ လူတို့ လုပ်ကိုင်စားသောက်ပုံ နှင့် ယုံကြည်သက်ဝင်သော နိုင်ငံရေးဝါဒများကို ဆက်စပ်၍ တွေးနေမိသည်။

ပီကင်းဆိုသည်မှာ ဆောင်းပန်းချီကားချပ်များကဲ့သို့ လှပ သော ပန်းချီဆန်သည့်မြို့ပင် ဖြစ်နေလေမည်လား၊ သရဲလက် ကြီးများကဲ့သို့ အေးစက်သော နှင်းခဲများက ဆီး၍ပင် ကြိုနေ မည်လား။

စိတ်ထဲတွင် တထင့်ထင့်တွေးရင်း ပီကင်းလေယာဉ်ကွင်း သို့ ညနေ ၄ နာရီလောက်တွင် ဆိုက်ရောက်လာခဲ့လေသည်။ မရွှေဇင်တို့ ပီကင်း၏ အအေးတွေ့ကြလေပြီ။

ပီကင်း၏ မြေပြင်အားလုံးတွင် နှင်းခဲများဖုံး၍ နေလေ သည်။ အဝေးသို့ မျှော်လိုက်လျှင် အရွက်မဲ့သော သစ်ကိုင်းများ ပေါ်၌ ငွေပွင့်များ ဖွေးဖွေးလှုပ်နေသည်ကို တွေ့ရလေသည်။

လေယာဉ်ကွင်းတွင်မူ အမဲနှင့် အပြာရောင် အနွေးထည် ဝတ်ထားသော လူများကို တစ်ပုံစံထဲ တွေ့ရလေသည်။

ဤမဲပြာသော လူများစုထဲမှာ ရောင်စုံဝတ်၍ ထားသော မြန်မာသံရုံးအဖွဲ့ဝင်များကို တွေ့ရလေသည်။

မရွှေဇင်သည် မိတ်ဆွေများကို လိုက်လံနှုတ်ဆက်ရင်း ခြေထောက်များမှာ ထုံ၍ လာလေသည်။ ရေခဲနှင့်ယှဉ်၍ ပက် သလို လေတိုက်ပုံကလည်း ကြမ်းတမ်းလှသည်။ နေရောင်ကိုမူ မမြင်ရတော့ပေ။

''မရွှေဇင်တို့ ရောက်တဲ့နေ့မှာ ပီကင်းဟာ အအေးဆုံးပါပဲ၊ ဒီနေ့ဆိုရင် သုညအောက် ၁၅ ဒီဂရီရှိပါတယ်. . . .''

ထိုစကားလုံးများကို ကြားကြားချင်း စိတ်ထဲတွင် အံ့သြ သွားလေသည်။ အေးခြင်းကို အံ့သြသည်မဟုတ်ပေ။ တရုတ် အမျိုးသားဝတ်စုံကို ဝတ်ထားသော တရုတ်အမျိုးသမီးတစ်ဦးက မြန်မာလိုပီသစွာ လာပြောခြင်းကြောင့် ဖြစ်ပေသည်။ သူသည် ဝန်ကြီးချုပ်ကတော်ကို စကားပြန်လုပ်ရမည့် မဟုံမှိန်ဖြစ်ပေ သည်။

''မရွှေဇင် ဦးလေးသန့်တို့တော့ ဝန်ကြီးချုပ်လာတဲ့အထိ ဒီလေယာဉ်ပျံကွင်းမှာ စောင့်ရလိမ့်မယ်. . . . ''

ဦးလေးသန့်၏ အသံများသည် တုန်နေသည်။ မရွှေဇင် သည် ဦးလေးသန့်ကိုကြည့်ရင်း စိတ်မကောင်းဖြစ်သွားသည်။ နှာခေါင်းများ ရဲရဲနီ၍ မျက်လုံးများမှာလည်း လေဒဏ်ကို ခံနိုင် ပုံမရပေ။ သူ့အပေါ်အင်္ကျီသည် လန်ဒန်အအေးကိုသာ ကာ ကွယ်နိုင်၍ ပီကင်း၏ အအေးကိုမူ ကာကွယ်နိုင်ပုံ မပေါ်ပေ။

အားလုံးသည် အငြိမ်ရပ်တည်နေ၍မရ၊ ခြေထောက်များ ကို နွေးလာအောင် လှုပ်ရှားနေကြသည်။ မရွှေဇင်ခြေထောက် များသည် တဖြည်းဖြည်းထုံလာကာ ထိ၍ ထိမှန်းမသိတော့ပေ။ ခြေထောက်များ ပြတ်၍ သွားပြီလားဟု ခဏ ခဏ ငုံ့၍ ကြည့် နေမိပေသည်။ နှာခေါင်းကလည်း ရဲရဲနီ၍ မျက်ရည်များက လည်း ခဏခဏ ကျလာသည်။

မကြာခင် ဝန်ကြီးချုပ်လေယာဉ်ပျံရောက်၍လာသည်။
တခဲနက် အော်ဟစ်ကြိုဆိုသော တရုတ်အမျိုးသားတို့ အသံမှာ လေယာဉ်ပျံကွင်းကို ဖုံး၍သွားသည်။

ပီကင်းသားတို့၏ ရင်းနှီးချစ်ခင်သည့် ပူနွေးသော နှလုံး သား အရှိန်ကြောင့် အအေးဒဏ်မှာ အနည်းငယ်လျော့သွား သလို စိတ်ထဲမှာ ထင်ရလေသည်။

တည်းခိုအိမ်သို့ ကားနှင့် သွားရသည်မှာ အိပ်မက်ထဲနှင့် တူလေသည်။ လမ်းများသည် မှေးမှိန်သော အလင်းရောင်တွင် တိတ်ဆိတ်နေသည်။ အရွက်မဲ့သော သစ်ပင်များမှာ အရိုးပြိုင်း ပြိုင်းနှင့် အဖိုးအိုလှုပ်ရှားနေသလို ဆောင်းလေအောက်တွင် တုန် တုန်ခိုက်ခိုက်ဖြစ်၍ နေလေသည်။

တည်းခိုအိမ်သို့ ရောက်ရောက်ချင်း မရွှေဇင်သည် အိပ်ခန်း သို့ ပြေးဝင်၍ အနွေးဓါတ်ပေးရာနေရာတွင် ခြေထောက်များ တင်ထားရသည်။ တစ်နာရီခန့်ကြာမှ ခြေထောက်များမှာ ထိမှန်း နာမှန်းသိ၍လာတော့သည်။ မကြာခင် သားမွှေးများခံချုပ်ထား သော ဖိနပ်ကို လာ၍ပို့၏။

နောက်နေ့များတွင်မူ အိမ်မှ ယူလာသော သိုးမွှေးဘောင်း ဘီ အရှည်အထဲအခံနှင့် သားမွှေးအထဲခံထားသော သားရေ ဖိနပ်ကို စီးရတော့သည်။

ပီကင်းသို့ ရောက်ပြီး နောက်တစ်နေ့တွင် မြန်မာပြည်ကို အထူးသတိရ၏။ရန်ကုန်တွင်မူ နံနက်မိုးလင်းလာလျှင် မရွှေဇင်၏ ရုံးခန်း ၌ သတင်းစာတို့ ပြည့်၍နေသည်။ ဤသတင်းစာတို့ကို ကောက် ၍ ဖတ်လိုက်လျှင် အစိုးရကို ထောက်ခံသည့် သတင်းစာလည်း ရှိ၏။ အစိုးရကို ရစရာမရှိအောင် ဝေဖန်ထားသော သတင်းစာ လည်းပါသည်။ အပြုအားဖြင့် ဝေဖန်သူလည်းရှိ၏။ တမင် အပြစ်ရှာသူလည်းရှိ၏။ သို့သော် ဤကဲ့သို့ အသံအမျိုးမျိုး ထွက်သော သတင်းစာမျိုးစုံကို ဖတ်ရသည်မှာ အရသာတစ်မျိုး ရှိသည်ဟု မရွှေဇင်က ထင်သည်။

ပီကင်းတွင်မူ တရုတ်ဘာသာနှင့် သတင်းစာ ၃–၄ စောင် အပြင် အင်္ဂလိပ်လို ထုတ်ဝေသော ''ပီပေ ဈှတ ႕ နူနရန ဆို သော သတင်းစာ တစ်စောင်ပင် ဖတ်ရလေသည်။

ထိုသတင်းစာကလည်း အစိုးရ ဘာလုပ်သည်၊ ဘာကိုင် သည်ကို ဖော်ပြ၍ အစိုးရလုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်း ''အားလုံးဘဲ ကောင်းပါသည်ခင်ဗျား. . . . '' ဟူ၍ ရေးထားသော စာစောင်သာဖြစ်သည်။

မြန်မာအစိုးရ ပြန်ကြားရေးဌာနမှထုတ်ဝေသော 'ပြည် ထောင်စုသား' ဆန်ဆန်ပင်ဖြစ်ပေသည်။

ပီကင်းတွင် သတင်းစာဖတ်ရသည်မှာ ရင်ထဲတွင် အမှန် ပင် ဟာပေသည်။ ရန်ကုန်မှာ ဆိုလျှင်တော့ မရွှေဇင်သည် သူ ၏ ချစ်လှစွာသော အစိုးရကို အမြဲထောက်ခံ၍ ကောင်းပါ့၊ မှန်ပါ့လုပ်၍ ရေးသားလေ့ရှိသော တချို့သတင်းစာများကို ကြော်ငြာကြီးနှင့်တူ၍ မဖတ်ချင်ခဲ့သော် အပြင်းအထန်ဝေဖန်သော သတင်းစာများကို ရွေး၍ ဖတ်နိုင်၏။

အစိုးရဆိုသည်မှာလည်း ပုထုဇဉ်လူသားတို့ ပါဝင်၍ ဖွဲ့စည်းအပ်သော အာဏာပိုင်အဖွဲ့အစည်းဖြစ်၏။ လူဆိုသည် မှာ မှားကြ၏။ ထို့ကြောင့် လူတို့ပါဝင်သော အစိုးရအဖွဲ့သည် အမှားလည်းရှိပေမည်၊ အမှန်လည်းရှိပေမည်။ အစဉ်ထာဝရ မှန်ကန်ကောင်းမွန်နေသည်ဟူ၍တော့ မဖြစ်နိုင်ပေ။ အကယ်၍ အစိုးရသည်မှားခဲ့သော် ဤအစိုးရကို အာဏာအပ်နှင်းထား သော ပြည်သူလူထုက အပြုသဘောဖြင့် ဝေဖန်လျှင် အစိုးရက လက်ခံရပေမည်။ ပြစ်တင်လျှင်လည်း ပြုံးရွှင်စွာလက်ခံရပေ မည်။

ဤအကွက်သည် ဒီမိုကရေစီ၏ ချစ်ရာကောင်းသော အကွက်ပင်မဟုတ်ပါလား။ ပြစ်တင်သံ၊ ဝေဖန်သံ၊ ထုသံ၊ နှက် သံ၊ ခနဲ့သံ၊ ဆဲသံတို့ဖြင့် ပြည့်နှက်၍နေသော မြန်မာသတင်းစာ ကို နှင်းခဲများအောက်မှနေ၍ လွမ်းမိပေသည်။ မြန်မာ သတင်းစာများ မျက်နှာကိုလည်း မြင်ယောင်လာသည်။

နောင်တော်သတင်းစာဆရာများကို ပိုမိုသတိရသည်မှာ ပီကင်းတွင် ဝန်ကြီးချုပ်သတင်းစာဆရာအစည်းအဝေး လုပ် သည့်နေ့ဖြစ်ပေသည်။

ထိုနေ့တွင် သတင်းစာဆရာ စုံစုံလင်လင် ၄၀ ကျော်၊ ၅၀ နီးပါး တက်ရောက်ကြသည်။ အစည်းအဝေးစကတည်းက မရွှေဇင်သည် ဝင်၍နားထောင်၏။ သတင်းစာဆရာတို့သည် တရုတ်လိုမေး၍ ဘာသာပြန်သူကတစ်ဆင့် ဝန်ကြီးချုပ်သို့ အင်္ဂလိပ်လို ပြောရသည်။

များသောအားဖြင့် မေးခွန်းတို့သည် အရေးမကြီးလှ။ ''ဝန်ကြီးချုပ် ပီကင်းကို ဘယ်လိုထင်ပါသလဲ. . . .'' အစရှိသော စကားစပ်သဘောမျိုး မိတ်ဆက်မျိုးလောက်ပင်ဖြစ်သည်။

ရန်ကုန်တွင် သတင်းစာအစည်းအဝေးကို အမြဲနားထောင် နေရသော မရွှေဇင်အဖို့ စိတ်ထဲတွင် တမျိုးဖြစ်နေပြန်သည်။ အစည်းအဝေးသည် ခဏပင် ကျင်းပ၍ ပြီးဆုံးသွားသည်။

အကယ်၍ မြန်မာသတင်းစာဆရာများကို ဤလိုအစည်း အဝေး၌ ချ၍ ပေးလိုက်ရလျှင် မေးလိုက်ကြမည့်ဖြစ်ခြင်း။ အပ် ကျသည်ကအစ မိုးမီးလောင်သည့်ကိစ္စအထိ ပွင့်လင်းရဲတင်းစွာ မေးကြပေမည်။

''ကျွန်တော့်နာမည်က 'မစ္စတာရန်ကွမ်ချင်းပါ'၊ ဒေါ်ရွှေဇင် အပြင်ထွက်လည်တဲ့အခါ ကျွန်တော်နဲ့အတူ လိုက်ပါခင်ဗျာ''

မစ္စတာရန်သည် အင်္ဂလိပ်လို သွက်လက်စွာ ပြောရင်း မရွှေဇင်ကို မိတ်ဆက်၏။ 'ရန်' သည် လူပျိုကြီးတစ်ယောက်လို ဣန္ဒြေကောင်း၏။ သူ့ခန္ဓာကိုယ်မှာ ကြီးမားထွားကျိုင်းခြင်း မရှိ သော်လည်း ပုညက်သေးကွေးသောလူငယ်တစ်ယောက် မဟုတ် ပေ။ ထူထဲသော မျက်မှန်အောက်မှ သူ့မျက်လုံးများသည် တွေး တောကြံဆတတ်ခြင်းနှင့် ကြင်နာငဲ့ညှာသော နှလုံးသားမှ တန်ပြန်ဟပ်သော အရောင်ဖြင့် တောက်ပ၍နေသည်။ သူ့ နှုတ်ခမ်း၏ ထူထဲသိပ်သည်းပုံမှာ သူ၏ ကြံ့ခိုင်သောစိတ်ဓါတ် နှင့် ကြီးမားသော ဣန္ဒြေကို သရုပ်ဖော်၍နေပေသည်။ အမှတ်တမဲ့ ကြည့်လျှင် စာရေးဆရာ ကိုသန်းဆွေနှင့် 'ရန်' ၏ မျက်နှာမှာ ဆင်ဆင်တူပေသည်။

မရွှေဇင်သည် မှတ်ဉာဏ်နည်းသော မိန်းကလေးပေပဲ၊ ဤ တရုတ်ပြည်တွင် 'ရန်' နှင့် ဘယ်တုန်းက စတင်တွေ့ရှိသည်ဟူ ၍ မမှတ်မိ။ ပီကင်းကိုရောက်မှ 'ရန်' သည် သူ၏ မိတ်ဆွေကြီး တစ်ယောက်ဖြစ်နေမှန်း သတိထားမိပေသည်။

'ချူ' ကတော့ 'ရန်' ထက် အရပ်မြင့်ပေသည်။ 'ရန်' သည် စကားကို ခပ်တည်တည်ပြောသလောက် 'ချူ' ကတော့ ချိုချို ပြုံးပြုံးစကားပြောတတ်၏။ ဖြူ၍ နုသော သူ့မျက်နှာမှာ ကလေး ငယ်တစ်ယောက်၏ မျက်နှာလို အပြစ်ကင်းစင်စွာနှင့် ကြည် ကြည်လင်လင်ရှိပေသည်။ တစ်ခါတရံ ဖုတ်ပြီးစ ပေါင်မုန့်လို ဖြူဖြူနုနုထွေးထွေးလေး ဖြစ်နေပေသည်။ စကားပြောတိုင်း သူ့ ခေါင်းကို ညွှတ်ကာ ညိတ်ကာ ပြောတတ်ပေသည်။

''မစ္စတာချူက အပြင်ကို ထွက်တဲ့အခါမှာ ဦးသန့်တို့၊ ဦးဝင်း ဖေတို့နဲ့အတူ လိုက်ရပါလိမ့်မယ်. . . .''

'ရန်' က ထပ်၍ ပြောလိုက်လျှင် ချူသည် ခေါင်းညိတ်၍ ပြုံပြန်လေသည်။

အမှန်တော့ မြန်မာပြည်ကို ပြန်ရောက်သည့်အချိန်ထိ ဦး လေးသန့်နှင့် ဦးဝင်းဖေတို့ အသည်းစွဲခဲ့သည်မှာ ချူ၏ ချိုမြသော အပြုံးမျက်နှာဖြစ်ပေသည်။

''ဘယ်လိုပဲပြောပြော နိုင်ငံခြားဌာနမှာ ဆက်ဆံရေးဘက် လူငယ်လေးတွေ ခန့်တဲ့နေရာမှာတော့ တရုတ်ပြည်ကို ဘယ်သူ မှ မမှီဘူးကွယ့်'' ဟူ၍ ဦးလေးသန့်က မှတ်ချက်ချပေသည်။

နေရာတစ်ခုတစ်ခုသို့ သွားရောက်လည်ပတ်တိုင်း ' ရန်' သည် သူ့တိုင်းပြည်၏ ယဉ်ကျေးမှု၊ တိုင်းပြည်၏ စိတ်ဓါတ်တို့ကို တိုင်းတပါးသားတို့ မက်မောဖွယ်ဖြစ်အောင် ပြောပြတတ်ပေ သည်။

''အခု ကျွန်တော်သို့သွားမှာက နွေရာသီနန်းတော်ပေါ့ ဒေါ်ရွှေဇင်. . . .''

နွေရာသီစံနန်းတော်သို့ သွားရောက်လည်ပတ်ရင်း စိတ် ထဲတွင် မေးခွန်းများပေါ်လာပြန်သည်။

''ကျေးဇူးတင်ပါတယ် မစ္စတာ 'ရန်' ၊ စကားမစပ် ကျွန်မ မေးခွန်းတစ်ခု မေးပါရစေ၊ အရင်တခါက ကြားလိုက်သလို ရှိ တယ်၊ တရုတ်ပြည်မှ ရှေးဟောင်းစာပေနဲ့ အမှတ်အသားတွေကို မီးရှို့ပစ်တယ်ဆိုတာ ဟုတ်လား 'ရန်'၊ ကျွန်မကတော့ ရှင့်ကို မိတ်ဆွေလို သဘောထားပြီး ပွင့်ပွင့်လင်းလင်းမေးတာနော်. . . .''

'' ကျေးဇူးတင်ပါတယ် ဒေါ်ရွှေဇင်၊ ကျွန်တော်တို့ တရုတ် ပြည်သစ်ရဲ့ သတင်းတွေဟာ အမှန်ရောအမှားရော ကမ္ဘာမှာ လွှင့်နေမှာပါပဲ၊ အမှန်တော့ ဒေါ်ရွှေဇင်ရဲ့မေးခွန်းကို ကျွန်တော့် ပါးစပ်နဲ့ မဖြေလိုပါဘူး၊ ခု နန်းတော်တွေထဲကို လိုက်ကြည့်မယ် ဆိုရင် ကျွန်တော်တို့ဟာ ရှေးဟောင်းအနုပညာတွေကို ဘယ်လို မြတ်နိုးတယ်၊ ဘယ်လိုပြုစားထားတယ်ဆိုတာ သိရမှာဘဲ. . . .''

' ရန် ' ၏ ဖြေဆိုပုံသည် မှန်ပေသည်။ နွေရာသီစံနန်းတော် ဆောင်းရာသီ စံနန်းတော်နှင့် (Temple of Heaven) စသော အဆောက်အဦမှာ တရုတ်တို့၏ယဉ်ကျေးမှုကို သရုပ်ဖော်၍ထားပေသည်။ ထိုအဆောက်အဦများသည် တရုတ်ပြည်၏ ရှေး ဟောင်းယဉ်ကျေးမှုနှင့် ယခုခေတ်ကို ဆက်စပ်ရာပေါင်းကူး တံတားသဖွယ်ဖြစ်ပေသည်။ တရုတ်ပြည်သစ်တွင် အဟောင်းကို လုံးဝမစွန့်ပယ်သေးကြောင်းကိုလည်း ဖေါ်ပြ၍နေပေသည်။ တစ်နည်းအားဖြင့်လည်း နွေရာသီနန်းတော်သည် တရုတ် ဘုရင်မကြီး၏ ကြီးစွာသောဇိမ်ခံခြင်းကို အထောက်အထားပြု၍ နေပေသည်။

ကမ္ဘာကျော်တရုတ်တံတိုင်းကြီးမှာလည်း ရှေးတစ်ခေတ်က တရုတ်ပြည်မကြီးအား ရန်သူတို့ဘေးမှ ကာကွယ်ခဲ့သော်လည်း ယခုအချိန်တွင်မူ ရှေးသူဟောင်းတို့၏ 'ဖွဲ့နှင့်လုပ်အား' အထိမ်း အမှတ်အဖြစ်သာ တည်ရှိပေသည်။ ကာကွယ်ရေးအတွက်ကိုမူ တံတိုင်းကြီးသည် အဓိပ္ပါယ်မရှိတော့ပေ။

တရုတ်တံတိုင်းကြီးမှအပြန် အိပ်ချင်၍ နေသည်။ ပီကင်း ရေဒီယိုမှ သီချင်းသံများသည် ကားထဲတွင် လွှင့်ပျံ့၍နေသည်။ သီချင်းအပြီးတွင် သတင်းနှင့်ဝေဖန်ချက်အခန်းထွက်၍ လာပြန် သည်။

''ဒေါ်ရွှေဇင် အခုပြောနေတာကတော့ ချန်ကေရှိတ်နဲ့ အမေရိကန်ပြည်ထောင်စု လုံခြုံရေးစာချုပ်အကြောင်းကို ဝေဖန် တဲ့အခန်းပေါ့၊ ပီကင်းရေဒီယိုကပြောတယ်၊ ထိုင်ဝမ်ဟာ ရာဇဝင် အရ တရုတ်ပြည်မကြီးထဲမှာ ပါဝင်နေလေတော့၊ နိုင်ငံခြား စစ်တပ်တွေဟာ တရုတ်ပြည်မရဲ့ နယ်မြေပေါ်မှာရှိနေတာကို တရုတ်အမျိုးသားတွေအနေနဲ့ ဘယ်သူမှ လက်ပိုက်ကြည့်မနေနိုင်ဘူး'' တဲ့ 'ရန်'

က ငြိမ်သက်နေရာမှ လှမ်း၍ စကားပြော လိုက်၏

''ဘယ်လိုပဲ ဖြစ်ပါစေ 'ရန်'၊ ကျွန်မတို့ အနေနဲ့ကတော့ ထိုင်ဝမ်ကိစ္စကို အေးအေးဆေးဆေးနဲ့ ဖြေရှင်းနိုင်စေချင်တာ ပဲ. . . .''

''ဟုတ်ပါတယ်၊ ဒါပေမယ့်ဒေါ်ရွှေဇင်တစ်ခုစဉ်းစားကြည့်ပါ။ ထိုင်ဝမ်ပြဿနာဟာ ခင်ဗျားတို့မြန်မာပြည်နယ်စပ်ကို ကျူးကျော် နေတဲ့ ကေအမ်တီပြဿနာနဲ့ အတူတူပါဘဲ. . . .''

''ကျွန်မစိုးရိမ်တာက ထိုင်ဝမ်ကို တကယ်လို့တရုတ်ပြည်မ ကြီးကဝင်ပြီးတိုက်မယ်လို့ဆိုရင် စစ်ကြီးဖြစ်မဲ့ မီးပွါးများဖြစ်မလား လို့ စိုးရိမ်မိတာပါပဲ။ ကျွန်မတို့အနေနဲ့က နေရောင်အောက်မှာ ရှိသမျှလူမျိုးတွေကိုချစ်ခင်ပါတယ်။ ကျူးကျော်သူတွေနဲ့ နယ်ချဲ့ သမားတွေကိုဘဲ မုန်းတယ်. . . .''

''မှန်ပါတယ် ခင်ဗျာ'' 'ရန်' သည် သူ၏ ရေဒီယိုဝေဖန်ချက် ကို ဆက်၍ပြောပြန်သည်။ ''ရေဒီယိုက ဝေဖန်ချက်ကတော့ ထိုင်ဝမ်နဲ့ပေဟူးကျွန်းတို့ဟာ တရုတ်ပြည်မကြီးရဲ့ နယ်နိမိတ် ထဲမှာ ပါဝင်ခဲ့ပါတယ်တဲ့။ ဒီအချက်ကိုလည်းပဲ အင်္ဂလိပ်နဲ့ အမေရိကန်အစိုးရတို့ဟာ ကေရိုနဲ့ပိုစတာဒမ် ကြေညာချက် တုန်းက ဟုန်မှန်တဲ့အကြောင်း ခိုင်ခိုင်လုံလုံ လက်မှတ်ရေးထိုးကြ ပါတယ်။ ပြီးတော့လည်း အမေရိကန်က ပြောတယ်၊ သူတို့ ပြည်ထောင်စုကာကွယ်ရေးအတွက် အမေရိကန်စစ်တပ်များကို ထိုင်ဝမ်ကျွန်းပေါ်မှာ ချထားရပါတယ်။ ချန်ကေရှိတ်နဲ့လဲ စာချုပ်ရပါတယ်လို့ဆိုတယ်။ အဲဒီလို အမေရိကန်က အကြောင်း ပြပုံဟာ ဟစ်တလာ ဩစတြီးယားကို သိမ်းစဉ်ကလည်း သူ့ တိုင်းပြည်ကို ကာကွယ်ရန်အတွက်လို့ဆိုပြီး သိမ်းခဲ့တာဘဲ. . . .''

''အမှန်ကတော့ သူတို့မြေက ကီလိုမီတာပေါင်း ၁၀၀၀၀ ကျော် ကွာဝေးနေတဲ့ တရုတ်ပြည်မကြီးရဲ့ နယ်နိမိတ်ထဲမှာ သူတို့ စစ်တပ်တွေလာချထားတာဟာ ဘယ်နည်းနဲ့မှ ကာကွယ်ရေး အတွက် မဟုတ်နိုင်ပါဘူးတဲ့။ ကျူးကျော်ရန်စရေးအတွက် လှမ်း လိုက်တဲ့ ခြေလှမ်းပါပဲတဲ့။ ပြီးတော့လည်း ဥပမာပြတာက ဒုတိယကမ္ဘာစစ်ကြီးဖြစ်ရတဲ့ ရာဇဝင်ကြောင်းကို ပြန်ကြည့်စေ ချင်တယ်တဲ့။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပေါ်ခင်က ဖက်ဆစ်ဝါဒ ရဲ့ ဆိုးသွမ်းလာမယ့် အခြေအနေကို မြင်ပါရက်နဲ့ ကမ္ဘာ့နိုင်ငံ ကြီးတွေဟာ ဖက်ဆစ်ရဲ့ အကြွင်းအကျန် မီးစ၊ မီးနကို အပြီးတိုင် မသုတ်သင်ခဲ့ဘူးတဲ့။ မြူနစ်မှာ ခြွင်းချန်ထားခဲ့တဲ့အတွက် ဒုတိယ ကမ္ဘာစစ်ကြီးဟာ တစ်ဖန်ပြန်လည်ပြီး ပေါ်လာခဲ့ပါတယ်တဲ့။ ဒါဟာ အင်မတန် ကြောက်စရာကောင်းတဲ့ မြူနစ်ရဲ့ သင်ခန်းစာ ပဲတဲ့။ အခုလည်းပဲ တရုတ်ပြည်မကြီးဟာ တရုတ်ပြည်သူလူထု ရဲ့ လွတ်မြောက်ရေးအချုပ်အခြာအာဏာကို ကာကွယ်ရေး အတွက် ထိုင်ဝမ်ကို လွတ်မြောက်အောင် လုပ်ရပါလိမ့်မယ်တဲ့။ အကယ်၍ ထိုင်ဝမ်မှာ အကြွင်းအကျန်ထားခဲ့ရင် မြူနစ်လိုပဲ ဒုက္ခအကြီးအကျယ်ပေးမယ့် နေရာဖြစ်လာလိမ့်မယ်တဲ့. . . .''

'ရန်' သည် စိတ်ပါလက်ပါနှင့် ရှင်းလင်းပြောပြ၍ နေပေ သည်။ သူ့တိုင်းပြည်အတွက်တော့ အဖိုးတန်သော လူငယ်တစ်ဦး ပင်ဖြစ်ပေသည်။

စကားစပြတ်၍ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်သွားကြ ပြန်သည်။ မရွှေဇင်စိတ်ထဲတွင်တော့ သံသရာ၏ ကျင်လည် ကြပုံကို တွေးရင်း အံ့ဩမိပေသည်။

တစ်ခါကဆိုလျှင် ရုရှားတို့၏ တော်လှန်ရေးကို စိတ်ဝင်စား စွာ ဖတ်ရှုလေ့လာကြသလို အမေရိကန်တို့၏ တော်လှန်ရေး သမိုင်းကိုလည်း ဖတ်ကြရင်း တိုင်းပြည်ချစ်စိတ် တော်လှန်ရေး စိတ်တို့သည် လူငယ်တို့နှလုံးသားတွင် တဖွားဖွားပေါ်ခဲ့လေ သည်။

အင်္ဂလိပ်တို့လက်အောက်တွင် တော်လှန်ရေးကို ကြိုးပမ်း ကြကုန်သော အမေရိကန်သားတို့ကို သွေးရင်း သားရင်းတို့ကဲ့ သို့ပင် ထပ်တူကြင်နာ ချစ်ခင်ခဲ့ကြသည်၊ အမေရိကန်မှ စာအုပ် ဆိုလျှင် မက်မောစွာ ဖတ်ရှုခဲ့ကြသည်။ အမေရိကန်သားတို့ နယ် ပယ်သစ်ထူထောင်ပုံအခန်းများကို ဖတ်ရှုရသည်မှာ မက်မော ဖွယ်ကောင်းသော ဝတ္ထုများကဲ့သို့ လူငယ်တို့ နှလုံးသားတွင် စွဲလမ်းခဲ့ကြရလေသည်။

ယခုတလော ရန်ကုန်တွင် ထပ်တလဲလဲ ထပ်ကာ ထပ်ကာ ပြ၍နေသော For whom the bell tolls'' ရုပ်ရှင် ကားမျိုး ဆိုလျှင် ရုပ်ရှင်၏ အရသာမှာ ကြည့်သူနှလုံးသားကို စိမ့်၍ သွားစေလေသည်။ အမေရိကန်သားတို့သည် ကိုယ့်တိုင်းပြည် လွတ်မြောက်ရေးတွင်မက တိုင်းတပါးသားတို့၏ လွတ်မြောက်ရေးကိုပါ ကယ်တင်ကာကွယ်သူအနေ (ဝါ) 'ကယ်တင်ရှင်' အနေနှင့် ကြည့်ရသူစိတ်တွင် အမေရိကန်ကို ကြည်ညို လေးစား စိတ်ပေါ်လာသည်။သို့သော် ယခုအခါတွင် များသောအားဖြင့် အရှေ့အာရှ တောင်ပိုင်းသားတို့သည် အမေရိကန်ဆိုလျှင် ဘာကြောင့် နှာခေါင်းရှုံ့ကြပါလိမ့်. . . .၊ အမေရိကန် စာအုပ်ဆိုလျှင်လည်း 'ဘိန်း' လိုပင် ကိုင်ရမည်ကို လက်တွန့်ကြရပါလိမ့်. . . .။

For whom the bell tolls}} လို ရုပ်ရှင်ကို ယခု ပြန် ကြည့်လျှင် စိတ်ထဲတွင် ယခင်လို မထိတော့ပေ။ ညာနေတာပါ၊ ဝါဒဖြန့်နေတာပါ. . . .ဟူ၍ စိတ်ထဲမှာ ထင်လာသည်။ အမေရိကန် ၏ ရာဇဝင်ကိုလည်း ပထမကမ္ဘာစစ်အထိမျှသာ ဖတ်လိုစိတ် ရှိလာကြတော့သည်။

အမှန်တော့ 'ချစ်ပါစေကြောင်း' ကို တမင်တကာ ဝါဒဖြန့် ၍ မလုပ်ရဘဲ ယခင်ကကဲ့သို့ အလိုလို ချစ်စိတ်ဝင်နေသော တိုင်းငယ် ပြည်ငယ်တို့၏ ရိုးသောစေတနာကို လက်လွတ်ဆုံးရှုံး ရသည်မှာ အမေရိကန်သားတို့အတွက် ဝမ်းနည်းဖွယ်တစ်ရပ် ပင် ဖြစ်လေသည်ဟု မရွှေဇင်က တွေးမိယေသည်။

တွေးရင်း တွေးရင်း ဝန်ကြီးချုပ်၏ စကားတစ်လုံးကို မဆီ မဆိုင်သွား၍ မရွှေဇင်က တွေးမိပြန်သည်။

''ခုနေအခါတော့ အမေရိကန်ကလည်း တစောင်စောင်၊ ရုရှနဲ့ တရုတ်နီကလည်း တကဲကဲနဲ့ ကမ္ဘာကြီးမှာ ခုပဲထပြီး စစ် ဖြစ်တော့မလို 'မုန်းလုချည်ရဲ့' ဖြစ်နေကြတာပဲ၊ အဲဒီအခါမှာ ငါက အမေရိကန်လူ၊ ငါကတော့ ရုရှလူပဲဆိုပြီး နောက်လိုက် နိုင်ငံတွေနဲ့တချို့ လူတစ်စုက ခါးတောင်းကျိုက်၊ လက်သီးလက် မောင်းတန်း၊ တံတွေး တဖီဖီ ထွေးနေတာကတော့ တော်တော်ရယ်စရာကောင်းတာပဲ။ နိုင်ငံရေးဆိုတာ အပြောင်းအလဲမြန်သား၊ တစ်နေ့ အဲဒီ 'မုန်းလုချည်ရဲ့' ဆိုတဲ့ နိုင်ငံကြီးတွေဟာ 'ချစ်လုချည်ရဲ့' လို့ ဖြစ်လာကြလိမ့်မယ်။ အဲဒီအခါကျမှ နောက် ပိုင်းက ခါးတောင်းကျိုက်ခဲ့တဲ့ အကောင်တွေ၊ တံတွေး ထွေးခဲ့ တဲ့ လူတွေတော့ မျက်နှာပူစရာ ချောက်ကျကြဦးမှာပဲ''

မရွှေဇင်သည် ဝန်ကြီးချုပ် တစ်ခါကပြောခဲ့သော စကား ကို နားထဲတွင် ကြားယောင်လာသည်။ စိတ်ထဲမှာလည်း တစ် ဖြည်းဖြည်း သဘောကျ၍ လာသည်။

ကမ္ဘာ့နိုင်ငံကြီးများ ချစ်လုချည်ရဲ့ ဖြစ်သော အချိန်ကိုသာ ကြည့်လိုပေသည်။ နိုင်ငံငယ်လေးများအဖို့တွင်မူ ဘယ်သူ့ယုံ၍မှ မပုံရဲသော အချိန်ပင်ဖြစ်ပေသည်။

ကားသည် ရေခဲများပျော်၍ စီးနေသော ချောင်းတိမ်လေး ကို ဖြတ်လိုက်ရာ ကားမှာ ငြိမ့်ကနဲ ဖြစ်သွားလေသည်။ အတွေး ရပ်၍ မရွှေဇင် ကြည့်လိုက်ချိန်တွင် 'ရန်' သည် ကားထဲ၌ အိပ် ပျော်၍ နေပေသည်။

ဒီမိုကရက်တစ် တရုတ်အမျိုးသမီး အစည်းအရုံးကြီး၏ လက်ဖက်ရည်ပွဲတွင်မူ တရုတ်အမျိုးသမီးတို့၏ အကြောင်းကို အနည်းငယ်လေ့လာခွင့်ရပေသည်။ တရုတ်အမျိုးသမီးများနှင့် မြန်မာအမျိုးသမီးများသည် အခြေခံအားဖြင့်မတူကြပေ။ တရုတ် အမျိုးသမီးများသည် မြေရှင်ကြီးတို့၏ စနစ်အောက်တွင် လည်းကောင်း၊ ရှေးထုံးစဉ်လာ အယူဝါဒစနစ်အောက်တွင်သော်လည်းကောင်း အမျိုးမျိုးသော ဖိနှိပ်ချုပ်ခြယ်မှုများကို ခံ လာရသူများဖြစ်ကြ၏။ ခေတ်ဟောင်းတွင် တရုတ်အမျိုးသမီး တို့သည် အိမ်ထောင်စုတစ်ခုဝယ် ကျွန်သာသာမျှဖြစ်၍ အမွေ ဆက်ခံပိုင်ခွင့်အရေးများ ဆုံးရှုံးခဲ့ရလေသည်။

ထိုလက်ဖက်ရည်ပွဲတွင်မူ များသောအားဖြင့် စက်ရုံ၊ ကျောင်း၊ ရုံးများမှ အလုပ်သမားအမျိုးသမီးများ၏ ကိုယ်စား လှယ် ၁၅ ယောက်ခန့်ကို တွေ့ရသည်။ ကိုယ်စားလှယ်များသည် သူတို့ရရှိသော အခွင့်အရေးများနှင့် ဘဝဆိုးများမှ လွတ်မြောက် လာပုံကို ရှင်လန်းအားတက်စွာ ပြောပြကြသည်။

ဝန်ကြီးချုပ်ကတော် ဒေါ်မြရီက မြန်မာအမျိုးသမီးများနှင့် အခွင့်အရေး၊ နိုင်ငံရေးကြိုးပမ်းမှုများ၊ လူမှုဝန်ထမ်း ဆောင်ရွက် ရာ လုပ်ငန်းများတွင် မြန်မာအမျိုးသမီးများ မည်ကဲ့သို့ ပါဝင် ဆောင်ရွက်ပုံကို ရှင်းလင်းပြောဆိုပြပေသည်။

အမှန်အတိုင်း ဆိုရမည်ဆိုသော် မြန်မာအမျိုးသမီးများ သည် အခြေခံအားဖြင့် အခွင့်အရေးကို တင်းပြည့် ကျပ်ပြည့် ရရှိလာခဲ့သူများဖြစ်၏။ ဥပမာ အချို့အိမ်ထောင်၏ စီးပွားရေး တွင် မိန်းမက ရှေ့ဆောင်ခြင်း၊ လင် သေလျှင် မယားပိုင်ဆိုင် သော အမွေဆက်ခံပိုင်ခွင့်၊ ပညာသင်ကြားရေးနှင့် အလုပ် လုပ် ရာတွင်လည်း လူတော်လျှင် တော်သလောက် ယောကျ်ားများ နှင့် တန်းတူအခွင့်အရေးရရှိခဲ့ပေသည်။

နောက်တစ်နေ့တွင် ပေဟိုင်း (မြောက်ပင်လယ်) ရှိ ကလေး များဂေဟာသို့ သွားရောက်ကြည့်ရှုခဲ့ပေသည်။ ကလေးများ အား လုံးသည် မရွှေဇင်တို့ကို မြင်သည့်တစ်ပြိုက်နက် အဝတ်အစား များကို ကိုင်တွယ်၍ ကြည့်ကြသည်။ ပါးစပ်ကလည်း တတွတ် တွတ်ပြောဆို၍နေကြသည်။

''သူတို့ ဒီလိုအရောင်စုံ အဝတ်တွေကို မမြင်ဖူးကြဘူး'' ဟု ဆရာမတစ်ယောက်က ပြောပြသည်။ ကလေးများသည်းပုံ သွင်းထားသော အရုပ်ကလေးများနှင့်တူသည်။ အသွေး အရောင် တစ်ပုံစံထဲပင်ဖြစ်ပေသည်။ ကလေးများကို ကြည့်ရင်း မရွှေဇင် ခေါင်းထဲတွင် စိတ်ကူးတစ်ခု ပေါ်၍လာပေသည်။ ကလေးများ ကို မိခင်၏ ရင်ငွေ့အောက်တွင် မကြီးပြင်းစေပဲ တရုတ်ပြည်မှာကဲ့သို့ ကလေးထိန်းကျောင်းများတွင်ထားကာ လိုအပ်သောပုံကို သွင်းပါလျှင် မြန်မာပြည်နှင့် သင့်တော်မည်၊ မသင့်တော်မည်ကို စဉ်းစားနေမိပါသည်။ စဉ်းစားရင်းပင် 'အမေနှင့် မြောက်ပင်လယ်' ဟူသော ဝတ္ထုတစ်ပုဒ်ကို ရေးရန် ခေါင်းထဲ တွင် ပေါ်၍ လာပေသည်။ပီကင်းကို ရောက်ပြီးသည့်နောက် ၁၁ ရက်မြောက်နေ့တွင် ဝန်ကြီးချုပ်သည် ထမင်းစားပွဲတစ်ခုကို ကျင်းပပြုလုပ်ခဲ့လေ သည်။ ထိုထမင်းစားပွဲတွင် ဝန်ကြီးချုပ်၏ မိန့်ခွန်းမှာ လွမ်းစရာ လည်း ကောင်း၏။ ပွင့်ပွင့်လင်းလင်းလည်း ရှိသည်။ စိုးရိမ်စိတ် ကိုလည်း ဖေါ်ပြ၍နေပေသည်။ နိဂုံးချုပ်တွင်မူ ငြိမ်းချမ်းရေးတွင် သူ့စကားကို အဆုံးသတ်လေသည်။

''အဆွေတော်ဝန်ကြီးချုပ် ချောင် ခင်ဗျား. . . .၊ သန်ဘက်ခါဆိုရင် ပီကင်းမြို့တော်ကြီးက ကျွန်တော်နဲ့ ကျွန်တော်ရဲ့အဖွဲ့ဝင် များ ထွက်ခွာရပါတော့မယ်။ အဲဒီ့အတွက် အရေးကြီးတဲ့စကား တစ်ခုကို ကျွန်တော် ပြောကြားလိုပါတယ်။

''အဆွေတို့နဲ့ ကျွန်တော် ရန်ကုန်မှာ ပထမဆုံးအကြိမ်တွေ့ စကတည်းကစပြီး ယနေ့အထိ အဆွေတော်နဲ့တွေ့တိုင်း တခြား စကားများအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကျွန်တော်တို့ နိုင်ငံရဲ့ ပြည်တွင်းရေးထဲမှာ ဝင်ရောက်စွက်ဖက်မှာကို တစ်ခါတုန်းက အလွန်စိုးရိမ်ခဲ့မိကြောင်း မကြာခဏ ပြောကြားခဲ့ပါတယ်။ ဒီလို
ပြောခဲ့ဖူးတာကို အဆွေတော်လဲ ကောင်းကောင်းမှတ်မိပါလိမ့် မယ်။ အမှန်အတိုင်းရိုးရိုးသားသားပြောရလျှင် ကျွန်တော်တို့ရဲ့ စိုးရိမ်မှုကိုသာ ပြောပြီး ဒီနေရာမှာပဲရပ်ထားရင် ကျွန်တော်တို့ တရားရာ ရောက်မည်မဟုတ်ပါ။ တစ်ဖက်စီးနင်းဖြစ်မှု၊ မတရားမှု များကို ကျွန်တော်အလွန် စက်ဆုပ်ပါတယ်။ အဲဒီတော့ ကျွန်တော့် ကိုယ်ကို ခင်ဗျားနေရာမှာထားပြီး ကျွန်တော့်ကိုယ်ကို ကျွန်တော် မေးခွန်းတခု ပြန်မေးပါတယ်. . . .''

''မိတ်ဆွေကြီးဦးနု. . . . ၊ ခင်ဗျားတို့ရဲ့ စိုးရိမ်ချက်တွေကိုတော့ ကျွန်တော် ကြားရပြီးပါပြီ။ ကျွန်တော်တို့ရဲ့ နိုင်ငံတွင်းမှာ ခင်ဗျား တို့က ဝင်ရောက်စွက်ဖက်မှာကိုကော ကျွန်တော်တို့ မစိုးရိမ်ရ ဘူးလား. . . .''

''အဲဒီ မေးခွန်းကို ကျွန်တော့်ကိုယ်ကို ကျွန်တော်မေးပြီး ကျွန်တော်ပဲပြန်ဖြေပါ့မယ်။ ကျွန်တော်တို့နိုင်ငံ သက်သက်သာဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ပြည်တွင်းရေးထဲမှာ ဘယ်နည်း
နဲ့မှ မစွက်ဖက်နိုင်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ နိုင်ငံဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ လက်ကိုင်တုတ် အလုပ်ခံလိုက်ရင်တော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးအတွင်းမှာ အများကြီးဝင်ရောက် စွက်ဖက်နိုင်တယ်။ ကျွန်တော်တို့ကိုယ်ကို ကျွန်တော်တို့ လက်ကိုင်တုတ်အလုပ်ခံပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးကို တိုက်ခိုက်ဖို့ အတွက် လေတပ်၊ ရေတပ်၊ ကုန်းတပ် စခန်းတွေ ပေးမယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စစ်မဲ့အတွက် သော့ချက်ဖြစ်မယ့်နေရာ တွေ အမြောက်အများရှိပါတယ်။ ဒီစခန်းတွေအပြင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတော်အတွင်းကို ရန်သူ၊ သူလျှိုတွေ၊ ရန်သူအဖျက် သမားတွေ စေလွှတ်ဖို့အခွင့်အရေး ကောင်းတွေကိုလဲ အများကြီးပေးနိုင်ပါသေးတယ်. . . .''

ဝန်ကြီးချုပ်သည် သူ့စိုးရိမ်စိတ်ကို ဤစကားနှင့် စချီ၍ ဖဆပလ အစိုးရအဖွဲ့သည် မည်သူ၏ လက်ကိုင်တုတ်မှ မဖြစ်နိုင် သည့် အကြောင်း၊ လက်ကိုင်တုတ်ဆိုသည်မှာ ကိုယ်သဏ္ဍာန် မှာ လူ၏ကိုယ်သဏ္ဍာန်ဖြစ်၍ စိတ်ဓါတ်မှာ တိရစ္ဆာန်စိတ်ဓါတ် ဖြစ်ကြောင်း၊ လက်ကိုင်တုတ်သည် ပင်ကိုယ်ဉာဏ်မရှိ၍ သခင့် အသံကိုသာ ပြန်၍ဟစ်တတ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့သည် သူများ လက်ကိုင်တုတ် အဖြစ်မခံဘူးဆိုသည့် အကြောင်းကို ကတိပေးပြောဆိုလေသည်။

နိဂုံးချုပ်တွင်မူ ဝန်ကြီးချုပ်၏ မိန့်ခွန်းသည် ငြိမ်းချမ်းရေးသို့ သယ်ယူ၍သွားလေသည်။ သူသည် ကမ္ဘာငြိမ်းချမ်းရေးကို လိုလား
သည့်အကြောင်း၊ လောလောဆယ်ဆယ်အားဖြင့် အရှေ့တောင် အာရှတွင်တင်းမာမှုများ လျှော့ပါး၍ ပြဿနာရပ်များကို ငြိမ်း ချမ်းစွာ ဖြေရှင်းစေလိုကြောင်းနှင့် သူသည်ပေါက်ကွဲတော့မည့် ဆဲဆဲဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် တရုတ်ပြည်သစ် တို့၏ ယမ်းအိုးကြီးများကြားတွင် သူ၏ ငြိမ်းချမ်းရေးကြေးစည်သံ ကို တီးခတ်လိုက်လေသည်။ ဒီနိုင်ငံနှစ်နိုင်ငံစလုံးဟာ ဆိုးတဲ့ နိုင်ငံတွေ မဟုတ်ပါဘူး။ နိုင်ငံရေးစနစ်ကတော့ ကိုယ်ကြိုက်ရာ ကိုယ်ယုံကြည်ကြပေါ့၊ ကိုယ့်နိုင်ငံက လူအများစုက လက်ခံနိုင် တဲ့ နိုင်ငံရေးစနစ်ဟာ ကိုယ့်နိုင်ငံအတွက် အကောင်းဆုံးပေါ့။

''လူမျိုးအနေနဲ့ ပြောရရင် အမေရိကန်တွေဆိုရင်လည်း သူတို့တွေဟာ အလွန်သဒ္ဓါတရားရှိကြတယ်။ လက်မှုစက်မှုတွေ မှာ ဆိုရင်လည်း ဒီကမ္ဘာစစ်ကြီးကို အလွန်သာယာစည်ပင် ဝပြောတဲ့ ကမ္ဘာကြီးဖြစ်အောင် လုပ်ပေးနိုင်တဲ့အထိ တိုးတက် နေကြတယ်. . . .''

''တရုတ်အမျိုးသားတွေဆိုရင်လည်း အလွန်သဒ္ဓါတရားရှိ ကြတယ်၊ အခြားကမ္ဘာသူ ကမ္ဘာသားတွေ အရိုင်းအစိုင်းဘဝမှာ ရှိနေသေးတဲ့အခါမှာ သူတို့ရဲ့ ယဉ်ကျေးမှုအဆင့်အတန်းဟာ အင်မတန် မြင့်မားတဲ့အခြေအနေကို ရောက်ခဲ့တဲ့လူမျိုးတွေ ဖြစ်တယ်. . . .''

''အဲဒါကြောင့်လည်း ဒီအမေရိကန်တွေနဲ့ တရုတ်တွေကို ကျွန်တော်တို့က အများကြီးလည်းချစ်တယ်၊ အများကြီးလည်း လေးစားတယ်။ တရုတ်တွေကိုတော့ ဘဝတူချင်း အိမ်နီးချင်းမို့ ပိုပြီးတော့တောင် မေတ္တာရှိသေးတယ်. . . .''

''အဲဒီလို ကျွန်တော်တို့ ချစ်ကြည်ညိုတဲ့ လူမျိုးနှစ်မျိုးဟာ တစ်ယောက်နဲ့ တစ်ယောက် ဝါးစားမတတ် ရန်ထောင်နေတာ ကို မလိုချင်ဘူး၊ ကျွန်တော်တို့ဟာ နှစ်ဦးစလုံးရဲ့ မိတ်ဆွေအဖြစ် နဲ့ သင့်မြတ်တာကို လိုချင်တယ်။ အဲဒီတော့ အမေရိကန်ပြည် ထောင်စုနဲ့ တရုတ်ပြည်သူ့သမ္မတနှစ်နိုင်ငံဟာ အမြန်ဆုံးနား လည်မှုရရှိအောင် ကျွန်တော် တတ်စွမ်းသ၍ အင်အားရှိသ၍ အစွမ်းကုန်ကြိုးစားပါ့မယ်ဆိုတာကိုလည်း အခုလို အခွင့်ကောင်း ရတဲ့အခါမှာ ကျွန်တော့်မိတ်ဆွေဝန်ကြီးချုပ် ချောင်အား ကျွန် တော်ကတိပေးပါတယ်. . . .''

မေတ္တာလှိုင်းသံတို့ဖြင့် ပြည့်၍နေသော ဝန်ကြီးချုပ်အသံ သည် ညစာစားနေသော ခန်းမကြီးကို ဖုံးလွှမ်း၍ သွားသည်။ တရုတ်အမျိုးသားများ၏ မျက်နှာများသည် တစ်စုံတစ်ခု ထူးခြား နေသလိုဖြစ်နေလေသည်။

ထိုညစာစားပွဲတွင် မြန်မာသံရုံးအဖွဲ့ဝင်များနှင့် ဝန်ကြီးချုပ် အဖွဲ့သားများက ဧည့်ခံရသောပွဲ ဖြစ်ပေသည်။ မရွှေဇင်သည် တစ်ဝိုင်းတည်းထိုင်နေသော တရုတ်အမျိုးသမီးအလုပ်သမား များနှင့် မစ္စတာချူတို့အား ဘဲသားများကို လှီးဖြတ်၍ ထည့်ပေး ရသည်။ အစားအစာများကို ဂရုစိုက်ကျွေးမွေးရသည်။ ဤနေ့ မှာ အမျိုးသမီးတို့နှင့် နောက်ဆုံး တွေ့ဆုံရသောနေ့ဖြစ်၏။

ထိုညနှင့် မြို့တော်ဝန်ပေးသော ညစာ စားပွဲမှလွဲ၍ တရုတ် အမျိုးသမီးအမြောက်အမြား တက်ရောက်သည့်ပွဲကို မတွေ့ ရပေ။ပီကင်းမှ ထွက်ခွာကြရပေတော့မည်။

လေယာဉ်ပျံကွင်းကို သွားရာလမ်းတလျှောက်တွင် အ ဆောက်အဦသစ်များသည် တစ်ရစ်ပြီးတစ်ရစ် မြင့်မား၍ လာ သည်။ မှိုပွင့်များ ပွင့်လာသလို လျင်မြန်စွာ တိုးတက်လာပေ သည်။

တရုတ်အမျိုးသားတို့သည် လူထုအားဖြင့် သူတို့ပြည်သစ် အား ထူထောင်လျက်ရှိကြသည်။ ကြပ်မတ်၍ တင်းမာသော စည်းကမ်းအောက်တွင် သူတို့သည် လှပသန့်ရှင်းသော ပီကင်း မြို့တော်သစ်ကို တည်ဆောက်နေကြသည်။

သူတို့နည်းနှင့်သူတို့ ပြည်သစ်ကို တည်ဆောက်ရာတွင် ''အခက်အခဲများအားလုံးကို လွတ်မြောက်အောင်မြင်နိုင်ပါစေ'' ဟူ၍ မရွှေဇင်က စိတ်ထဲတွင် ဆုတောင်းမိပေသည်။

''ဒေါ်ရွှေဇင်ရယ်၊ ကျွန်တော်တော့ မြန်မာပြည်ကို လိုက်ပြီး မုန့်ဟင်းခါးစားချင်တယ်. . . .''

ဝန်ကြီးချုပ်၏ စကားပြန် ကိုအေးသည် မြန်မာလို ပီသစွာ လာ၍ပြော၏။ သူသည် မြန်မာပြည်တွင် ကြာမြင့်စွာ နေလာ၍ မြန်မာ့အစားအစာများကို နှစ်သက်အောက်မေ့ဟန် တူပေ သည်။ မြန်မာသံရုံးအဖွဲ့ဝင်များကို နှုတ်ဆက်ရင်း စိတ်ထဲမှာ လေး၍ လာသည်။ နွေးသောနေခြည်တို့ဖြင့် တောက်ပနေသည့် ကိုယ့်တိုင်းပြည်ကို ပြန်ရမည့် မရွှေဇင့်မျက်လုံးများမှာ တောက်ပ နေသလောက် သူတို့ မျက်လုံးများက မှုန်ရီ၍ နေပေသည်။ လေများက အေးစက်စက်တိုက်ခတ်မြဲပင်ဖြစ်၍ နှင်းခဲများက လည်း အရည်မပျော်သေးပေ။ ဤအတွေ့များကို အမြဲမြင်ရလေလေ၊ မြန်မာပြည်မှ နေခြည်များကို အောက်မေ့ကြမည်မှာ မလွဲပေ။

''ကျွန်မတို့အတွက် ဒေါ်ရွှေဇင် မုန့်ဟင်းခါးပိုစားလိုက်ပါ'' ဟူ၍ သံရုံးသူတစ်ယောက်က ဆိုပြန်သည်။ မုန့်ဟင်းခါးသည် နိုင်ငံခြားရောက်သူတို့အဖို့ လွမ်းဆွတ်အောက်မေ့စရာ မုန့်တစ်ခု ပါလား။

တရုတ်အမျိုးသား မိတ်ဆွေများကို လိုက်၍ နှုတ်ဆက်ရ ပြန်သည်။

''ကဲ. . . . ဒေါ်ရွှေဇင်ရေ. . . . သွားပေတော့. . . .'' ဟု 'ရန်' က နှုတ်ဆက်ရင်းဆိုသည်။

''မြန်မာပြည်ကို ပြန်ရောက်ရင် ကျွန်တော်တို့ ဘယ်လို ပြုစု တယ်ဆိုတာတွေကို ခင်ဗျားရဲ့ မိတ်ဆွေတွေကို ပြောပြပါနော် ကျွန်တော်တို့ကိုလဲ မမေ့ပါနဲ့'' ဟု မစ္စတာချူက ချိုချိုပြုံးပြုံးနှင့် လာ၍ ပြောပြန်သည်။

''ကျွန်မတို့ တရုတ်ပြည်မှာ နေစဉ်အတွင်း ရှင်တို့ပြုစုစောင့် ရှောက်ပုံတွေ၊ ရှင်တို့ရဲ့ ကြင်နာစိတ်တွေကို ကျွန်မ ဘယ်တော့ မှ မမေ့ပါဘူး'' ဟူ၍ မရွှေဇင်က 'ရန်' နှင့် ချူတို့ကို ပြန်၍ ပြောလိုက်သည်။

လေယာဉ်ပျံဘက်သို့ ခြေဦးလှည့်လိုက်ရသည်။ စိတ်ထဲတွင် ပီကင်းမြေပေါ်၌ ကျန်ရစ်သူအားလုံးအား ဆောင်းအခါတွင် လက်ဆောင်တစ်ခုပေးချင်သည်။ ထိုလက်ဆောင်မှာ မြန်မာ ပြည်ရှိ ပူနွေးသောနေခြည်ပင် ဖြစ်ပေသည်။

ဝန်ကြီးချုပ်သည် လေယာဉ်တံခါးဝမှနေ၍ တရုတ်အမျိုး သားများအား လက်ဝှေ့ရမ်း၍ နှုတ်ဆက်နေသည်။ သူ၏ တရုတ် မြန်မာချစ်ကြည်ရေးအဖွဲ့သည် တရုတ်မြန်မာ နှစ်ပြည် ထောင် ချစ်ကြည်မှုတွင်မက ကမ္ဘာ့ငြိမ်းချမ်းရေးကိုပါ ဖန်တီး နိုင်ပါစေဟူ၍ မရွှေဇင်က စိတ်ထဲက ဆုတောင်းမိပေသည်။

လေယာဉ်ပျံသည် မြေမှ ခွာစပြုလေသည်။ မြေပြင်ပေါ်ရှိ လူအားလုံးကို မှုန်မှုန်မွှားမွှားသာ မြင်ရတော့သည်။ စိတ်ထဲမှာ လေး၍ တင်းကြပ်ကြပ်ဖြစ်လာသောကြောင့် အသာမှိန်း၍ နေ လိုက်မိသည်။

မျက်စိထဲတွင် ကလေးများ၊ ၎င်းပြင် ဝါးခြမ်းများကပ်၍ ချည်ထားသော ကန်တုန်ရှိ ဂန္ဓာပန်းများသည် တစ်လှည့်စီ ပေါ် လာသည်။ သတင်းစာဆရာများနှင့် အမျိုးသမီးများကိုလည်း ပန်းတို့၏ နောက်တွင် မြင်ယောင်လာသည်။

ဤတိုင်းပြည်သည် ပန်းတိုင်းပွင့်ကြသည်မှာတော့ မှန်ပေ သည်။

သို့သော် ဝါးခြမ်းတွင်ကပ်၍ ကြိုက်ရာပုံဖော်ခြင်းကို ပန်း လေးတို့ မခံရလျှင် သဘာဝအတိုင်း ပွင့်လန်းလှပပေလိမ့်မည် ဟု စိတ်ထဲတွင် ထင်မြင်မိပေသည်။ တရုတ်ပြည်သစ်ကြီး၏ ပန်းခြံအထွက်တွင်မူ ဤကဲ့သို့ ပုံဖော်ခြင်းသည်ပင် ယနေ့အဖို့ သူ့ခြံနှင့်သူ့ပန်း ပန်ရ၍ပင် ဖြစ်ပေသည်။

နှင်းခဲများဖုံးနေသော မြေပြင်ကို နှုတ်ဆက်၍ ပူနွေးသော နေခြည်များ မြူးတူးရာ မြေပြင်ဆီသို့ ရှေ့ရှုခဲ့ပါသည်။

ခင်နှင်းယု
၁၉၉၅ ခုနှစ်၊ ဇွန်–ဇူလိုင်(မြဝတီ)

နိုင်းမြစ်ပေါ်မှာ ဆည်းဆာချိန်

နိုင်းမြစ်ရှိရာသို့ ကျွန်မသွားသောအချိန်မှာ ဆည်းဆာချိန် ဖြစ်သည်ကို မသွားခင်ကပင် ကျွန်မ သိရှိခဲ့ပေသည်။ သို့သော် ဤဆည်းဆားချိန်သည် ညဥ့်အမှောင်သို့ မကူးပြောင်းခင်ကြား ကာလ ဆည်းဆာချိန်ပင်လော၊ ကြည်လင်တောက်ပသော နေ ရောင်ခြည်ဖြင့် အားသစ်တက်ဖွယ်ကောင်းသော နံနက်ခင်းသို့ ကူးပြောင်းမည့်ဆည်းဆာချိန်ပင်လော ဆိုသည်ကို ကျွန်မ မဝေ ခွဲတတ်ပေ။

နေရောင်ခြည်သည် ဝိုးတိုးဝါးတား လင်းနေဆဲဖြစ်၍ ကျွန်မသည် အားသစ်တက်နေပေသည်။ ဤနေရောင်ခြည် အောက်တွင် ကျွန်မတို့ အာရှ၊ အာဖရိကတိုက်မှာ စာရေးဆရာ တို့ တွေ့ဆုံကြရပေသည်။ ကျွန်မတို့ အသည်းနှလုံးတွင် ပွင့်ကြ သော ပန်းများကို ပွင့်လင်းစွာ ကြည့်ရှုခွင့်ရကြပေမည်။ လဲလှယ် ခွင့် မြတ်နိုးစွာပေးနိုင်ခွင့်ရပေလိမ့်မည်ဟု ကျွန်မယုံကြည်ခဲ့၏။

ကျွန်မတို့၏ ဘိုးဘွားပိုင် ရင့်ကျက်ပြီးဖြစ်သည့် ယဉ်ကျေးမှု များအကြောင်းကိုလည်း နှီးနှောဖလှယ်ခွင့် ရရှိပေလိမ့်မည်ဟု ကျွန်မမျှော်ကိုးခဲ့၏။ ကျွန်မသည် ချစ်မိလျှင် အသည်းစွဲတတ်သူဖြစ်ပေရာ လွန် ခဲ့သော ၅ နှစ်ခန့်ကပင် နိုင်းမြစ်ကို မမြင်ဖူးဘဲနှင့် ချစ်နေသည်။ ရှေးဟောင်းအီဂျစ်ကို Egyptain ခေါ် (အီဂျစ်မြို့သားကြီး) ဝတ္ထုကို ဖတ်ပြီးကတည်းက မျက်စိထဲတွင်မြင်နေသည်။ အိပ် မက်မက်နေသည်။ တစ်နေ့သော် အီဂျစ်ပြည်ကြီးကို မျက်ဝါး ထင်ထင် မြင်ရပေမည်ဟု ပြင်းစွာယုံကြည်ခဲ့သည်။

ဝတ္ထုထဲတွင် ဇာတ်လိုက်သမားတော်ကြီး ဆီနူးသည် နိုင်း မြစ်ကမ်းပါးတွင် မွေးဖွားလာသူဖြစ်၏။ သူသည် မွေးစကတည်း က နိုင်းမြစ်ရေတွင် မျောပါလာခဲ့သူဖြစ်သည်။ အရွယ်ရောက် ပြန်တော့လည်း နိုင်းမြစ်ပေါ်တွင် ရေပန်းများတဖွားဖွားတက် အောင် လော်ခတ်သွားသော အီဂျစ်လှေကြီးများကိုကြည့်ကာ သူသည် အားတက်သည့်အခါလည်း တက်ခဲ့၏။ ဝမ်းနည်းသည့် အခါလည်း နည်းခဲ့သည်။

သို့သော် ဝတ္ထုဆုံးကာနီးတွင်မူ သူ့တိုင်းပြည်အခြေအနေ ကြည့်ကာ သူစိတ်ပျက်ခဲ့ဟန်တူသည်။ ''နေဝင်ချိန်ကို ကြည့်ဖို့ သူမွေးဖွားခဲ့ပါတကား'' ဟူသော သူ၏ ညည်းညူသံကို ကျွန်မ မမေ့ပေ။

သူ၏ ယုံကြည်ချက်ကို မစွန့်လွှတ်သောကြောင့် ဘုရင်က သူ့ကို နယ်နှင်ဒဏ်ပေးခဲ့သည်။ သူ့ကို ပေးအပ်သော ရာထူးကို ပင်မယူ၊ အားလုံးကို စွန့်လွှတ်ကာ နယ်နှင်ဒဏ်ပေးရာသို့ ထွက် ခွာသွားခဲ့သည်။ ဇာတ်လိုက်ကြီး ပါဝင်သောအကွက်တို့တွင် အီဂျစ်တို့၏ ဖွဲ့၊ သတ္တိ၊ ယုံကြည်မှုတို့ကို ခပ်စေ့စေ့လေးပေါ် အောင် ဆီနူးသည် ဖော်ပြသွားခဲ့သည်။

ယခုသော် ကျွန်မအိပ်မက်ထဲတွင် တမ်းတသော ဆီနူး၊ တစ်ခါက စိတ်ကူးယဉ်ခဲ့သည့် နိုင်းမြစ်ကို ကျွန်မ မျက်ဝါးထင် ထင် မြင်ရပေပြီ။ သို့သော် နိုင်းမြစ်ကမ်းပါးသည် ရှေးဟောင်း အီဂျစ်မဟုတ်တော့၊ အာရပ် ပြည်ထောင်စုအဖြစ် အမည်ပြောင်း ထားသော ခေတ်သစ်အီဂျစ်ဖြစ်၍ နေပေပြီ။

ကျွန်မ အားတက်သရော မျှော်လင့်တမ်းတခဲ့သော အာရှ အာဖရိကမှ စာရေးဆရာများကိုလည်း တွေ့ရပေပြီ။

ကျွန်မသည် အသည်းနှလုံး၏ လွတ်လပ်ခွင့်ကို မြတ်နိုးသူ ဖြစ်ပါ၏။ မသွားခင် အကိုကြီးဖြစ်သူကို တိုင်ပင်စဉ်က ''သွားဖို့ တော့ ကောင်းပါတယ်၊ စရိတ်အတွက် အစိုးရဆီကလည်း မယူ ရင် ကောင်းမယ်၊ သံရုံးတွေရဲ့ အထောက်အပံ့ကိုလည်း မယူရင် ကောင်းမယ်၊ ဒါမှလည်း ကိုယ့်ယုံကြည်ချက်ကို ပွင့်ပွင့်လင်းလင်း တင်ပြနိုင်မှာ. . . . ''

ကျွန်မသည် သူ့ဆိုလိုချက်ကို သဘောတူညီသည့်အတိုင်း ကိုယ့်စရိတ်နှင့်ကိုယ် လာခဲ့သူဖြစ်ပေသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အာရှအာဖရိက စာရေးဆရာညီလာခံကို စခဲ့ပေ ပြီ။ ၁၂ ရက်၊ ၁၃ ရက်၊ ၂ ရက်လုံးလုံးလိုလို သက်ဆိုင်ရာ တိုင်းပြည်မှ ဝန်ကြီးချုပ်များ၏ သဝဏ်လွှာကို ဖတ်ရှုခြင်း၊ တိုင်းပြည်အသီးသီးမှ ကိုယ်စားလှယ်ခေါင်းဆောင်များ၏ အစီရင်ခံ စာကို ဖတ်ပြကြခြင်းဖြင့် အချိန်ကုန်ခဲ့သည်။

အစီရင်ခံစာများ ဖတ်ကြကတည်းက ဤကွန်ဖရင့်ကြီးကို ကျွန်မစိတ်ထဲ တစ်မျိုးမြင်လာသည်။ တစ်စုံတစ်ခုသော အရိပ် ကြီးသည် အစည်းအဝေးခန်းမပေါ် မိုးနေသလို စိတ်ထဲမှာ ထင် မိ၏။ ကျွန်မ ဖြစ်နေကျအတိုင်း အသက်ရှုကြပ်လာလေသည်။

သက်ဆိုင်ရာတိုင်းပြည်များမှ ဝန်ကြီးချုပ်များ၏ သဝဏ်လွှာများကမူ ငြိမ်းချမ်းရေးကို မျှော်လင့်ကြီးစွာ အရင်းခံထား၍ သဝဏ်လွှာပါးကြပေသည်။

ဤကွန်ဖရင့်ကြီးသည် ငြိမ်းချမ်းရေးပန်းတိုင်သို့သွားရာ မီးရှူးတန်ဆောင်သဖွယ် ဖြစ်ပါစေဟု ဆုတောင်းကြ၏။ ကျွန်မ ကား ဤဆုတောင်းသဝဏ်လွှာကို နားထောင်ရင်း ပြုံးမိ၏။

မြန်မာပြည်မှ စာရေးဆရာကိုယ်စားလှယ်များသည် စုစု ပေါင်း သွားသည်မှ ၃ ယောက်သာဖြစ်၏။ ဘာမှလည်း မသွား ခင် တွေ့ဆုံတိုင်ပင်သွားခြင်းမရှိ၊ ကျွန်မကိုယ်တိုင်ကလည်း ဤ ကွန်ဖရင့်များကို အတွေ့အကြုံမရှိ၊ ပထမဆုံး တွေ့ဖူးသူဖြစ် သည်။

ပထမ ၂ ရက်ပြီးသည့်နောက် ကော်မတီများ ခွဲထိုင်ရာတွင် ကျွန်မအား တတိယကော်မတီဖြစ်သည့် The revaluation of the History of Afro-asion Peoples and culture တွင် ဝင် ရောက်ဆွေးနွေးဖို့ ဖြစ်သည်။ သို့သော် ဆရာဇဝနက အတိ အကျ ညွှန်ကြားထားခြင်းမှု

မရှိပေ။ ဝင်ရောက်ဆွေးနွေး လိုကလည်း ဆွေးနွေး၊ မဆွေးနွေးလိုကလည်း နေနိုင်ပါသည် ဟုဆို၏။ ကျွန်မ ပြင်ဆင်လာသော အဆိုလွှာကိုပင် တင်ပြ ဟူ၍လည်းမပြော၊ မတင်ပြနှင့်ဟူ၍လည်း မပြောပေ။

သို့သော် အစည်းအဝေးထိုင်စဉ်တွင်မူ တခြားတိုင်းပြည် အသီးသီးက အဆိုလွှာများ တင်ပြလာပါလျက် ကျွန်မတို့ မြန်မာ ပြည်မှာ ဘာမှ ကြိုတင်ပြင်ဆင်မှုမရှိလာသည်ကို ကျွန်မရင်ထဲ တွင် ကသိကအောက် ဖြစ်မိပေသည်။ သို့သော် သူတို့အချင်း ချင်း စကားများနေစဉ် တခြားတိုင်းပြည်မှ တင်လာသော အဆို များကို ကျွန်မ ကမန်းကတန်းဖတ်၏။ အစည်းအဝေးခန်းကား ကျွက်ကျွက်ညံ၍ နေလေသည်။ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ရွေး ချယ်၍ပင် ဤအစည်းအဝေးကို ထိုင်မည်လော၊ အတွင်းရေးမှူး တစ်ယောက်ပင် ရွေးချယ်၍ သူ့အား ကူညီမည့်သူတစ်ယောက် တွဲဖက်ရွေးချယ်ကာ အစည်းအဝေးထိုင်မည်လော။ ထိုသည်ကိုပင် တစ်ဦးနှင့်တစ်ဦး သဘောတူညီမှု မရနိုင်ကြပေ။ အချိန်သာ ကုန်သွားခဲ့သည်။ ဘာမျှ မပြီး။

ကျွန်မစိတ်ထဲတွင်မူ ပြုံးမိ၏။ ဤလိုပုံနှင့် ဘယ်လိုလုပ်၍ ငြိမ်းချမ်းရေးအတွက် စခန်းသွားကြပါမည်နည်းဟု တွေးတော မိသည်။

နောက်ဆုံးသဘောတူညီချက်ရကြ၍ အစည်းအဝေးစကြ ချိန်တွင်မူ ကျွန်မသည် အားလုံးသော တိုင်းပြည်များမှ တင်ပြ လာသော အဆိုလွှာများကို အားလုံးဖတ်ရှုပြီးပေပြီ။

အဆိုလွှာအားလုံးတွင် နောက်ပိုင်းက တစ်ယောက်ရှိနေ ရမည်ဟု ကျွန်မယူဆ၏။ အဆိုပြုလာသော အကြောင်းအရာ များသည် မိမိတို့ရာဇဝင်၊ မိမိတို့၏ ယဉ်ကျေးမှုကို မည်သို့ ပြန် လည်ဆန်းသစ်လာအောင် အမှန်အတိုင်းဖြစ်အောင် ဘယ်လို လုပ်ရမည်ဟူသော လမ်းစဉ်ကို ဆွေးနွေးတိုင်ပင်လိုသော လမ်း ကြောင်းများကို မတွေ့ရ။ နောက်ဆုံးတွင် ကော်မီတီတစ်ခုဖွဲ့ စည်းလိုက်၍ ထိုကော်မီတီမှ အားလုံးတင်ပြလာသော အဆိုလွှာ များကို စိစစ်ရွေးထုတ်၍ နောက်နေ့တွင် တင်ပြရန်ဖြစ်၏။ နောက်နေ့ ၁၅ ရက်နေ့တွင်မူ ထိုတတိယကော်မီတီ၏ ထောက်ခံတင်ပြချက်များကို ဆွေးနွေးရာတွင် စကားများကြ တော့သည်။ စကားများသော အပိုဒ်မှာ ပထမစကားချီးတွင် ပါဝင်သော. . . .

''အာရှ အာဖရိက၏ အမျိုးသားယဉ်ကျေးမှုကို တိုးပွားစေ ရန်နှင့် အစစ်အမှန် တကယ်လွတ်လပ်သော အခြေခံဥပဒေပိုင် နက်အတွင်းတွင် အမျိုးသားယဉ်ကျေးမှုကို သွင်းယူရန်၊ နယ်ချဲ့ ဝါဒနှင့် ကိုလိုနီဝါဒကို တွန်းကန်ကြိုးစားရာတွင်လည်းကောင်း၊ အမျိုးသား လွတ်မြောက်ရေးအတွက် ကြိုးစားရာတွင်လည်း ကောင်း၊ ၎င်းတိုက်နှစ်တိုက်သည် ခွဲခြားတိုက်၍ မဖြစ်နိုင်ပါ။ ယူနိုက်တက်စတိတ် အမေရိကန်ခေါင်းဆောင်သော နယ်ချဲ့ ဝါဒနှင့် ကိုလိုနီဝါဒကို အမြစ်ပါ တွန်းမချသမျှကာလပတ်လုံး အမျိုးသားယဉ်ကျေးမှုတွင် ထုံးတမ်းစဉ်လာက အမွေအနှစ် တိုး ပွားရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးများကို မပြုလုပ်နိုင်ပါ။ ထို့ကြောင့် အာရှ အာဖရိက စာရေးဆရာများသည် နယ်ချဲ့ဝါဒ နှင့် ကိုလိုနီဝါဒကို ဆန့်ကျင်ရေးအတွက် ဆောင်ရွက်ကြရာတွင် မိမိတို့၏ ကလောင်များကို လက်နက်သဖွယ်အသုံးပြုကြရန်သာ ဖြစ်သည်. . . .''

ဤစာပိုဒ်တွင် စကားများကြသည်။

တချို့ကလည်း ဤဆွေးနွေးပွဲသည် ''နိုင်ငံရေးပွဲလား၊ စာပေနှီးနှောဖလှယ်ပွဲလား'' ဟု မေးကြ၏။

ကျွန်မကား 'ဘုရား' တမိတော့၏။ ဤအစည်းအဝေးကား ငြိမ်းချမ်းရေးအတွက် ရှေ့ရှုရွေ့လျားနေဟန်မတူ၊ မိမိတို့ စိတ် ကြိုက်အမည်တပ်ထားသော နယ်ချဲ့သမားတို့အား ဆန့်ကျင် တိုက်ခိုက်ရေးအတွက် အင်အားစုရာ နိုင်ငံရေးပွဲကြီးပါတကား။

ကျွန်မကား ကျွန်မကလောင်ကို မြတ်နိုးစွာ ရင်ဝယ်ပိုက် ထားလိုက်ပါ၏။

ကျွန်မသည် ဤအစည်းအဝေးကို ကိုယ့်စရိတ်နှင့်ကိုယ် လွတ်လပ်စွာ တက်လာသူဖြစ်၏။ ကျွန်မ၏ ယုံကြည်ချက်ကို လွတ်လပ်စွာတင်ပြနိုင်ပါ၏။

မြန်မာနိုင်ငံတွင် နေစဉ်ကပင် ကျွန်မ ချစ်မြတ်နိုးသော အစိုးရအား လစ်ဟင်းနေသည့်ထင်ပါက ကျွန်မကလောင်ဖြင့် ထိုအချက်ကို ရဲဝံ့စွာ တင်ပြခဲ့ပါသည်။ ဉပမာ ''မျှော်လင့်လို့ဖြင့် မဆုံးနိုင်'' ဝတ္ထုတွင် အခြေခံဥပဒေ၏ အခွင့်အရေးများသည် စာရွက်ပေါ်မှာတင် ရှိသည်။ လူထုတွင် တကယ်မခံစားရသည် ကို တင်ပြခဲ့၏။ မကြာခင်ကပင် အစိုးရက လူတန်းစားလွတ် မြောက်ရေးအတွက် လုပ်လာခဲ့၏။

'ယဉ်ကျေးမှု' အမည်ခံ၍ 'ဖျက်ဆီးမှု' သဘော ပါဝင်လာ သော အမေရိကန်၏ စာပေအချို့နှင့် အနောက်ယဉ်ကျေးမှု များ၏ အန္တရာယ်ကို ကျွန်မဝတ္ထုများထဲတွင် ဖော်ပြ၍ ရှုတ်ချခဲ့ သည်။ ရင်ဆိုင်၍ တိုက်ခဲ့သည်။ သို့သော် ''ခင်ဗျား အမေရိကန် ကို မုန်းသလား'' ဟု မေးလျှင် ကျွန်မ မမုန်းပေ။ သူတို့ထံမှ မြန်မာနှင့် မသင့်လျော်သော ယဉ်ကျေးမှုကိုသာ ရှုတ်ချပစ်ပယ် လိုက်သည်။ (မြေ့ တငြေ) မတ်တွိန်း၏ စာပေကို ကျွန်မမြတ်နိုး၏။ ထို့အတူ အင်္ဂလိပ်နယ်ချဲ့သမားတို့ ကျွန်မတို့ အပေါ် တွင် ပြုမူခဲ့ပုံကို ကျွန်မ မမေ့နိုင်အောင် နာကြည်းခဲ့သော်လည်း သောမတ်စ်ဟာဒီ၏ ဝတ္ထုများကို ကျွန်မ မြတ်နိုး၏။ ရှယ်လီနှင့် ဝီလီယံဝတ်ဝဒ် ကဗျာများကို ကျွန်မ နှစ်ခြိုက်၏။

ကျွန်မတစ်သက်တွင် ကွန်မြူနစ် မဖြစ်နိုင်ပါ။ သို့သော် ရုရှားမြေပေါ်တွင် မွေးဖွားလာသော တော်စတွိုင်း၏ ဝတ္ထုများ ထဲတွင် မူ ကျွန်မ အိပ်စက်လိုပေသည်။ သူ၏ 'စစ်နှင့် ငြိမ်းချမ်း ရေး' ဝတ္ထုကြီးသည် ကျွန်မ အသည်းနှလုံးနှင့်အတူ အမြဲရှိ၏။

ထို့အတူ ရှေးခတ် တရုတ်ပြည်၏ ဘုရင်ခေတ်များကို ကျွန်မရွံရှာသော်လည်း ကျွန်မသည် 'ဟန်ခေတ်' ကဗျာများကို နှစ်ခြိုက်လှသည်။

ကျွန်မသည် နိုင်ငံရေးအားဖြင့် မည်သို့ပင် ဆန့်ကျင်နေပါ စေ ယဉ်ကျေးမှု စာပေရေးရာတို့တွင်မူ တစ်ဦးနှင့်တစ်ဦး ကောင်းနိုးရာရာ နှီးနှောဖလှယ်သွားရပေမည်။

ကျွန်မတို့၏ ကလောင်မှ မင်စက်များသည် ငြိမ်းချမ်းရေး ပန်းတို့ပွင့်လန်းရန်အတွက် သွန်းဖျန်းသော ရေစင်သည်သာလျှင် ဖြစ်ရပေမည်တကား။

ယခုတော့ ''လက်နက်သဖွယ် စွဲကိုင်ရမည်'' ဟု အလျှံညီး ညီးတောက်သော မျက်နှာ ထားကြီး များနှင့် စကားဆိုလာသော အစည်းအဝေးခန်းမတွင် ကျွန်မကား နေစရာမရှိ။ ကျွန်မ ကလောင်အား ထားစရာမရှိ။ ထို့ကြောင့် ကျွန်မရင်ဝယ် ပိုက် ထားလိုက်ရ၏။

အစည်းအဝေးခန်းမှ ကိစ္စတစ်ခုရှိ၍ ကျွန်မ ခေတ္တအပြင် ထွက်သွား၏။ ဦးပြည့်စုံမှာ ကျန်ရစ်ခဲ့၏။

ကျွန်မပြန်လာလျှင် ဦးပြည့်စုံက ပြော၏။ ''ဒေါ်ခင်နှင်းယု၊ ဂျပန်ကတော့ နယ်ချဲ့သမားကို နာမည်တပ်ပြီး ဖော်ထုတ်ရမည် ပြောနေတယ်။ အမေရိကန်တွေ သူတို့အပေါ် လုပ်သွားတဲ့ ဟီရို ရှီးမားနဲ့ကို မမေ့နိုင်ဘူးတဲ့ဗျ။ သူတို့ယဉ်ကျေးမှုကိုလည်း အမေ ရိကန်က ဖျက်ဆီးနေလို့တဲ့။ ဒေါ်ခင်နှင်းယု တစ်ခုခု ထပြောပါ လား. . . .''

''သူတို့ တိုင်းပြည်နဲ့ သူတို့ ပြဿနာတော့ ရှိမှာပေါ့။ ဆရာ ဇဝနကျော်ပြီးတော့ ကျွန်မ မပြောချင်ဘူး။ ဒါပေမယ့် နယ်ချဲ့ သမား ဘယ်သူ၊ ဘယ်သူ့ကို တိုက်ရမယ်ဆိုတဲ့ နာမည် နာမ ဖော်ထုတ်ပြီး အရှေ့အနောက် သွေးကွဲတဲ့စကားလုံးတွေတော့ မသုံးချင်ဘူး။ ဒီမှာ သူတို့သုံးထားတဲ့စကားလုံးက ယူနိုက်တက် စတိတ် အမေရိကခေါင်းဆောင်သော နယ်ချဲ့ ဝါဒနဲ့ ကိုလိုနီဝါဒ ကို အမြစ်မှ တွန်းမချနိုင်သမျှ ကာလပတ်လုံးဆိုတော့ တခြား လူခေါင်းဆောင်တဲ့ နယ်ချဲ့ဝါဒတော့ မတိုက်ရဘူးလို ဖြစ်နေ တယ်. . . .''

ကျွန်မ ဦးပြည့်စုံအား ပြန်ပြောနေစဉ်တွင် တရုတ်ကိုယ်စား လှယ်တော်များမှ မစ္စတာအမ်ပိုး၏ စကားပြန်က ''ဒေါ်ခင်နှင်း ယု ကျွန်မတို့ တင်ပြတာကို သဘောတူမလား'' ဟု အင်္ဂလိပ်လို မေး၏။ သူတို့က ဂျပန်အဆိုကို ထောက်ခံပေသည်။

‘‘မစ္စတာအမ်ပိုးကို ပြောပြပါ။ ကျွန်မတို့အား အမုန်းပွား စရာကိစ္စတွေကို ဘယ်လိုလုပ်မလဲ။ ဘယ်လိုအသွင်နဲ့ပဲလာလာ၊ ဘယ်သူခေါင်းဆောင် ခေါင်းဆောင် နယ်ချဲ့ဝါဒ နယ်ချဲ့သမား တွေကို ဆန့်ကျင်ဖို့ဆိုရင် ကျွန်မ အဆင်သင့်ပဲ။ ဒါပေမယ့် (Particular) နာမည်ကြီး ဖော်ပြပြီး သူတို့ကြောင့်ဖြစ်တာ၊ သူတို့ ကို တိုက်ရမယ် ခိုက်ရမယ်ဆိုတာကတော့ မကောင်းလွန်းဘူး ထင်တယ်’’

စကားပြန်မလေးကမူ ကွဲကွဲနှင့် အမ်ပိုးကို ပြောလိုက်၏။ ‘‘ဒီလိုဆို အဲဒီနာမည်တွေ နောက်က ‘အစရှိသဖြင့်’ လို့ ထည့်ပေး မယ်၊ သဘောတူလား’’ ဟု အမ်ပိုးက ဆို၏။ ဆိုရင်းပြောရင်းမှ တကတည်း စကားပြန်မလေးက နယ်ချဲ့သမားမည်သူများဟူ သောအမည်နောက်က ‘အစရှိသည်ဖြင့်’ ထည့်၍ ထိပ်ဆုံးက အမေရိကန်အမည်ကို ထည့်လိုပါသည်ဟု ထပြောတော့သည်။ ဂျပန်က သူသဘောကျသွား၍ လက်ခုပ်ထတီးလိုက်၏။ အမှန် တော့ ဂျပန်နှင့် တရုတ်နီတို့ နောက်ပိုင်းက ဇာတ်တိုက်ထားဟန် တူသည်။

အားလုံးထောက်ခံဖို့ အတွင်းရေးမှူးက ပြောသောအခါ နိုင်ငံ ၄၀ က သဘောတူညီ၏။

ကျွန်မကမူ ‘‘နာမည်တွေတပ်ရင် ကျွန်မတော့ မထောက်ခံ ဘူး’’ ဟု တရုတ်ကိုယ်စားလှယ်အား ပြောပြလိုက်ကာ ထိုင်နေ လိုက်ပါသည်။

ကျွန်မမှာ မြန်မာအမျိုးသမီးပီပီ ညကြီးသန်းခေါင် ကျွန်မ တို့ကို လာကြိုသော မစ္စတာအမ်ပိုးကို အထူးအားနာပါ၏။သို့သော် ကျွန်မကား သူ့ကို မထောက်ခံနိုင်ပါပေ။ အခန်းပြင် ဘက်ထွက်ခါမှ စကားပြန်မလေးကို ပြောရ၏။

‘‘ရှင်တို့ တင်ပြချက်ကို ကျွန်မ သဘောမတူညီနိုင်တဲ့ အတွက် ခွင့်လွှတ်ပါ’’ ဟု ပြောလိုက်၏။

မိန်းကလေး ‘‘အို လူတိုင်းမှာ ကိုယ်ကြိုက်ရာ မဲဆန္ဒပေးခွင့် ရှိပါတယ်’’ ဟု ခပ်ပြတ်ပြတ်ဆိုကာ ထွက်သွားတော့၏။

ဦးပြည့်စုံကား ကျွန်မထက် အားနာတတ်သူတည်း။

‘‘ဒေါ်ခင်နှင်းယုရဲ့ ကျွန်တော် မျက်နှာပူတယ်။ ဗီယက်နမ် ကိုယ်စားလှယ်ကို ထပ်ပြီး ရှင်းပြပါဦး’’ ဟု ဆိုပြန်သည်။ ဗီယက် နမ်နှင့် တရုတ်နီတို့မှာ တသဘောတည်းဖြစ်၏။

ဗီယက်နမ်ကိုယ်စားလှယ်မှာ အင်္ဂလိပ်စကားကို ရည်ရည် မွန်မွန်ပြောတတ်သူဖြစ်၏။ အစည်းအဝေးခန်း အပြင်ရောက်မှ ပင် ကျွန်မ သူ့အနားကပ်ကာ ရှင်းပြ၏။

‘‘ရှင်တို့ကို မထောက်ခံနိုင်တဲ့အတွက် ကျွန်မကို ခွင့်လွှတ် ပါ။ ကျွန်မသဘောကတော့ လောလောဆယ် အာဖရိကမှာ လွတ်မြောက်စနိုင်ငံလေးတွေ ခံစားနေရတဲ့ နယ်ချဲ့သမားတွေ ရဲ့ စွက်ဖက် လွှမ်းမိုးမှုတွေ ရှင်တို့ခံရတဲ့ ပြင်သစ်ညဉ်းပမ်းမှုတွေ ကို ကျွန်မကိုယ်ချင်းစာပါတယ်။ ကျွန်မတို့ ကိုယ်တိုင် နယ်ချဲ့ သမားလက်အောက်မှာ အနှစ်တစ်ရာကျော် နေခဲ့ဖူးတာပဲ။ ဒါပေ မယ့် ခုအချိန်ဟာ ရန်စပွားစေတဲ့စကားတွေကို မသုံးရင် မကောင်းဘူးလား။ ဂျပန်က ဟီရိုရှီးမားနေ့ကို မမေ့နိုင်ပါဘူး။ ဒါကြောင့် အမေရိကန်နယ်ချဲ့သမားကို တခြားနယ်ချဲ့နိုင်ငံတွေထိပ်ကထားပြီး ပြစ်တင်ရှုတ်ချရမယ်ဆိုတယ်။ ဒီလိုသာ ပြောကြ ကြေးဆိုရင် ကျွန်မတို့ဟာ မတ်လ ၂၇ ရက်နေ့ပေါ်လာတဲ့ အဖြစ်တွေကိုကော မေ့နိုင်ပါ့မလား။ ဂျပန်စစ်ဝါဒီသမားတွေဟာ ကျွန်မတို့ တိုင်းပြည်ကို ဝင်ရောက်လာစဉ်တုန်းက ရက်ရက်စက် စက် လုပ်သွားလိုက်တာ ခုထိ သွေးစက်တွေ မခြောက်သေးပါ ဘူး။ ကျွန်မတို့ အသည်းထဲမှာ မမေ့နိုင်ဘူး။ ဒါပေမယ့် တစ်စုံ တစ်ယောက် ‘‘နယ်ချဲ့သမား နိုင်ငံစာရင်းထဲမှာ ဂျပန်ကို ထိပ် ဆုံးကထားပြီး ရှုတ်ချပါ’’ လို့ အဆိုတင်လာရင် ကျွန်မဒီအဆိုကို လက်မခံပါဘူး။ ဒီလို ဗိုလ်ပုံအလယ်မှာ ရန်တုံ့တဲ့ စကားမျိုး ကျွန်မ မဆိုချင်ဘူး။ ဒါကြောင့်လည်း အစည်းအဝေးမှာ ကျွန်မ ဂျပန်ကိုထပြီး မပြောတာပါပဲ။ ကျွန်မသဘောကတော့ ဘယ်ပုံစံ နဲ့ပဲလာလာ နယ်ချဲ့ဝါဒကို ဆန့်ကျင်ရှုတ်ချရင် ပြီးတာပဲမို့လား။ ဘာလို့လဲဆိုတော့ နယ်ချဲ့မုန်တိုင်းဟာ အနောက်ဖက်တစ်ခုထဲ က လာတာမဟုတ်ဘူးနော်၊

ကမ္ဘာ့လေးမျက်နှာက အချိန်မရွေး တိုက်လာတတ်တာပဲ''

''ဟုတ်ပါတယ် မခင်နှင်းယု၊ ကျွန်တော် ခင်ဗျားတို့အခြေ အနေ အခက်အခဲကို နားလည်ပါတယ်၊ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့် ပြဿနာအလျောက်ဖြေရှင်းကြတာကို တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အခြေခံချင်း မတူဘူးဆိုတဲ့သဘောကို ကျွန်တော် နားလည်ပါ တယ်။ ကျွန်တော် မစ္စတာအမ်ပိုးကို သဘောပေါက်အောင် ရှင်း ပြပါ့မယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ ခင်ဗျားရဲ့ ညီအစ်ကို တော်များဖြစ်တယ်ဆိုတာတော့ မမေ့စေချင်ဘူး. . . .''

''စိတ်ချ၊ ကျွန်မ ဘယ်တော့မှ မမေ့ဘူး။ ကျွန်မက အင်မတန် ကြောက်တတ်တယ်၊ ကမ္ဘာမှာက (Sugar Coated Materialist) ကလည်း ရှိသေးတယ်. . . .''

Sugar Coated သူက ကျွန်မစကားကို မျက်လုံးအကြောင်သားနှင့် ပြန်မေး ၏။

''ဟုတ်ကဲ့ ကျွန်မဆိုလိုချင်တာက အပြင်က မျက်နှာကို အလှဆုံးပိုးစနဲ့ ဖုံးထားပြီး အထဲက အင်မတန် အရုပ်ဆိုးတဲ့ နယ်ချဲ့သမားအုံ့ပုံးကို ဆိုလိုတာပါ. . . .''

''သြော် . . . . သြော်. . . .''

ကျွန်မကား အင်္ဂလိပ်စကားလုံးကို မနိုင်သော်လည်း တစ် လုံးတည်းနှင့် ပုံပေါ်သောစကားလုံးမျိုးကို အလွန်သုံးချင်သည်။

''ကဲ. . . . ကျွန်မကို ခွင့်ပြုပါဦး. . . .''

''ဟုတ်ကဲ့ခင်ဗျာ၊ကျွန်တော်တို့တွေဟာ ညီအစ်ကိုမောင်နှမ ချင်းဆိုတာတော့ မမေ့ပါနဲ့. . . .''

သူကား ခွဲခွာခါနီး ထိုစကားလုံးကို စိုးရိမ်စွာနှင့် ထပ်ပြော ၏။ ဦးပြည့်စုံလည်း ကျေနပ်၍ သွားလေပြီ။

ထိုနေ့တွင် ကျွန်မ နံနက်စာ မစားရတော့ပေ။

ကိုယ့်တိုင်းပြည်တွင် လုပ်ငန်းကို အကောင်အထည်မဖော် ဖြစ်နိုင်၊ နိုင်ငံရေးအာဏာလုလိုသော ပွဲများကိုသာ တွေ့နေရ ၍ အဝေးက ရှောင်ကာ စိတ်ပျက်နွမ်းနယ်ရသည့်အထဲ ဤကွန် ဖရင့် ရောက်ပြန်တော့လည်း အပ်ကြောင်းထပ်နေသော ဓါတ်ပြားသံများကို ကြားနေရရာ စိတ်မောလှ၏။ ကျွန်မရေးခဲ့သော မွေးဝတ္ထုကို ရုပ်ရှင်ရိုက်စဉ်က သီချင်းကို ကျွန်မ သွားသတိရ၏။

''သြဇာ မြေဆွေး ဓါတ်ပေးမှားလျှင် ပန်းများမလှ၊ ပန်းများ မပွင့်၊ ပန်းများ မမွှေးတော့ သည်သို့သာပေ. . . .''

ယခုလည်း ကမ္ဘာကို တန်ဆာဆင်သည့် စာပေယဉ်ကျေးမှု ပန်းများကို ပွင့်စေသော ကလောင်များနောက်တွင် ကမ္ဘာ့အင် အားစုကြီးနှစ်ခုမှ တစ်ခုမဟုတ် တစ်ခုက နောက်ပိုင်းက ကြိုး ကိုင်နေပါလျှင် ငြိမ်းချမ်းရေးပန်းသည် ဘယ်မှာလျှင် လှပစွာ ပွင့်နိုင်ပါမည်နည်း။ အဘယ်မှာလျှင် သင်းပျံ့မွှေးကြိုင်နိုင်ပါ မည်နည်း။

ကျွန်မသည် ခေတ္တနားရင်း အစည်းအဝေးခန်းမမှ မြင်ကွင်း ကို ကြိုးစား၍ ဖျောက်ပစ်နေ၏။

''ကျွန်တော်တို့တွေဟာ ကိုယ့်ယဉ်ကျေးမှု ကိုယ့်ရာဇဝင် တွေကို ဘယ်လို ထိန်းသိမ်းကာကွယ်ပြီး တိုးတက်အောင် လုပ် မလဲဆိုတာသာ စဉ်းစားသင့်ပါတယ်ဗျာ၊ ဘာပြုလို့ သူများ နိုင်ငံကို စော်ကားတဲ့စကားတွေကို ပြောမလဲ။ ယဉ်ကျေးမှု စာပေတို့ဆို တာတွေဟာလည်း တစ်တိုင်းပြည်နဲ့ တစ်တိုင်းပြည် ကူးလူးယှက်သန်းနေတာပဲ. . . .''

ဘယ်နိုင်ငံကမှန်းမသိ၊ ကိုယ်စားလှယ်တော်တစ်ယောက် က ထပြောရှာပါသေး၏။ သို့သော် သူ့အသံကား ဒေါသသံတို့ ကြားတွင် ပျောက်ကွယ်သွား၏။

ခဏာရပ်နားချိန်တွင် ကျွန်မသည် ဆရာဇဝနအား စောင့်လို၍ အပြင်တွင် ထိုင်စောင့်နေ၏။ မမျှော်လင့်ဘဲ ကမ္ဘာကျော် စာရေးဆရာမကြီး 'ဟန်စူးရင်' ကို သွားတွေ့၏။ သူကား ဝမ်း သာအားရ စကားဆိုပါ၏။

''အစည်းအဝေးစတဲ့နေ့က မြန်မာပြည်က ဦးပြည့်စုံနဲ့ တွေ့ တယ်။ ရှင်တို့ဆီ လာမလို့ အစည်းအဝေးစလာတာနဲ့ လာမတွေ့ ဖြစ်တာခွင့်လွှတ်ပါ. . . .''

''ကိစ္စမရှိပါဘူး၊ ကျွန်မက လာပြီး တွေ့သင့်တာပါ. . . .''

''မင်း. . . . ဒီအစည်းအဝေးကြီးကို ဘယ်လိုထင်လဲ. . . .''

''စာပေတို့၊ ယဉ်ကျေးမှုတို့ နှီးနှောဖလှယ်ပွဲမှ မဟုတ်ဘဲ၊ နိုင်ငံရေးအင်အားစုပွဲကြီးလို့ မြင်တယ်၊ စာပေအကြောင်းလည်း တစ်လုံးမှ မပြောကြဘူး''

''အမလေး၊ ဟုတ်လိုက်တာ၊ ကျွန်မက စင်္ကာပူက လာတာ၊ အရှေ့ဖျားနိုင်ငံတွေရဲ့ ရာဇဝင်ကို စင်္ကာပူတက္ကသိုလ်မှာ လေ့လာ ခဲ့လို့ ဒီမှာဖြင့် အာရှအရှေ့ဖျားရာဇဝင်အကြောင်းတွေ ဆွေးနွေး ရလိမ့်မယ်ထင်တာ၊ ဘာတွေ ပြောကြမှန်းမသိဘူး. . . .''

ကျွန်မတို့ နှစ်ယောက်ပြောကြသော စကားများကိုသာ တချို့လူများကြားလျှင် အမေရိကန်သူလျှိုများဟူ၍ ဝိုင်း၍ ဆဲ ကောင်းဆဲပေလိမ့်မည်။ ညနေပိုင်း နောက်ဆုံးအစည်းအဝေး ကြီးကို ပြန်ထိုင်ကြသည်။ ဆရာဇဝနနှင့် ကျွန်မ ခန်းမကြီးတွင် ပြန်တွေ့ကြ၏။ ဆရာလည်း အတော်မောနေပုံရ၏။

စောစောကသာ ကျွန်မတို့ ကြုံကြိုတင်တင်ဆွေးဆွေးနွေး နွေးပြင်ဆင်လာကြလျှင် ဆရာလည်း ဒါလောက်မောစရာရှိမည်မထင်ပေ။ သို့သော် သူ့ကိုကြည့်ရသည်မှာ သူ့ကိုယ်ကိုပင် လေယာဉ်ပျံပေါ်ပါအောင် အတော်သယ်လာပုံရသည်။ ကျွန်မ တို့ အခန်းထဲ ဖြစ်ပျက်ပုံကို ဆရာအား အနည်းအကျဉ်းပြောပြ လိုက်၏။

''ဆရာတို့ ပထမကော်မတီမှာလည်း တရုတ်နီနဲ့ ရုရှား တွယ် လိုက်ကြတာ. . . .''

ဒါကိုပင် ဆရာ့ဆီက ကြားလိုက်ရ၏။ ဘာတွေဖြစ်ကြသည် ကို နှစ်ယောက်တစ်ခါမှ အေးအေးဆေးဆေး တွေ့ဆုံမပြောကြ ပေ။

နောက်နေ့တွင်မူ မစ္စတာအမ်ပိုးက ''မခင်နှင်းယု မထောက် ခံနိုင်တာကို နာမည်ဖော်ထုတ်တဲ့ အပိုဒ်တင်မို့လား။ နောက်ပိုင်း စာပေ၊ ယဉ်ကျေးမှု၊ စာရေးဆရာ မူပိုင်ကိစ္စတွေတော့ ကျေနပ် တယ်မို့လား'' ဟု ဆို၏။ ''ဟုတ်ပါတယ်၊ ဒါပေမယ့် အတွင်းရေး မှူးနားက ဘာသာပြန်သူက မရှင်းမလင်းအားလုံး လုံးချသွား တာကိုး'' ဟု ကျွန်မက ဖြေလိုက်၏။

''ဟုတ်တယ်၊ ဟုတ်တယ်၊ ခင်ဗျား ဘာဆိုလိုသလဲဆိုတာ ကို ကျွန်တော် နားလည်ပါသည်'' ဟု ဆို၏။ မစ္စတာအမ်ပိုးကား ပွင့်လင်းဖော်ရွေသူတည်း။

သို့နှင့် ကွန်ဖရင့်လည်း ပြီးဆုံးခဲ့၏။ နောင်ခါဆိုလျှင် ''အာရှ အာဖရိက စာရေးဆရာများ၏ နိုင်ငံရေးနှီးနှောဖလှယ်ပွဲ'' ဟူ၍ သီးသန့်ကျင်းပသင့်၏။ စာပေကို ဆွေးနွေးလိုလျှင်လည်း ''စာပေ နှီးနှောဖလှယ်ပွဲ'' ဟူ၍ ရှင်းရှင်းလုပ်သင့်ပေသည်။

ကွန်ဖရင့် မြင်ကွင်းတစ်ကွက်ကမူ ကျွန်မအတွက် စိတ်အား ငယ်စရာပါပေ။ သို့သော် တရုတ်နီမိတ်ဆွေများ ကျွန်မတို့အား စောင့်ရှောက်ပုံ၊ အိမ်ရှင် အီဂျစ်ပြည်သားတို့ ကျွန်မတို့အား လို လေသေးမရှိ အထူးဧည့်ခံပုံတို့ကိုမူ ကျွန်မ အထူးကျေးဇူးတင်မိ ပါသည်။

အာရပ် ပြည်ထောင်စုသမ္မတနိုင်ငံ၏ သမ္မတကြီးနာဆာ မှာလည်း သူ့စွမ်းအားရှိသလောက် သူ့တိုင်းပြည်၏ အခြေ အနေအားလျော်စွာ ပုံဖော်သွားပုံများမှာမူ အီဂျစ်ပြည်၏ အား တက်ဖွယ်အနာဂတ်ကို မျှော်မှန်းနိုင်ပေသည်။

''သမ္မတကြီးကတော့ ဘယ်အုပ်စုရဲ့ နောက်လိုက်မှ မဟုတ် ဘူး'' ဟူသော စကားလုံးကို ကျွန်မကြားခဲ့ရ၏။ ဤစကားလုံး သည်ပင် အီဂျစ်ပြည်အား ကယ်တင်မည့်စကားလုံးပင်ဖြစ်ပေ သည်။

ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင်မူ ကျွန်မသည် ကိုင်ရိုမှ အရှေ့ဘက်မြန်မာပြည်သို့ ပြန်ရန် ပြင်ဆင်ရတော့သည်။ ဆရာ တို့ကား အနောက်ဘက်သို့ ခရီးဆက်ထွက်ကြပေမည်။

ဘီရွတ်သို့သွားသော လေယာဉ်ပေါ်တွင် ကျွန်မ ပါလာ ခဲ့၏။ လေယာဉ်ပျံ မြင့်တက်လာလေလေ ကျွန်မ ချစ်သော နိုင်းမြစ်ကို ပြတ်သားစွာ မြင်ရ၏။

ဤသမုဒ္ဒရာရေယာဉ်ဝယ် နိုင်း၊ ရောဝတီ၊ အိန္ဒု၊ ရန်စီ၊ သိမ်းမြစ်၊ ဝေါလ်ဂါ၊ မစ္စစ္စပီမြစ်နှင့် အာမေဇံ အစရှိသော မြစ် တို့သည် အေးမြချမ်းငြိမ်းစွာ စုစည်းပေါင်းစုံနိုင်ကြပါလျက်ကျွန်မ တို့လူသားတို့သည် အဘယ်ကြောင့် အေးချမ်းစွာ ယှဉ်တွဲ၍ မနေ နိုင်ကြပါသနည်း။

ကောင်းကင်တွင် နေလုံးသည် တဖြည်းဖြည်း လျှောကျ လာသည်။

ဤဆည်းဆာချိန်ကား ညဥ့်အမှောင်သို့ ကူးပြောင်းမည့် ဆည်းဆာချိန်ပေတည်း။ ပန်းတိုင်းကိုလည်း ပွင့်စေချင်ပါသည်။ ပွင့်သောပန်းတိုင်းလည်း မွှေးစေချင်ပါသည်။ မွှေးသောပန်းတိုင်း လည်း အန္တရာယ်ကင်းစေချင်သည်တကား။

ခင်နှင်းယု
၁၉၆၂ ခုနှစ်၊ ဧပြီလ (မြဝတီ)

ဇီဝဖိုး

ပြီးခဲ့သော ဇွန်လထုတ် ရှုမဝတွင် ကျွန်မသည် ကိုသန်းဆွေ အကြောင်းနှင့်ပတ်သက်ပြီး ‘ခရောင်းတောမှ ရုတ်ခြည်းထ’ ၍ ဟူသော ဆောင်းပါးကို ရေးခဲ့ပါသည်။

ထိုဆောင်းပါးထွက်လာပြီးနောက် စာဖတ်ပရိသတ်ထံမှ စာများလာရာတွင် အများဆုံးလာသောစာများမှာ ‘‘ကျွန်မသည် ကိုသန်းဆွေအား မှီ၍ (ဝါ) ကိုသန်းဆွေ စင်တင်ပေးလိုက်၍ စာရေးဆရာတစ်ယောက်ဖြစ်လာသကဲ့သို့ သူတို့အားလည်း စင် တင်ပေးပါရန်’’ မေတ္တာရပ်ခံသော စာများပါသည်။

ထိုစာများ မလာခင်ကတည်းက ကျွန်မထံသို့ စာမူများ၊ လက်ရေးနှင့်ရေးထားသော ဗလာစာအုပ်နှင့် ဝတ္ထုတိုရှည်များ အမြောက်အမြား ရေးပို့ကြလေသည်။ ထိုစာမူများကို ကာယကံ ရှင်များထံသို့ ပြန်ပို့နိုင်သည့်အခါလည်း ပို့ခဲ့၏။ မဂ္ဂဇင်းများသို့ ပို့သည့်အခါလည်း ပို့ခဲ့ပေသည်။

ထိုစာများကြောင့် ယခုဆောင်းပါးကို ရေးဖြစ်ခြင်းဖြစ်ပေ သည်။ တစ်ဦးစီသို့ စာပြန်ခြင်းထက် ယခုကဲ့သို့ ဆောင်းပါးအနေ နှင့် ရှုမဝမှ ရေးသားခြင်းကို ကျွန်မထံသို့ စာပေးသော စာဖတ် ပရိသတ်သည် လက်ခံကျေနပ်လိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါ သည်။

စင်စစ် စာဖတ်ပရိသတ်ထံမှ စာများကို အကျဉ်းချုံး၍ အဓိပ္ပါယ်ဖော်ပြရလျှင် ‘‘သူတို့လည်း စာရေးဆရာဖြစ်လိုသည်၊ ကူညီပါ’’ ဟူ၍ ဆိုလိုခြင်းပင်ဖြစ်ပေသည်။

တစ်ခါကလည်း မိတ်ဆွေတစ်ယောက်က သူ့ဝတ္ထုတွင် အမှာစာရေးခိုင်း၏။ ကျွန်မက ရေးပေးရန် ငြင်းဆိုမိသောအခါ ‘‘မခင်ယု ဝတ္ထုမှာတော့ သူများတွေ အမှာစာရေးခိုင်ပြီး သူများ ဝတ္ထုမှာတော့ ဘာကြောင့် အမှာစာရေးမပေးတာလဲ’’ ဟူ၍ အပြောခံခဲ့ရပါသည်။

ကျွန်မစိတ်ထဲမှာ ထင်ပါသည်။ အမှာစာရေးခြင်း၊ စာအုပ် များကို ဝေဖန်ခြင်း၊ စာမူတစ်ခုကို တော်မတော် ရာမရာ တည်း ဖြတ်ပြင်ဆင်ခြင်းမှာ အရည်အချင်းတစ်ခု၊ ပညာရပ်တစ်ခုပဟူ၍ ကျွန်မယူဆပေသည်။ ကလောင်တစ်ချောင်းကိုင်၍ ကလောင်နာမည်တစ်ခုကို ယူထားတိုင်းလည်း အထက်ပါအလုပ်မျိုးကို လုပ်နိုင်လိမ့်မည်မဟုတ်ဟူ၍ ကျွန်မထင်ပေသည်။ အဘယ် ကြောင့်ဆိုသော် ကျွန်မကိုယ်တိုင်တွင် ထိုအရည်အချင်းမျိုး မရှိ သောကြောင့်တည်း။

ကိုသန်းဆွေ၌ စာရေးခြင်းဟူသော အတတ်ပညာတစ်ခု တည်းသာ ရှိသည်မဟုတ်၊ စာမူတစ်ခုကို ပိုင်းခြားဝေဖန် ဆုံး ဖြတ်တတ်သော အယ်ဒီတာဦးနှောက်လည်း ရှိသည်ကို စာဖတ် ပရိသတ်များ ဂရုပြုမိလိမ့်မည်။ ထိုကဲ့သို့ သူက တည်းဖြတ်ပြင် ဆင်ပြီးသော စာမူကို ထည့်ရန်လည်း သူကိုယ်တိုင် အလုပ်လုပ် နေသော မဂ္ဂဇင်းတိုက်ရှိသည်ကို စာဖတ်သူများ သတိပြုမိပေ လိမ့်မည်။ (တစ်ခုကလည်း စာဖတ်သူများက ထင်သည်မှာ ခင်နှင်းယုသည် စင်ပေါ်ရောက်နေပြီဖြစ်၍ ခင်နှင်းယုထံမှ တဆင့်ပို့သော စာမူများကိုလည်း ဘယ်မဂ္ဂဇင်းကမဆို လက်ခံ လိမ့်မည်အထင်နှင့် စာမူများကို ကျွန်မထံ ပေးပို့ကြသည်။ ထို အယူအဆသည်လည်း မှားယွင်းပါသည်။ ကျွန်မကိုယ်တိုင်ရေးသော စာမူများကိုပင် မဂ္ဂဇင်းများက အခါခပ်သိမ်းလက်မခံ သည်ကို ယခင်က ကျွန်မရေးသော ဆောင်းပါးများတွင် ဖော်ပြ ပြီးဖြစ်ခဲ့ပါသည်)

တချို့ကလည်း အယ်ဒီတာများကို အထင်သေးကြသည်။ ဘက်လိုက်သည် ထင်သည်။ ဘက်လိုက်သူ၊ မျက်နှာလိုက်သူ ရှိကောင်းရှိမည်ဖြစ်သော်လည်း အယ်ဒီတာတိုင်းကိုတော့ အထင်မသေးရန် ကျွန်မတောင်းပန်လိုပေသည်။ ကျွန်မ စိတ် ထင်မူ အယ်ဒီတာက ပယ်ရုံမက၍ ဆုတ်ပစ်ပစ်၊ လူကိုယ်တိုင် ပင် လိုက်၍ရိုက်ရိုက်၊ မဆုတ်မနစ်သော လုံ့လဖြင့် ရေးချင်လျှင် ကြိုးစားရေးက ကောင်းလိမ့်မည်ဟူ၍ ထင်ပါသည်။ ပုံသေကား ကျတော့ ''စာရေးဆရာ ဖြစ်လိုသော် ဘယ်လိုလုပ်'' ဟူ၍ ကျွန်မ အနေနှင့်တော့ မပြောပြတတ်ပါ။ တခြားပညာရှင်များက ပြော ပြတတ်ပါမူ နည်းနာညွှန်ပြတတ်ပါမူ ဆည်းပူးလိုက်နာစေချင် ပါသည်။

တစ်ခါတရံ ဟောပြောပွဲများတွင် မလွှဲမရှောင်သာ၍ ကျွန်မဟောပြောရသောအခါလည်း စာပေအကြောင်း (သို့မဟုတ်) စာရေးဆရာဖြစ်လိုသော်ဆိုသော ခေါင်းစဉ်နှင့် အကြောင်းအရာ များကို ကျွန်မ မပြောခဲ့။ ကျွန်မစာကို ဘယ်လိုရေးသည်ကိုသာကျွန်မပြောပြခဲ့ပေသည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာ့စာပေ မပြောနှင့် မြန်မာ့စာပေတစ်ခုတည်းကိုကပင် အတောမသတ် အောင် ကျယ်ဝန်းလွန်းလှပေသည်။ ကျွန်မကိုယ်တိုင်ကပင် သူ တပါးထွန်းညှိပေးခဲ့သော မီးပုံကို အားပြု၍ စမ်းတဝါးဝါး လျှောက်လာနေရဆဲဖြစ်သည်ကို ကျွန်မ၏ စာဖတ်ပရိသတ်များ သတိပြုစေချင်ပေသည်။

စာရေးဆရာအမြောက်အမြားထွက်စေလိုသော စေတနာ ဖြင့် တစ်ခါက စာပေကလပ်က ကြီးမှူး၍ စာရေးနည်းသင်တန်း တစ်ခုဖွင့်လှစ်ခဲ့သည်ကို သတိပြုမိကြပေလိမ့်မည်။ ထိုသင်တန်း မှာ ဗဟုသုတတော့ အလွန်ရပေသည်။ သို့သော် ကျွန်မတစ်ခါ က ရေးပြခဲ့သလိုပင် ဘာသာရပ်များကို ပို့ချသော ပညာရှင် ဆရာများမှာ သင်တန်းဆင်းချိန်တွင် ညည်းညူကြသည်။ အဘယ်ကြောင့်ဆိုသော် သင်တန်းဆင်းဆွေးနွေးပွဲတွင် ကျောင်း သားများမေးသောမေးခွန်းတွင် ဝတ္ထုပုံစံဆိုသည်မှာ ဘယ်လိုလဲ၊ အတိုကို ဘယ်လိုစ၍ အရှည်ကို ဘယ်လိုရေးရမလဲအစရှိသော မေးခွန်းများဖြစ်၏။ စိတ်ရှည်လက်ရှည်ဖြေသော ဆရာဦးထင် ဖတ်ပင်လျှင် ဦးနှောက်ခြောက်ခဲ့၏။ တချို့က ကျွန်တော်တို့ စာမူ မဂ္ဂဇင်းထဲပါအောင် ဘယ်လိုလုပ်ရမလဲဆိုသော မေးခွန်း ကအစ မေးခဲ့ကြသည်။

တစ်ခါက ကျွန်မခရီးထွက်စဉ်တွင် မိန်းကလေးတစ်ယောက် က လာရောက်မိတ်ဆက်ရင်း ကျွန်မကို ပြောပြခဲ့ပါသည်။ ''မမ စာမူတွေ အပယ်ခံခဲ့ရဘူးသလား၊ ကျွန်မတော့ စပြီး စာရေးကတည်းက ဘယ်မဂ္ဂဇင်းတိုက်ကမှ မပယ်ခဲ့ဘူး။ အားလုံး လက် ခံပြီး ဖော်ပြကြတယ်'' ဟူ၍ ပြောပြပါသည်။ ထိုကဲ့သို့

ထူးခြား သော ပါရမီရှင်များအတွက်မူ စာရေးဆရာဖြစ်ဖို့အကြောင်းမှာ အခက်အခဲမရှိပေ။

ကျွန်မအဖို့မှာမူ အခက်အခဲပေါင်းများစွာကို ကျော်ဖြတ် လာရရုံမက ယခုလည်း ပြင်ရင်း၊ ဆင်ရင်း၊ ရှာရင်း၊ ဖွေရင်း၊ နားထောင်ရင်း၊ လေ့လာရင်း၊ မှတ်သားရင်းနှင့်ပင် သေသော သွားမည်ထင်သည်။ အလုပ်ကတော့ ပြီးဆုံးမည်မထင်ပါ။ အဘယ်ကြောင့်ဆိုသော် စာရေးဆရာဆိုသည်မှာ ဘီအေ၊ အမ် အေ၊ အမ်ဘီဘီအက်စ် အစရှိသော ပညာရပ်များကဲ့သို့ ''ပြဋ္ဌာန်း သော ဒီစာအုပ်၊ ဒီစမ်းသပ်မှုများကို ဖတ်ရှုလေ့လာသင်ကြားပြီး ပြီးဖြစ်၍ သင်တန်းပြီးဆုံးပြီ၊ ရော့ ဒီကရီတစ်ခု'' ဟူ၍ ပိုင်းခြား သတ်မှတ်ထားခြင်းမရှိသောကြောင့်တည်း။

အကယ်၍ ကိုယ့်ကိုယ်ကို ''ငါ့စာပေ ကောင်းပါရက်နဲ့ စင်တင်ပေးသော အယ်ဒီတာ သို့မဟုတ် ထုတ်ဝေသူမရှိ၍သာ လူထုလက်ထဲသို့ မရောက်ဘူး'' ဟူ၍ အထင်ရှိခဲ့ပါလျှင် ယခု စာပေဗိမာန်၊ စာပေဆုအဖွဲ့တွင် လက်ရေးမူနှင့် စာမူများ လက်ခံနေပြီဖြစ်၍ မိမိရေးချင်သည်များကို ရေးသားပေးပို့စေ ချင်ပါသည်။ ကျွန်မတို့ ခေတ်ထက် အခွင့်အလမ်းသာနေပြီဖြစ် ၍ ကြိုးစားကြစေလိုပါသည်။

မဂ္ဂဇင်းတိုက်များသို့လည်း အားမလျှော့ဘဲ ရေးသား၍ ပို့စေချင်ပါသည်။ အထူးသဖြင့် ငွေတာရီမဂ္ဂဇင်းတိုက်သို့ ပို့လျှင်ပို၍ ကောင်းပေမည်။ မနှစ်က ကျွန်မ၏ ဝတ္ထုတစ်ပုဒ်အား ပြန် လည်ပေးပို့ရာတွင် ''မခင်ယုဝတ္ထုမှာ အစိုးရဝါဒကို ထိခိုက်ခြင်း မရှိပါ၊ သို့သော် ကျွန်တော်တို့ အယ်ဒီတာသုံးဦးစလုံး လေ့လာ ဖတ်ရှုရာ၌ ဝတ္ထုပုံစံမပီသဟူ၍ ထင်ပါသည်'' ဟု မှတ်ချက်နှင့် တကွ ပါလာခဲ့ပါသည်။ ထိုမှတ်ချက်ကို ကြည့်ခြင်းအားဖြင့် အယ်ဒီတာများသည် သာမန်ကာရှန်ကာ လုပ်နေကြခြင်းမဟုတ်၊ တစ်ဦးတည်းသဘောနှင့် လုပ်နေကြခြင်းမဟုတ်၊ သေချာစွာ လေ့လာစိစစ်သည်ကို စာရေးလိုသူများ သတိပြုမိကြပေလိမ့် မည်။ ထို့ကြောင့်ပင် မလျှော့သော လုံ့လဖြင့် ဆက်၍သာရေးဖို့ ကျွန်မအနေနှင့် တိုက်တွန်းချင်ပေသည်။ ကျွန်မအား အူကြောင် ကြောင်နိုင်သည် ဆိုလျှင်လည်း ခံရပါမည်။ နည်းလမ်း အတိ အကျတော့ ပြောမပြတတ်ပါ။

ကျွန်မသိသော ဥပမာတစ်ခုနှင့် နှိုင်းရပါလျှင် စာရေးခြင်း အတတ်ပညာမှာ ဝိပဿနာတရားအားထုတ်ရခြင်းနှင့် ခပ်ဆင် ဆင်တူ၏။ တရားအားထုတ်သူ ယောဂီသည် စိတ်နှလုံး စင်ကြယ်မှုအတွက် ရှစ်ပါးသီလခံယူပြီးနောက် မိမိခန္ဓာကိုယ်၌ ဖောင်းခြင်း၊ ပိန်ခြင်းကို မှတ်ယူရပါသည်။ ထိုဟာကို မှတ်သား ရင်းမှ အာရုံခြောက်ပါးတွင် ထိတွေ့ပေါ်လာသမျှ ဝေဒနာများ ကိုလည်း မှတ်သားရပါသည်။ ထိုသို့ မှတ်ရင်းမှ ဘယ်အဆင့် ဘယ်ဉာဏ်သို့ ရောက်သည်ကို ကိုယ့်ကိုယ်ကို မသိပါပေ။ တရား ပြသော ဆရာတော်ကသာ မှတ်ပုံမှားလျှင် မှတ်ပုံမှားသည်၊ တစ်ခုခု၌ လုံ့လအပြုလွန်နေလျှင် လွန်နေပြီစသည်များကိုပပြင်ပေးရင်းမှ သမာဓိအားအရှိန်ကောင်းလျှင် ကောင်းသလို အနေးနှင့်အမြန် မဂ်ဉာဏ်အား မျက်မှောက်ပြုကြရ၏။ ထိုအခါသော်မှ မိမိကိုယ်ကို မိမိမသိပေ။ ထိုမဂ်ဆိုသော အရာ တွင်သော်မှ လောကီမဂ်နှင့် လောကုတ္တရာမဂ်ဟူ၍ ခြားနား မှားယွင်းတတ်သေးသည်။ ထို့ကြောင့်ပင် တချို့သည် လောကီ မဂ်ကိုပင် သောတပန်ဆိုက် ပြီဟု မိမိကိုယ်မိမိ အထင်ရှိတတ် ၏။ ထိုသူတို့ကြောင့်ပင်၊ ဝိပဿနာတရားအား တချို့အထင် သေးပြစ်တင်ခံရပေသည်။

စာရေးခြင်းမှာလည်း ဖတ်ရှုမှုဟူသည်မှာတော့ ဖတ်နိုင် သမျှဖတ်လျှင် အကောင်းဆုံးပင်တည်း။ အတွေ့အကြုံလေ့လာ မှုတွင် မူ ဝိပဿနာတရားတွင် အာရုံခြောက်ပါး၌ ဖြစ်ပျက်သမျှ ဝေဒနာကို ရှုရသကဲ့သို့ ကျွန်မတို့ စာရေးလိုသူတို့သည် ကျွန်မတို့ ပတ်ဝန်းကျင်နှင့် ထိတွေ့ဆက်ဆံနေဖို့မှာ

အာရုံခြောက်ပါးစလုံး လိုပေသည်။ ထိုအာရုံခြောက်ပါးတွင် လာရောက်ထိတွေ့သော ဝေဒနာမှ ကျွန်မတို့ စာပေများ ဖြစ်ပေါ်လာသည်ဟု ကျွန်မ အနေနှင့် ယူဆမိပေသည်။ (အမှန်ဟုတ်သည်ဟူ၍တော့ တထစ်ချမဆိုလိုပါ)

အဘယ်ကြောင့်ဆိုသော် ကျွန်မကိုယ်တွေ့တွင်မူ ဝေဒနာ ဟူသော ခံစားမှုမရှိဘဲ ကျွန်မ ဘာဝတ္ထုကိုမှ ရေး၍ မရသော ကြောင့်ပင်ဖြစ်သည်။

ထိုခံစားမှုမှာ ထွက်ပေါ်လာသော အကြောင်းအရာများကို တင်ပြရာမှ စာပေဝေဖန်သူများ၊ မိမိအားထားသော ဆရာများ တရားအားထုတ်သူ၏ နှလုံးသားသည် သီလဖြင့် ပွတ်တိုက် ဆေးကြောထားသည့်ဖြစ်၍ စင်ကြယ်နေသကဲ့သို့ စာရေးသူ နှလုံးသားသည်လည်း မှန်သားကောင်းသော ကြေးမုံပြင်ကဲ့သို့ စင်ကြယ်နေသင့်ပေသည်။ ထိုမှသာ ထိုစာရေးသူ၏ ခေတ်သည် စာရေးသူ၏ နှလုံးသားတွင် ထင်ထင်ရှားရှား အမှန်အတိုင်း ပေါ်လွင်ပေလိမ့်မည်။ တော်လှန်ရေးကောင်စီ တက်စ ခပ်ရှင်း ရှင်းရေးရပါလျှင် ကြက်တူရွေးက တော်တော် မယ်ဘော်က ကဲ ချင်သူများက စာပေကို ဘောင်ခတ်ချင်ကြသည်။ ဆိုရှယ်လစ် စာပေမှ စာပေအစစ်၊ ဆိုရှယ်လစ်စာပေဟူသည်ကား ဟူ၍ အကျယ်ဝိတ္ထာရဖွင့်သူတွေလည်း အမြောက်အမြားပင်။ တစ်ခါ က ကျွန်မကြည်ညိုသော စာရေးဆရာတစ်ယောက်ကပင် ဆိုရှယ်လစ်စာပေဟူသည်မှာ ဇာတ်လိုက်အများကြီးနှင့် ဝတ္ထုကို ရေးရမည်ဆို၏။ ကျွန်မတော့ သဘောမပေါက်ပါပေ။ ဉာဏ် တိမ်၍လားမသိ၊ ဇာတ်လိုက်တစ်ယောက်တည်းနှင့်ပင် လူ့ လောကတွင် ကပြသွားရရှာသော ဇာတ်ကောင်လူသား၏ အကြောင်းကိုရော စာပေမှတ်တမ်းတွင် မတင်ရပြီလော။

ကျွန်မတော့ စာပေနှင့်ပတ်သက်လာလျှင် အရပ်ဆယ်မျက် နှာကို ဖွင့်ထားစေချင်သည်။ ဝတ္ထုဖြစ်စေ၊ တခြားရေးသားစရာ များဖြစ်စေ၊ အကြောင်းအရာများသည် မြေကြီး၊ မီးဖိုမှသည် ကောင်းကင်ထုအထိ ရှိ၏။ ထိုမျှ ကျယ်ပြန့်သော လောကအား ဘာကြောင့် ဂွင်တွေ၊ ဘောင်တွေနှင့် ပိတ်ကာ တင်းကြပ် ချုပ်ချယ်သတ်မှတ်ထားချင်ပါသနည်း။

ဥပမာ ဆရာဇဝနသည် ကြေးမုံသတင်းစာတွင် သူ မန္တလေး သွားစဉ်က ဆီပြဿနာ ဘယ်လောက်ခက်ခဲ၍ လူတွေ ဒုက္ခ ရောက်နေသည်ကို ဖော်ပြ၏။ တစ်နေ့က ဆန်ပြဿနာကို ကြေးမုံတွင် တဖန်တင်ပြ၏။ ထိုကိစ္စမှာ နေ့စဉ် သူနှင့်တွေ့ထိ နေသော လူသားတို့ပြဿနာကို တင်ပြနေခြင်းဖြစ်၍ ဆရာ့အား ဆီ၊ ဆန်ပြဿနာလောက်ကို အကျယ်ချဲ့သည်ဟူ၍ အပြစ်တင် စရာမရှိ။ သူ့ဆောင်းပါးသည် သူ့ခေတ်၏ ကြေးမုံပင်တည်း။ ဝတ္ထုတွင်လည်း ရေးသူ၏ ပတ်ဝန်းကျင်သည် သူ့ဝတ္ထုကြေးမုံ ပြင်တွင် ထင်ဟပ်လာစမြဲပင်တည်း။

တင်ပြပုံဟန်နှင့် ပတ်သက်၍လည်း ဘယ်ဟန်ကို သုံးပါ ဟူ၍ ကျွန်မ မပြောပြတတ်ပါ။ တစ်ခါက စာရေးဆရာ ဦးသိန်း ဖေမြင့်နှင့်တွေ့စဉ်က ''မခင်ယုရယ်၊ မင်းတို့ခေတ်က စာရေးသူ တွေဟာ သူတို့စာတွေကို လူတွေနားလည်အောင် မရေးကြဘူး။ ဖတ်တဲ့သူစိတ်မှာ ချောချောကြီးကျအောင် ရေးနိုင်ဖို့ကောင်း တယ်'' ဟူ၍ ပြောပြခဲ့၏။ ကျွန်မအနေနှင့်တော့ သူပြောပြချက် ကို လက်ခံလိုပေသည်။ ကျွန်မတို့တစ်ခေတ်တွင် ဖတ်သူနား မလည်လောက်အောင် ဖွဲ့နွဲ့ခြင်းကိုပင် 'ဟန်' တစ်မျိုးအဖြစ် ဂုဏ်ယူရေးသားသူများ ရှိပေသည်။ အပြစ်တော့ တင်စရာမရှိ ပေ။ ထိုဟန်ကို သဘောကျ၍ လက်ခံသူရှိလျှင် ကျွန်မတို့က ဝေဖန်ဖို့မလိုပေ။ တတ်နိုင်လျှင်တော့ မိမိထိတွေ့ခံစားရသမျှ ဝေဒနာအား မိမိကဲ့သို့ သူတစ်ပါးနားလည်အောင် (ဝါ) စာဖတ် သူ မနော၌ ချောချောကြီးကျအောင် ရေးနိုင်လျှင် ကောင်းသောဟန်ဖြစ်သည်ဟူ၍ ထင်ပေသည်။

ဝတ္ထုတည်ဆောက်ပုံကို ပြောပြပါဦးဆိုလျှင် ထိုမေးခွန်းကို ကျွန်မ သာ၍ မဖြေတတ်ပါ။ ဝတ္ထုတွင်

ဝတ္ထုတည်ဆောက်ပုံ ပင်မကျောရိုးအရေးကြီးသည်ကိုတော့ ကျွန်မသိသည်။ ဘယ်လို ဆောက်ရမည်ကိုတော့ မပြောပြတတ်ပါ။ တခြားပညာရှင်များ သိလျှင် စာဖတ်သူများကိုယ်စား ကျွန်မကပင် တောင်းပန်လိုပါ သည်။ ဤရှုမဝမဂ္ဂဇင်းမှာ ရေးသားပြကြစေလိုပါသည်။

သဒ္ဒါနည်းမှန်ဖို့နှင့် စာလုံးပေါင်းသတ်ပုံမှာမူ သင်ယူလျှင် ရပါသည်။ ကျွန်မဝတ္ထုများတွင် ဝါကျများ ရေးရာ၌ သဒ္ဒါနည်း မကျသော ဝါကျများ ခဏ ခဏ ပါလာတတ်၍ ကျွန်မကိုယ်တိုင် ပင် သတိထားလေ့လာပြင်ဆင်နေရပါသည်။

ဝတ္ထုဖြစ်စေ၊ ဆောင်းပါးဖြစ်စေ နာမည်တပ်ပုံမှာလည်း အရေးကြီးသည်၊ ရှုမဝတွင် ကျွန်မစာမူများ ပို့စက ဆရာငွေဥဒေါင်း (ဦးကြီးမောင်) က ''မခင်ယု ဝတ္ထုရေးရာတွင် နာမည်တပ်ခြင်း သည် အရေးကြီးသော ပညာရပ်တစ်ခုဖြစ်၍ ကိုယ်နာမည်တပ် တတ်အောင် ကြိုးစားပါ'' ဟူ၍ မှတ်ချက်နှင့်အတူ နာမည်မတပ် မိသော ဝတ္ထုတစ်ပုဒ် ပြန်၍ လာခဲ့ပါသည်။

တက္ကသိုလ်တွင် ကျွန်မစာသင်စဉ်ကလည်း ဆရာဦးတင် မောင်ဒွေးက ရေးသားသော စာများ၌ ခေါင်းစဥ်တပ်ပုံ အရေး ကြီးသည့်အကြောင်း သင်ကြားပြသခဲ့ပါသည်။

''ကဲ. . . . ဒါဖြင့် မခင်ယုဝတ္ထုတွေကို ဘယ်လိုနာမည်ပေးရ မလဲ'' ဟု မေးလျှင် ကြည့်သာ ပေးကြပေတော့ဟူ၍ ကျွန်မဖြေမိမည်ဖြစ်ပေသည်။

ဘာမှ တိကျရေရာသော အဖြေကို မပေးနိုင်သော ကျွန်မ အား ထပ်မံ၍ စာရေးလိုသူတို့က မေးခွန်းများ မေးကောင်း မေးချင်ပေလိမ့်မည်။

''ကျွန်တော်တို့ ကျွန်မတို့ ဝေဒနာဆိုတဲ့ ခံစားမှုလည်း ရှိပြီ၊ ဝတ္ထုလည်း တည်ဆောက်တတ်ပြီ၊ တင်ပြပုံမှာလည်း သူတစ်ပါး မနော ချောချောကြီး ကျအောင် တင်ပြတတ်ပြီ၊ ကဲ. . . . စာရေး ဆရာတစ်ယောက်ဖြစ်ပြီလား၊ နာမည်ကြီးပြီး ဝင်ငွေကောင်းပြီ လား'' ထိုမေးခွန်းကို ထပ်မံမေးလျှင် ကျွန်မ၏ အဖြေမှာ ''မပြော နိုင်ပါ'' ဟူ၍ပင် ဖြေမိမည်ဖြစ်၏။ နာမည်ကြီးခြင်းနှင့် ဝင်ငွေ ကောင်းခြင်းမှာ မိမိထိတွေ့သော ပတ်ဝန်းကျင်ကို လေ့လာ သုံးသပ်ခြင်း၊ တင်ပြပုံ ခြားနားခြင်းနှင့် ဘဝကံပါရမီတို့အပေါ် တွင် တည်သည်ဟု ကျွန်မထင်ပါသည်။

လူနှစ်ယောက်ကို မဆိုထားဘိ၊ ကျွန်မ တစ်ယောက်တည်း ပင်လျှင် အကြောင်းတစ်ခုကို လေ့လာသုံးသပ်ပုံ၊ မြင်ပုံမှာ အချိန် ကာလအခြေအနေကို လိုက်၍ မတူပါ။

ဥပမာ ကျွန်မသည် စစ်မှုထမ်းသူ၏ ဇနီးဖြစ်၏။ လင်သည် ၏ အရိပ်ကို ခိုလှုံနေရသူတို့ပီပီ လင်သည်၏နောက်သို့ လိုက် ပါနေရဆဲ၊ စစ်မှုထမ်းသူတို့၏ ပတ်ဝန်းကျင်တွင် နေရဆဲ၌ ကျွန်မ အမြင်သည် လောကကို တစ်မျိုးမြင်၏။ ဤမြေကြီးပေါ် လမ်းမပေါ်တွင်ပင် လင်သည်၏ ကားကို မှီခို၍ စီးရဆဲကာလ၌ ကျွန်မသည် လောကကို တစ်မျိုးမြင်သည်။

ကဲ. . . . လင့်အပါးမှခွာ၍ ကျွန်မယနေ့မြေကြီးပေါ် လမ်း လျှောက်ကြည့်ပါ။ ကဇော်ဆိုင်ကိုလည်း ဖြတ်သန်းသွားရမည်။ မျက်လှည့်ပွဲကိုလည်း ပလက်ဖောင်းပေါ်တွင် တွေ့ရမည်။ မြူရဲ လိုက်၍ ထမီခြောက်စပြဲသော ငွေးချိုသီးသည်ကိုလည်း ကျွန်မ တွေ့ရမည်။ ကျောင်းဖွင့်စ စာအုပ်ဖိုး မပေးနိုင်သည်နှင့် သား ကို မဲရိုက်သော နာနတ်သီးသည်ကိုလည်း ကျွန်မတွေ့ရမည်။ က္ကဋ္ဌာရုံရော၊ အနိဋ္ဌာရုံရော ကျွန်မတွေ့ရပေမည်။ ထိုသောအခါ ကျွန်မ၏ ခင်ပွန်းသည်နှင့် ကားပေါ်မှ အတူယှဉ်ထိုင်ကာ မြင် သောအမြင်နှင့် လေ့လာချက်တို့မှာ ပလက်ဖောင်းပေါ်တွင် တိုးဝှေ့လျှောက်ရင်း မြင်သောအမြင်

လေ့လာချက်တို့နှင့် ကွာ ချင်တိုင်းကွာမည်။ ထိုလေ့လာချက်တို့ကို တင်ပြသော စာပေတွင် လည်း ပရိသတ်လက်ခံပုံ၊ ကြိုက်နှစ်သက်ပုံမှာ လုံးဝခြားနားပေ လိမ့်မည်။

ထိုတင်ပြပုံကို လိုက်၍ နာမည်ကြီးခြင်း၊ မကြီးခြင်းကလည်း တည်သည်ဟု ထင်ပေသည်။

ဆိုရှယ်လစ်လောကတွင် ကံနှင့်ပါရမီကို ခင်နှင်းယုသည် ယုံကြည်ရမလားဟူ၍ အပြစ်တင်ပါလျှင်လည်း ခံရပါမည်။

ဂေါ်ကီသည် လက်သမားသား ဂေါ်ကီမဖြစ်ဘဲ၊ ကက်သရင်း ဘုရင်မ၏ သားသာဖြစ်ခဲ့လျှင် သူ့အကျိုးပေးလည်း တစ်မျိုး ဖြစ်ပေလိမ့်မည်။

ကက်သရင်း ဘုရင်မသည် လင်ကို နန်းချ၍ မိမိကိုယ်တိုင် တိုင်းပြည်အုပ်ချုပ်မင်းလုပ်ခဲ့သည်။ ကက်သရင်းသည် ဂေါ်ကီထက် အဆပေါင်းများစွာ ချမ်းသာခဲ့သော ဘုရင်မတစ်ဦးပေ တည်း။ သို့သော် သူသည် ရုရှားပြည်၏ နယ်နိမိတ်ကို ကျော် လွှား၍ ယနေ့ အရှေ့အနောက်တိုင်းပြည်များတွင် သူ့နှလုံးသား သည် ကျယ်ပြန့်လွှမ်းမိုး၍ ချစ်ခင်မြတ်နိုးမှုကို ခံစားရဆဲဖြစ်၏။

ဂေါ်ကီသည် အိမ်ထောင်ပရိဘောဂလုပ်သော လက်သမား ၏ သား၊ သူကိုယ်တိုင်က ဖိနပ်ချုပ်သမားဘဝမှသည် အလုပ် မျိုးစုံ၊ ဘဝမျိုးစုံ၌ ကျင်လည်ခဲ့ရသူတည်း။ ထိုသို့ဖြစ်လျှင် တခြား လက်သမားဖိနပ်ချုပ်သူတို့သည် ဂေါ်ကီလို ကမ္ဘာကျော်စာရေး ဆရာဖြစ်လာကြပါလားဟု ဆိုစရာရှိ၏။ မဖြစ်လာနိုင်ပါ။ ဂေါ်ကီနှင့်အတူ တခြားသူများလည်း ဘဝကြမ်းကို ဖြတ်သန်း လာရာ၌ ထိုဘဝဒဏ်ကို ခံသာ ခံကြသည်။ ခံရသူတိုင်းလည်း ဂေါ်ကီလို မိမိဘဝကို စူးစူးရှရှမလေ့လာတတ်၊ လေ့လာတတ် ပြန်တော့လည်း ဂေါ်ကီလို တင်ပြရန် ပညာမတတ်၊ ပညာတတ် သူတိုင်း စာတတ်သူတိုင်း မိမိဘဝ အတွေ့အကြုံကို တတ်သည် ဆိုလျှင် အင်္ဂလန်ဘုရင့်တက္ကသိုလ်တွင် ဒိတ်ဒိတ်ကြဲ ပညာတတ် တွေ ထွက်သမျှ စာရေးဆရာချည်းဖြစ်စရာအကြောင်းရှိ၏။ ထိုသို့ ဖြစ်မလာနိုင်ပါပေ။ ထို့ကြောင့်ပင် စာရေးဆရာ ဖြစ်ဖို့ရာ၌ရော၊ ကျော်ကြားဖို့ရာ၌ရော ဘဝကံပါရမီ အကြောင်း သည်လည်း ပါလာသည်ဟူ၍ ကျွန်မဆိုလိုခြင်းဖြစ်ပါသည်။

(ယုံချင်မှတော့ ယုံပါ၊ မယုံပါလျှင်လည်း မိမိဖာသာ စမ်း သပ်ကြည့်ပါကုန်)

ဝိပဿနာတရားသည် နောက်ဆုံးမှ ရူပမှတ်စရာအာရုံနှင့်ရူပမှတ်သောစိတ်တို့ ပြတ်သည့်တပြိုင်နက် ကုသိုလ်၊ အကုသိုလ် စိတ်တို့ ချုပ်ငြိမ်းရာ အေးချမ်းသော နိဗ္ဗာန်ကို မျက်မှောက်ပြု ကြရ၏။

ကဲ. . . . ထိုသို့ဖြစ်လျှင် စာရေးဆရာဖြစ်လာသောအခါ၊ သို့မဟုတ် စာရေးဆရာတို့၏ ဘဝအဆုံးသတ်သည်ကော အေးမြချမ်းငြိမ်း သာယာပါရဲ့လားဟု မေးစရာရှိ၏။ ထိုအမေးကို ဖြေလျှင် စာ တစ်အုပ် သပ်သပ် ပြုစုရပေလိမ့်မည်။

ကျွန်မအဖို့တွင်မူ ရေးချင်သည်များကို ရေးရဆဲ တခဏ တွင်တော့ လောကကိုမေ့၊ ပတ်ဝန်းကျင်ကို မေ့ကာ လောကီ စျာန် ဝင်စားနေသူတို့နှင့် တူ၏။

သို့သော် ရေးချင်တာကို မရေးရသောအခါ ဖြစ်စေ၊ စာ ရေးပြီး၍ စာသမာပတ်မှာ ထသောအခါဖြစ်စေ၊ ပတ်ဝန်းကျင် ကို ပြန်လည်ထိတွေ့ရတိုင်း အသည်းနှလုံးတို့သည် နာကျင်မြဲ နာကျင်လှသည်တကား။

ကျွန်မထင်သည်၊ စာရေးဆရာဖြစ်မည့်သူ၏ အသည်းနှလုံး သည် ငယ်စဉ်က နတ်သမီးပုံပြင်ထဲတွင် ဖတ်ရသကဲ့သို့ ကျိန်စာ သင့်နေသော အသည်းနှလုံးဖြစ်နေသည်ဟု ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူတစ်ပါးထက် ခံစားမှုပြင်းပျရုံမက လေ့လာရာ၌လည်း စူးရှမှု ပိုလေသည်။

စင်စစ်မတော့ စာရေးဆရာဆိုသည်မှာ ဇီဝဖိုးငှက်ပါပင် တည်း။ ဇီဝဖိုးသည် ပျံလွှားငှက်မျိုးတွင် ပါဝင်၏။ သူသည် ပင်လယ်အဏ္ဏဝါအန္တိ တောတောင်အနှံ့ ပျံသန်းကာ သူနားရာကျောက်ဆောင်သို့ ပျံလာ၏။ သူ၏ အသိုက်အား သူတစ်ပါးတို့ ကဲ့သို့ သစ်ကိုင်း၊ သစ်ရွက်တို့နှင့်မလုပ်၊ အာခေါင်၌ဖြစ်သော အာစေးကို အန်ထုတ်၍ အသိုက်ပြု၏။ တစ်ခါတရံ အန်ရလွန်း ၍ ထိုအာစေးတွင် ရင်မှသွေးပင် ပါ၍ လာတတ်သည်။

သို့သော် ထိုငှက်သိုက်ကို စားသုံးသူလူသားတို့အဖို့ အင် အားပြည့်စုံကာ ရသာထူးနှင့် ပြည့်စုံလှ၏။

ကျွန်မတို့သည်လည်း လူ့လောကဗွေအဏ္ဏဝါတွင် ပျံသန်း လေ့လာရင်းမှ ကျွန်မတို့ ရင်၌ဖြစ်သော စာပေကို အန်ထုတ်ကာ အသိုက်ပြု၍ လောကသားတို့အား ပေးအပ်ပါသတည်း။ တစ်ခါ တရံ ရင်မှသွေးသည်လည်း ငှက်သိုက်တွင် လိမ်းကျံလျက် ပါလာ ခဲ့၏။ သို့သော် စားသုံးသူလူသားတို့၌ ခွန်အားဗလ ပြည့်စုံသည် ဆိုငြားအံ့၊ ဤရင်မှ သွေးချောင်းပင် စီးပါစေ သေသည့်အထိ မပြတ်အန်ထုတ်သွားကြမည်ဖြစ်၏။ ဤစေတနာသည်သာလျှင် ကျွန်မတို့ စာရေးဆရာတို့၏ ကုသိုလ်ပင်တည်း။

သို့သော် ဤဘဝကို မည်သူကမျှ မတိုက်တွန်း၊ ကိုယ့်ဖာ သာ ဖြစ်လို၍ ကိုယ့်ဝါသနာနှင့်ကိုယ် ကြိုးစားလာခဲ့ကြခြင်း ဖြစ်၏။

ဇီဝဖိုးငှက်ထက်ပင် စာရေးဆရာတို့၌ ကံဆိုးသည့်အကြောင်း တစ်ခုရှိ၏။ ငှက်ငယ်၏ ငှက်သိုက်ကို လူသားတို့ယူရာ၌ သွေး ပါသော ငှက်သိုက်ကို မယူရ။ ထိုငှက်သိုက်ကိုလည်း သိန်း၊ စွန်ရဲ တို့ မဖျက်ဆီးရန် သစ်တောဝန်ထမ်းများက ကာကွယ်ရ၏။

ဩော် သူတို့၌ပင် လုံခြုံမှုရှိစွတကား။

ကျွန်မတို့ စာရေးဆရာတို့၌မူ လုံခြုံမှုဆိုသည်မှာ ရှာမရရုံမက သူ့ကိုယ်စွမ်း ကိုယ်စ၊ ဉာဏ်စွမ်း ဉာဏ်စဖြင့် ပြုလုပ်အပ် သော ဤငှက်သိုက်မှသွေးထွက်အောင်ပင်ညှစ်ယူမည့်သူတို့နှင့်တွေ့ကြုံ ရဦးမည်ပါတကား။

၁၉၆၄ ခု၊ ဇူလိုင် (ရှမ၀)